ဝိညာဉ်အသီး

ဂလာတိ ၅း၂၂–၂၃ ကို လေ့လာသုံးသပ်ခြင်း

အက်ဖ် ၊ ဝိန်းမက်လီယို

အသင်းတော်တွင်းကန့်သတ်

ဝိညာဉ်အသီး

Copyright©2012 by F. Wayne Mac Leod
LTMP ခွင့်ပြုချက်ဖြင့် ဘာသာပြန်၊ ပုံနှိပ်ထုတ်ဝေသည်။

Light To My Path Myanmar
Book Distribution

မာတိကာ

နိဒါန်း - - - - - - - - ၁

၁။ အသီးအားဖြင့် အပင်ကိုသိ၏ - - - - - - - - ၄

၂။ ချစ်ခြင်း - - - - - - - - ၁၅

၃။ ဝမ်းမြောက်ခြင်း - - - - - - - - ၃၈

၄။ ငြိမ်သက်ခြင်း - - - - - - - - ၆၁

၅။ စိတ်ရှည်ခြင်း - - - - - - - - ၈၆

၆။ ကျေးဇူးပြုခြင်း - - - - - - - - ၁၀၄

၇။ ကောင်းမြတ်ခြင်း - - - - - - ၁၂၀

၈။ သစ္စာစောင့်ခြင်း - - - - - - ၁၄၂

၉။ နှုးညံ့သိမ်မွေ့ခြင်း - - - - - - ၁၆၈

၁၀။ ကာမဂုဏ်ချုပ်တည်းခြင်း - - - - - - ၁၈၃

၁၁။ ပညတ်တရားမဟုတ်၊
ဝိညာဉ်တော်၏အသီးအပွင့်ကြောင့်သာ - - - - - - ၂၀၆

နိဒါန်း

ဤစာအုပ်သည် ဂလာတိ ၅း၂၂-၂၃အား လေ့လာ၍ ရှင်းလင်းတင်ပြထားသောစာအုပ်ဖြစ်သည်။ ၄င်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်က ယုံကြည်သူအားလုံး၏ အသက်တာ၌လုပ်ဆောင် လိုသော အရာကို လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ ဂလာတိ ၅း၂၂-၂၃ ရှိ အသီးအပွင့်များသည် လူတို့၏လုပ်ဆောင်မှု၊ စည်းကမ်းရှိမှုကြောင့် ထွက်ပေါ်လာသော အသီးအပွင့်များမဟုတ်ပါ။ ၄င်းတို့မှာ ဘုရားသခင် ဝိညာဉ်တော်၏အသီးအပွင့်များသာဖြစ်သည်။ ယုံကြည်သူ၏ အသက်တာ၌ ကိုယ်တော်၏ဝိညာဉ်တော်တည်နေခြင်း၏ အထောက်အထား ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်ကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုသောအခါ မိမိလူမျိုးတော်တို့၏ အသက်တာ၌ ယင်း၏ အထောက်အထားများရှိလာသည်။ ဤကျမ်းချက်သည် ဘုရားသခင်ဝိညာဉ်တော်၏ အကျင့်စာရိတ္တတည်ဆောက်ခြင်းအမှုကို ရှုမြင်သုံးသပ်ထားသည်။

ဘုရားသခင်ဝိညာဉ်တော်၏အခြားအရေးပါသော လုပ်ဆောင်မှုများလည်း ရှိနေပါသေးသည်။ အမှုတော်မြတ်အတွက် ခွန်အားပေးလှုံ့ဆော်ခြင်းနှင့် စပ်လျဉ်း၍ ဘုရားသခင်ဝိညာဉ်တော်၏လုပ်ဆောင်မှုကို ကျွန်ုပ်တို့၏ ခေတ်ကာလတွင် ပို၍စိတ်ဝင်စားမှု ရှိလာကြသည်။ ကျွန်ုပ်တို့သည် ကြီးမားသော အမှုအရာတို့ကို လုပ်ဆောင်နိုင်ရန် ဘုရား

သခင်၏အသုံးပြုခြင်းကို လိုလားလျက်ရှိနေကြသည်။ သို့သော် ဘုရားသခင်၏ခွန်အားပေးလှုံဆော်ခြင်းကို ခံရသည်ဟု ထင်မှတ်ရသော်လည်း ဘုရားသခင်၏ရည်ရွယ်ထားချက်များနှင့် အလှမ်းကွာလျက်ရှိနေ ကြောင်းကို မိမိတို့၏အသက်တာအားဖြင့် သက်သေပြနေကြသော အမျိုးသားနှင့် အမျိုးသမီးများကို ကျွန်ုပ်တို့ တွေ့မြင်နေကြရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မည်သို့ အသက်ရှင်ရန် မျှော်လင့်ထားပါသနည်း။ သူသည် ကျွန်ုပ်အား မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်စေလိုပါသနည်း။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ရည်မှန်းထားချက်များအကြောင်းကို ဂလာတိ ၅း၂၂-၂၃က ကျွန်ုပ်တို့ကို သွန်သင်ပေးနေပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏သာသနာလုပ်ငန်းများနှင့် ရင်းနှီးဆက်နွယ်မှုများကို တည်ဆောက်ရမည့်အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်မိပါသည်။

ဘုရားသခင်၏ ဤကိုယ်ကျင့်တရားတည်ဆောက်ခြင်းအမှု ကို ကျွန်ုပ်အသက်တာ၌ သိရှိမထားလျှင် ကျွန်ုပ်သည် ဘုရားသခင် ရည်မှန်းထားသောခင်ပွန်းသည်(သို့)ဇနီးမယားတစ်ယောက် မဖြစ်နိုင်ပါ။ ဝိညာဉ်တော်၏ အသီးအပွင့်များဖြင့် ပြုပြင်ပြောင်းလည်းခြင်းကို ကျွန်ုပ်မခံရလျှင် ကျွန်ုပ်သည် ဘုရားသခင်မျှော်မှန်းထားသော သင်းအုပ်ဆရာ(သို့) ခရစ်ယာန်တစ်ယောက်မဖြစ်နိုင်ပါ။ ဘုရားသခင်၏ကြီးမားသော အလိုတော်မှာ ကျွန်ုပ်တို့ကိုအသုံးပြုခြင်းထက် ကျွန်ုပ်တို့ကိုပြုပြင်ပြောင်းလဲရန်နှင့် သားတော်၏သဏ္ဌာန်တော်နှင့်အညီ ကျွန်ုပ်တို့အား ပုံသွင်းရန်သာဖြစ်သည်။

အကယ်၍ ဘုရားသခင်ဝိညာဉ်တော်၏အသီးအပွင့်များကို ကျွန်ုပ်တို့၏အသက်တာ၌ သီးပွင့်စေခဲ့ကြလျှင် အသင်းတော်ရှိ မည်မျှလောက်သောပြဿနာကို ဖြေရှင်းခဲ့ပြီးကြလိမ့်မည်နည်း။ အကယ်၍

ဝိညာဉ်တော်၏အကျင့်တရားများကို ကျွန်ုပ်တို့၏ အသက်တာ၌ လောကီသားများက တွေ့မြင်ခဲ့မည်ဆိုလျှင် ဘုရားသခင်၏ အမှုတော်သည် မည်၍မည်မျှဖွံ့ဖြိုးတိုးတက်နေခဲ့မည်နည်း။

ဤအကျဉ်းချုံးလေ့လာချက်၌ ဘုရားသခင်ဝိညာဉ်တော်၏ကိုယ်ကျင့်တရားတည်ဆောက်ခြင်းအမှုကို ပြည့်စုံစွာ ကျွန်ုပ်တို့ ဖော်ညွှန်းနိုင်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့၏အသက်တာ၌ ဖန်တီးလိုသော အရာများနှင့် စပ်လျဉ်းသောအဓိပ္ပါယ်ကို ရရှိရန်သာ ကျွန်ုပ်တို့ မျှော်လင့်နိုင်ကြသည်။ ဘုရားသခင်ဝိညာဉ်တော်၏အသီးအပွင့်များကို အကျဉ်းချုပ်တင်ပြထားသော ဤစာအုပ်သည် ဘုရားသခင်ဝိညာဉ်တော်၏ အရေးကြီးသောလုပ်ဆောင်မှုများကို နက်နက်နဲနဲ နားလည်လာခြင်းကို ပေးလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ထားပါသည်။ ဤလေ့လာသုံးသပ်ချက်က ထိုအရေးပါသောလုပ်ဆောင်မှုကိုတွေ့မြင်နိုင်ရန် သင်၏ မျက်စိများကို ဖွင့်ပေးပါစေ။ ဤလေ့လာသုံးသပ်ချက်လေးသည် ကျွန်ုပ်တို့၏အသက်တာ၌ဘုရားသခင့်ဝိညာဉ်တော်မှ လုပ်ဆောင်လိုသော အရာများကို ပို၍လုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့၏စိတ်နှလုံးများကို ပိုမို ပြည့်စုံစွာ ပွင့်လာစေရန် စိန်ခေါ်ချက်ကိုပေးပါစေသား။

အက်ဖ်၊ ဝိန်း မက်လီယိုဒ်

အသီးအားဖြင့် အပင်ကိုသိ၏

"ကောင်းသောအပင်သည် ကောင်းသောအသီး၊ မကောင်းသောအပင်သည် မကောင်းသောအသီးကို သီးတတ်၏။ ကောင်းသောအပင်သည် မကောင်းသောအသီး၊ မကောင်းသောအပင်သည် ကောင်းသော အသီးကို မသီးနိုင်။ ကောင်းသောအသီးမသီးသောအပင် ရှိသမျှတို့ကို ခုတ်လဲ၍ မီးထဲသို့ ချလိုက်တတ်၏။ သို့ဖြစ်လျှင် ပရောဖက်တို့၏ အကျင့်ကို ထောက်သော သူတို့၏သဘောကို သိရကြလိမ့်မည်။" (မဿဲ ၇း၁၇–၂၀)။

သခင်ယေရှုကို ကျွန်ုပ်၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခဲ့သည့်နေ့ကထူးခြားအံ့ဖွယ်ကောင်းသောအရာ အချို့ဖြစ်ပျက်ခဲ့သည်။ ကားတိုင်ထက်၌ လုပ်ဆောင်သွားခဲ့သော သခင်ယေရှု၏လုပ်ဆောင်ချက်အားဖြင့် ကျွန်ုပ်၏အပြစ်များကိုခွင့်လွှတ်ခြင်းခံရရုံသာမက၊ ထိုနေ့၌ပင် အဖဘုရားက ကျွန်ုပ်အတွက်ဆက်ကပ်အပ်နှံခြင်းအမှုအတွက်၎င်း၊ ဤအသစ်သောအသက်တာ၌ဆက်လက်၍ ကျွန်ုပ်တိုးတက်ကြီးရင့်ခြင်းအတွက်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်အား တံဆိပ်အမှတ်အသားတစ်ခုအနေဖြင့် ကျွန်ုပ်လက်ခံရရှိခဲ့သည်။

(၁၃) သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့် ယှဉ်သော ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကို ကြား

နာရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ။ (၁၄) ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စရံဖြစ်တော်မူသည်။ (ဧလာတိ ၁း၁၃-၁၄)။

သခင်ယေရှုက သူ့ကို ယုံကြည်သောသူတို့အတွက် စေလွှတ်ပေးမည်ဟု ကတိပြုခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူကို အခြားသောလောကီရေးရာ တစ်ခုလုံးနှင့် သီးခြား၌ခြားထားခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်လျက်ရှိနေခြင်းသည် ယုံကြည်သူကို မယုံကြည်သူနှင့် ကွဲပြားစေသောအရာဖြစ်သည်။ ရောမ ၈း၉ တွင် ရှင်ပေါလုက ဤသို့ရေးသားထားခဲ့သည်။

သို့သော်လည်း ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင် သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည်မဟုတ်။ ဝိညာဉ်ကပတိဘက်၌ရှိကြ၏။ ခရစ်တော်၏ဝိညာဉ်ကို မရသော သူမည်သည်ကား၊ ခရစ်တော်နှင့်မဆိုင်။ (ရောမ ၈း၉)။

အကယ်၍ တစ်ဦးတစ်ယောက်၌ သန့်ရှင်းသော ဝိညာဉ်တော်မရှိလျှင် ထိုသူသည် သခင်ယေရှုနှင့်မသက်ဆိုင်ဟု ရှင်ပေါလုက ရောမမြို့၌ရှိကြသော ယုံကြည်သူများအား ပြောကြားခဲ့သည်ကို သတိပြုပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူ၏အသက်တာ၌ ဝိညာဉ်ရေးရာ အသက်တာကို ဖန်တီးဖြစ်ပေါ်စေ၏။ ထိုဝိညာဉ်တော်

သည် ယုံကြည်သူ၏အသက်တာ၌ ကိန်းဝပ်လျက် သူတို့ကို သခင်ခရစ်တော်၌ ယုံကြည်ခြင်းတိုးပွါးလာရန် ဖန်တီးပေးပြီး၊ ကိုယ်ကျင့်တရား၌ငှင်း၊ အမှုတော်ဆောင်ရာ၌ငှင်း၊ သခင်ခရစ်တော်နှင့်ပို၍သဏ္ဌာန်တူလာရန် ဖေးမဆောင်ရွက်ပေး၏။

သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူကိုဘုရားသခင်မှ ပြန်ဌာန်းထားသည့်အတိုင်း ရှင်သန်နိုင်ရန် စွမ်းဆောင်စေသည်။ ယုံကြည်သူသည်ဇာတိပကတိအားဖြင့် ဘုရားသခင်က ပြဋ္ဌာန်းထားသည့်အတိုင်း အသက်ရှင်ရန်မှာ မဖြစ်နိုင်သောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် လူကောင်းဖြစ်နိုင်သော်လည်း သခင်ခရစ်တော်နှင့် သဏ္ဌာန်တူသူတော့ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် ကောင်းကောင်းမွန်မွန် ကျင့်ကြံနေထိုင်နိုင်သော်လည်း ဖြောင့်မတ်သူတော့ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် စည်းကမ်းရှိရှိ နေထိုင်နိုင်သော်လည်း သန့်ရှင်းသောသူတော့ မဖြစ်နိုင်ပါ။ သခင်ခရစ်တော်နှင့် သဏ္ဌာန်တူခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့သည် သခင်ခရစ်တော်မှ စေလွှတ်ခဲ့သော သန့်ရှင်းသောဝိညာဉ်တော်ထံမှ ရောက်ရှိဖြစ်တည်လာသောအရာဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုမပါဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်က ရည်မှန်းထားသည့်အတိုင်း ဖြစ်မလာနိုင်ပါ။

သခင်ယေရှုက မိမိ၏တပည့်တော်များကို မဿဲ ၇း၁၇-၂၀ တွင် ဘုရားသခင်၏စစ်မှန်သော အစေခံအား သူ(သို့) သူမ၏ အသီးအပွင့်(ခေါ်)အကျင့်တရားအားဖြင့် သိနိုင်မည်ဟု ပြောပြခဲ့သည်။ အချို့က ဤနေရာ၌ သခင်ယေရှုပြောသော အသီးအပွင့်ဆိုသည်မှာ အမှုတော်ဆောင်ခြင်း၌တွေ့ရသော ရလာဒ်များနှင့်ဆိုင်သည်ဟု ယုံကြည်ထားကြသည်။ ထိုသူတို့သည် ဧဝံဂေလိတရားတစ်ပါး(သို့)ခရစ်ယာန်သင်းအုပ်တစ်ပါးမှ အမှုတော်ထမ်းရွက်ရာ၌ ကြီးမားသော အောင်မြင်မှု

ရလာဒ်ကို ရရှိကြောင်း တွေ့မြင်ကျသောအခါ ထိုဝံဂေလိ ဆရာ(သို့) သင်းအုပ်သည် ဘုရားသခင်နှင့်ရင်းနှီးစွာ အသက်ရှင်လိမ့်မည်ဟု သူတို့ မှတ်ယူကြသည်။ ဤသို့သောဖြစ်ရပ်မှာ အမြဲမမှန်နိုင်ပါ။ သင့် အနီးအနားရှိကြီးပွားတိုးတက်နေသော စီးပွါးရေးလုပ်ငန်းကြီးများကို လေ့လာသုံးသပ်ကြည့်ပါ။ ဤစီးပွားရေးလုပ်ငန်းကြီးများကို တည်ထောင် ခဲ့ကြသောသူအများက်အများသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် မည်သို့မျှမသက်ဆိုင်သောသူများဖြစ်ကြသည်။ သူတို့၏ကြီးပွါးတိုးတက်မှု သည် လူဉာဏ်ပညာနှင့်ကောင်းမွန်သော စီးပွါးရေး ကျွမ်းကျင်မှုများ ကြောင့် ဖြစ်သည်။ အလားတူအခြေအနေမျိုး အသင်းတော်ထဲ၌လည်း ဖြစ်နိုင်သည်။ သင့်အသင်းတော်၏အရွယ်အစားသည် သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်မှုထက် ကျွမ်းကျင်သော စီမံအုပ်ချုပ်မှုကြောင့် လည်း ဖြစ်နိုင်သည်။ တစ်စုံတစ်ယောက်သည် တိုးပွါးချမ်းသာလာ၍ အောင်မြင်မှုများကို ရရှိနေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည် ဟု ကျွန်ုပ်တို့ တထစ်ချမမှတ်ယူနိုင်ပေ။ အလားတူပင် တရားဟောဆရာတစ်ပါး၌ နောက်လိုက်များစွာ ရှိနေခြင်း ကို သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုဟု မမှတ်ယူနိုင်ပေ။ သခင်ယေရှုသည်လောက၌ အမှုတော်ဆောင်ခဲ့စဉ်က အသက်တာ၏ အဆုံးသတ်ပိုင်းအထိ၌ပင် နောက်လိုက်အနည်းငယ်သာရှိခဲ့ ကြောင်းကို သတိရပါ။

ဤနေရာ၌ သခင်ယေရှုပြောကြားနေသော အသီးအပွင့်မှာ ကိန်းဂဏာန်းစာရင်းဇယားထက် ကိုယ်ကျင့်တရားနှင့် ပို၍သက်ဆိုင်မှုရှိ သည်။ လူတစ်ဦးတစ်ယောက်သည် ဘုရားသခင်ထံမှလာသူ ဟုတ်၊ မဟုတ်ကို သင်သိလိုလျှင် ထိုသူ၏ကိုယ်ကျင့်တရားကို လေ့လာရန် လိုအပ်ပါသည်။ လူတစ်ဦးတစ်ယောက်၏ အသက်တာ၌ သန့်ရှင်းသော

ဝိညာဉ်တော်ကိန်းဝပ်နေလျှင် ထိုသူတို့၏ ကိုယ်ကျင့်တရားနှင့် လုပ်ဆောင်မှုများတွင် သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်နေခြင်း၏ အထောက်အထားကို တွေ့ပါလိမ့်မည်။

သခင်ယေရှု၏စရိုက်လက္ခဏာကို ပြည့်စုံစွာဖြင့် ကျွန်ုပ်တို့ မည်သူကမျှ သက်သေမပြနိုင်ကြသည်မှာ မှန်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ သူ၏လုပ်ဆောင်မှုများကို အပြီး သတ်မလုပ်ဆောင်သေးပေ။ ယုံကြည်သူတို့သည် သန့်ရှင်းသောဝိညာဉ် တော်ကို ခုခံခြင်း (သို့) စိတ်နာစေခြင်းတို့ကို ဖြစ်စေနိုင်သည်။ (ဧဖက် ၄း၃၀ကိုကြည့်ပါ)။ ကိုယ်တော်ဘုရားနှင့် ကျွန်ုပ်တို့ကို ကင်းကွာစေသော အပြစ်တရားများကို သန့်ရှင်းသော ဝိညာဉ်တော်က ကိုင်တွယ်ဖြေရှင်းပေး ရမည်ဟူသောအချက်ကို ကျွန်ုပ်တို့ ငြင်းဆန်သောအချိန်တိုင်းတွင် အထက်ပါအရာကို ကျွန်ုပ်တို့ ကျူးလွန်နေကြပါသည်။ ကျွန်ုပ်တို့၏ အသက်တာ၌ တိုးပွါးလာသော ဘုရားသခင်၏စရိုက်လက္ခဏာများ ရှိနေခြင်းအထောက်အထားကို မတွေ့ရလျှင် ထိုအရာနှင့်စပ်လျဉ်း၍ ဘုရားသခင်ကို ကျွန်ုပ်တို့ ရှာကြံရန်လိုအပ်သည်။ သားတော်၏ သဏ္ဌာန်တော်နှင့်အညီ ကျွန်ုပ်တို့ကို ပုံသွင်းရန်မှာ ဘုရားသခင်၏ အလိုတော်ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာကို ဆန်းစစ်သောအခါ ဘုရားစရိုက် လက္ခဏာ၏အသီးအပွင့်များ ကျွန်ုပ်တို့အထဲ၌ ကြီးထွားရှင်သန်နေသော အထောက်အထားများ ရှိရမည်။ သို့သော် လူကြိုးစားမှု၏ အသီးအပွင့် နှင့် ဘုရားဝိညာဉ်တော်၏အသီးအပွင့်တို့ကို မမှားမိရန် ကျွန်ုပ်တို့ ဂရုပြု ကြရမည်။ ကျွန်ုပ်တို့လေ့လာသုံးသပ်ရန် လိုအပ်သော အချက်အချို့ရှိ နေသေးသည်။

ဝိညာဉ်တော်၏အသီးအပွင့်နှင့်တူသော ကိုယ်ကျင့်တရား

လက္ခဏာများ၊ အသင်းတော်သမိုင်းတစ်လျှောက်လုံးတွင် ယုံကြည်သူ အမျိုးသား/အမျိုးသမီးများသည် သခင်ခရစ်တော်၏သဏ္ဌာန်တော်နှင့် ပို၍တူလာရန်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသိုးအပွင့်နက်နက်နဲနဲသက်သေပြရှင်သန်ရန်အတွက်၄င်း၊ ကိုယ့်ကိုယ်ကို စည်းကမ်းဖြင့် ထိန်းသိမ်းခဲ့ကြသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကို မပိုင်ဆိုင်သော သူများပင် သည်းခံခြင်း(သို့)ကြင်နာခြင်းတို့ကို ပြသရန် လူအစွမ်းအစဖြင့် ကိုယ့်ကိုယ်ကို စည်းကမ်းဖြင့် ထိန်းသိမ်းနိုင်ကြကြောင်းကို ကျွန်ုပ်တို့ သိထားရန်အရေးကြီးသည်။ ကျွန်ုပ်တို့အနီးအနားရှိ လူများကို ပို၍ချစ်တတ်လာရန်နှင့် ကြင်နာတတ်လာရန် ကိုယ့်ကိုယ်ကို ကျင့်ယူ၍ ရနိုင်ပါသည်။ လူအမြောက်အများသည် သူတို့၏အသက်တာ၌ သခင်ခရစ်တော်ကဲ့သို့သော စရိုက်လက္ခဏာကို သက်သေပြနိုင်ကြသော်လည်း၊ ဤစရိုက်လက္ခဏာများသည် ထိုသူတို့၏အသက်တာရှိ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်ဟု တထစ်ချပြော၍မရနိုင်ပါ။

မြောက်အမေရိကနိုင်ငံများတွင် အကြီးအကျယ်ရောင်းရသော စာအုပ်များမှာ သင့်အား လူကောင်းတစ်ယောက်မည်သို့ဖြစ်လာစေရန်သွန်သင်ပေးသော ကိုယ်တိုင်ဖတ်၊ ကိုယ်တိုင်လုပ်စာအုပ်များဖြစ်သည်။ ကိုယ့်အစွမ်းအစကို ဖော်ထုတ်၍ လူကောင်းတစ်ယောက်ဖြစ်လာရန် သွန်သင်လမ်းပြပေးသော သင်တန်းများနှင့် အစည်းအဝေးများကို နှစ်စဉ်မရေမတွက်နိုင်အောင် ကျင်းပနေကြပါသည်။ အကျိုးရလာဒ်များမှာ အံ့မခန်းပင်ဖြစ်နေမည်ဖြစ်သော်လည်း ၄င်းတို့မှာ ဝိညာဉ်တော်၏ အသိုးအပွင့်များ မဟုတ်ကြပေ။ ဇာတိပကတိစိတ်ကို စည်းကမ်းဖြင့် ထိန်းသိမ်းခြင်း၏ ရလာဒ်သာဖြစ်၍ စိတ်၏ အတွေးအခေါ်များကို ပြောင်းလဲလိုက်ခြင်း၏ရလာဒ်များသာ ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တစ်စိတ်တပိုင်းလေးကိုပင် မပိုင်နိုင်သော မယုံကြည်သူပင်လျှင်

သူ(သို့) သူမ၏နည်းလမ်းများပြောင်းလဲပစ်ခြင်းဖြင့် လူကောင်းတစ်ယောက် ဖြစ်လာနိုင်ပါသည်။

ပင်ကိုယ်အရည်အသွေး အစုံမ်းအစများ

ခရစ်ယာန်တစ်ယောက်အနေဖြင့် ကျွန်ုပ်၏အသက်တာ၌ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ ကင်းမဲ့နေသော အခြေအနေမျိုးနှင့် လုံးပမ်းခဲ့ရသောအချိန်ရှိခဲ့ဖူးသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆိုလျှင် ဤသို့ဖြစ်ရခြင်းမှာ မိမိကိုယ်ကို အခြားသူများနှင့်နှိုင်းယှဉ်ခဲ့သောကြောင့် ဖြစ်သည်။ ပင်ကိုယ်သဘာဝ၌ ကျွန်ုပ်သည် သင့်တင့်သော စိတ်ခံစားမှုမျိုးရှိသော အသက်တာကို သာမန်အားဖြင့် ပိုင်ဆိုင်ထားသည်။ တစ်ခါတရံတွင် ကျွန်ုပ်ထက်ပို၍ ပျော်ရွှင်ဝမ်းမြောက်နေသည်ဟု ထင်ရသောယုံကြည်သူတို့ကို တွေ့မြင်ရသည်။ သူတို့ကဲ့သို့ ပျော်ရွှင်ဝမ်းမြောက်ခြင်း အတွေ့အကြုံမျိုးကို မခံစားရသောကြောင့် မည်သည့် အရာများစွာမှားယွင်းနေသနည်းဟု အံ့သြနေခဲ့ရသည်။ ကျွန်ုပ်တို့ တစ်ယောက်စီ၏အသက်တာတွင် ဘုရားသခင်၌ ဝမ်းမြောက်ခြင်း(သို့) ဘုရားသခင်၌ ငြိမ်သက်ခြင်းတို့ကို ဖော်ထုတ်ပြသကြရာတွင် ကွဲပြားကြကြောင်းကို ကျွန်ုပ်တို့ နားလည်ထားရန် လိုအပ်သည်။ ဘုရားဝိညာဉ်တော်၏အသီးအပွင့်ကို တူညီသောပုံစံဖြင့် ကျွန်ုပ်တို့ဖော်ထုတ်ပြသကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးရာဖြစ်တည်မှုများမှာ ကွဲပြားကြသည်။ အချို့သောသူများ၌ သဘာဝအားဖြင့် ပျော်တတ်၍စကားပေါသော သဘာဝမျိုးရှိသည်။ အခြားသူများမှာ ပို၍လေးလေးနက်နက်ရှိကာ သီးသန့်နေလိုသောသူများလည်း ရှိကြသည်။

ယုံကြည်သူများနှင့် မယုံကြည်သူများနှစ်မျိုးလုံးသည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်ဖန်ဆင်းထားသောသူများ ဖြစ်ကြသည်။

ထိုသဏ္ဌာန်တော်သည် အပြစ်ဒုစရိုက်ကြောင့် အရောင်မှေးမှိန်သွားခဲ့သော်လည်း ၎င်းသည်ကွဲပြားသောပုံသဏ္ဌာန်များဖြင့် ဆက်၍ ထွက်ပေါ်လျက်ရှိကြသည်။ ပန်းချီဆရာတစ်ဦးက ဖန်တီးထားသော အနုပညာဖွဲ့ပန်းချီကားတွင် ထိုအနုပညာရှင်၏ စိတ်သဘောထားအချို့ကို သင်တွေ့မြင်နိုင်ပါသည်။ အလားတူပင် ဖန်ဆင်းခြင်းအမှုတွင် ဘုရားသခင်၏ကြံအင်လက္ခဏာများရှိနေခြင်း အထောက်အထားကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ ဤကြံအင်လက္ခဏာများကို သဘာဝတရားကြီး၌ အထင်အရှားတွေ့မြင်နိုင်သကဲ့သို့ ကျွန်ုပ်တို့၏အနီးအနားရှိ အမျိုးသား/အမျိုးသမီးများ၏ အသက်တာတွင်လည်း အထင်အရှားရှိနေသည်။ မယုံကြည်သူသည် သူ (သို့) သူမကို ဖန်ဆင်းသော ဖန်ဆင်းရှင်၏ သဘောသဘာဝများကို သက်သေပြရှင်းလင်းကြသည့်အချက်သည် ကျွန်ုပ်တို့ကို မအံ့သြစေသင့်ပါ။

မယုံကြည်သူတို့မှ ၎င်းတို့၏ အသက်တာ၌ သခင်ခရစ်တော်ကဲ့သို့သော ကြံအင်လက္ခဏာများကို ထင်ရှားပြသကြသောအခါ ကျွန်ုပ်တို့သည် ထိုသူတို့ကို ဖန်ဆင်းခဲ့သော ဘုရားသခင်ကို သတိရအောက်မေ့ကြရမည်။ သူတို့သည် ဘုရားသခင်၏သဏ္ဌာန်နှင့် ဖန်ဆင်းထားခြင်းခံရသည့် အချက်ကို သက်သေပြနေကြသည်။ ထိုသဏ္ဌာန်တော်၏ အရိပ်လက္ခဏာများသည် အပြစ်ဒုစရိုက်ကြောင့် အရောင်မှိန်နေခဲ့သော်လည်း တောက်ပလျှင်ပင်ရှိနေကြပါသည်။ ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သော ဖန်ဆင်းရှင်၏ သဘောသဘာဝကို ကျွန်ုပ်တို့၏ အသက်တာ၌ အထောက်အထားပြသနိုင်မည်ဖြစ်သော်လည်း၊ ထိုကြံအင်လက္ခဏာများမှာ ဘုရားဝိညာဉ်တော်၏အသီးအပွင့်များဖြစ်သည်ဟု သေချာပေါက် မဆိုနိုင်ပါ။ တိရစ္ဆာန်များပင်လျှင် ကြင်နာခြင်း (သို့) ချစ်ခြင်းမေတ္တာကို ပြသနိုင်ကြသည်။ ၎င်းတို့သည် သူတို့ကို ဖန်ဆင်းခဲ့သော ဖန်ဆင်းခြင်း၏ စရိုက်

လက္ခဏာအချို့ကို ပြန်လည်ထင်ဟပ်ပြသနိုင်သော်လည်း ဘုရားဝိညာဉ်တော်၏အသီးအပွင့်ကိုမူ မဖန်တီးနိုင်ကြပါ။

ကယ်တင်ခြင်းနှင့် ဘုရားဝိညာဉ်တော်၏ အသီးအပွင့်ကိုခွဲခြားခြင်း

ဘုရားဝိညာဉ်တော်၏အသီးအပွင့်ကို ကျွန်ုပ်တို့၏အသက်တာ၌ မည်၍မည်မျှပြသနိုင်သော အချက်တွင် အခြေခံ၍ မည်သူမျှ ကယ်တင်ခြင်းကို မရရှိနိုင်ပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် သခင်ယေရှုက ကားတိုင်ထက်၌ လုပ်ဆောင်ခဲ့သောအမှု၌သာ လုံးလုံးတည်နေသည်။ ဘုရားသခင်က ကျွန်ုပ်တို့၌ ရည်မှန်းထားသောအရာများကို မလုပ်ဆောင်နိုင်မီ ကျွန်ုပ်တို့ သေဆုံးနိုင်သော်လည်း ကယ်တင်ခြင်းစိတ်ချမှုကိုကား ပိုင်ဆိုင်လျက်နေနိုင်ကြသည်။ သို့သော် ကျွန်ုပ်တို့၏ကယ်တင်ခြင်းလုံခြုံသွားသောအခါတွင် ဘုရားသခင်၏ဝိညာဉ်တော် သည် ဘုရားသခင်အလိုရှိသောသူများအဖြစ် သို့ ပုံသွင်းရန် ကျွန်ုပ်တို့၏ကိုယ်ကျင့်တရား၌ စတင်အလုပ်လုပ်ဆောင်ပါတော့သည်။ ဘုရားဝိညာဉ်တော်မှ လုပ်ဆောင်သောအလုပ်၏ရလာဒ်မှာကား ဝိညာဉ်တော်၏ အသီးအပွင့်ပင်ဖြစ်သည်။

နောက်လာမည့်အခန်းများတွင် ဝိညာဉ်တော်၏အမျိုးမျိုးသော အသီးအပွင့်များကို ဂလာတိ ၅း၂၂-၂၃ ၌တွေ့ရသည့်အတိုင်း လေ့လာသုံးသပ်သွားကြမည်ဖြစ်ပြီး၊ ထိုအသီးအပွင့်များသည် ယုံကြည်သူ၏ အသက်တာ၌ မည်သို့သောပုံသဏ္ဌာန်ဖြစ်ကြရမည့်အကြောင်းကို နားလည်ရန်လည်း ကြိုးစားလေ့လာသွားကြမည်ဖြစ်သည်။ ဤအသီးအပွင့်တစ်ခုစီတိုင်းသည် စာအုပ်တစ်အုပ်လုံးဖြင့် လေ့လာမှတ်သားရန် ထိုက်တန်ကြပါသည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ ဘုရားဝိညာဉ်တော်၏ ကြီးမားကျယ်ပြန့်သော ကိုယ်ကျင့်တရားတည်ဆောက်ခြင်းအမှုကို

အစပျိုးပေးရန်အတွက်သာဖြစ်သည်။

မည်သူမျှ ဤအသီးအပွင့်ကို အသက်တာ၌ ပြည့်စုံစွာ ဖော်ထုတ်ပြသနိုင်ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အားသာချက်များနှင့် အားနည်းချက်များကိုသာ အလျှင်အမြန်ရှာဖွေတွေ့ရှိလာပါလိမ့်မည်။ သမ္မာကျမ်းစာ၌သွန်သင် ဖော်ပြထားသော သန့်ရှင်းသော ဝိညာဉ်တော်၏ အသီးအပွင့်များအားဖြင့် ကိုယ်ကိုယ်ကို ပြန်လည်ဆန်းစစ်ကြရန် စာဖတ်သူများကို ခွန်အားပေးတိုက်တွန်းလိုက်ပါသည်။ သင်၏ အားနည်းချက်များကို ဖော်ပြပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။ သင့်အထဲ၌ ၄င်း၏ကြံအင်လက္ခဏာများကို ပို၍ကြီးမားသော အတိုင်းအတာတစ်ခုအထိ ဖန်တီးပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။ ဤလေ့လာသုံးသပ်ချက်သည် သခင်ခရစ်တော်၏ ကြံအင်လက္ခဏာများနှင့် စိတ်နေစိတ်ထားတို့ကို ပို၍ ကြီးမားသော အတိုင်းအတာတစ်ခုအထိ ပြုလုပ်ဖန်တီးရန် ဘုရားဝိညာဉ်တော်အား အခွင့်ပေးမည့်အရာအတွက် ကျွန်ုပ်တို့ အသက်တာ၌ စိန်ခေါ်မှုပြုမည့် အကြောင်းမှာ ကျွန်ုပ်၏ဆုတောင်းချက်ပင်ဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* သခင်ကိုယ်တော်သည် မိမိသားသမီးများ၏အသက်တာ၌ ကိန်းဝပ်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို အဘယ်ကြောင့်စေလွှတ်ခဲ့သနည်း။ ယုံကြည်သူများ၏အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကားအဘယ်နည်း။
* လူကြိုးစားအား ထုတ်မှုဖြင့် လူကောင်းတစ်ယောက်ဖြစ်လာခြင်းနှင့် ကျွန်ုပ်တို့၏အသက်တာရှိ ဘုရားဝိညာဉ်တော်၏ အသီးအပွင့်တို့၏ ကွဲပြားခြားနားချက်မှာ အဘယ်နည်း။

* သခင်ယေရှုကို သိလာ၍ ၄င်း၏ဝိညာဉ်တော်အားဖြင့်တံဆိပ်ခတ်နှိပ်ခြင်းကို ခံရသော အချိန်မှစ၍ သင့်အသက်တာ၌မည်သို့သော အပြောင်းအလဲများကို သင်သတိပြုမိပါသနည်း။

ဆုတောင်းရန်အချက်များ

* ဤအတိုချုံးလေ့လာသုံးသပ်ချက်အားဖြင့် ဘုရားသခင်က သင့်အသက်တာ၌ တိုးတက်ကောင်းမွန်လာစေလိုသော ဘဝအစိတ်အပိုင်းကို သင့်အားဖေါ်ပြပေးရန် တောင်းလျှောက်ပါ။
* သင့်အထဲ၌ သခင်ခရစ်တော်၏ စရိုက်လက္ခဏာများကို ဖန်တီးတည်ဆောက်ရန် ရောက်လာခဲ့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ကျေးဇူးတင်ပါ။ သင့်အသက်တာအတွက် ထားရှိသော ၄င်း၏မျှော်မှန်းချက်များကို ခုခံငြင်းဆန်ခဲ့သော အချိန်များအတွက် ခွင့်လွှတ်ပေးရန်တောင်းလျှောက်ပါ။
* သင့်အသက်တာ၌ သူ၏ လုပ်ဆောင်မှုကိုလုံးလုံးနာခံရန် အတွက် ကျေးဇူးတော်ကို သွန်းလောင်းပေးရန် သန့်ရှင်းသော ဝိညာဉ်တော်ကို တောင်းလျှောက်ပါ။ သင့်အသက်တာ၌သန့်ရှင်းသော ဝိညာဉ်ဖော်၏အသိစေးအပွင့်တို့ ပို၍ထင်ရှားပေါ်လွင်လာစေရန် ဆုတောင်းပါ။

ချစ်ခြင်း

"ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်အရာမျှ မမြစ်တား။ ''(ဂလာတိ ၅း၂၂–၂၃)။

ဤကျမ်းပိုဒ်၌ဖော်ပြထားသော ပထမဆုံးအသီးအပွင့်မှာ ချစ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလတွင် ချစ်ခြင်းတရားကို အဓိပ္ပါယ်အမျိုးမျိုးဖြင့် နားလည်ထားကြသည်။ ဂလာတိ ၅း၂၂တွင် ရှင်ပေါလုပြောသောအဓိပ္ပါယ်ကို နားလည်ရန်မှာ ထိုစကားလုံးကို သမ္မာကျမ်းစာ၏ကျန်သောအပိုင်းများ၌ မည်သို့အသုံးပြုထားသည်ကို လေ့လာဆန်းစစ်ရန်လိုအပ်သည်။ ဤကျမ်းပိုဒ်၌အသုံးပြုထားသော ဂရိစကားလုံးမှာ '*agape*'(အဂ္ဂပါယ်)ဟူသောစကားလုံးဖြစ်သည်။ ဤစကားလုံးကို ဓမ္မသစ်ကျမ်း၌ မည်သည့်အဓိပ္ပါယ်မျိုးဖြင့် အသုံးပြုထားသည်ကို ကျွမ်းကျင်လျှင်မြန်သော လေ့လာဆန်းစစ်ခြင်းက ဝိညာဉ်တော်၏ဤထူးခြားသောအသီးအပွင့်ကိုပို၍လေးနက်စွာနားလည်သဘောပေါက်စေမည်ဟု ယုံကြည်မိပါသည်။ အဂ္ဂါယ်ချစ်ခြင်းမေတ္တာတရားနှင့် စပ်လျဉ်း၍ဓမ္မသစ်ကျမ်း၌ မည်သို့ သွန်သင်ထားသည်ကို အချိန်

အနည်းငယ်ယူ၍ လေ့လာကြည့်ကြပါစို့။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံမှ ရောက်လာ၏ –

ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး(၁၇)တွင် တွေ့ရသည်။ သခင်ယေရှုကမိမိ၏တပည့်တော်များအတွက် ပြုခဲ့သော ဆုတောင်းချက်တွင် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားနှင့်စပ်လျဉ်း၍ သွန်သင်စရာများ ရှိနေပါသည်။ ရှင်ယောဟန် ၁၇း၂၆ရှိ သခင်ယေရှု၏ ဆုတောင်းသံကို နားထောင်ကြည့်ပါ။

> *ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းကို ထိုသူတို့သည် သိကြပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို ချစ်တော်မူသောမေတ္တာသည် သူတို့၌ရှိစေခြင်းငှာ၎င်း၊ အကျွန်ုပ်သည် သူတို့၌ရှိစေခြင်းငှာ၎င်း၊ ကိုယ်တော်၏နာမကို အကျွန်ုပ်သည် သူတို့အားပြည်နှံပါပြီဖြစ်၍ အစဉ် ပြည်နှံပါမည်။ (ယောဟန် ၁၇း၂၆)။*

"ကိုယ်တော်သည် အကျွန်ုပ်ကို ချစ်တော်မူသော မေတ္တာသည် သူတို့၌ရှိစေခြင်းငှာ"ဟူသောစကားစုကို သတိပြုကြည့်ပါ။ ဤနေရာရှိသခင်ယေရှုက ပြောလိုနေသည့်အရာကို ကျွန်ုပ်တို့လက်လွတ်ခံ၍ မရပါ။ တပည့်တော်များအတွက် ဆုတောင်းပေးရာတွင် သခင်ယေရှုက မိမိ၏ ချစ်ခြင်းမေတ္တာကို တပည့်တော်များ၏ နှလုံးသားထဲ၌ ထည့်သွင်းပေးရန် အဖဘုရားသခင်ကို တောင်းဆိုနေပါသည်။ သခင်ယေရှုက မိမိ၏တပည့်တော်များ ရရှိပိုင်ဆိုင်စေလိုသော ချစ်ခြင်းမေတ္တာမှာ သူတို့၌ရှိနေသောချစ်ခြင်းမေတ္တာမဟုတ်၊ ဘုရားသခင်၏ချစ်ခြင်း မေတ္တာသာ ဖြစ်သည်။ ဤနေရာရှိသခင်ယေရှုတောင်းလျှောက်နေသော အရာမှာ လူသား၏ချစ်ခြင်းမေတ္တာတရား

မျိုးမဟုတ်ပါ။ မိမိ၏ တပည့်တော်များ အတွက် အဖဘုရားသခင်ထံ၌ တောင်းလျှောက်နေသော ချစ်ခြင်းမေတ္တာတရားမှာ ဘုရားသဘော သဘာဝကို ဆောင်ထားသော ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ဤအရာမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ဖြစ်သည်။

အလားတူ အယူအဆကို ရှင်ပေါလုက ရောမ ၅း၅ တွင် ထပ်လောင်းပြောကြားခဲ့သည်မှာ-

ထိုမျှော်လင့်ခြင်းသည် ရှက်ကြောက်စရာအကြောင်းနှင့်ကင်းလွတ်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့အား ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူ၏။ (ရောမ ၅း၅)။

ဘုရားသခင်သည် မိမိ၏ချစ်ခြင်းမေတ္တာတရားကို သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏နှလုံးသားထဲ၌ သွန်းလောင်းခဲ့ကြောင်းကို သတိပြုပါ။ ဤအရာသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့် ဘုရားသခင်ထံမှ ရောက်လာခြင်းတည်း။

ဤချစ်ခြင်းမေတ္တာတရားသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ချစ်ခြင်းမေတ္တာဖြစ်ကြောင်း ရှင်ပေါလုက ရောမ ၁၅း၃၀တွင် ဆိုထားသည်မှာ -

သင်တို့သည် ငါနှင့်အတူ ကြိုးစားအားထုတ်၍ ငါ့အဖို့အလို့ငှာ၊ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြလော့ဟု ငါတို့သခင်ယေရှုခရစ်နှင့်ဝိညာဉ်တော်၏မေတ္တာဂုဏ်အာကို အကြောင်းပြု၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပါ၏။

"ဝိညာဉ်တော်၏မေတ္တာဂုဏ်အာ"ဟူသော စကားစုကို သတိပြုကြည့်ပါ။ ဤကျမ်းပိုဒ်၌ ရှင်ပေါလုဖော်ပြထားသော ချစ်ခြင်း

မေတ္တာတရားသည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ထံမှရောက်လာသော ချစ်ခြင်း မေတ္တာ ဖြစ်သည်။

ကျွန်ုပ်တို့ တစ်ယောက်တိုင်းစီ၌ ချစ်တတ်သောအစွမ်းအစရှိ ကြပါသည်။ ဘုရားသခင်နှင့် လုံးလုံး မသက်ဆိုင်သောသူပင်လျှင် လူ့ချစ်ခြင်းမေတ္တာဖြင့် ချစ်နိုင်ပါသည်။ သို့သော်လည်း ဤနေရာ၌ ရှင်ပေါလုပြောကြားနေသော ချစ်ခြင်းမေတ္တာမှာ ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်လှုပ်ရှားလုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးကျေးဇူးဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားဝိညာဉ်တော်လှုပ်ရှားလုပ်ဆောင်မှုကြောင့်ဖြစ်ပေါ်လာသော ချစ်ခြင်းမေတ္တာနှင့် လူသတ္တဝါတို့မှ ဖော်ကျူးနိုင်ကြသော ပင်ကိုယ်သဘာဝချစ်ခြင်းမေတ္တာတရားတို့ကို ကျွန်ုပ်တို့ခွဲခြားထားရမည်။

ဤနေရာ၌ ရှင်ပေါလုဆိုလိုသော ချစ်ခြင်းမေတ္တာမှာ ကျွန်ုပ်တို့အသက်တာ၌ ဘုရားဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်ခြင်းအားဖြင့် ထွက်ပေါ်လာသော ချစ်ခြင်းမေတ္တာဖြစ်သည်။ ထိုချစ်ခြင်းမေတ္တာတရားသည် မည်သို့သော ချစ်ခြင်းမေတ္တာမျိုးဖြစ်သနည်းဟု ကျွန်ုပ်တို့ကိုယ်ကို မေးခွန်းထုတ်ရန် လိုအပ်သည်။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် စွန့်လွှတ်အနစ်နာခံသော ချစ်ခြင်းမေတ္တာဖြစ်၏။ 'အဂ္ဂပါယ်'ချစ်ခြင်းမေတ္တာအကြောင်းကို လေ့လာရာ၌ ပထမဆုံးကျွန်ုပ်တို့သတိပြုမိသော အချက်မှာ ၄င်းသည် စွန့်လွှတ်အနစ်နာခံသော ချစ်ခြင်းမေတ္တာဖြစ်ကြောင်းပင်ဖြစ်သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် သူတစ်ပါးအတွက် မိမိ၏အသက်ကို စွန့်လွှတ်အနစ်နာခံဝံ့သည်။ သခင်ယေရှုက ယောဟန် ၁၅း၁၃၌ ကျွန်ုပ်တို့အားပြန်လည် သတိရစေသောအရာမှာ သူတစ်ပါးအတွက် ကိုယ့်အသက်ပေး

ဆပ်ခြင်းသည် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာကို အကြီးအကျယ်ဆုံး သက်သေပြခြင်း ဖြစ်သည်ဟူ၍ဖြစ်သည်။

ကိုယ့်အဆွေအဖို့အလို့ငှာ၊ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှ မရှိ။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ကိုယ်ကိုကိုယ် သက်ညှာခြင်းထက်ပို၍ကြီးမြတ်သောအရာ ဖြစ်သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ကိုယ်ချစ်သောသူအတွက် အကြီးမားဆုံးသော စွန့်လွှတ်အနစ်နာခံခြင်းကို ပြုရန် လိုလိုလားလားရှိနေသည်။ မိမိအသက်အသေခံပေးဆပ်ခြင်းသည် အကြီးမားဆုံးသော စွန့်လွှတ်အနစ်နာခံခြင်းဖြစ်သော်လည်း အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ထိုအရာတစ်ခုတည်းကို လုပ်ဆောင်လိုသည်မဟုတ်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် မိမိ၏အချိန်၊ ငွေကြေး၊ မာန်မာန၊ စည်းစိမ်(သို့)လိုအပ်သောအရာဟူသမျှကို ချစ်သောသူအတွက် စွန့်လွှတ်အနစ်နာခံရန် ဆန္ဒရှိနေပါသည်။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာ၏ ထူးခြားချက်မှာ မိတ်ဆွေနှင့် ရန်သူကို မခွဲခြားခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးလုံးကို တူညီသောချစ်ခြင်းမေတ္တာအတိမ်အနက်မျိုးဖြင့် ချစ်ပါသည်။ မိတ်ဆွေဖြစ်သူအတွက် အသက်ကို စတေးခံသည်မဟုတ်၊ ရန်သူအတွက်လည်း အလားတူပင် လုပ်ဆောင်သွားပါမည်။ ဤအချင်းအရာအတွက် ရှင်းလင်းထင်ရှားသော ပုံဥပမာမှာ သခင်ယေရှုပင်ဖြစ်သည်။

ညီအစ်ကိုတို့ သင်တို့သည် ငါနှင့်အတူ ကြိုးစားအားထုတ်၍ ငါ့အဖို့အလို့ငှာ၊ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြလော့ဟု ငါတို့သခင်ယေရှုခရစ်နှင့် ဝိညာဉ်တော်၏မေတ္တာ ဂရုဏာကို အကြောင်းပြု၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပါ၏။ (ရောမ ၁၅း၃၀)။

သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်သားများဖြစ်နေစဉ်၌ပင် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရှုမြင်သောအခါ အလွန်ချစ်စရာကောင်း၍ ဆွဲဆောင်မှုရှိကြသည်ဟု မမြင်ခဲ့ပါ။ အမှန်တွင် ထိုအရာနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဘုရားသခင်ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရှုမြင်သောအခါ စက်ဆုပ်ရွံရှာဖွယ်ကောင်းသောသူများအဖြစ် မြင်ခဲ့သည်။ ကျွန်ုပ်တို့အသက်တာ၏ထောင်ပေါင်းစုံကို ဖုံးဖိထားသော အပြစ်တရားကို ဘုရားသခင်အလွန်မုန်းတီး၏။ နောဧ၏ ခေတ်ကာလက ဘုရားသခင်က ဤကမ္ဘာမြေကြီးကို ကြည့်ရှုစဉ်က တွေ့မြင်ခဲ့သောအကြောင်းအရာကို နာယူကြည့်ပါ။

> ***(၆း၅) မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ် ခြင်း သက်သေရှိကြောင်း ကို ဘုရားသခင်သိမြင်တော်မူလျှင် (၆း၆)မြေကြီးပေါ်မှာ လူကိုဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော်ပူပန်လျက် ရှိတော်မူ၏။ (ကမ္ဘာ ၆း၅-၆)။***

ဘုရားသခင်သည် လူသား၏နှလုံးသားကို ကြည့်သောအခါ ၄င်းမြင်တွေ့ရသော အရာများဖြင့် ဆွဲဆောင်မှုကို မခံရပါ။ လူသား၏နှလုံးသားမှာ ဆိုးညစ်နေ၏။ လူစိတ်နှလုံးမှလုပ်ဆောင်လိုသောအရာများအားလုံးသည် ဘုရားသခင်နှင့်ဆန့်ကျင်နေခဲ့သည်။ ဤအချင်းအရာသည် ဘုရားသခင်၏စိတ်နှလုံးကို ကြေကွဲစေခဲ့သောကြောင့် ဤလောကၦ လူကိုမဖန်ဆင်းခဲ့သင့်ဟု တောင့်တခဲ့သည်အထိပင်ဖြစ်ခဲ့သည်။ လူသားတို့အား အပြစ်ဒုစရိုက်မှ ဖမ်းယူကျွန်ပြုခဲ့သည့်အဖြစ်ကို ဘုရားသခင်မြင်တွေ့သောအခါ ၄င်း၏နှလုံးသာသည် နာကျင်ခြင်းများဖြင့် ပြည့်ခဲ့သည်။

ဘုရားသခင်က မိမိအား တွန်းလှန်ပုန်ကန်နေကြသော လူသားများကို လက်လှမ်း၍ထိတွေ့ရန် တွန်းအားပေးခဲ့သောအရာမှာ

အဂ္ဂပါယ်ချစ်ခြင်း မေတ္တာပင်ဖြစ်သည်။ လူသားတို့သည် ဘုရားသခင်၏ အမည်နာမကို ကျိန်ဆဲ၍ ၎င်း၏ပညတ်တရားများကို ချိုးဖောက်ကျူးလွန်ခဲ့ကြသည်။ သူတို့ကိုဖန်ဆင်းခဲ့သောဖန်ဆင်းရှင်ကို ကျောခိုင်းခဲ့ကြသည်။ ဘုရားသခင်သည် ထိုသူတို့အတွက် မိမိ၏သားတော်ကိုစေလွှတ်၍ အသက် စတေးခံစေခဲ့သည်။ သခင်ယေရှုသည် ပုန်ကန်သူတို့၏လက်၌ သေဆုံးခဲ့သည်။ မိမိအပေါ်၌တံတွေး ထွေးခံရ ရပြီး၊ မိမိ၏နာမကို ကျိန်ဆဲခံခြင်းနှင့်အတူ သေဆုံးခဲ့သည်။ ဤလူသားများ ဆွဲဆောင်မှုဟူ၍ ဘာမျှ မရှိခဲ့သော်လည်း ဘုရားသခင်သည် သူတို့ကို ချစ်မြတ်နိုးခဲ့ပါ သည်။ အဂ္ဂပါယ် ချစ်ခြင်းမေတ္တာသည် ၎င်း၏ရန်သူများ အတွက် ကိုယ့် ကို ကိုယ်စတေးခဲ့သည်။ ဤချစ်ခြင်းမေတ္တာသည် ဘုရားသခင် ထံမှသာ လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ကျွန်ုပ်တို့ လူသားများ၏ဇာတိပကတိစိတ်၌ ဖြစ်ရိုးဖြစ်စဉ်အရာ မဟုတ်သောကြောင့် ဖြစ်သည်။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ကိုယ့်ကိုကိုယ် လိုလိုလားလားငြင်းပယ်လိမ့်မည်။ ဤသို့လုပ်ဆောင်ခြင်းကြောင့် ညီအစ်ကို(သို့) ညီအစ်မ(သို့)ရန် သူပင်လျှင် ကောင်းချီးမင်္ဂလာရရှိခံစားကြရမည်ဖြစ်သည်။

သင်၏ညီအစ်ကိုသည် သင်စားသောအစာကြောင့် စိတ်နာရလျှင် သင်သည်မေတ္တာတရားကိုမကျင့်၊ အသေခံတော်မူသော ခရစ်တော်ကို သင်၏အစာဖြင့် အကျိုးမနည်းစေနှင့်။ (ရောမ ၁၄း၁၅)။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ကိုယ့်အတွက်၊ ညီအစ်ကို(သို့)ညီအစ်မများအတွက် ပို၍စဉ်းစားတွေးတောပေး၏။ ကျွန်ုပ်တို့စားသောက်သော အစားအသောက်မျိုးကြောင့် ညီအစ်ကိုတစ်ဦး

၌ စိတ်ဒုက္ခရောက်သောအခါ၊ ကျွန်ုပ်တို့သည်သူ့ကို အဂ္ဂပါယ်ချစ်ခြင်း မေတ္တာဖြင့် ချစ်လျှင် သူ့အကျိုးအလို့ငှာ၊ ကျွန်ုပ်တို့သည် ထိုကဲ့သို့သော အစားအသောက်မျိုးကို စားသောက်ခြင်းအား ရပ်တန့်ကြပါလိမ့်မည်။ ခင်ပွန်းသည်(သို့)ဇနီးသည်ပင်ပန်းနွမ်းလျသောအခါ အဂ္ဂပါယ် ချစ်ခြင်း မေတ္တာသည် အလုပ်အကျွေးပြုပါလိမ့်မည်။ ထိုချစ်ခြင်းမေတ္တာသည် သနားခြင်း၊ ဂရုဏာစိတ်နှင့်အတူ ဦးစားပေး စဉ်းစားပေးကာ စွန့်လွှတ် အနစ်နာခံလိုသောစိတ်နှင့် လက်လှမ်းလျှက် အရောက်သွားမည်ဖြစ်သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ကိုယ့်ကိုကိုယ်ထိန်းချုပ်၍ သူတစ်ပါးကိုပေးလျက် ပေးနေပါမည်။ ဤသို့လုပ်ဆောင်နေခြင်းမှာ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာပင်ဖြစ်သောကြောင့် ဖြစ်သည်။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ပြောင်းလဲခြင်းမရှိပါ။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သိထားသင့်သောအခြားအကြောင်းအရာတစ်ခုမှာ ၎င်းသည် ပတ်ဝန်းကျင်အခြေအနေအရ ပြောင်းလဲခြင်းမရှိဟူသော အချက်ပင်ဖြစ်သည်။ လုကာ (၁၅)၌တွေ့ရသည့်ပျောက်သောသိုးပုံဥပမာသည် ဤအချက်အတွက် သင့်လျော်သော သာဓကတစ်ခုဖြစ်သည်။ ပုံဥပမာထဲရှိ သားဖြစ်သူသည် မိမိ၏အမွေဝေစုနှင့်အတူ အိမ်မှထွက်လာပြီး၊ မိမိ၏ဘုရား၊ မိမိ၏ဖခင်ကို ကျောခိုင်းခဲ့သည်။ အထိန်းအကွပ်မဲ့သော အသက်တာဖြင့် ရှင်သန်ရင်း ရှိသမျှစည်းစိမ်များကို ဖြုန်းတီးပစ်ပြီး၊ အိမ်သို့လက်ချည်းဗလာဖြင့် ပြန်လာခဲ့သည်။ ဤပုံဥပမာ၏ထူးခြားအံ့ဩဖွယ်အကြောင်းအရာမှာ သားအတွက်ထားရှိသော ဖခင်ဖြစ်သူ၏ချစ်ခြင်းမေတ္တာမှာ ပြောင်းလဲမသွားခြင်းဖြစ်သည်။ ဖခင်ဖြစ်သူသည် မိမိအားအရှက်ခွဲအကျိုးနည်းစေခဲ့

သော ပုန်ကန်တတ်သည့်သားကို ပွေ့ဖက်၍မိသားစုဌာန ၄င်း၏မူလအရိုက်အရာနှင့်ဖြစ်တည်ခဲ့မှုအတိုင်း ထားခဲ့ပါသည်။

သင်သည်ဘုရားသခင်နှင့် ဝေးရာအရပ်သို့ ပြေးနိုင်သမျှ ပြေးသွားနိုင်ပေသည်။ သို့သော်ဘုရားသခင်သည် သင့်ကိုလျော့၍ချစ်သွားမည်မဟုတ်ပါ။ သင်သည်ဘုရားသခင်ထံ၌ သစ္စာရှိနိုင်သမျှ ရှိနေနိုင်ပေသည်။ သို့သော် ဘုရားသခင်သည် သင့်ကို တိုး၍ချစ်သွားခဲ့မည်မဟုတ်ပါ။ ဘုရားသခင်၏အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားနှင့် ကျွန်ုပ်တို့ကို ကင်းကွာစေမည့်အရာ မရှိပါ။

(စး၃၅)ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ငါတို့ကို အဘယ်သူကွာမည်နည်း။ (စး၃၆). . . ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက် ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးတွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကို ခံရသော်လည်း ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကိုကွာစေမည်နည်း။ (စး၃၇)မကွာစေသည်သာမက ငါတို့ကိုချစ်တော်မူသော သူ၏ကျေးဇူးတော်ကြောင့်ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကိုခံစဉ်တွင်ပင် အထူးသဖြင့်အောင်မြင်ကြ၏။(စး၃၈)အကြောင်းမူကား သေခြင်းဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ့ံသောအရာဖြစ်စေ၊ (စး၃၉)အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိကအရာမျှသည် ငါတို့ သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏။ (ရောမ စး၃၅-၃၉)

ဤအရာသည် အံ့ဖွယ်ကောင်းသော အယူအဆဖြစ်သည်။

အပါယ်ငရဲရှိ နတ်ဆိုးမှင်း၊ စစ်ကြောခြင်း(သို့)ဘေးဒဏ်တို့မှင်း၊ အသက်တာ၌ ကျွန်ုပ်လုပ်ဆောင်သောအရာများ၊ မလုပ်ဆောင်သော အရာအမျိုးမျိုးမှင်း၊ ကျွန်ုပ်အတွက်ထားရှိထားသောဘုရားသခင်၏ အံ့သြဖွယ်အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားကို ပြောင်းလဲနိုင်ကြပါ။ ဤချစ်ခြင်းမေတ္တာသည် ကျွန်ုပ်နှင့်အစဉ်ထာဝရတည်မည့်အကြောင်း အာမခံထားပါသည်။

အလွယ်တကူ လက်တွဲပေါင်းသင်း၍ ရသောသူတို့ကို ချစ်ရန်က အလွန်လွယ်ကူပါသည်။ သို့သော် ထိုသူတို့သည် ကျွန်ုပ်တို့ကို အနာတရဖြစ်စေသောအခါ၊ ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာသည် အမျက်ဒေါသအဖြစ်သို့ဇင်း၊ ခါးသီးမှုများအဖြစ်သို့ဇင်း၊ နာကျည်းမုန်းတီး ခြင်းအဖြစ်သို့ဇင်း၊ အလျှင်အမြန်ပြောင်းလဲသွားတတ်သည်။ အဂ္ဂပါယ် ချစ်ခြင်းမေတ္တာတရားသည် ကျွန်ုပ်တို့အား ကောင်းကောင်းမွန်မွန်ပြုမူ ဆက်ဆံသောသူများကို ချစ်သည့် ချစ်ခြင်းမေတ္တာအတိုင်း အတာပမာဏအတိုင်း၊ ကျွန်ုပ်တို့အပေါ်၌ မကောင်းမှုကို ပြုသောသူများကိုလည်း ချစ်ပါသည်။

သင်တို့ကို ချစ်သောသူတို့ကိုသာ ချစ်တဲ့ပြန်လျှင် အဘယ် ကျေးဇူးတင်သနည်း။ အခွန်ခံသူတို့ပင် ဤမျှလောက်ပြုကြ သည် မဟုတ်လော။ (မဿဲ ၅း၄၆)။

သခင်ယေရှု၏သွန်သင်ချက်အရ သခင်ယေရှု၏ချစ်ခြင်း မေတ္တာနှင့် ကျွန်ုပ်တို့၏လူ ချစ်ခြင်းမေတ္တာတို့ကို ကွဲပြားခြားနားစေသော အချက်မှာ ကျွန်ုပ်တို့နှင့်ဖက်လည်းတကင်း ရှိနေကြသော သူတို့အပေါ်၌ ထားရှိသော ငှင်း၏ချစ်ခြင်းမေတ္တာသည် ကြီးမားခိုင်မြဲနေသကဲ့သို့ ကျွန်ုပ်တို့အပေါ်၌မကောင်းမှုပြု၍ ပမာမထားသော သူတို့အပေါ်၌လည်း ထိုအတိုင်းပင်ရှိနေခြင်းပင်ဖြစ်သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားဖြင့်

ချစ်သောသူတို့သည် ၎င်းတို့အား ကျိန်ဆဲသောသူများကို ကောင်းချီးပေးတတ်၏။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် အခြားပါးတဖက်လှည့်၍ အဆိုးကို ချစ်ခြင်းမေတ္တာဖြင့် တုန့်ပြန်တတ်သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ပြောင်းလဲခြင်းမရှိပါ။ သင်မည်သည့်အရာကို မဆိုလုပ်နေသည်ဖြစ်ပါစေ၊ ချစ်ခြင်းမေတ္တာဖြင့် အစဉ်တုန့်ပြန်၍လုပ်ဆောင်ပါ။ သခင်ယေရှုသည် သူ့အား ကားတိုင်တင်သတ်ခဲ့သောသူများကို ကောင်းချီးပေးခဲ့သည်။ သတေဖန်သည် သူ့အား ကျောက်ခဲနှင့်ပေါက် ၍သတ်သောသူတို့ကို ကောင်းချီးပေးခဲ့သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် သူတစ်ပါးကို မချစ်မည့်အကြောင်း ဘယ်သောအခါတွင်မျှ အကြောင်းပြချက်မရှာကြံတတ်ပါ။ အစဉ်အမြဲ ချစ်လျက်ရှိနေပါသည်။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် တိုက်တွန်းလှုံဆော်တတ်သော ချစ်ခြင်းမေတ္တာဖြစ်၏။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သိအပ်သော နောက်ထပ်အချက်တစ်ချက်ရှိနေသေးသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် တိုက်တွန်းလှုံဆော်တတ်သောချစ်ခြင်းမျိုးဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ကျွန်ုပ်တို့လုပ်ဆောင်သည့်လှုပ်ရှားမှုများကို ထိန်းချုပ်၍ပုံသွင်းပေးပါသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားဖြင့် သူတစ်ပါးကိုချစ်လျှင်၊ ထိုချစ်ခြင်းမေတ္တာသည် သင့်ကိုလုပ်ဆောင်မှုတစ်ခုထဲသို့ ပဲ့ထိန်းသယ်ဆောင်သွားမည်ဖြစ်သည်။ သင့်ကို သင်ရပ်တန့်နိုင်မည်မဟုတ်ပါ။ ၂ကော ၅း၄ ၌ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်စပ်လျဉ်း၍ ရှင်ပေါလု၏ပြောပြထားချက်ကို နားဆင်ကြည့်ပါ-

အကြောင်းမူကား တစ်ယောက်သောသူသည် လူအပေါင်းတို့

အတွက်ကြောင့် အသေခံသည်မှန်လျှင် လူအပေါင်းတို့သည် သေလျက်နေကြသည် ဟူ၍ငင်း၊ . . . ငါတို့သည် သဘောထားလျက် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက်သွေးဆောင်၏။

"အနိုင်အထက် သွေးဆောင်၏" ဟူသောစကားလုံးသည် ပြင်းထန်သောစကားလုံးတစ်လုံးဖြစ်သည်။ ဤစကားလုံးသည် အဖက်ဖက်မှ ဖိအားပေးခံရခြင်းဟူ၍ အဓိပ္ပါယ်ရှိသည်။ ဤသည်မှာ ကျဉ်းမြောင်းသော ရေလက်ကြားတစ်ခုထဲသို့ သင်္ဘောကြီးတစ်စီး အတင်းဖြတ်သန်းခုတ်မောင်းသောအခါ၌ ဖြစ်ပျက်သောအရာမျိုးဖြစ်သည်။ ထို့အပြင် ဤစကားလုံးကို အချုပ်ခန်းကျဉ်းလေးတစ်ခု၌ ချုပ်ထားခြင်းကို ခံရသော အချုပ်သားတစ်ဦးကို ဖော်ကျူးရာတွင်လည်း အသုံးပြုသည်။ ဤစကားလုံး၏အဓိပ္ပါယ်ကို ပို၍ဖော်ထုတ်ကြပါစို့။

"အနိုင်အထက်သွေးဆောင်ခြင်း" ဆိုသည်မှာ သင့်အား အဖက်ဖက်မှ ဖိအားပေးတိုက်တွန်းခံရခြင်းဖြစ်သည်။ သင်ကို အဖက်ဖက်မှ ဖိအားပေးတိုက်တွန်းခံရသောအခါ သင့်အား ဖိအားပေးတိုက်တွန်း၍ သွားစေလိုသော ဦးတည်ချက်မှလွဲ၍ သင့်၌အခြားဦးတည်ချက်မရှိတော့ပါ။ ဘုရားသခင်၏အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ကို အဖက်ဖက်မှ ဖိအားပေးတိုက်တွန်း၍ကျွန်ုပ်တို့၏လှုပ်ရှားမှုများကို ပုံသွင်းလေတော့သည်။ ကျဉ်းမြောင်း သောရေလက်ကြားထဲသို့ အတင်းဖြတ်သန်းခုတ်မောင်းခြင်း ခံရသော သင်္ဘောကြီးအလား ဤချစ်ခြင်းမေတ္တာတရားသည် ကျွန်ုပ်တို့၏ အာရုံစူးစိုက်မှုကို လမ်းညွှန်ပေး၍ အကြောင်းအရာတစ်ခုပေါ်၌ စူးစိုက်စေသောကြောင့် ၎င်း၏စေ့ဆော်မှုအတိုင်း ကျွန်ုပ်တို့တုန့်ပြန်ကြရသည်။ ကျွန်ုပ်သည် ဤချစ်ခြင်းမေတ္တာတရား၏အကျဉ်းသားဖြစ်သည်။

ဤချစ်ခြင်းမေတ္တာတရားသည် ကျွန်ုပ်၏လှုပ်ရှားမှုများကို လှုံ့ဆော်၍ ကျွန်ုပ်ရွေးချယ်၍လုပ်ရမည်ဆိုလျှင် မလုပ်မည့်အရာများကို လုပ်ဆောင်ရန် တွန်းပို့တော့သည်။

လှုပ်ရှားမှုတစ်ခုအတွင်းသို့ တိုးဝင်လှုပ်ရှားရန် ဤချစ်ခြင်းမေတ္တာ၏ပဲ့ထိန်းသယ်ဆောင်သွားခြင်းကို ခံရသောအခါ ကျွန်ုပ်သည် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားကို လက်တွေ့သက်သေပြနေကြောင်း ကျွန်ုပ်သိနေ၏။ ကိုယ်ကိုကိုယ်ငြင်းပယ်၍စွန့်လွှတ်အနစ်နာခံသော ချစ်ခြင်းမျိုးဖြင့် သာမန်အားဖြင့် ကျွန်ုပ်မချစ်မည့်သူများကို ကျွန်ုပ်ချစ်နေကြောင်းကိုယ်ကိုကိုယ် သိမြင်သောအခါ ကျွန်ုပ်သည် ဤချစ်ခြင်းမေတ္တာတရား၏ပဓိန်းပို့ဆောင်ခြင်းကို ခံနေရကြောင်း ကျွန်ုပ်သိနေ၏။

ရှင်ပေါလု၏ ချစ်ခြင်းမေတ္တာတရားကိုအဓိပ္ပါယ်ဖွင့်ဆိုထားချက်

ရှင်ပေါလုသည် ဘုရားသခင်၏အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားကို ၁ကော ၁၃ တွင်ဖော်ကျူးထားပါသည်။ ဤကျမ်းချက်သည် အလွန်စေ့စပ်သေချာသောလေ့လာခြင်းမျိုးနှင့် ထိုက်တန်သော်လည်း၊ ကျွန်ုပ်တို့သည် ဤနေရာတွင် အကျဉ်းချုံးသာ ဖော်ပြသွားကြမည်ဖြစ်သည်။

(၁ဂၢ၄) မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ (၁ဂၢ၅)မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်။ (၁ဂၢ၆) မတရားသောအမှုၦ်ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာတရားၦ်ဝမ်းမြောက်တတ်၏။ (၁ဂၢ၇)ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကိုမျှော်လင့်တတ်၏။ ခပ်သိမ်းသော အရာ

ကို သည်းခံတတ်၏။ (၁ကော ၁၃း၄-၇)။

ဤကျမ်းပိုဒ်များအပေါ်၌ အကျဉ်းချုပ်သုံးသပ်ချက်အတိုလေးများကို အနည်းငယ် ပြုလုပ်သွားကြစို့။

ချစ်ခြင်းမေတ္တာမည်သောအရာ (၁ကော ၁၃း၄)

ရှင်ပေါလုသည် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော အချက်နှစ်ချက်ကို ၁ကော ၁၃း၄ တွင် ပြောကြားထားသည်။ ချစ်ခြင်းမေတ္တာသည် စိတ်ရှည်၍ ကျေးဇူးလည်းပြုတတ်၏(သနားကျင်နာတတ်ခြင်း) ကျွန်ုပ်တို့အပေါ်၌ စိတ်ရှည်၍သနားကျင်နာတတ်သောသူများအပေါ်၌ စိတ်ရှည်၍သနားကျင်နာရန်လွယ်ကူပါသည်။ သို့သော် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ဘက်လိုက်ခွဲခြားခြင်းကို မပြုတတ်ကြောင်း သတိရပါ။ ဤချစ်ခြင်းမေတ္တာတရားသည် သနားကျင်နာတတ်သောသူတို့ကို ချစ်သည့် ပမာဏအတိုင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားပြုတတ်သော သူတို့ကိုလည်း ချစ်လျှက်ရှိပါသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ဆက်ဆံရခက်ခဲသောသူနှင့် မာကျောခက်ထန်သောသူတို့အပေါ်တွင် စိတ်ရှည်တတ်သည်။ ၎င်းသည် မကောင်းမှုကို သနားကျင်နာခြင်းဖြင့် ပေးလျော်တတ်သည်။ ဤသည်မှာ ဘုရားသခင်ကိုယ်တော်မှ ကျွန်ုပ်တို့အတွက် လုပ်ဆောင်သွားခဲ့သောအရာဖြစ်သည်။ ကျွန်ုပ်တို့ အပြစ်သားများဖြစ်လျှက်ရှိနေကြစဉ်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ စိတ်ရှည်ခြင်း၊ သနားကျင်နာခြင်းတို့ကို ပြသခဲ့သည်။ ကျွန်ုပ်တို့အထဲ၌ ရှိနေသောဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် အခြားသူများအပေါ်၌လည်း အလားတူ လုပ်ဆောင်သွားပါလိမ့်မည်။

ချစ်ခြင်းမေတ္တာမမည်သောအရာ (၁ကော ၁၃း၄–၆)

ချစ်ခြင်းမေတ္တာမည်သောအရာကို ပြောဆိုပြပြီးနောက်၊ ရှင်ပေါလုသည် ချစ်ခြင်းမေတ္တာမမည်သောအရာကို ဆက်လက်ပြောပြထားသည်။ ချစ်ခြင်းမေတ္တာသည်ဂုဏ်ပြိုင်ခြင်းမရှိ။ အခြားစကားလုံးများဖြင့် ပြောရလျှင်ချစ်ခြင်းမေတ္တာသည် အခြားသူများ၏ အသက်တာ၌ရရှိခံစားရသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာ၌ ဝမ်းမြောက်လျက်နေ၏။ ၄င်းသည် မိမိ၌ရှိသောအရာများနှင့် သူတစ်ပါး၌ရှိသောအရာများကို မနှိုင်းယှဉ်တတ်ပါ။ တစ်ပါးသူ၏အောင်မြင်မှု(သို့)ကောင်းချီးမင်္ဂလာခံစားရမှုတို့ကြောင့် ကျွန်ုပ်တို့၌မနာလိုဝန်တိုမှုများ မည်၍မည်မျှဖြစ်ပေါ်ခဲ့ပါသနည်း။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် မိမိကောင်းချီးမင်္ဂလာခံစားရသည်ထက် ထိုကောင်းချီးမင်္ဂလာကို အခြားသူများမှ ခံစားရသောအခါတွင် ပို၍ကြည်နူးပျော်ရွှင်တတ်ပါသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရား၌ ဂုဏ်ပြိုင်ခြင်းမရှိပါ။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ဝါကြွားခြင်းမရှိသကဲ့သို့ မာန်မာနလည်းမရှိပါ။ ဝါကြွား၍မာန်မာနကြီးသောသူသည် အတ္တကြီးသောသူများဖြစ်ကြသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် တစ်ပါးသူအပေါ်၌သာ အာရုံစိုက်တတ်သည်။ သူတစ်ပါးကို ထိခိုက်လောက်သည့်အထိ ကိုယ့်ကိုကိုယ် မချီးမြှောက်တတ်ပါ။ ကိုယ့်ကိုကိုယ် အခြားသူများထက် ပို၍ အရေးပါသည်ဟုလည်း မမြင်တတ်ပါ။ ညီအစ်ကို(သို့)ညီအစ်မများ(သို့) ရန်သူ၏လိုအပ်ချက်များကိုပင်လျှင် ဖြည့်ဆည်းကူညီပေးရန်ကိုပင် ဝမ်းမြောက်ဝမ်းသာရှိနေသည်။

အလားတူပင် ချစ်ခြင်းမေတ္တာသည် မလျော်ကန်တတ်စွာ မကျင့်တတ်၊ ကိုယ့်အကျိုးကို မရှာတတ်ဟူသော ရှင်ပေါလု၏ ချစ်ခြင်းမေတ္တာအကြောင်းပြောဆို ချက်တွင် ပြန်လည်ထင်ဟပ်ထားသည်။

ကျွန်ုပ်တို့သည် ရိုင်းစိုင်းစွာ ပြောဆိုနေထိုင်သောအခါ သူတစ်ပါး၏ အကျိုးကိုထည့်တွက်စဉ်းစားခြင်းမပြုသော အပြုအမူမျိုးဖြင့် ပြုမူကျင့်ကြံကြသည်။ ရိုင်းစိုင်းကြမ်းတမ်းသောသူတစ်ဦးသည် သူတစ်ပါး၏ ခံစားချက်များနှင့်အကျိုးစီးပွါးကို ထည့်မစဉ်းစားတတ်ပါ။ ဤကဲ့သို့သော စရိုက်လက္ခဏာသည် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရား၏စရိုက်လက္ခဏာ မဟုတ်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ကိုယ်ကျိုးကို မရှာတတ်ပါ။ အခြားသူတို့၏ကောင်းရာကောင်းကျိုးကိုသာ အစဉ်စဉ်းစားဆင်ခြင်၏။ မိမိချစ်သောသူတို့ကို ထိခိုက်နစ်နာအောင် မလုပ်သည့်အပြင် သူတို့ကို ကောင်းချီးပေးရန်သာ အစဉ်တစိုက်ရှာကြံနေ၏။

ဘုရားသခင်၏အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် အလွယ်တကူဒေါသအမျက်မထွက်တတ်ပါ။ ထိုသို့ပြုမည့်အစား လုပ်ဆောင်သမျှ အရာ၌ နားလည်မှုများနှင့် အတူ သနားခြင်းဂရုဏာရှိတတ်၏။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် အခြားသူတို့၏ မပြည့်စုံမှုများ၌ စိတ်ရှည်သည်းခံတတ်သည်။

ချစ်ခြင်းမေတ္တာသည် သူတစ်ပါး၏အပြစ်ကို မမှတ်ထားတတ်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ၄င်းအား အကြိမ်မည်၍မည်မျှ အနာတရဖြစ်စေ(သို့) ပြစ်မှားခံနေရပါစေ ဆက်လက်၍ချစ်နေပါလိမ့်မည်။ ချိုးနှိမ်ခံရခြင်း(သို့)ပြစ်မှားခံရခြင်းအကြိမ်အရေအတွက်သည် ၄င်းအားချစ်ခြင်းမှ မတားဆီးနိုင်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ရွေးချယ်၍ချစ်တတ်သော ချစ်ခြင်းမေတ္တာမျိုး မဟုတ်ပါ။ သနားကြင်နာတတ်၍ရက်ရောသောသူအား ချစ်သည့်ပမာဏအတိုင်း ချိုးနှိမ်တတ်၍ စော်ကားတတ်သောသူကိုလည်း ချစ်ပါသည်။ ပြစ်မှုများကို မေ့မေ့ပျောက်ပျောက်ထားတတ်သည်။

ကျွန်ုပ်တို့အား အနာတရဖြစ်စေသောသူအပေါ်၌ ဆိုးဝါး

သောအရာများဖြစ်ပျက်သောအခါတွင် ကျွန်ုပ်တို့၌ဝမ်းမြောက်ဝမ်းသာဖြစ်ရန်မှာ အဘယ်မျှလွယ်ကူပါမည်နည်း။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် လူဆိုးလူမိုက်များအပေါ်၌ မကောင်းမှုများ ကျရောက်သောအခါတွင်ပင် မပျော်ရွှင်တတ်ပါ။ သူတို့ဒုက္ခဆင်းရဲခံရသည့်အဖြစ်အတွက် ဝမ်းနည်းကြေကွဲရပါသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် **"ဒီအရာသူတို့အပေါ်မှာဖြစ်တာမှန်တယ်။ သူတို့က ဒီလိုဖြစ်အောင် လုပ်နေတာကိုး"**ဟု မပြောတတ်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ၎င်း၏ ပေါက်ဖော်လူသားများ မည်မျှပင် ဆိုးမိုက်နေကြပါစေ၊ ၎င်းတို့ ဒုက္ခဆင်းရဲခံရသော အဖြစ်ကြောင့် ဝေဒနာခံစားရပါသည်။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် မကောင်းမှုဒုစရိုက်နှင့် ဒဏ်ခတ်စီရင်ခြင်းများတွင် ဝမ်းမြောက်ဝမ်းသာ မရှိသော်လည်း၊ အမှန်တရားနှင့်ဖြောင့်မတ်ခြင်းတို့၏နောက်တွင် မားမားရပ်တည်လျှက်ရှိသည်။ ဘုရားသခင်သည် အင်မတန်ချစ်တတ်သော ချစ်ခြင်းမေတ္တာဘုရားဖြစ်သောကြောင့် အပြစ်သားတစ်ဦးကို အပယ်ငရဲသို့ ပစ်ချလောက်သည်အထိ ဘယ်သောအခါတွင်မျှ ပြစ်တင်စီရင်ခဲ့မည်မဟုတ်ဟု ပြောသောသူအချို့ရှိသည်။ ဤအရာမှာ မှန်ကန်သောအရာမဟုတ်ပါ။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဘုရား ဖြစ်သကဲ့သို့ တဖက်တွင်လည်း အမှန်တရားနှင့် ဖြောင့်မတ်ခြင်းဘုရားလည်း ဖြစ်တော်မူသည်။ ၎င်းသည် အပြစ်ဒုစရိုက်ကို စက်ဆုပ်မုန်းတီး၍ ဒဏ်ခတ်စီရင်တတ်သည်။ အဂ္ဂပါယ် ချစ်ခြင်းမေတ္တာတရားသည် ဒုက္ခဆင်းရဲခံစားရသော သူတို့အတွက် ရိုးသားစစ်မှန်သော ဝမ်းနည်းကြေကွဲမှုကို ခံစားရသော်လည်း အမှန်တရားနှင့် သန့်ရှင်းခြင်းလမ်းများကို ဘယ်သောအခါတွင်မျှ အလျော့ပေးစေ့စပ်မည်မဟုတ်ပါ။

ချစ်ခြင်းမေတ္တာအစဉ်အမြဲပြုတတ်သောအရာ (၁ကော ၁၃း၇)

ရှင်ပေါလုသည် ၄င်း၏ချစ်ခြင်းမေတ္တာအကြောင်းအမိပ္ပါယ်ဖွင့်ဆိုချက်အား ချစ်ခြင်းမေတ္တာတရားက အစဉ်အမြဲပြုလုပ်တတ်သောအရာကို သတိပေးရင်း နိဂုံးချုပ်ထားပါသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည် ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ယုံတတ်၏။ မျှော်လင့်တတ်၏။ သည်းခံတတ်၏ဟု ရှင်ပေါလု ဆိုထားပါသည်။

အဂ္ဂပါယ်ချစ်ခြင်း၊ မေတ္တာတရားသည် အစဉ်အမြဲဖုံးအုပ်ကွယ်ကာတတ်သည်။ မိမိ၏အချိန်၊ ကြိုးစားအားထုတ်မှု၊ အရင်းအမြစ်များ သာမက မိမိ၏အသက်ကိုပင် အခြားသူများအတွက် စတေးသွားပါလိမ့်မည်။ သိုးထိန်းသူသည် မိမိသိုးများကို ဂရုစိုက်စောင့်ရှောက်သကဲ့သို့ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာတရားသည်လည်း မိမိချစ်ရသော သူများကို ကွယ်ကာရန်နှင့် ပြုစုစောင့်ရှောက်ရန် အရာရာကို စွန့်လွှတ်စွန့်စားပါလိမ့်မည်။

ချစ်ခြင်းမေတ္တာတရားသည် ယုံကြည်ကိုးစားတတ်၏။ အသက်တာ၌ ကျွန်ုပ်တို့ မယုံကြည်နိုင်သောသူများ ရှိကြသည်။ သူတို့သည် ကိုယ့်ကိုကိုယ် ယုံကြည်ကိုးစားရန်(သို့)မှီခိုအားထားရန် မထိုက်တန်ကြောင်း သက်သေပြခဲ့ကြ၍ ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့ မေးရမည့်မေးခွန်းမှာ ချစ်ခြင်းမေတ္တာ၏ယုံကြည်ကိုးစားရမည့် ပုဂ္ဂိုလ်ကား အဘယ်သူနည်း။ အမြဲတစေ စိတ်မါတ်ကျစေတတ်သောသူ မဖြစ်နိုင်သည်မှာ သေချာသည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာမှ ယုံကြည်ကိုးစားမည့်ပုဂ္ဂိုလ်မှာ ဘုရားသခင်ဖြစ်သည်ဟု မှတ်ယူရန်မှာ ကျိုးကြောင်း ညီညွတ်လှပါသည်ဟု ထင်မှတ်ရသည်။ ချစ်ခြင်းမေတ္တာကိုပြသောသူသည် သူချစ်သောသူအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစား၏။ သင်ချစ်မြတ်နိုးသော သူသည် အခက်အခဲတစ်ကို ဖြတ်သန်းကျော်လွှားနေရပေမည်။

ထိုသူအတွက် သင်လုပ်ပေးသမျှသောအရာများသည် အရာမထင်၍ သင်၌အကူအညီမဲ့သောအဖြစ်ကို ခံစားနေရပေလိမ့်မည်။ ဤသို့သော အခြေအနေတွင် အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် မည်သည့်အရာကို လုပ်ဆောင်သနည်း။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ထိုပုဂ္ဂိုလ်အား ဘုရားသခင်အထံ၌ဆောင်လာ၍ ထိုသခင်ကို သူတို့၏အသက်နှင့်ရင်း၍ ယုံကြည်ကိုးစားသွားကြပါမည်။ ထိုသူတို့အတွက် ဆုတောင်းခြင်း ဘုရားသခင် လက်တော်၌ ဆက်ကပ်အပ်နှံပေးခြင်းတို့ ဘယ်သောအခါတွင်မျှ လက်လျော့သွားမည်မဟုတ်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ၄င်းချစ်သောသူနှင့်အတူ ဘုရားသခင်ကို ယုံကြည်ကိုးစားတတ်ပါသည်။

ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲ မျှော်လင့်တတ်သည်။ ဤမျှော်လင့်ချက်သည် တစ်ပါးသူအတွက် ဘုရားသခင်အပေါ်၌ ထားရှိသော မျှော်လင့်ချက်ဖြစ်သကဲ့သို့ ချစ်ရသောသူအတွက် ထားရှိသော မျှော်လင့်ချက်လည်းဖြစ်သည်။ အခြားသူတစ်ပါးအတွက် မျှော်လင့်ခြင်းဆိုသည်မှာ ထိုသူအတွက်အကောင်းဆုံးအရာများကို ရှာကြံလုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသူ၏အသက်တာရှိ သက်ဝင်ထက်မြက်လာနိုင်သော အရည်အသွေးများကို ရှာဖွေလေ့လာ၍ ထိုအရည်အသွေးများ အမှန်တကယ် ဖြစ်မြောက်လာအောင် ခွန်အားပေးတိုက်တွန်းခြင်းဖြစ်သည်။ မျှော်လင့်ခြင်းသည် အဆိုးဝါးဆုံးသောအပြစ်သား၌ရှိနေသော သက်ဝင်ထက်မြက်လာနိုင်သော အရည်အသွေးများကို ရှာဖွေလေ့လာရုံတင်မကထို အရည်အသွေးများအမှန်တကယ်ဖြစ်မြောက်လာအောင်လည်း သူတို့ကိုခွန်အားပေးတိုက်တွန်းတတ်၏။

အရာအားလုံးပြိုလဲပျက်ပြားသွားချိန်တွင်ပင် စစ်မှန်သော အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် အဆုံးတိုင်စွဲစွဲမြဲမြဲ ဆက်လက်လုပ်ဆောင်တတ်၏။ အပြစ်ပြုစော်ကားခံရသော်လည်း ချစ်ခြင်းမေတ္တာတရားကို

ရပ်တန့်သွားမည်မဟုတ်ပါ။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် ၄င်းချစ်မြတ်နိုးသောပုဂ္ဂိုလ်မှ အပြစ်ဒုစရိုက်နှင့် မကောင်းမှုများကို ဆက်ကာဆက်ကာပြုလုပ်နေစေကာမူ ၄င်း၏ချစ်ခြင်းမေတ္တာကို ရပ်တန့်သွား မည်မဟုတ်ပါ။ စစ်မှန်သောချစ်ခြင်းမေတ္တာသည် ဘယ်သောအခါတွင်မျှ လက်လျော့အရှုံးပေးသွားမည်မဟုတ်ပါ။ အဆုံးထိတိုင် အစဉ်အမြဲစွဲစွဲမြဲမြဲပြုလုပ်သွားပါမည်။

ချစ်ခြင်းမေတ္တာအသီးအပွင့်သည် စစ်မှန်သောယုံကြည်ခြင်း၏ အထောက်အထားဖြစ်သည်။ (၁ကော ၁၃း၃၅)

အဆုံးသတ်ကျမ်းပိုဒ်လေးတစ်ပိုဒ်နှင့်အတူကျွန်ုပ် နိဂုံးချုပ်ပါရစေ။

သင်တို့သည်အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြ လိမ့်မည်(ယောဟန် ၁၃း၃၅)။

ချစ်ခြင်းမေတ္တာအသီးအပွင့်သည် ကျွန်ုပ်တို့ လူသဘာဝနှင့် သာမန်ဖြစ်ရိုးဖြစ်စဉ်အရာတစ်ခုမဟုတ်ကြောင်း၊ ကျွန်ုပ်အတော်အသင့် ပြောပြခဲ့ပြီးပြီဟု ယုံကြည်ပါသည်။ ဤချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ အသက်တာအတွင်း၌ဖြစ်ပျက်သောဘုရားဝိညာဉ်တော်၏လုပ်ဆောင်မှုဖြစ်သည်။

ချစ်ဖွယ်မကောင်းသောသူများအား ကျွန်ုပ်တို့က ချစ်နေသည့် အကြောင်းကို ဤလောကီသားများက တွေ့မြင်သောအခါ၊ ကျွန်ုပ်တို့ သည် ဤလောက၏ချစ်ခြင်းမေတ္တာမျိုးဖြင့် ချစ်နေခြင်းမဟုတ်ကြောင်း ကို သူတို့သိကြ၏။ ကျွန်ုပ်တို့အား မုန်းတီး၍ဖိနှိပ်ချုပ်ချယ်သောသူများ ကို ကျွန်ုပ်တို့က မည်သို့မည်ပုံ ချစ်နေကြသည့်အကြောင်းကို သူတို့တွေ့

မြင်ရသောအခါ ကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူသည့်အကြောင်းကို သူတို့သိကြလိမ့်မည်။ ဤချစ်ခြင်းမေတ္တာအကြောင်းကို ရှင်းပြရန် အခြားသောရှင်းပြချက်များ မရှိတော့ပါ။

အဂ္ဂပါယ်ချစ်ခြင်းမေတ္တာကို သင်ရှင်းပြနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌အလုပ်လုပ်နေသည်ဟူသော အချက်ပင်ဖြစ်သည်။ ဤချစ်ခြင်းနည်းလမ်းဖြင့် ချစ်ရန်မှာ လူအားဖြင့် မဖြစ်နိုင်ပါ။ ဤချစ်ခြင်းနည်းလမ်းဖြင့် ချစ်ရန်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏အစွမ်းသတ္တိပေးခြင်းကို လက်ခံရရှိရပေလိမ့်မည်။ ဤချစ်ခြင်းမေတ္တာသည် လူသားမှဖြစ်တည်လာသောအရာမဟုတ်၊ ကျွန်ုပ်တို့အထဲ၌ကိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏အသီးအပွင့်ဖြစ်၏။ လောကီသားများသည် ဤချစ်ခြင်းမေတ္တာကို တွေ့မြင်ခံစားကြသောအခါ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်ကြသည့်အကြောင်းကို သူတို့သိမြင်သွားကြလေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားချစ်ခြင်းမေတ္တာ၏အထောက်အထားကို မြင်တွေ့သွားကြသောကြောင့်ဖြစ်သည်။ အဂ္ဂပါယ်ချစ်ခြင်းမေတ္တာသည် သခင်ယေရှုအမှန်တကယ်ရှိနေခဲ့ခြင်းနှင့် ဖြစ်တည်ခြင်းအကြောင်းကို ပြသနေသောအစွမ်းထက်သည့်သက်သေတစ်ပါးဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ကျွန်ုပ်တို့အထဲ၌ ရှိသော လူ၏ချစ်ခြင်းမေတ္တာနှင့် ဘုရားချစ်ခြင်းမေတ္တာတို့၏ ကွဲပြားခြားနားချက်ကား အဘယ်နည်း။
* ဘုရား၏ချစ်ခြင်းမေတ္တာအထောက်အထားများကို သင့် အသက်တာ၌ သင်တွေ့မြင်နိုင်ပါသလား။

* အချိန်အနည်းငယ်ယူ၍ ဤသင်ခန်းစာ၌ ကျွန်ုပ်တို့ဖော်ပြခဲ့သော ဘုရားချစ်ခြင်းမေတ္တာ၏ဝိသေသလက္ခဏာအချို့ကို ချ၍ရေးကြည့်ပါ။ ဤကဲ့သို့သော ချစ်ခြင်းမျိုးသည် သင့်အသက်တာ၌ သင်တွေ့မြင်ရသည့် ချစ်ခြင်းမျိုးဖြစ်နေပါသလား။
* သင့်အသက်တာရှိ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် သင့်ကိုမည်သို့ တိုက်တွန်းလှုံဆော်နေပါသနည်း။ သင့်အသက်တာ၌ ဘုရားချစ်ခြင်းမေတ္တာ၏လက်တွေ့အထောက်အထားကား အဘယ်နည်း။
* ဘုရားသခင်သည် သင့်ကိုချစ်သည့်အတိုင်း ထိုချစ်ခြင်းမေတ္တာကို သင့်အသက်တာ၌မဖော်ကျူးနိုင်ရန် မည်သည့်အရာက ဟန့်တားထားသနည်း။

ဆုတောင်းရန်အချက်များ

* သင်ချစ်နိုင်ဖို့ အခက်အခဲတွေ့နေသည့် လူများရှိပါသလား။ ဘုရားသခင်မှ ထိုသူတို့အား ရှုမြင်သည့်အတိုင်း သင်လည်း ရှုမြင်နိုင်ရန် ဘုရားသခင်ထံ၌ ကျေးဇူးတော်ကို တောင်းလျှောက်ပါ။
* သင့်အားပြစ်မှားစော်ကားခဲ့သောသူများ ရှိပါသလား။ ထိုသူတို့ပြုလုပ်ခဲ့သော အမှားများကို သင့်စိတ်ထဲ၌ မှတ်တေးထားပါသလား။ ထိုသို့အမှတ်အတေးထားခြင်းမှ သင့်ကို ဖြေလွှတ်ပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ ထိုသူတို့ကို ခွင့်လွှတ်၍ သူတို့၏အမှားများကို မေ့ပျောက်နိုင်ရန်အတွက် ကျေးဇူးတော်ကို ပေးမျှရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
* သင့်အသက်တာ၌ ချစ်ခြင်းမေတ္တာအသီးအပွင့်ကို ဖန်တီးနိုင်ရန် ဝိညာဉ်တော်၏အလိုတော်၌ ဝန်ခံအပ်နှံနိုင်ရန်အတွက် ကျေးဇူး

တော်ကို သင့်အား ပေးမျှရန် ဘုရားသခင်အထံတော်၌ တောင်းလျှောက်ပါ။

၁မ်းမြောက်ခြင်း

ဂလာတီ ၅း၂၂-၂၃ ၌ ဒုတိယမြောက်ဖော်ပြထားသော အသီးအပွင့်မှာ ဝမ်းမြောက်ခြင်းအသီးအပွင့်ဖြစ်သည်။ ဝမ်းမြောက်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုရန်မှ ခက်ခဲပါသည်။ ဝမ်းမြောက်ခြင်းဟူသော စကားလုံးအတွက် အသုံးပြုထားသော ဂရိစကားလုံးသည် ယေဘုယျအားဖြင့် ရွှင်ပျသောအသွင်အပြင် စိတ်နှလုံး၌ဝမ်းသာခြင်း၊ စိတ်တည်ငြိမ်နေခြင်းစသည်တို့ကို ရည်ညွှန်းသည်။ ဝမ်းမြောက်ခြင်းအသီးအပွင့်နှင့် စပ်လျဉ်း၍ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့အား သွန်သင်စရာရှိသည့်အချက်များကို အချိန်အနည်းငယ်ယူ၍ စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

၁င်တေကုတ္တေမတိုင်မီ

ဤအခန်းကို ကျွန်ုပ်ရေးသားပြုစုရန် ပြင်ဆင်ခဲ့စဉ်က၊ ကျွန်ုပ်သည် ဂရိစကားလုံး '*xara*' (ဝမ်းမြောက်ခြင်း)၏ အသုံးပြုပုံများနှင့် အထူးသဖြင့် ဓမ္မသစ်ကျမ်းတွင် မည်သို့ မည်ပုံအသုံးပြုထားသည်ကို လေ့လာမှတ်သားခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခြင်း မတိုင်မီတွင် ဤစကားလုံးကို ပျော်ရွှင်ဖွယ် အခြေအနေများတွင် စိတ်နှလုံးမှ မည်သို့ တုန့်ပြန်သည်ကို ဖော်ကျူးရည်ညွှန်းရန် ယေဘုယျအားဖြင့် အသုံးပြုခဲ့ကြသည့် အချက်ကြောင့် ကျွန်ုပ်အလွန်အံ့အားသင့်ခဲ့ရပါသည်။

ဥပမာ ဟကုပညာရှိများသည် ၄င်းတို့အား သူငယ်တော်ယေရှု

ထံသို့ လမ်းပြပေးမည့် ကြယ်စင်ကိုတွေ့ခဲ့သောအချိန်က ၄င်းတို့ ပြုခဲ့သော တုန့်ပြန်ချက်ကို ကျွန်ုပ်တို့သိကြပါသည်။

ထိုကြယ်ကို မြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာခြင်း ရှိ၍ (မဿဲ ၂း၁၀)။

ဤကြယ်သည် ပညာရှိများအတွက်မျှော်လင့်ချက်ကို ကိုယ်စား ပြုထား၏။ ဤကြယ်သည် ၄င်းတို့အား ဤလောက၏ကယ်တင်ရှင်အား တွေ့မြင်ဖူးမျှော်နိုင်မည့်နေရာကို ပြသပေးခဲ့လိမ့်မည်။ ဤအခြေအနေ သည် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းကိုဖြစ်စေသည်။ ဝမ်းသာစရာ အခြေအနေတစ်ခုဖြစ်သည်။

အလားတူ ပှန်ကန်ချက်ကို သခင်ယေရှု၏ဖွားပြင်ခြင်းသတင်း ကောင်း သိုးထိန်းတို့ ကြားသောအချိန်တွင်လည်း တွေ့ရပါသည်။

ကောင်းကင်တမန်ကလည်း၊ ကြောက်ခြင်းမရှိကြနှင့်။ လူ အပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ (လုကာ ၂း၁၀)။

ကယ်တင်ရှင်ဖွားမြင်တော်မူခြင်းတည်းဟူသော ဝမ်းသာစရာ သတင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်ဖွယ်သတင်းဖြစ်ခဲ့ပါသည်။ ဤအချင်းအရာသည် ၄င်းတို့အား မျှော်လင့်ခြင်းကိုပေးခဲ့သည်။

ခရစ်ဝင်ကျမ်းများ၌ *ဝမ်းမြောက်ခြင်း* ဟူသောစကားလုံးကို နေရာများစွာတွင် အသုံးပြုထားပြီး၊ ထိုသို့အသုံးပြုရာတွင် ပျော်ရွှင်ဖွယ် အဖြစ်အပျက်ကို အမြဲညွှန်းပြသည်။ လုကာ ၁၀း၁၇ တွင် တပည့်တော် များသည် ၄င်းတို့၏လုပ်ဆောင်မှုများ၌ ဘုရားသခင်၏ တန်ခိုးတော် အထင်အရှားပြခြင်းကို တွေ့မြင်ကြရသောကြောင့် ဝမ်းမြောက်သော စိတ်နှင့် ပြန်လာခဲ့ကြသည်။ သချိုင်းသို့ရောက်လာသော အမျိုးသမီးများ ကို ကောင်းကင်တမန်က သခင်ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်သည့်

အကြောင်းကို သူတို့အား မိန့်ကြားသောအခါ အလွန် ဝမ်းမြောက်ခြင်းရှိခဲ့ကြသည်(မဿဲ ၂၈း၈)။ တပည့်တော်များသည် သခင်ယေရှုကောင်းကင်ထက်သို့ ကြွချီသွားသည်ကို တွေ့မြင်ကြပြီးနောက်တွင် အလွန်ဝမ်းမြောက်ဝမ်းသာသောစိတ်နှင့် ယေရုရှလင်မြို့သို့ ပြန်လာခဲ့ကြ၏(လုကာ ၂၄း၅၂)။

မိမိ၏အပြစ်အတွက် နောင်တရသော အပြစ်သား၌ ကောင်းကင်သားတို့သည်ဝမ်းမြောက်ခြင်းရှိကြ၏။ (လုကာ ၁၅း၇-၁၀)။

သခင်ယေရှုပြောပြသည့် ပို၍ပြည့်စုံသောဝမ်းမြောက်ခြင်းအကြောင်း

'*xara*' (ဝမ်းမြောက်ခြင်း)ဟူသောစကားလုံးအား ဓမ္မသစ်ကျမ်း၌ အသုံးပြုထားပုံကို လေ့လာ၍ ကျွန်ုပ်တို့ရှာဖွေတွေ့ရှိရသည့်အခြားအံ့ဖွယ်အချက်ကို သခင်ယေရှု၏သွန်သင်ချက်၌တွေ့ရသည်။ ခရစ်ဝင်ကျမ်းများ၌ သခင်ယေရှုပြောပြသော ဝမ်းမြောက်ခြင်းတရားကို ၎င်း၏နောက်လိုက်တော်များတွေ့ကြုံခံစားခဲ့ကြသည်။ ဝမ်းမြောက်ခြင်းထက်ပို၍ပြည့်စုံ၍ နက်နဲပါသည်။ သူတို့တွေ့ကြုံခံစားခဲ့ရသော ဝမ်းမြောက်ခြင်းသည် ပတ်ဝန်းကျင်အခြေအနေအပေါ်၌ အတိုင်းအတာတစ်ခုအထိမူတည်နေခဲ့သည်။ သို့သော်သခင်ယေရှုသည် တပည့်တော်များအား ၎င်းတို့ထံမှ ပြန်လည်နုတ်ယူ၍မရနိုင်မည့် ဝမ်းမြောက်ခြင်းကိုခံစားရမည့်နေ့ရောက်လာမည့်အကြောင်းကို သွန်သင်ခဲ့သည်။

ထိုနည်းတူ ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်းရှိကြသော်လည်း နောက်တစ်ဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ် နှလုံးဝမ်းမြောက်ခြင်းရှိကြလိမ့်မည်။ ထိုဝမ်းမြောက်ခြင်းကိုဘယ်သူမျှ လုယူဖျက်ဆီးခြင်းငှာ မတတ်နိုင်(ယောဟန် ၁၆း၂၂)။

ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည့်အတိုင်း တပည့်တော်များ၏ အချိန်ကာလတစ်ခုအထိ ခံစားခဲ့ကြသော ဝမ်းမြောက်ခြင်းသည် ဝင်လာ၍ ထွက်သွား တတ်သည့် သဘောမျိုးရှိကြောင်း မှတ်ယူရသည်။ ယောဟန် ၁၆း၂၂ ၌ သခင်ယေရှုပြောသော ဝမ်းမြောက်ခြင်းမှာ ထိုကဲ့သို့သော ဝမ်း မြောက်ခြင်းမဟုတ်ပါ။ ဤဝမ်းမြောက်ခြင်းသည် သူတို့ကို ဘယ်သော အခါတွင်မျှ စွန့်ခွါသွားမည် မဟုတ်ခဲ့ပါ။ ထိုဝမ်းမြောက် ခြင်းသည် ပတ်ဝန်းကျင်အခြေအနေပေါ်၌ မမူတည်ပါ။ ထိုအခိုက်အတန့် ၌ သူတို့တွေ့ကြုံခံစားရသောအရာအပေါ်၌ မမူတည်ပါ။

ဆက်လက်၍ ယောဟန် ၁၆း၂၄ တွင် သခင်ယေရှုက တပည့်တော်များအား ၄င်းတို့၏ဝမ်းမြောက်ခြင်း ပြည့်စုံမည့်နေ့ ရောက်လာမည့် အကြောင်းကို ပြောကြားခဲ့သည်။

ယခုတိုင်အောင် ငါ၏နာမကိုအမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး၊ သင်တို့သည် ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာ၊ တောင်းကြလော့။ ထိုသို့တောင်းလျှင် ရကြလိမ့်မည်။(ယောဟန် ၁၆း၂၄)။

သခင်ယေရှုက *စုံလင်ခြင်း*ဟူသောစကားလုံးကို အသုံးပြုထားချက်သည် တပည့်တော်များ ထိုအချိန်က တွေ့ကြုံခံစားနေခဲ့ကြသော ဝမ်းမြောက်ခြင်းသည် ပြည့်စုံသောဝမ်းမြောက်ခြင်းမဟုတ်ကြောင်း ညွှန်ပြနေသည်။ သခင်ယေရှု၏ တပည့်တော်များမှ အခြားကွဲပြားသော ဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားကြရမည်သည် ရောက်လာပါလိမ့်မည်။ ဤဝမ်းမြောက်ခြင်းကို စုံလင်(ပြည့်စုံ)သော ဝမ်းမြောက်ခြင်းဟု ဖော်ကျူးထားသည်။

ယောဟန် ၁၇း၁၃ ၌ သခင်ခရစ်တော်သည် တပည့်တော်များအတွက် ဆုတောင်းခဲ့စဉ်က တပည့်တော်များ၌ မိမိ၏ဝမ်းမြောက်ခြင်း

သည် အပြည့်အဝတည်ရှိခံစားကြမည့်အကြောင်းကို အဖဘုရားထံ၌ တောင်းလျောက်ခဲ့သည်။

ယခုတွင် အကျွန်ုပ်သည် ကိုယ်တော့်ထံသို့ သွားရမည်ဖြစ်၍ ဤသူတို့သည် အကျွန်ုပ်ကို အမှီပြုသဖြင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံမည့် အကြောင်း ဤစကားကို ဤလောက၌ အကျွန်ုပ် ပြောပါ၏။

တဖန် ဤနေရာ ဤအချိန်အထိ တပည့်တော်များ တွေ့ကြုံခံစားနေကြရသည့်ဝမ်းမြောက်ခြင်းသည် ပြည့်စုံသောဝမ်းမြောက်ခြင်းမဟုတ်သေးပါ။ သူတို့သည် ဝမ်းမြောက်ခြင်းကို အနည်းငယ်သာ တွေ့ကြုံခံစားခဲ့ကြသည်။ သို့သော် ထိုသို့သော ဝမ်းမြောက်ခြင်းသည် သူတို့အတွက် ဘုရားသခင်ရည်ရွယ်ထားသောဝမ်းမြောက်ခြင်းမျိုးမဟုတ်ခဲ့ပါ။ သခင်ယေရှုပြောကြားခဲ့သော ဝမ်းမြောက်ခြင်းမှာ အဖဘုရားသခင်က သူတို့အား ပေးကမ်းမည့် ပို၍ပြည့်စုံသောဝမ်းမြောက်ခြင်းဖြစ်သည်။

ဤဝမ်းမြောက်ခြင်းဖြစ်တည်လာရာ ဇာတိပြစ်မှာ ဘုရားသခင်ဖြစ်ကြောင်းနှင့် ထိုဝမ်းမြောက်ခြင်းကို သခင်ခရစ်တော်အားဖြင့် ရရှိခဲ့ကြခြင်းဖြစ်ကြောင်းကို သတိပြုပါ။ သခင်ယေရှုမြွက်ကြားနေသော ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၌ ကောင်းသောအရာများ ဖြစ်ပျက်ကြသော အချိန်၌ ဖြစ်ပေါ်ခံစားရသော ပျော်ရွှင်ခြင်းမျိုးမျှသာ မဟုတ်ပါ။ ဤအရာသည် ဘုရားသခင်ထံမှ ရောက်လာသော လက်ဆောင်တစ်ပါးဖြစ်ပြီး၊ ကျွန်ုပ်တို့အသက်တာရှိ သန့်ရှင်းသောဝိညာဉ်တော်၏ထူးခြားသောလုပ်ဆောင်မှုတစ်ခုဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခြင်းမရှိခဲ့သေးသောကြောင့်စုံလင်သော ဝမ်းမြောက်ခြင်းသည် သူတို့၌မရှိခဲ့သေးချေ။ သခင်ကိုယ်တော်မြတ်ဆိုနေသော ဝမ်းမြောက်ခြင်းဆိုသည့်အရာမှာ သန့်ရှင်း

သောဝိညာဉ်တော်၏အသီးအပွင့်ဖြစ်သည်။ ထိုဝမ်းမြောက်ခြင်းသည် ပို၍ နက်နဲပြီး ပို၍လည်းပြည့်စုံသော ဝမ်းမြောက်ခြင်းဖြစ်သည်။ ထိုဝမ်းမြောက်ခြင်းသည် သူတို့ထံမှ ပြန်လည်နုတ်ပယ်၍ မရတော့ပါ။

ပြည့်စုံသောဝမ်းမြောက်ခြင်း

ကျွန်ုပ်တို့ပြောကြားခဲ့သည့်အတိုင်း သခင်ယေရှုသည် အဖ ဘုရားသခင်အထံ၌ မိမိ၏တပည့်တော်တို့အားပေးမျှရန်အတွက် တောင်းဆိုခဲ့သော ဝမ်းမြောက်ခြင်းမှာ စုံလင်၍ပြည့်ဝသော ဝမ်းမြောက်ခြင်းဖြစ်သည်။ ပင်တေကုတ္တရောနေ့၌ သန့်ရှင်းသောဝိညာဉ်တော် ဆင်းကြွလာပြီး နောက်ပိုင်းတွင် *ဝမ်းမြောက်ခြင်း* ဟူသောစကားလုံးကို ဓမ္မသစ်ကျမ်း၌ အသုံးပြုထားပုံများမှာ ကွဲပြားနေကြကြောင်းကို တွေ့မြင်ရသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းကြွလာခြင်းနှင့်အတူ၊ သူတို့၏ဝမ်းမြောက်ခြင်းမှာလည်း အလွန်ခြားနား သွားခဲ့ပါလိမ့်မည်။

တမန်တော်ဝတ္ထုပ္ပစ္ဆ၍ ဗျာဒိတ်ကျမ်းအထိ တွေ့ရသော ထူးခြားစွာ စိတ်ဝင်စားအံ့သြဖွယ်ကောင်းသည့်အရာမှာ ဝမ်းမြောက်ခြင်းသည် ပတ်ဝန်းကျင်အခြေအနေ၌ လုံးဝမမူတည်တော့ခြင်းပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာပြီး နောက်တွင် ယုံကြည်သူများသည် ပြင်းထန်ကြမ်းတမ်းသောစုံစမ်းခြင်းများနှင့် ဘေးဒဏ်ကြီးများ၌ ပင် ဝမ်းမြောက်ခြင်းကိုကြုံတွေ့ခံစားခဲ့ကြသည်။ ဤအကြောင်းအရာကို ဖော်ပြထားသော ကျမ်းပိုဒ်အများအမြောက်အများရှိသည်။ ဥပမာ တမန် ၁၃ တွင်ရှင်ပေါလုနှင့် ဗာနဗတို့သည် အန္တိအုတ်မြို့၊ အနီးတဝိုက်၌ တရားဟောခဲ့ကြသည်။ ထိုဒေသရှိ ယုဒလူမျိုးများသည် ဘုရားကို ကိုးကွယ်၍ ဂုဏ်အသရေရှိသော အမျိုးသမီးများနှင့် အကြီးအကဲဖြစ်သောသူများ

ကိုသွေးထိုးလှုံဆော်၍ ရှင်ပေါလုနှင့် ဗာနဗတို့အား ညှဉ်းပန်းနှိပ်စက်ရန် ကြိုးစားကြသဖြင့် တမန်တော်တို့မှာ ထိုဒေသမှ စွန့်ခွါရန်အကြောင်းဖန်လာတော့သည်။ တမန်တော်တို့သည် ထိုဒေသမှဝမ်းမြောက်သောစိတ်နှင့် ထွက်ခွါခဲ့ကြသည်မှာ-

> *(၅၀)ထိုအခါ ဘုရားကို ကိုးကွယ်၍ အသရေရှိသော မိန်းမတို့နှင့် ထိုမြို့၌အကြီးအကဲဖြစ်သောသူများကို ယုဒလူတို့သည် နှိုးဆော်၍ ပေါလုနှင့်ဗာနဗတို့ကို ညှဉ်းဆဲစေသဖြင့် ထိုပြည်နယ်မှ နှင်ထုတ်ကြ၏။ (၅၀) တမန်တော်တို့သည် မိမိတို့ ခြေဖဝါးခွံကပ်သောမြေမှုန့်ကို ထိုသူတို့အား ခါလိုက်ပြီးမှ ဣကောနိမြို့သို့ သွားကြ၏။ (၅၂) တပည့်တော်များတို့သည် ဝမ်းမြောက်ခြင်းနှင့်ဂုဏ်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ဂုဏ်၊ ပြည့်စုံကြ၏ (တမန် ၁၃း၅၀-၅၂)။*

တပည့်တော်တို့သည် "ဝမ်းမြောက်ခြင်းနှင့်ဂုဏ်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ဂုဏ် ပြည့်စုံ"ခဲ့ကြကြောင်းကို အထူးသတိပြုပါ။ ဤဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အသက်တာရှိ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်တစ်ခုဖြစ်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ညှဉ်းဆဲခြင်း အလယ်၌သူတို့အား ဝမ်းမြောက်ခြင်းဖြင့် ပြည့်စေခဲ့သည်။ ဤသည်မှာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုမဟုတ်ပါ။ သူတို့အပေါ်၌ ဘုရားဝိညာဉ်တော်အလုပ်လုပ်နေကြောင်းကို ပြသသော အထောက်အထား တစ်ခုဖြစ်သည်။

၂ကော ၈း၂ တွင် ရှင်ပေါလုသည် ကောရိန္သုမြို့ရှိ ယုံကြည်သူများအား ချီးကျူးစကားဆိုခဲ့သည်။ အကြောင်းမှာ သူတို့သည် အလွန်အကျွံဆင်းရဲမွဲတေခြင်းနှင့် ပြင်းထန်သော စုံစမ်းခြင်းများအလယ်၌ပင် ဝမ်းမြောက်ခြင်းဖြင့် ပြည့်နေခဲ့ကြသောကြောင့်ဖြစ်သည်။

ညှဉ်းဆဲခြင်းအားဖြင့် များစွာသော စုံစမ်းခြင်းကို ခံရသော်လည်း အလွန်ကြီးသော ဝမ်းမြောက်ခြင်းနှင့် ဥစ္စာပြုန်းတီးသော ဆင်းရဲခြင်းအကြောင်းသည် သူတို့၏စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကို ဖြစ်စေ၍ကြွယ်ဝပြည့်စုံ၏။

လူဇာတိအားဖြင့် ပြောရလျှင် ဝမ်းမြောက်ခြင်းနှင့် ပြင်းထန်သော စုံစမ်း(သို့) အလွန်အကျွံဆင်းရဲမွဲတေခြင်းတို့ကြား၌ ဆက်နွယ်ပတ်သက်မှုမရှိပါ။ သို့သော်လည်း ဤသည်မှာ ကောရိန္သုမြို့ရှိ ယုံကြည်သူများ၏ တွေ့ကြုံခံစားရသော အရာဖြစ်သည်။ သူတို့တွေ့ကြုံရင်ဆိုင်နေရသောအခြေအနေအကြားမှပင် သူတို့သည် ဝမ်းမြောက်ခြင်းနှင့်ပြည့်လျှံနေခဲ့ကြသည်။ တဖန် ဤအချင်းအရာမှာ စုံစမ်းခြင်းများနှင့် ဆင်းရဲဒုက္ခများအလယ်၌ပင် ဝမ်းမြောက်ခြင်းကို ထုတ်ဖော်ပေးနေသော ဘုရားဝိညာဉ်တော်ကိန်းဝပ်စံပယ်တော်မူခြင်း၏ ရှင်းလင်းထင်ရှားသော အထောက်အထားတစ်ခုဖြစ်သည်။

သက်သာလောနိတ်မြို့ရှိ ယုံကြည်သူများသည်လည်း ဤသို့သော အံ့ဖွယ်ကောင်းသည့် ဝမ်းမြောက်ခြင်းကို ဒုက္ခဝေဒနာများ အလယ်၌ပင် ကြုံတွေ့ခံစားခဲ့ကြသည်။ ၁သက် ၁း၆ ၌ ရှင်ပေါလုက ရေးသားပြောဆိုခဲ့သည်မှာ -

သင်တို့သည် ကြီးစွာသောဆင်းရဲဒုက္ခကိုခံရသော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ ဝမ်းမြောက်ခြင်းနှင့်တကွ၊ နူတ်ကပတ်တရားတော်ကို ခံယူ၍ သင်တို့သည် ငါတို့နှင့်ဘုရားသခင်နောက်တော်သို့ လိုက်သောသူများဖြစ်ကြ၏။

ဤယုံကြည်သူများ တွေ့ကြုံခံစားရသော ဝမ်းမြောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်မှ သူတို့အား ပေးအပ်ထားသောအရာဖြစ်ကြောင်းကို မှတ်သားရန်မှာ အရေးကြီးပါသည်။ သူတို့ရှင်သန်နေထိုင်ရာ

ပတ်ဝန်းကျင်၏အခြေအနေအား**ကြီးစွာသောဆင်းရဲဒုက္ခ***ဟု ဖော်ပြထားသည်။ ဤကဲ့သို့သော မြေကြီးသည် လူ့သဘာဝမှဖြစ်တည် လာသော ဝမ်းမြောက်ခြင်းကြီးထွားဖွံ့ဖြိုးနိုင်သော မြေမျိုးမဟုတ်ပါ။ ဆင်းရဲဒုက္ခနှင့် နာကျင်မှုများအလယ်တွင် လူ့သဘာဝမှဖြစ်တည်လာသော ဝမ်းမြောက်ခြင်းသည် ပျောက်ကွယ်လွင့်စင်သွားစမြဲဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့မြင်တွေ့ရသည့် အရာမှာ ဓမ္မသစ်ယုံကြည်သူများ၏ အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှားလုပ်ဆောင်မှု၏ တိုက်ရိုက်အကျိုးရလဒ်တစ်ခုဖြစ်သည်။

ဟေဗြဲဩဂါဒစာရေးသားခဲ့သူကလည်း ဝိဝိတို့၏ပိုင်ဆိုင်မှုများအား အစိုးရပိုင်အဖြစ် သိမ်းယူသွားခြင်းကိုဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြသော ယုံကြည်သူများအကြောင်းကို ရေးသားထားသည်။ ဟေဗြဲ ၁၀း၃၄၌ ရေးသားရင်း ပြောဆိုထားသည်မှာ -

> ***ထိုအခါ သင်တို့သည် အကျဉ်းခံရသောသူတို့အတွက်ကြောင့် ကြင်နာသောစိတ်ရှိရသည်။ သာဓက ကိုယ်ပစ္စည်းဥစ္စာများကို သူတစ်ပါးလုယူဖျက်ဆီးသော်လည်း၊ ကိုယ်သုံးစရာဖို့ ကောင်းကင်ဘုံ၌ သာ၍မြတ်သောအမြဲတည်သော ဘဏ္ဍာရှိသည်ကို သိ၍ လုယက်ဖျက်ဆီးခြင်းကို ဝမ်းမြောက်သောစိတ်နှင့် ဝန်ခံကြ၏။***

တဖန် သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာပြီးနောက်ပိုင်းတွင် ဝမ်းမြောက်ခြင်းအကြောင်းကို ပြောဆိုဖော်ကျူးထားချက်မှာ လုံးလုံးလျားလျား ကွဲပြားခြားနားနေကြောင်း ကျွန်ုပ်တို့သိကြရသည်။ ဤအချိန်၌ ကြုံတွေ့ခံစားရသော ဝမ်းမြောက်ခြင်းသည် ပို၍ပြည့်ဝလာ၍ ပို၍စုံလင်လာသော ဝမ်းမြောက်ခြင်းဖြစ်သည်။ အင်မတန်ဆိုးရွားသော ပတ်ဝန်းကျင်အခြေအနေကပင် မဖျက်ဆီးနိုင်သော ဝမ်းမြောက်ခြင်းမျိုး

ဖြစ်သည်။ ပတ်ဝန်းကျင်အခြေအနေပေါ်၌ မမူတည်သော ဝမ်းမြောက်ခြင်းဖြစ်သည်။

ရှင်ယာကုပ်ကလည်းကျွန်ုပ်တို့အား ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ စစ်ကြောစုံစမ်းခြင်းအမျိုးမျိုးတို့ကို ရင်ဆိုင်တွေ့ကြုံသောအခါ စစ်မှန်သောဝမ်းမြောက်ခြင်းအဖြစ် မှတ်ယူကြရန် ဆင့်ခေါ်နှိုးဆော်ထားသည်။ ယာကုပ် ၁း၂ ၌တွေ့ရသော ၄င်း၏စိန်ခေါ်ချက်ကို နားဆင်ကြည့်ပါ။

အထူးထူးအပြားပြားစုံစမ်းနှောက်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာအကြောင်း သက်သက်ဖြစ်သည်ဟု မှတ်ကြလော့။

စစ်ကြောစုံစမ်းခြင်းကို ဝမ်းမြောက်စရာအဖြစ်မှတ်ယူရန်မှာ မည်သို့ဖြစ်နိုင်မည်နည်း။ ဤအချင်းအရာသည် လူအစွမ်းအစအားဖြင့် မဖြစ်နိုင်ချေ။ ဤနေရာ၌ ရှင်ယာကုပ်ပြောသော ဝမ်းမြောက်ခြင်းသည် လူသားထံမှဖြစ်တည်လာသောအရာများ အားလုံးနှင့် မဆက်စပ်မသက်ဆိုင်သောအရာဖြစ်သည်။ ဤအရာမှာ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့၏အသက်တာ၌ လှုပ်ရှားလုပ်ဆောင်ခြင်းအားဖြင့် ဖြစ်တည်လာသောဝမ်းမြောက်ခြင်းဖြစ်သည်။

ဝမ်းမြောက်ခြင်း – ရင့်ကျက်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခု

ဝမ်းမြောက်ခြင်းတရားနှင့် စပ်လျဉ်း၍ မမွှသစ်ကျမ်း၏ သွန်သင်ချက်ကို ကျွန်ုပ်တို့လေ့လာသုံးသပ်ကြရာတွင် ဝမ်းမြောက်ခြင်းသည် ခရစ်ယာန်အသက်တာရင့်ကျက်ခြင်းအတွက် မရှိ မဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုအဖြစ် ကျွန်ုပ်တို့ သိပ်မကြာမီအတွင်းမှာပင် ရှာဖွေတွေ့ရှိ

လာ ကြသည်။ အမှန်ဆိုရလျှင် ဤအရာသည် တမန်တော်တို့၏ အမှု တော်မြတ်၌ အထူးအလေးထားရာအကြောင်းဖြစ်ခဲ့သည်။

ရောမ ၁၄း၁၇-၁၈ တွင် တမန်တော် ပေါလုမှ ခရစ်ယာန် အသက်တာနှင့်စပ်လျဉ်း၍ အဲ့ဖွယ်ထုတ်ဖော်ပြောပြချက်တစ်ခုကို ပြုလုပ် ခဲ့သည်။ ရှင်ပေါလုမှ ဘုရားသခင်၏နိုင်ငံတော်ကို မည်သို့ အဓိပ္ပါယ် ဖွင့်ဆိုထားသည်ကို နားဆင်ကြည့်ပါ။

(၁၇) ဘုရားသခင်၏နိုင်ငံတော်သည် အစားအသောက်၌ မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် ခံရသောဝမ်းမြောက်ခြင်း၌ တည်ပေ၏။ (၁၈) ထိုသို့ကျင့်၍ ခရစ်တော်၏အမှုကို ဆောင်ရွက်သောသူသည် ဘုရားသခင်ရှေ့၌ နှစ်သက်ဖွယ်၊ လူတို့တွင် ချီးမွမ်းဖွယ်ဖြစ်၏။

ဤနေရာ၌ ရှင်ပေါလုပြောသော ဘုရားသခင်၏နိုင်ငံတော် သည် စည်းမျဉ်းဥပဒေ၌တည်သောအရာမဟုတ်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဖြစ်တည်လာသော ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း နှင့် ဝမ်းမြောက်ခြင်းတို့၌တည်သော နိုင်ငံတော်ဖြစ်သည်။ ဝမ်းမြောက် ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်တည်လာကြောင်းကို သတိပြုပါ။ တဖန် ထိုဝမ်းမြောက်ခြင်းသည် လူအားဖြင့် ဖြစ်တည်လာ သော ဝမ်းမြောက်ခြင်းမဟုတ်။ ဝိညာဉ်တော်နှင့် ဆိုင်သော ဝမ်းမြောက် ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်ချက်များကို မကြာခဏ အလေးအနက်ထားတတ်ကြသော်လည်း ရှင်ပေါလုပြောသည့် ဝမ်းမြောက်ခြင်းကိုမူ ချန်လှပ်ထားကြသည်။ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ဖြစ်တည်လာသော ဝမ်းမြောက်ခြင်းသည် ခရစ်ယာန်ယုံကြည် ချက်၌မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဘုရား

သခင်နှင့်ချစ်ကြည်မှုတို့ဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်ထားကြသော် လည်း ကျွန်ုပ်တို့သည် ရှင်ပေါလုက ပြောသော ဘုရားသခင်၏ နိုင်ငံတော် အကြောင်းကိုငှင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ် တည်လာ သော ဝမ်းမြောက်ခြင်းရှိခြင်းတို့ကိုငှင်း အမှန်တကယ် ယုံကြည် ကြပါ သလား။

ဝမ်းမြောက်ခြင်းအား နောက်ဆုံးအရာအဖြစ်နှင့်သာ ကျွန်ုပ်တို့ တွေ့မြင်ရန်မျှော်လင့်ရမည့်အသင်းတော်များသို့ ကျွန်ုပ်တို့ရောက်ရှိ ပါဝင်ခဲ့ကြဖူးပါသည်။ ခရစ်ယာန်အသက်တာ၌ဝမ်းမြောက်ခြင်းသည် မည်မျှအရေးပါသနည်း။ ရောမ ၁၄း၁၇-၁၈ ၌တွေ့ရသော ရှင်ပေါလု ၏ ထုတ်ဖော်ပြောပြထားချက်မှာ အရေးပါလှပါသည်။ ရှင်ပေါလုက ကျွန်ုပ်တို့အား ဘုရားသခင်၏နိုင်ငံတော်မှ ယူဆောင်လာသော ဝမ်းမြောက်ခြင်းကို နားမလည်လျှင် ဘုရားသခင်၏နိုင်ငံတော် အကြောင်းကို ကျွန်ုပ်တို့ တိတိကျကျနားလည်ခြင်းမရှိကြသေးကြောင်း ပြောပြထားသည်။

ရှင်ပေါလုသည် ခရစ်ယာန်အသက်တာ၌ ဝမ်းမြောက်ခြင်းအရာ ၏ အရေးပါမှုကို ကောင်းကောင်းနားလည်သဘောပေါက်ခဲ့သောကြောင့် ၂ကော ၁း၂၄ တွင် ယုံကြည်သူများအား ငှင်းတို့အလယ်၌အမှုတော် ဆောင်နေရခြင်း၏ ရည်ရွယ်ချက်များအနက် တစ်ခုမှာ ဝမ်းမြောက်ခြင်း အကြောင်းကို ကူမပေးရန်ဖြစ်ကြောင်း ပြောပြခဲ့သည်။

ထိုသို့ဆိုသော်လည်း ငါတို့သည် သင်တို့၏ယုံကြည်ခြင်းကို အစိုး ရသည်မဟုတ်။ သင်တို့၏ဝမ်းမြောက်ခြင်းအကြောင်းကို ကူမ ၍သာ ပြုကြ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ယုံကြည်ခြင်း အားဖြင့်သင်တို့သည် တည်နိုင်ကြ၏။

ဖိလိပ္ပိမြို့ရှိ ယုံကြည်သူများသည် ယုံကြည်ခြင်း၌ ဝမ်းမြောက်

ခြင်းအကြောင်းကို တိုး၍ ခံစားနိုင်ကြမည့်အကြောင်း ရှင်ပေါလုသည် သူတို့နှင့်အတူ နေထိုင်ပေါင်းဖော်လိုခဲ့သည်။

ထိုသို့ ရှိလိမ့်မည်ဟု ယုံမှားခြင်းနှင့် ကင်းလွတ်သည်ဖြစ်၍ . . သာ၍ဂုဏ်ယူဝမ်းမြောက်ခြင်းရှိစေခြင်းငှာငင်း၊ သင်တို့သည် ယုံကြည်ခြင်း၌ တိုးပွားဝမ်းမြောက်မည်အကြောင်း၊ ငါသည် ကိုယ်ခန္ဓာ၌နေ၍ သင်တို့ရှိသမျှနှင့် ပေါင်းဖော်ရမည်ဟု ငါသိ၏။ (ဖိလိပ္ပိ ၁း၂၅)

ဝမ်းမြောက်ခြင်းမရှိသော ခရစ်ယာန်သည် မရင့်ကျက်သော ခရစ်ယာန်တစ်ဦးဖြစ်ကြောင်း တမန်တော်တို့က ယုံကြည်ထားကြသည်ကို ဤကျမ်းချက်များအားဖြင့် ကျွန်ုပ်တို့နားလည်နိုင်သည်။ ရှင်ပေါလုမှ မိမိသွားရောက်သာသနာပြုသောအရပ်ဒေသရှိ ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ဝမ်းမြောက်ခြင်း၌ လျှောက်လှမ်း နေကြသည်ကို တွေ့မြင်လိုသောဆန္ဒမှာ ရှင်ပေါလုထားရှိသော ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သည်။

သမ္မာကျမ်းစာ၏ ဤသွန်သင်ချက်ကို ပို၍နီးနီးကပ်ကပ်လေ့လာစစ်ဆေးရန်လိုအပ်နေကြသော ယုံကြည်သူများ ရှိပါသည်။ ဝမ်းမြောက်ခြင်းမရှိသော အသင်းတော်သည် မရင့်ကျက်သော အသင်းတော် တစ်ပါးဖြစ်သည်။ သခင်ယေရှု၏ဆုတောင်းချက်မှာ ယုံကြည်သူများအားလုံးစုံလင်ပြည့်ဝသောဝမ်းမြောက်ခြင်းကို ပိုင်ဆိုင်နိုင်ကြရန် ဖြစ်သည်။ တမန်တော်တို့သည် ဤအကြောင်းအရာကို အလေးအနက်ထားခဲ့ကြပြီး၊ ၄င်းတို့သာသနာပြုသောမြို့ရွာများတွင် နေထိုင်သည့်အချိန်ကို ကြာမြင့်စေခဲ့ကြသည်။ ထိုသို့အားဖြင့် ယုံကြည်သူတို့သည် ဤဝမ်းမြောက်ခြင်းအကြောင်းကို ပို၍သိမြင်ခံစားလာကြမည်ဖြစ်သည်။

ရှင်ပေါလုသည် ကောလောသဲမြို့ရှိ အသင်းတော်အား

ဝမ်းမြောက်သောစိတ်နှင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြရန် စိန်ခေါ်ထား သည်။

(၁၀) ဝမ်းမြောက်သောစိတ်နှင့် အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှာ၊ ဘုန်းကြီးသော တန်ခိုးတော်အတိုင်း ခွန်အားနှင့် ပြည့်စုံ သဖြင့်၄င်း၊ ခမည်းတော်ဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းလျက် . . . . ၊ (၁၂) အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေကို ဆက်ဆံဝင်စားထိုက်မည်အကြောင်း၊ ကျေးဇူးပြုတော်မူ၏(ကောလောသဲ ၁း၁၀-၁၂)။

ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ပြုခဲ့သော အမှုတော်ကြောင့်ကျွန်ုပ်တို့အား ကြီးမားသောဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားကြစေလိုသည့် ဝမ်းမြောက်ခြင်းမရှိသော ကိုးကွယ်ခြင်းသည် စစ်မှန်သော ကိုးကွယ်ခြင်းမဟုတ်ပါ။ ဘုရားသခင်ကိုယ်တော်ရှင်၏ကျေးဇူးတော်ကို ချီးမွမ်းရန်ဖြစ်လာသောအခါ ကျွန်ုပ်တို့သည် ဝမ်းမြောက်သောစိတ်နှလုံးနှင့်အတူ ပြုလုပ်ကြရမည်။ ဘုရားသခင်အား ပူဇော်သောအခါ၌လည်း ထိုနည်းအတိုင်းပင်ပြုကြရပေမည်။ ပေးကမ်းစွန့်ကြသောအခါ၌ စေတနာစိတ်(သို့)ဝမ်းမြောက်ခြင်းစိတ်နှင့် ပေးကမ်းရန် ဘုရားသခင်အလိုရှိကြောင်း ရှင်ပေါလုက ပြောပြထားသည်။

လူတိုင်း ကိုယ်အလိုအတိုင်းလှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။ (၂ကော ၉း၇)။

ကျွန်ုပ်တို့၏ ပေးလှူခြင်းကို ဝမ်းမြောက်သောစိတ်နှင့် ဘုရားသခင်အား ပေးလှူလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို လေးစားကြည်ညိုရာ မရောက်ပါ။ ကျွန်ုပ်တို့၏ကိုးကွယ်ဆည်းကပ်ခြင်းကိုလည်း ဝမ်းမြောက်ခြင်းတည်းဟူသော အမွေးအကြိုင်မခတ်လျှင် ဘုရားသခင်ကို

လေးစားကြည်ညိုရာ မကျပါ။ ဘုရားသခင်ကို ဝမ်းမြောက်ရွှင်လန်းသော စိတ်နှလုံးဖြင့် အခစားမပြုလျှင် ဘုရားသခင်ကို ကျွန်ုပ်တို့အခစားပြုသင့်သည်အတိုင်း မပြုလုပ်သေးပါ။ တစ်ဦးတစ်ယောက်ထံမှ လက်ဆောင်ရသောအခါတိုင်း၌ ထိုသူမှ ထိုလက်ဆောင်သည် မည်မျှပေးရကြောင်းနှင့် ထိုလက်ဆောင်အား သင့်ကိုပေးရာတွင် အတော်ပင်စိတ် အနှောက်အယှက်ဖြစ်ရကြောင်း သင့်ကို သိစေသည်ဟု စိတ်ကူးကြည့်ပါ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များ ၎င်းတို့၏လက်ဆောင်များကို သင့်အား မပေးဘဲ သူတို့အတွက် သာသိမ်းဆည်းထားရန် သင်ပို၍လိုချင်ပေမည်မဟုတ်ပါလား။ ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆည်းကပ်ပူဇော်ခြင်းတို့ကို ဘုရားသခင်မှ လက်ခံပေးရန်မှာ ၎င်းတို့ဝမ်းမြောက်ရွှင်လန်းသော စိတ်နှလုံးမှ အရင်းခံလာဖို့ လိုအပ်သည်။ ဤကဲ့သို့သော ဆည်းကပ်ပူဇော်ခြင်းသည်သာ ဘုရားသခင်က ကျေကျေနပ်နပ် လက်ခံလိုသောအရာဖြစ်သည်။

ဝမ်းမြောက်ခြင်းသည် ခရစ်ယာန်ရင့်ကျက်ခြင်း၏ ပရိုမဖြစ်လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သင်၏ ခရစ်ယာန်အသက်တာသည် ဝမ်းမြောက်ခြင်းကင်းမဲ့နေလျှင် ထိုအရာအတွက် ဘုရားသခင်ကို သင်ရှာကြံရန် လိုအပ်ပေသည်။ ဝမ်းမြောက်ခြင်းအရာကို သင်ကြံတွေ့ခံစားရခြင်းမရှိလျှင် ဤသို့သောအရေးပါလှသည့် သန့်ရှင်းသောဝိညာဉ်တော်၏အသီးအပွင့်သည် သင့်၌ရှိသင့်သည့်အတိုင်း အဘယ်ကြောင့် မရှိနေခြင်းအကြောင်းကို ဘုရားသခင်အား တောင်းလျှောက်ရန်လိုအပ်ပါသည်။

ဝမ်းမြောက်မှုကင်းမဲ့နေခြင်း၏ အကြောင်းအရင်း

ခရစ်ယာန်အသက်တာလျှောက်လှမ်းရာ၌ ဝမ်းမြောက်မှုကို ကင်းမဲ့စေသောအကြောင်းအရင်းကား အဘယ်နည်း။ ဤမေးခွန်းကို ကျကျနနဖြေကြားပေးဖို့ ဆိုလျှင် အခြားစာအုပ်တစ်အုပ်ကို ကျွန်ုပ်ရေးသား ပြုစုရန် လိုပါလိမ့်မည်။ သို့သော်လည်း ဤနေရာရှိ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတွက် ရိုးစင်းသောအကြံပြုဆွေးနွေးချက်လေး (၂)ချက်ကို ကျွန်ုပ်တင်ပြသွားချင်ပါသည်။

နားလည်မှုလွဲနေခြင်း

ခရစ်ယာန်အသက်တာ၌ ဝမ်းမြောက်မှုကင်းမဲ့နေရခြင်း၏ ပထမအကြောင်းအရင်းမှာ ဝမ်းမြောက်ခြင်း၏အရေးပါပုံကို နားလည်မှုလွဲမှားနေခြင်းနှင့် စပ်ဆိုင်နေသည်။ ဘုရားကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ရာ၌ငင်း၊ အခစားအလုပ်ကျွေးပြုရာ၌ငင်း၊ အလွန်အမင်းပျော်ရွှင်ဝမ်းမြောက်ခြင်းများပါလာသောအခါ စိတ်သက်သာမှုမရကြသောယုံကြည်သူများရှိကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့သည် ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ခြင်း၌ငင်း၊ အမှုတော်ဆောင်ရာ၌ငင်း၊ အလွန်အမင်းအရသာတွေ့ကြည်နူးနေလျှင် ကျွန်ုပ်တို့သည် ဤအချင်းအရာများကို ဘုရားသခင်အထံ၌မပြုလုပ်၊ ကျွန်ုပ်တို့ ကိုယ်စိတ်နှလုံးအား ဤကျေနပ်မှုအတွက်သာ လုပ်ဆောင်ရာရောက်သည်ဟု စိုးရိမ်မှတ်ယူကြသောကြောင့်ဖြစ်သည်။

တဖန် ဝမ်းမြောက်သောစိတ်နှလုံးဖြင့် ဘုရားသခင်အားကိုးကွယ်ဆည်းကပ်ခြင်းမပြုလျှင်၊ ကျွန်ုပ်တို့လုပ်သင့်သလောက် ဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်ခြင်း မပြုကြသည့်အချက်ကို ကျွန်ုပ်တို့နားလည်ထားကြရမည်။ ဝတ်ပြုခြင်းနှင့် ဆည်းကပ်ပူဇော်ခြင်းတွင်

ရွှင်လန်းဝမ်းမြောက်ကြရမည်အကြောင်း၊ဘုရားသခင်အလိုတော်ရှိသည်။ ဝမ်းမြောက်ခြင်းသည် ဝိညာဉ်တော်၏အသီးအပွင့်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌ ထိုဝမ်းမြောက်ခြင်းကို မခံစားကြလျှင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်မျှော်ကိုးထားသည့်အတိုင်း မရှင်သန်ကြ သေးပေ။ ပြည့်စုံကြွယ်ဝသောဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့ ခံစားရမည့် အကြောင်း သခင်ယေရှုဆုတောင်းခဲ့ပါသည်။ ဘာသာကူးပြောင်းလဲလာ သူများ၏ အသက်တာ၌ ဝမ်းမြောက်ခြင်းကို တွေ့မြင်ရန်မှာ အရေးကြီးသောအရာဖြစ်ကြောင်း ယုံကြည်ခဲ့ကြသည်။ ရှင်ပေါလုက ဘုရားသခင်၏ နိုင်ငံတော်ဆိုသည်မှာ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း အကြောင်းတို့သာဖြစ်ကြောင်း သွန်သင်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အသီးအပွင့်ဖြစ်သော ဝမ်းမြောက်ခြင်းသည် ရွေးချယ်၍ လုပ်ဆောင်ရသည့်အရာ မဟုတ်ပါ။ ဘုရားသခင်သည် သင့်ကို ဆင့်ခေါ်၍ ပြုလုပ်စေသောအရာများ အားလုံးကို ပြုလုပ်ရန်မှာ ဘုရားသခင်၏ ဝမ်းမြောက်ခြင်း ခံစားလိုသည့် စိတ်ဆန္ဒ သင့်၌ရှိလာအောင်လုပ်ရပေမည်။

ဘုရားသခင်၏လူမျိုးတော်တို့သည် တွေ့ကြုံရသည့် ပတ်ဝန်းကျင်အခြေအနေတိုင်း၌ ဝမ်းမြောက်ခြင်းအသီးအပွင့်ဖြင့် ပြည့်နေကြသောအခါ ထိုအချင်းအရာသည် ဘုရားသခင်အတွက် အဘယ်မျှစွမ်းပကားကြီးသော သက်သေတစ်ပါးဖြစ်နေသနည်း။ ဝမ်းမြောက်ခြင်းကင်းမဲ့နေသော ခရစ်ယာန်အသိုင်းအဝန်းသည် စွဲဆောင်မှုမရှိသော ခရစ်ယာန်အသိုင်းအဝန်းဖြစ်ပြီး၊ ဝမ်းမြောက်ခြင်းကင်းမဲ့နေသော ခရစ်ယာန်အသိုင်းအဝန်းသည်လည်း ရင့်ကျက်ခြင်း မရှိသေးသော ခရစ်ယာန် အသိုင်းအဝန်းတစ်ခုဖြစ်သည်။

မယုံကြည်ခြင်း

ဝမ်းပြောက်ခြင်းအကြောင်းအရာနှင့် အသက်တာ၌ ဝမ်းမြောက်ခြင်းကင်းမဲ့နေရခြင်း၏ အကြောင်းအရင်းကို ပြောပြသော အရေးကြီးသည့် ကျမ်းချက်တစ်ချက်ကို ရောမ ၁၅း၁၃ တွင်ရှိသည်။

သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့် ကြွယ်ဝစေခြင်းငှာ၊ ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်း၊ အမျိုးမျိုးတို့နှင့် ပြည့်စုံမည်အကြောင်း၊ မျှော်လင့်ခြင်း၏အရှင်၊ ဘုရားသခင်သည် ကယ်မသနားတော်မူပါစေသော။

ရှင်ပေါလု၏ဆုတောင်းချက်မှာ ခရစ်ယာန်တို့၏ ယုံကြည်ခြင်း၌ ဝမ်းမြောက်ခြင်းဖြင့် ဘုရားသခင်က ပြည့်စေတော်မူမည့်အကြောင်းဖြစ်သည်။ ခရစ်ယာန်အသက်တာ၌ ဝမ်းမြောက်ခြင်းအရာ အဘယ်မျှအရေးပါသည်ကို ကျွန်ုပ်တို့နားလည်ထားလင့်ကစား၊ မယုံကြည်ခြင်းကြောင့် ဆက်လက်၍ ဝမ်းမြောက်ခြင်း ကင်းမဲ့နေနိုင်ပါသည်။

မယုံကြည်ခြင်း (သို့) ယုံကြည်မှု မရှိခြင်းသည် ဝမ်းမြောက်ခြင်း၏ ရန်သူဖြစ်သည်။ သခင်ကိုယ်တော်ကို ယုံကြည်ခြင်းဖြင့် လက်ခံကိုးစားနေသည်နှင့် အမျှ ကျွန်ုပ်တို့၌ဝမ်းမြောက်ခြင်းများဖြင့် ပြည့်လျံနေပါလိမ့်မည်။

သခင်ယေရှုသည် ကျွန်ုပ်တို့အား အပြစ်ဒုစရိုက်မှ ကယ်တင်ခဲ့သည့်အကြောင်းကို ယုံကြည်သော်လည်း ဝမ်းမြောက်ခြင်းမခံစားရဘဲဖြစ်နိုင်ပါသလား။ ကျွန်ုပ်အား သခင်ကိုယ်တော်နှင့်အတူ ကောင်းကင်ထက်၌ ထာဝရစံမြန်းရမည်ကို ယုံကြည်သော်လည်း စိတ်နလုံးထဲ၌ ဝမ်းမြောက်ခြင်းနှင့် ပြည့်လျှံ၍မနေဘဲဖြစ်နိုင်ပါသလား။ ဘုရားသခင်သည် ပတ်ဝန်းကျင်အခြေအနေတိုင်းတွင် ကျွန်ုပ်အတွက် အကောင်းဆုံးအရာ

များကို ပြုလုပ်ဖန်တီးထားသည်ဆိုသည့်အချက်ကို ယုံကြသည်။ သို့သော်လည်း ရန်သူများ၏ပစ်ခတ်ထိုးနှက်မှုများတွင် ဝမ်းမြောက်ရွှင်လန်းခြင်း မရှိဘဲဖြစ်နိုင်ပါသလား။ ဝမ်းမြောက်ခြင်းကို အလျှင်မသိဘဲ သန့်ရှင်းသောဝိညာဉ်တော်နှင့်ချစ်ကြည်ရင်းနှီးမှုကို တွေ့ကြုံခံစားရန်မှာ ဖြစ်နိုင်ပါသလား။ မယုံကြည်ခြင်းသည် သင့်ကို ဘုရားသခင်၌ ဝမ်းမြောက်ခြင်း တွေ့ကြုံခံစားခြင်းမှ ဟန့်တားနိုင်ကြောင်းကို သင်တွေ့မြင်ရပြီဖြစ်သည်။ ဘုရားသခင်၏ထောက်မပေးကမ်းခြင်းနှင့် ကယ်တင်ခြင်းတရားတို့အပေါ်၌ သံသယစိတ်ရှိနေခြင်းအား သင့်ကို သင်တွေ့မြင်သောအခါ၌သာ ဝမ်းမြောက်ခြင်းကို သင့်အထဲမှ ယူဆောင်သွားနိုင်မည်။ ဘုရားသခင်က နှုတ်ကပတ်တော်၌ ပြောပြထားသည့် အကြောင်းအရာများကို ယုံကြည်ကိုးစားသည်နှင့်အမျှ ဝမ်းမြောက်ခြင်းသည် သင့်အသက်တာ၌ ပြည့်လျှံလျက်ရှိနေမည်။ ဘုရားသခင်၌ ဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားရခြင်းမရှိလျှင် မယုံကြည်ခြင်းများကို သင်ကိုယ်တွယ်ဖြေရှင်းဖို့ရန် လိုအပ်နေပေလိမ့်မည်။

စိတ်ကျရောဂါကို ကာလရှည်ခံစားခဲ့ရသော သူတစ်ယောက်အနေဖြင့် ဤနေရာ၌ အကြံပြုချက်အနည်းငယ် ပြုလုပ်ချင်ပါသည်။ ကျွန်ုပ်၏နှလုံးသားထဲ၌ တေးသီချင်းသံ မရှိခဲ့သောနှစ်များက ကျွန်ုပ်အသက်တာ ၌ရှိခဲ့ကြပါသည်။ ဤအချင်းအရာသည် မယုံကြည်ခြင်း၏ရလာဒ်တစ်ခုတော့မဟုတ်ပါ။ အမှန်စင်စစ်၊ ထိုစိတ်ကျရောဂါကို ခံစားခဲ့ရသည်နှစ်များကို ကျော်လွှားဖြတ်သန်းသွားရန် စွမ်းဆောင်ပေးသည့်အရာမှာ သခင်ခရစ်တော်၌တည်သော ကျွန်ုပ်၏ယုံကြည်ခြင်းပင်ဖြစ်သည်။ ထိုအချိန်က ကျွန်ုပ်ဦးဆောင်ပြုလုပ်နေသော အုပ်စုဖွဲ့သမ္မာကျမ်းစာလေ့လာခြင်း၌ တက်ရောက်ပါဝင်ခဲ့သော မိတ်ဆွေတစ်ဦးကို သတိရမိပါသည်။ နောက်ပိုင်းရက်များ၌ကျွန်ုပ်အားပြောပြခဲ့သည်မှာ -

"ဝိန်း၊ မင်းအခန်းထဲကို ဝင်လာတုန်းက အတော်လေးကို ညှိုးငယ်နေခဲ့တဲ့ မင်းကို ငါတွေ့ခဲ့တယ်။ ဒါပေမယ့် အဲဒီသမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်ကို စပြီး ဦးဆောင်လိုက်တာနဲ့၊ မင်းရဲ့အသွင်အပြင်ဟာ ချက်ချင်းလိုလို အားလုံး ပြောင်းလဲသွားတယ်။ လေ့လာခြင်းအစီအစဉ်ပြီးဆုံးသွားတဲ့အခါ မင်းရဲ့မျက်နှာပါပြောင်းလဲသွားခဲ့တယ်။ မင်းရဲ့အထဲမှာ အလင်းတန်းကို တဖန် ငါတွေ့ခဲ့ရတယ်။"

ဤလောကၦ ကျွန်ုပ်တို့နေထိုင်ရှင်သန်ချိန်တွင် ကျွန်ုပ်တို့၏ စိတ်နှင့်ကိုယ်ခန္ဓာသည် အပြစ်ဒုစရိုက်၏အကျိုးအဆက်များမှ ထိုးနှက်ရိုက်ပုတ်ခြင်းကို ခံကြရပါသည်။ စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများ သည်အခြားသော နာမကျန်းဖြစ်ခြင်းနှင့် ရောဂါဘယများနည်းတူ အပြစ်ဒုစရိုက်ကြောင့် ကျိန်ဆဲခြင်းကို ခံရသော ဤလောကၦ သက်ရှင်နေထိုင်နေရခြင်း၏ရလာဒ်တစ်ခုဖြစ်သည်။ ဘုရားသခင်၏လူအမြောက်အများတို့သည် စိတ်ဖိစီးမှု၏ထိုးနှက်မှုများကို ခံစားနေကြပြီး၊ ဤလောကရှိကြိုးစားရုန်းကန်လှုပ်ရှားမှုများ၏အုပ်စိုးချယ်လှယ်ခြင်းကို ခံကြရသည်။ အမှန်ဆိုရလျှင် ဤအချင်းအရာများသည် ဝမ်းမြောက်ခြင်းကို အပြည့်အဝ တွေ့ကြုံခံစားရခြင်းကို တားဆီးနှောက်ယှက်သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်ဆက်လက်၍ အလုပ်လုပ်ဆောင်လျက်ရှိနေပါသည်။ ဤသို့သောဝမ်းမြောက်ခြင်းပေါ်ထွက်လာသောအခါ ၎င်းသည် ဘုရားရှင်တစ်ပါးတည်းထံမှသာဖြစ်သည်။

ဝိညာဉ်တော်၏အသီးအပွင့်အဖြစ်ရှင်ပေါလုက ပြောပြနေသော ဝမ်းမြောက်ခြင်းကို သင်ကြုံတွေ့ခံစားနေရခြင်းရှိ မရှိ၊ ကိုယ့်ကိုကိုယ် မေးခွန်းထုတ်ရန် အချိန်အနည်းငယ်ယူပါ။ ဤသို့သော ဝမ်းမြောက်ခြင်းသည် ပြည့်စုံကြွယ်ဝသော ဝမ်းမြောက်ခြင်းမျိုးဖြစ်သည်။ အဘယ်ကြောင့်

ဆိုသော် ထိုဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့သွားရာလမ်းခရီး၌ ပေါ်ထွက်လာတတ်သော စုံစမ်းစစ်ကြောခြင်းအမျိုးမျိုးနှင့်ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးထက် သာ၍ကြီးခိုင်ပြည့်စုံသောကြောင့် ဖြစ်သည်။ ဤဝမ်းမြောက်ခြင်းကို ကိုယ်တော်ဘုရားထံ၌ သင်ပြုနေသော အမှုတွင်လက်တွေ့ ဖော်ဆောင်ခြင်းရှိ မရှိ သင့်ကိုမေးခွန်းထုတ်ပါ။ အကယ်၍ မရှိခဲ့လျှင် ဘုရားသခင်ထံတော်၌ ဤဝမ်းမြောက်ခြင်းကို ပို၍နက်နဲစွာခံစားနိုင်မည့် အကြောင်းတောင်းလျှောက်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏အပါး၌ ကျွန်ုပ်တို့၏နှလုံးသားကိုဖွင့်လျက် ဘုရားရှင်၏ဝမ်းမြောက်ခြင်းကို ဖော်ဆောင်ပေးရန် အခွင့်ပေးသောအခါမည်သို့သောခြားနားချက် ဖြစ်ပေါ်လာပါမည်နည်း။ ကျွန်ုပ်တို့၏ကိုးကွယ်ဆည်းကပ်ခြင်းများ ပြောင်းလဲသွားပါမည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်းများ ပြောင်းလဲ သွားပါမည်။ ကျွန်ုပ်တို့၏သက်သေခံချက်များ ပို၍အစွမ်းထက်လာပါမည်။ ဘုရားသခင် ဖြစ်စေလိုသော သူများဖြစ်လာရန်အတွက် ကျွန်ုပ်တို့အသက်တာ၌ ဝမ်းမြောက်ခြင်း အသီးအပွင့်ကို ဖော်ဆောင်ဖန်တီးပေးရန် ကျွန်ုပ်တို့သူ့ကို လိုအပ်လျက်ရှိကြသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* လူအားဖြင့် ဖြစ်လာသော ဝမ်းမြောက်ခြင်းနှင့် ဘုရားဝိညာဉ်တော်၏ အသီးအပွင့်ဖြစ်သော ဝမ်းမြောက်ခြင်းတို့၏ ကွဲပြားခြားနားချက်ကား အဘယ်နည်း။
* စုံစမ်းစစ်ကြောခြင်းများသည် လူအားဖြင့်ဖြစ်တည်လာသော ဝမ်းမြောက်ခြင်းကို မည်သို့ ထိခိုက်နိုင်ပါသနည်း။ အလားတူ စုံစမ်းစစ်ကြောခြင်းမျိုး၌ ဘုရားသခင်၏ဝိညာဉ်တော်သည် ဝမ်းမြောက်

ခြင်းကို ဖော်ဆောင်ပေးနိုင်ပါသလား။

* ခရစ်ယာန်အသက်တာ၌ ဝမ်းမြောက်ခြင်းနှင့် ရင့်ကျက်ခြင်းတို့ မည်သို့ဆက်နွယ်နေပါသနည်း။ ဝမ်းမြောက်ခြင်းအား ဘုရားဝိညာဉ်တော်၏အသီးအပွင့်အနေဖြင့် မသိရှိဘဲ ကျွန်ုပ်တို့ ရင့်ကျက်နိုင်ကြပါသလား။
* ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ဝိညာဉ်တော်၏ဝမ်းမြောက်ခြင်းတို့ မည်သို့ဆက်နွယ်နေပါသနည်း။
* သင့်အသက်တာ၌ မည်သည့်အရာက ဟန့်တားနှောက်ယှက်နေပါသနည်း။ ဤဘဝ၌ ဘုရားသခင်မှ ကျွန်ုပ်တို့အား ပေးသနားလိုသောဝမ်းမြောက်ခြင်းအားလုံးကို အစဉ်အမြဲ ကြုံတွေ့ခံစားရမည်ဟု သင်ထင်မိပါသလား။
* သင့်အသက်တာ၌ ဝိညာဉ်တော်၏ဝမ်းမြောက်ခြင်းနှင့် သက်ဆိုင်သော အထောက်အထားတွေ့ကြုံခံစားဖူးပါသလား။ ရှင်းပြပါ။

ဆုတောင်းရန်အချက်များ

* သင့်ဝိညာဉ်ရေးရာ လမ်းခရီး၌ ပြည့်စုံသော ဝမ်းမြောက်ခြင်းကို ဟန့်တားနှောက်ယှက်နေသော အရာများကို ရှိခဲ့လျှင် ထိုအရာများကို ဖော်ပြပေးရန် ဘုရားသခင်အား တောင်းလျှောက်ပါ။
* ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ချစ်ကြည်ရင်းနှီးမှု၌ ပြည့်စုံကြွယ်ဝသော ဝမ်းမြောက်ခြင်းကို ကြုံတွေ့ခံစားကြရန် အလိုတော်ရှိသော ဘုရားသခင်ကိုကျေးဇူးတင်ကြောင်း ချီးမွမ်းပါ။
* သင့်ဝိညာဉ်ရေးရာ အသက်တာနှင့် အမှုဆောင်ခြင်းတို့၌ ရွှင်လန်းဝမ်းမြောက်ခြင်းမရှိခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။

* ဘုရားသခင်မှ ကျွန်ုပ်တို့အား ပေးသနားလိုသောပြည့်စုံသည့် ဝမ်းမြောက်ခြင်းကို မခံစားရသောအချိန်၌ပင် ကျွန်ုပ်တို့အပေါ်၌ ဆက်လက်၍ အလုပ်လုပ်ဆောင်နေခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်းချီးမွမ်းပြောဆိုပါ။

ငြိမ်သက်ခြင်း

ဂလာတိ ၅း၂၂ ၌ဖော်ပြထားသော ဝိညာဉ်တော်၏ တတိယ မြောက် အသီးအပွင့်မှာ ငြိမ်သက်ခြင်းဖြစ်သည်။ သာမန်အားဖြင့် အနက်ဖွင့်ဆိုရာတွင် ငြိမ်သက်ခြင်းအား ဝိညာဉ်ရေးရာ၌၄င်း၊ စိတ်ပိုင်း ဆိုင်ရာ၌၄င်း၊ ရုပ်ပိုင်းဆိုင်ရာ၌၄င်း၊ ဝရုန်းသုန်းကား အခြေအနေမရှိခြင်း ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ဤကဲ့သို့သော ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အခြေအနေနှင့်ဆက်နွယ်မှုရှိသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အခြေအနေက စိတ်သောကကို မဖြစ်စေလျှင် ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိကြသည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်းသော သာဓက များ၊ ခရစ်ဝင်ကျမ်း၌ အမြောက်အမြားရှိပါသည်။

သာမန်အဆင့်ငြိမ်သက်ခြင်း

မာကု ၅း၃၄ တွင် သွေးသွန်းနာစွဲနေသောအမျိုးသမီး တစ်ဦး သည် သခင်ယေရှုဝတ်ဆင်ထားသော အဝတ်၏အနားသားကို အဘယ်သူမျှ မသိအောင် တိတ်တဆိတ်တို့ထိခဲ့သည်။ မိမိကိုယ်ခန္ဓာမှ အနာရောဂါငြိမ်းစေသော တန်ခိုးထွက်သွားသည်ကိုသိလျှင် သခင်ယေရှု သည် ထိုအမျိုးသမီးကို ရှာဖွေဖော်ထုတ်ခဲ့သည်။ ထိုအမျိုးသမီးကို တွေ့သော အခါ သခင်ယေရှုက -

ငါ့သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ။

ငြိမ်ဝပ်စွာ သွားလော့။ ရောဂါနှိပ်စက်ခြင်းနှင့် ကင်းလွတ်စေဟု မိန့်တော်မူ၏။

ဤအမျိုးသမီးခံစားနေရသော ရုပ်ပိုင်းဆိုင်ရာဝေဒနာနှင့် သူမ၏ ငြိမ်သက်ခြင်းတို့ ဆက်နွယ်နေပုံကို သတိပြုကြည့်ပါ။ တစ်ဆယ့်နှစ်နှစ်ပတ် လုံးသွေးသွန်နေသောသူမ၏ ရောဂါသည် စိတ်ဖိစီးမှုကို အစဉ်မပြတ် ပေးနေသောအရာဖြစ်သည်။ သခင်ယေရှုသည် သူမအနာကို ငြိမ်းစေသောအခါ သူမသည် ရောဂါနှိပ်စက်ခြင်းနှင့် ကင်းလွတ်ခဲ့ပြီး၊ ငြိမ်သက်ခြင်းကို တဖန် ရရှိခဲ့သည်။

လုကာ ၇ တွင်လည်း အလားတူ အဖြစ်အပျက်ကို တွေ့ရပြီး၊ ထိုအဖြစ်အပျက်မှာ သခင်ယေရှု၏ခြေကို ဆေးရန် ရောက်လာသော အမျိုးသမီး၏ အကြောင်းဖြစ်သည်။ ထိုအမျိုးသမီးသည် အပြစ်ဒုစရိုက်နှင့်ပြည့်နေသော အသက်တာဖြင့် အသက်ရှင်သူဖြစ်ကြောင်း ရှင်လုကာ ပြောပြထားသည်(လုကာ ၇း၃၇)။ သူမသည် သခင်ယေရှုအနားသို့ ချဉ်းကပ်လာပြီးနောက်၊ ကိုယ်ကိုညွတ်၍ သခင်ယေရှု၏ခြေပေါ်၌ ဆီမွှေးကိုသုတ်လိမ်းကာ ပါးပြင်ထက်မှ စီးကျလာသော မျက်ရည်များဖြင့် ခြေကို ဆေးခဲ့သည်။ သူမ၏နှလုံးသားတွင် သောကမီးများတောက်လောင်နေခဲ့သည်။ သူမသည် အပြစ်လွှတ်ခြင်းကို လိုအပ်နေသည်အဖြစ်ကိုင်း၊ ထိုအပြစ်လွှတ်ခြင်းကို မခံရမချင်းအသက်တာ၌ငြိမ်သက်ခြင်း မရှိနိုင်မည်အဖြစ်ကိုင်း သိနေခဲ့သည်။ သူမ၏စိတ်သဘောထားနှင့် နောင်တရသော နှလုံးသားကို တွေ့မြင်သောအခါ သခင်ယေရှုသည် သူမအား လုကာ ၇း၅၀ ၌တွေ့ရသည်အတိုင်း ပြောခဲ့သည်မှာ -

သခင်ယေရှုသည် ထိုမိန်းမအား သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်ပြီး။ ငြိမ်ဝပ်စွာ သွားလော့ဟု မိန့်တော်မူ၏။

ဤအမျိုးသမီးသည် သူမ၏အသက်တာ၌ စိတ်ပိုင်းဆိုင်ရာနှင့်

ဝိညာဉ်ပိုင်းဆိုင်ရာ ကသောင်းကနင်းဖြစ်နေမှုကို ဆိုးဆိုးဝါးဝါး ခံစားနေခဲ့ရသည်။ သူမ၏အသက်တာသည် ညစ်ညမ်းရွှပ်ထွေး၍ ကမောက်ကမဖြစ်နေကြောင်းကိုငှင်း၊ ဘုရားသခင်နှင့် ကွာလှမ်းနေ၍ ထိုဘုရားသခင်၏အတို့အထိကို အသည်းအသန်လိုအပ်လျက် ရှိနေသည်ကိုငှင်း သိနေခဲ့သည်။ သူမ၏စိတ်နှလုံးသားထဲ၌ ပရိဒေဝမီးများနှင့်အတူ ရှုပ်ထွေးခြင်းများ ရောက်ရှိလာခဲ့သည်။ သူမသည် နှိမ့်ချခြင်း၊ နောင်တရခြင်းတို့ကို သဏ္ဌာန်ဆောင်သည့်အနေဖြင့် သခင်ယေရှု၏ခြေကိုဆေးခဲ့ပါသည်။ ထိုနေ့တွင်ပင် သခင်ယေရှုသည် သူမ၏အပြစ်များကို ဖြေလွှတ်ပေးခဲ့သည်။ သခင်ယေရှုက သူမ၏ယုံကြည်ခြင်းသည် သူမကို ကယ်တင်ခဲ့ကြောင်းကိုငှင်း၊ သူမသည် ယခုမှစ၍ ဘုရားနှင့် ချစ်ကြည်ခြင်းကိုငှင်း၊ စိတ်နှလုံးငြိမ်သက်ခြင်းကိုငှင်း ရရှိနိုင်ခဲ့ပြီး၊ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤကျမ်းပိုဒ်များကို ကြည့်ခြင်းအားဖြင့် ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများကြောင့်ငှင်း၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့အား ကွာလှမ်းစေသည့် ဝိညာဉ်ရေးရာအတားအဆီးများကြောင့်ငှင်း၊ ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့ထံမှ ကွယ်ပျောက်သွားနိုင်ကြောင်းကို တွေ့ရသည်။

သမ္မာကျမ်းစာ၌လည်း ငြိမ်သက်ခြင်းသည် လူတစ်ဦးနှင့် တစ်ဦး သင့်သင့်မြတ်မြတ် ဆက်ဆံပေါင်းသင်းခြင်း၏ ရလာဒ်တစ်ခုဖြစ်ကြောင်းကို ညွှန်ပြထားသည်။

> ***အသင့်အတင့်ပေါင်းဖော်ခြင်း အဖွဲ့အစည်းအားဖြင့် သင်တို့သည် အချင်းချင်းစိတ်သဘောမခြားနားတစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။ (ဧဖက် ၄း၃)***
>
> ***ထို့ကြောင့် ငြိမ်သက်ခြင်းနှင့်ငှင်း၊ အချင်းချင်းတည်ဆောက်ခြင်းနှင့်ငှင်း၊ ယှဉ်သောအရာတို့ကို မှီအောင်လိုက်ကြကုန်အံ့။ (ရောမ ၁၄း၁၉)***

လူအပေါင်းတို့သည် အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုငှင်း၊ သန့်ရှင်းခြင်းပါရမီကိုငှင်း၊ မိုအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီမရှိလျှင် အဘယ်သူမှ ထာဝရဘုရားကို မဖူးမြင်ရ။ (ဟေဗြဲ ၁၂း၁၄)

သခင်ခရစ်တော်၏ကိုယ်ခန္ဓာ၌ ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး ဆက်ဆံနီးနွယ်ခြင်းဖြင့် ငြိမ်သက်ခြင်းကို သက်သေထူနိုင်ကြသည်။

သာမန်အဆင့်အားဖြင့် ပြောရလျှင် ငြိမ်သက်ခြင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၌ငှင်း၊ ဝိညာဉ်ရေးရာ၌ငှင်း၊ စိတ်ပိုင်းဆိုင်ရာ(သို့)လူမှုရေးရာတို့၌ ဝရုန်းသုန်းကားအခြေအနေမရှိခြင်းပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ ကိုယ်ကိုကိုယ် မေးကြရမည့်မေးခွန်းမှာ ထိုဝရုန်းသုန်းကားအခြေအနေမရှိခြင်းသည် ဘုရားဝိညာဉ်တော်၏အသီးအပွင့်ဟုတ်မဟုတ်ဟူသောမေးခွန်းပင်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို မပိုင်ဆိုင်ကြသော မယုံကြည်သူများပင်လျှင် ဤသာမန်အဆင့်ရှိ ငြိမ်သက်ခြင်းမျိုးကို ကြုံတွေ့ခံစားနိုင်ကြပါသည်။ ကျွန်ုပ်တို့၏အသက်တာ၌ဘုရားဝိညာဉ်တော်အလုပ်လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော ငြိမ်သက်ခြင်းမျိုး ရှိပါသလား။

သခင်ယေရှုပေးသောငြိမ်သက်ခြင်း

ယုံကြည်သူများသာ ကြုံတွေ့ခံစားနိုင်သောနက်နဲသည့်သဘောကို ဆောင်သောငြိမ်သက်ခြင်းမျိုး ရှိပါသည်။ သခင်ယေရှု ဤလောကသို့ ဆင်းကြွလာခဲ့ခြင်း၏အကြောင်းရင်းများအနက် တစ်ခုမှာ ငြိမ်သက်ခြင်းကို ဆောင်ယူလာရန်ဖြစ်သည်။ ဗတ္တိဇံဆရာယောဟန်၏ ဖခင်ဖြစ်သော ဇာခရိမ္ မေရှိယ၏အမှုတော်မြတ်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အား ပြောပြထားသည်မှာ "မှောင်မိုက်နှင့် သေမင်း၏အရိပ်ထဲတွင်ရှိနေသော သူတို့၌

အလင်းပေါ်ထွန်း၍ ငါတို့အားငြိမ်သက်ခြင်းလမ်းကိုပြရန်အလိုငှာ ဆင်းကြွလာခဲ့သည်" ဟူ၍ဖြစ်သည်(လုကာ ၁း၇၉)။

သခင်ယေရှုသည် "ငါတို့အား ငြိမ်သက်ခြင်းလမ်းကိုပြ" ရန် အလိုငှာ ဆင်းကြွလာခဲ့သည်။ ဤငြိမ်သက်ခြင်းလမ်းမှာ အဘယ်နည်း။ ဤလမ်းသည် ကျွန်ုပ်တို့၏အပြစ်လွှတ်ခြင်းလို အပ်နေမှုနှင့်၎င်း၊ အဖဘုရားသခင်နှင့် ပြန်လည်သင့်မြတ်၍ မိဿဟာယဖွဲ့ခြင်းလိုအပ်မှုများနှင့် ၎င်းသက်ဆိုင်မှုရှိနေသည်။ အပြစ်သားများဖြစ်ကြသည့် အားလျော်စွာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်၎င်း၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများနှင့်၎င်း၊ ကင်းကွာလျက်ရှိနေကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တရားစီရင်ခြင်းအောက်၌ ရှိနေကြပြီး၊ အမျက်တော်အောက်၌ ထာဝရကာလတစ်ခုကို တည်နေကြပါသည်။ သခင်ယေရှုသည် အပြစ်လွှတ်ခြင်းနှင့် ကျိုးပဲ့နေသော မိဿဟာယဖွဲ့ခြင်းကို ကုစားခြင်းတို့ကို ပေါ်ပေါက်လာစေရန် ဆင်းကြွလာခဲ့၏။ သူသည် ကျွန်ုပ်တို့၏ အပြစ်အတွက် အဖိုးအခကို ပေးလျော်ခဲ့သည်။ ထိုသို့အားဖြင့် သူ့ကိုယုံကြည်သောသူအပေါင်းတို့သည် ဘုရားသခင်၏သားသမီးများ ဖြစ်ခြင်းအခွင့်ကို ရရှိနိုင်ကြမည်ဖြစ်ပြီး(ယောဟန် ၁း၁၂)၊ ဘုရားသခင်နှင့် ပြန်လည်ရင်းနှီးကျွမ်းဝင်ခြင်းအခွင့်ကို ရရှိနိုင်ကြမည်ဖြစ်သည်။

ဤငြိမ်သက်ခြင်းနှင့်စပ်လျဉ်း၍ မယုံနိုင်ဖွယ်ရာဖြစ်သော အရာအချို့ရှိနေကြသည်။ ဤငြိမ်သက်ခြင်းသည် ဤလောကကြီးမှ ပေးဝေနိုင်သောအရာများထက် ပို၍နက်နဲသော ငြိမ်သက်ခြင်းမျိုးဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ဖန်ဆင်းရှင်နှင့် မှန်ကန်သော ချစ်ကြည်ရင်းနှီးမှုရှိနေသည့် အဖြစ်ကိုင်း၊ ကျွန်ုပ်သည် ထိုဘုရားရှင်၏မျက်မှောက်တော်၌ ထာဝရအသက်ဖြင့် ရှင်သန်သွားရမည်ဟူသော အနာဂတ်တစ်ခုရှိနေသည့်အဖြစ်ကိုင်း၊ သိနေသည့်အသိကို အဘယ်အရာကမျှ တုန်ခိုင်နိုင်

မည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်သာ မဟုတ်ခဲ့လျှင် ကယ်တင်ရှင်ကို လိုအပ်နေသော ကျွန်ုပ်၏အခြေအနေကို ဘယ်သော အခါတွင်မျှ သိရှိလိမ့်မည်မဟုတ်ပါ။ ဝိညာဉ်တော်ကသာ ကျွန်ုပ်၏ မျက်စိများကို မဖွင့်ပေးခဲ့လျှင်၊ အပြစ်များအတွက် ဖြေရှင်းချက်ကို သခင်ယေရှုခရစ်တော်နှင့် သူပြုခဲ့သောအမှုတော်၌ ကျွန်ုပ်ရှာတွေ့နိုင်ခဲ့မည်မဟုတ်ပါ။ ဘုရားသခင်ကသာ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို မပျော့ပျောင်းစေခဲ့လျှင် ကျွန်ုပ်သည် သခင်ခရစ်တော်ထံ၌ ညံ့ခံအပ်နှံခြင်းကိုငှင်း၊ ကျွန်ုပ်ကိုယ်စားပြုခဲ့သောအမှုကို ယုံကြည်လက်ခံခြင်းတို့ကိုငှင်း ဘယ်သောအခါတွင်မျှ ပြုလုပ်ခဲ့မည်မဟုတ်ပါ။ ဘုရားသခင်နှင့် ပြန်လည်ချစ်ကြည်ရင်းနှီးခြင်းအတွက် ကျွန်ုပ်သည် သခင်ခရစ်တော်ကကားတိုင်ထက်၌ပြုခဲ့သော အမှုတော်အပေါ်၌ငှင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏အမှုတော်အပေါ်၌ငှင်း၊ အကြွေးတင်လျက်ရှိသည်။ ဘုရားသခင်နှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် ဘုရားဝိညာဉ်တော်၏ အသီးအပွင့်အနေဖြင့် ပေါ်ထွက်လာသော ငြိမ်သက်ခြင်း၏အခြေခံအကြောင်းတရားဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏ အသီးအပွင့်ဖြစ်သော ငြိမ်သက်ခြင်း

သခင်ယေရှုလုပ်ဆောင်ခဲ့သော အမှုတော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ချစ်ကြည်ရင်းနှီးမှုကို ရရှိသည့်အချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာကို အတွင်းသဏ္ဌာန်အားဖြင့် ပြုပြင်ပြောင်းလဲရန် စတင်လုပ်ဆောင်ပါတော့သည်။ သူ၏အသီးအပွင့်များကို ကျွန်ုပ်တို့၏အသက်တာ၌ စတင်သီးပွင့်စေတော့သည်။ ဤနေရာ၌ ကျွန်ုပ်တို့လေ့လာဆန်းစစ်နေသည့် အသီးအပွင့်မှာ ငြိမ်သက်ခြင်းအသီးအပွင့်ပင်ဖြစ်သည်။ ဘုရားဝိညာဉ်တော်၏

လုပ်ဆောင်မှု အားဖြင့် ထွက်ပေါ်လာသောအသီးအပွင့်ဖြစ်သည့် ငြိမ်သက်ခြင်းမှာ ဤလောကကြီးမှ ပိုင်ဆိုင်ထားသော ငြိမ်သက်ခြင်းနှင့် မတူပါ။ ဤအကြောင်းအရာကို ယောဟန် ၁၄း၂၇၌ သခင်ယေရှုက အတိအလင်း ပြောကြားထားသည်မှာ -

ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေး သည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။

ကျွန်ုပ်တို့လေ့လာဆင်ခြင်ရန် လိုအပ်သောအခြေခံစည်းမျဉ်း သုံးချက်ကို ယောဟန် ၁၄း၂၇ ၌တွေ့ရှိရနေသည်။

ပထမအချက်အနေဖြင့် "ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေ၏"ဟု သခင်ယေရှုက ပြောဆိုခဲ့သည့်အချက်ကို သတိပြုပါ။ ဤစကားစုလေးသည် ဤနေရာ၌သခင်ယေရှုကပြောသော ငြိမ်သက်ခြင်း နှင့် စပ်လျဉ်းသော အလွန်အရေးကြီးသည့် အကြောင်းအရာကို ပြောပြနေ သည်။ သခင်ယေရှုပြောပြနေသော ငြိမ်သက်ခြင်းမှာ သူ ၏ ငြိမ်သက်ခြင် းဖြစ်သည်။ ဤငြိမ်သက်ခြင်းသည် သခင်ယေရှုထံမှ ရောက်လာပြီး၊ သူနှင့်ရင်းနှီးဆက်နွယ်မှု ရှိသူများကို ပေးအပ်ထားသည်။ ဤငြိမ်သက်ခြင်း သည် သခင်ယေရှုကို မိမိတို့၏ကယ်တင်ရှင်အဖြစ် သိမှတ်ထားသော သူတို့အား လက်ဆောင်အဖြစ် ပေးအပ်ထားသော အရာဖြစ်သည်။

ဒုတိယအနေဖြင့် သတိပြုရမည့်အချက်မှာ ဤငြိမ်သက်ခြင်း သည် လောကီသားတို့ပေးသောငြိမ်သက်ခြင်းမဟုတ်ကြောင်းပင် ဖြစ် သည်။ ဤနေရာ၌ သခင်ယေရှုပြောပြနေသော ငြိမ်သက်ခြင်းသည် ဤလောကရှိ ကျွန်ုပ်တို့ သိထားသော ငြိမ်သက်ခြင်းနှင့် အလွန်ကွဲပြား လျက်ရှိသည်။ ဤငြိမ်သက်ခြင်းသည် ဘုရားသခင်ထံမှ အစပျိုးလာသော

ငြိမ်သက်ခြင်းဖြစ်သည်။ ဤငြိမ်သက်ခြင်းသည် ဤလောက၌ ကျွန်ုပ်တို့တွေ့ကြုံခံစားရသော ငြိမ်သက်ခြင်းနှင့်အလွန်ကွဲပြားနေပါလိမ့်မည်။

တတိယအချက်အနေဖြင့် **"သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်"**ဟူသော စကားစုလေးကို သတိပြုကြည့်ပါ။ ဤစကားစုအရ တပည့်တော်တို့၏ အသက်တာ၌ပူပန်ခြင်းနှင့်စိုးရိမ်ခြင်းတို့ကို ဖြစ်ပေါ်စေသောအကြောင်းရှိခဲ့ပေမည်ဟု မှတ်ယူရသည်။ သခင်ယေရှု ပေးကမ်းခဲ့သော ငြိမ်သက်ခြင်းသည် ဆင်းရဲဒုက္ခနှင့်ဝေးကွာသော အချိန်၌ရောက်ရှိလာသော ငြိမ်သက်ခြင်းမဟုတ်။ ဆင်းရဲဒုက္ခအလယ်၌ ရောက်ရှိလာသော ငြိမ်သက်ခြင်းဖြစ်သည်။

သခင်ယေရှုပေးဝေခဲ့သော ငြိမ်သက်ခြင်းသည် လောကီသားတို့က မသိနိုင်သော ငြိမ်သက်ခြင်းဖြစ်သည်။ သခင်ယေရှု၏တပည့်တော်များကသာလျှင် ၎င်းတို့နှင့်အဖဘုရားသခင်အကြားရှိ ရင်းနှီးဆက်နွယ်မှုကြောင့် ဤငြိမ်သက်ခြင်းကို ခံစားရနိုင်သည်။ သခင်ယေရှုက တပည့်တော်တို့၏အသက်တာ၌ ဝိညာဉ်တော်၏အသီးအပွင့်အနေဖြင့် ပေးအပ်ခဲ့သော ငြိမ်သက်ခြင်းအကြောင်းကို သမ္မာကျမ်းစာမှ ကျွန်ုပ်တို့အား မည်သို့သွန်သင်ထားသည်ကို လေ့လာဆင်ခြင်ရန်အချိန်အနည်းငယ် ယူကြပါစို့။

ဤငြိမ်သက်ခြင်းသည် ပတ်ဝန်းကျင်အခြေအနေအပေါ်၌ မူတည်ခြင်းမရှိ–

ဘုရားသခင်၏နှုတ်ကပတ်တော်၌ ပထမအချက်အဖြစ် ကျွန်ုပ်တို့တွေ့မြင်ရသောအရာမှာ ဝိညာဉ်တော်၏အသီးအပွင့်ဖြစ်သော ငြိမ်သက်ခြင်းသည် သူ(သို့) သူမ၏အသက်တာ၌ဖြစ်ပျက်နေသော ပတ်ဝန်းကျင်အခြေအနေပေါ်၌ မူတည်မနေခြင်းဖြစ်သည်။ ယောဟန် ၁၆း၃၃ ၌ သခင်ယေရှုက တပည့်တော်တို့အား ပြောဆိုထားချက်ကို နားဆင်ကြည့်ပါ။

သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်း ရှိစေခြင်းငှာ ဤစကားကို ငါဟောပြောပြီ။ သင်တို့သည် လောကၠ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီ။

သခင်ယေရှုပြောသည်မှာ တပည့်တော်တို့သည် ဤလောကၠ နေစဉ် ဆင်းရဲဒုက္ခကို ခံစားကြရမည်ဖြစ်သော်လည်း ငြိမ်သက်ခြင်းကို လည်း ရရှိခံစားကြရမည်ဖြစ်သည်။ ဤကျမ်းပိုဒ်၌ အသေးစိတ်အချက် (၂)ချက်ကို သတိပြုကြည့်ပါ။ ပထမအချက်မှာ သခင်ယေရှုသည် တပည့်တော်တို့အား **"ငါ့ကိုအမှီပြု၍"** ငြိမ်သက်ခြင်းရှိနိုင်ကြသည်ဟု ပြောခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် တပည့်တော်တို့သည် သခင်ယေရှုနှင့် တစ်ဦးချင်း ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသောကြောင့် ဤငြိမ်သက်ခြင်းဖြစ်ပေါ်လာရသည်။ ထို့အပြင် သခင်ယေရှုက တပည့်တော်တို့အား **"ငါသည်လောကကို အောင်နိုင်ဖြို"**ဟု သတိပေးခဲ့ကြောင်းကိုလည်း သတိပြုကြည့်ပါ။ ဤအချက်သည် ဤနေရာ၌ ပေးအပ်ထားသည့် ငြိမ်သက်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကြောင်းအရာကို ပြောပြနေသနည်း။ ဤအချက်၌ ဖော်ပြနေသည့်အကြောင်းအရာမှာ ငြိမ်သက်ခြင်းသည် သခင်ယေရှုနှင့် ကျွန်ုပ်တို့၏ရင်းနှီးဆက်နွယ်မှု၏အခြေအနေနှင့် သခင်ယေရှုပြုခဲ့သော အမှုတော်၌ရှိသော ကျွန်ုပ်တို့၏ယုံကြည်စိတ်ချ မှု၏ အခြေအနေနှင့်၄င်း၊ ကျွန်ုပ်တို့၏အသက်တာ၌ရှိသော သခင်ယေရှု ၏ ဦးဆောင်လမ်းပြမှု၏အခြေအနေနှင့်၄င်း၊ ရောက်ရှိသောအရာဖြစ် သည်။ သခင်ယေရှုက သူ၏တပည့်တော်များအား ၄င်းတို့သည် သူ၏ သားသမီးများဖြစ်ကြ၍ သူသည် ၄င်းတို့၏ကွယ်ကာသူနှင့် လမ်းပြသူ ဖြစ်ကြောင်း ပြောဆိုဖော်ပြနေသည်။ သခင်ယေရှုသည် လောကိုအောင်ခဲ့ပြီးသောကြောင့် သူသည် တပည့်တော်များအတွက် ရပ်တည်နေလျှင်

အဘယ်သူသည် သူတို့၏တဖက်၌နေနိုင်မည်နည်း။ (ရောမ ၈း၃၁ကို ကြည့်ပါ။) သခင်ယေရှုကိုင်း၊ သူ၏ကြည့်ရှုစောင့်ရှောက်မှုကိုင်း၊ ယုံကြည်ခဲ့ကြသည်နှင့်အမျှ တပည့်တော်တို့သည် ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုး၌ ငြိမ်သက်ခြင်းကို ရရှိခံစားကြပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏ကြီးမားသောအလုပ်များအနက် တစ်ခုမှာ ကျွန်ုပ်တို့အား သခင်ယေရှုနှင့် သူပြုခဲ့သောအမှုတော်အား ပို၍နက်နဲစွာ ယုံကြည်စိတ်ချလာရန် လမ်းပြဦးဆောင်ပေးခြင်းဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏နှလုံးသားထဲ၌ လှုပ်ရှားလုပ်ဆောင်သည်နှင့် အမျှ ကျွန်ုပ်တို့သည် သခင်ကိုယ်တော်အား ယုံကြည်စိတ်ချခြင်းနှင့်အတူ ခက်ခဲသောအခြေအနေများကို ရင်ဆိုင်နိုင်ကြပါလိမ့်မည်။ အခက်ခဲဆုံး ပတ်ဝန်းကျင်အခြေအနေ၌ပင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကြည့်ရှုစောင့်ရှောက်မှုနှင့် ထောက်ပံ့ပေးကမ်းခြင်းတို့၌ စိတ်ချယုံကြည်မှု ရှိနိုင်ကြပါသည်။ ဘုရားသခင်ထံ၌ထားရှိသော ကျွန်ုပ်တို့၏ တိုးပွားလျက် ရှိသည့်စိတ်ချမှုနှင့် ယုံကြည်ကိုးစားမှုတို့သည် ကျွန်ုပ်တို့အသက်တာ၌ရှိသော ဘုရားဝိညာဉ်တော်၏အသီးအပွင့်ပင် ဖြစ်သည်။ သက်သာ လောနိတ်ယုံကြည်သူများအတွက် ရှင်ပေါလု၏ ဆုတောင်းချက်မှာ **"အစဉ်မပြတ်""ခပ်သိမ်းသောအရာတို့၌"** ငြိမ်သက်ခြင်းရှိကြရန်ပင်ဖြစ်သည်။

ငြိမ်သက်ခြင်း၏သခင်သည် ကိုယ်တော်တိုင် သင်တို့၌အစဉ်မပြတ်ခပ်သိမ်းသောအမှုအရာအားဖြင့် ငြိမ်သက်ခြင်းကို ပေးသနားတော်မူပါစေသော။ သခင်ယေရှုသည် သင်တို့အပေါင်းနှင့်အတူ ရှိတော်မူပါစေသော်။

"အစဉ်မပြတ်(အချိန်တိုင်း)" ဟူသော အချက်တွင် ခက်ခဲသောအချိန်များနှင့် အခြေအနေကောင်းသောအချိန်များ ပါဝင်သည်။

ဤနေရာ၌ ရှင်ပေါလုတောင်းလျှောက်နေသော ငြိမ်သက်ခြင်းသည် အသက်တာ၏အခြေအနေအမျိုးမျိုး၌ ကျွန်ုပ်တို့ရရှိပိုင်ဆိုင်နိုင်သော အရာဖြစ်သည်။ ဤငြိမ်သက်ခြင်းသည် ပတ်ဝန်းကျင်အခြေအနေပေါ်၌ မမူတည်သောကြောင့် ကျွန်ုပ်တို့ ရရှိပိုင်ဆိုင်နိုင်ကြသည်။ ဤငြိမ်သက်ခြင်းသည် လောကကို အောင်ခဲ့ပြီးသော သခင်ယေရှုအား ပို၍နက်နဲစွာ ယုံကြည်ကိုးစားရန် ကျွန်ုပ်တို့အား ဆွဲခေါ်နေသော သန့်ရှင်းသော ဝိညာဉ်တော်၏ လှုပ်ရှားလုပ်ဆောင်ခြင်း၏အကျိုးရလာဒ်ဖြစ်သည်။

ဤငြိမ်သက်ခြင်းသည် ဘုရားသခင်နှင့် လူသားတို့အကြား၌ လိုက်ဖက်ညီညွတ်ခြင်းကို ယူဆောင်လာ၏။

သန့်ရှင်းသော ဝိညာဉ်တော်ဆောင်ယူလာသော ငြိမ်သက်ခြင်း၏ အခြားသောအယူအဆမှာကျွန်ုပ်တို့နှင့် ဘုရားသခင်၏ဆက်လက်ဖြစ်တည်နေဆဲ ရင်းနှီးဆက်နွယ်မှုနှင့် ပတ်သက်နေသည်။ ဤနေရာတွင် ကယ်တင်ခြင်းအကြောင်းကို ကျွန်ုပ်ပြောဆိုနေခြင်းမဟုတ်ပါ။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ အသက်တာ၌ အမှန်တကယ်ဖြစ်တည်ခဲ့ပြီးသော အရာအဖြစ် ကျွန်ုပ်မှတ်ယူထားပါသည်။ သို့သော်လည်း ယုံကြည်သူများဖြစ်ကြသည့်အလျှောက် ကျွန်ုပ်တို့ကို သခင်ဘုရားအထံမှ ဆွဲယူသွားရန် ရှာကြံနေကြသော စုံစမ်းနှောင့်ယှက်ခြင်းအမြောက်အမြား ဤလောက၌ ရှိနေသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းမှာ လုံခြုံစိတ်ချရသော်လည်း ငြိမ်သက်ခြင်းအသီးအပွင့်မှာကား ထိခိုက်သွားနိုင်သည်။

ဂလာတိ ၄း၆-၇ တွင် ရှင်ပေါလုက ကျွန်ုပ်တို့အား အသိပေးထားသည်မှာ ဘုရားသခင်၏သားသမီးများအဖြစ် သခင်ဘုရားနှင့် ကျွန်ုပ်တို့ အကြားရှိ အသစ်တွေ့ရှိထားသော ရင်းနှီးဆက်နွယ်မှုကို နားလည်နိုင်ရန်နှင့် ချီးမွမ်းနိုင်ကြရန် အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်ကို

စေလွှတ်ခဲ့ခြင်းဖြစ်သည်။ (၆) ထိုသို့ သင်တို့သည် သားဖြစ်သောကြောင့် အဗွအဘဟု ခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။ (၇) သို့ဖြစ်၍ သင်တို့သည် နောက်တစ်ဖန် အစေအပါး ကျွန် မဖြစ်။ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏အမွေခံလည်းဖြစ်ကြ၏။

ဘုရားသခင်၏ဝိညာဉ်တော်မှ **"အဗွအဘ"** ဟု အမည်သို့ခေါ်ဆိုထားသည်ကို သတိပြုကြည့်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်လုပ်ငန်းမှာ ဘုရားသခင်အား ဖခင်အနေဖြင့် သိကျွမ်းရင်းနှီးနေသော ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြား၌ ရင်းနှီးဆက်နွယ်မှု၏အတိမ်အနက်ကို ဖော်ပြရန်ဖြစ်သည်။ ဘုရားသခင်နှင့် ရင်းနှီးဆက်နွယ်မှုရခြင်းကို နားလည်လာ၍ တန်ဖိုးထားတတ်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏အသက်တာ၌ တိုးပွားလာသော ငြိမ်သက်ခြင်းကို အကျိုးအဆက် အဖြစ်ခံစားကြရပါမည်။ ကြင်နာတတ်သော ကောင်းကင်ဘုံရှိအဖဖြစ်သည့် အလျောက် ကျွန်ုပ်တို့ကိုဂရုစိုက်ကြောင်း ကျွန်ုပ်တို့သိကြ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားနှင့်သမီးများဖြစ်ကြကြောင်းကိုလည်း၊ ကောင်းချီးမင်္ဂလာအလုံးစုံကို ဆက်ခံမည့်အမွေခံများဖြစ်ကြကြောင်းကိုလည်း ကျွန်ုပ်တို့သိထားကြ၏။ ဤအချက်ကို ကျွန်ုပ်တို့၏အားထားယုံကြည်ရာ အဖြစ်စွဲကိုင်လျှက်၊ ဘဝ၏ ထိုးနှက်ချက်များကို စိတ်နှလုံးငြိမ်သက်ခြင်း နှင့်အတူရင်ဆိုင်နိုင်ကြပါလိမ့်မည်။ ကျွန်ုပ်တို့ထံ၌ အဖဘုရားနှင့် သားတော်ဘုရားတို့ကို အစဉ်တိုးပွားနေသော နည်းလမ်းဖြင့်ထုတ်ဖော် ပြသရန်မှာ ဘုရားဝိညာဉ်တော်၏ကြီးမားပြင်းထန်သော ဆန္ဒပင်ဖြစ်သည်။ ရှင်ပေါလု၏ ပြောစကားများကို နားဆင်ကြည့်ပါ။

ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျှက် မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်

တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။ (၂ကော ၃း၁၈)

ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသောအဘခမည်းတော်သည် ကိုယ်တော်မြတ်ကိုသိခြင်းအလိုငှာ ပညာကိုငှင်း၊ ထိုးထွင်းဉာဏ်ကိုငှင်း၊ သင်တို့အားပေးပါမည်အကြောင်း(ဧဖက် ၁း၁၇)။

ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကြုံတွေ့ခံစားရသော ငြိမ်သက်ခြင်းနှင့် ဘုရားသခင်ကို သိရှိနားလည်ခြင်းတို့အကြား၌ လေးနက်သော ဆက်စပ်မှု တစ်ခုရှိသည်။ ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းသည် ဘုရားသခင်၌ တည်၍၊ ၄င်းသည် ထိုဘုရားသခင်နှင့်ဆက်နွယ်ရင်းနှီးရခြင်း၏အကျိုးရလာဒ်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤဆက်နွယ်ရင်းနှီးမှုကို သဝန်တိုသောစိတ်နှင့် စောင့်ကြပ်လျက်ရှိသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြားရှိ ချစ်ကြည်ရင်းနှီးမှုကို နှောက်ယှက်ဟန့်တားသောအရာမှန်သမျှသည် ငြိမ်သက်ခြင်းအသီးအပွင့်ကိုလည်း နှောက်ယှက်ဟန့်တားကြမည်ဖြစ်သည်။ အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ ချစ်ကြည်ရင်းနှီးမှုကိုငှင်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များကို နားလည်နိုင်ခြင်းကိုငှင်း၊ ဖုံးကွယ်ကာဆီးထားပေလိမ့်မည်။ ဤအချင်းအရာသည် သန့်ရှင်းသော ဝိညာဉ်တော်အား စိတ်နာစေ၏(ဧဖက် ၄း၂၉-၃၂ ကို ကြည့်ပါ။) သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ ငြိမ်သက်ခြင်းကို ဖော်ဆောင်ရန် လှုပ်ရှားလုပ်ဆောင်နေသည်နှင့်အမျှ ၄င်းသည် မယုံကြည်ခြင်းနှင့် အပြစ်ဒုစရိုက်တို့ကို ကိုင်တွယ်ဖြေရှင်းသွားလိမ့်မည်။ သခင်ခရစ်တော်၌ရှိနေသော ကျွန်ုပ်တို့၏ဖြစ်တည်မှု သိရှိ သောအသိမှ၄င်း၊ ဘုရားသခင်နှင့် ချစ်ကြည်ရင်းနှီးမှုမှ၄င်း၊ ဟန့်တားသော

အရာတစ်ခုမျှမရှိစေရန်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ အလို ဆန္ဒပင် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ဖော်ဆောင်လိုသော ငြိမ်သက်ခြင်းကို နှောက်ယှက်ဟန့်တားသော အရာများအားလုံးမှ ကျွန်ုပ်တို့ကို ကာကွယ်ပေးရန်အလိုရှိသည်။

ငြိမ်သက်ခြင်းကို အမှီလိုက်ရန် ဆင့်ခေါ်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့၏အထဲ၌ဖော်ဆောင်လို နေသောငြိမ်သက်ခြင်းကို တွေ့ကြုံခံစားလိုလျှင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရမည့်အချက်မှာ အလွန်လက်တွေ့ကျသောအနှစ်သာရ တစ်ခုဖြစ်သည်။ တမန်တော်ရှင်ပေတရုက ပေတရုဩဝါဒစာပဒ္ဓမစောင်တွင် ငြိမ်သက်ခြင်းအား အမှီလိုက်ကြရန် စိန်ခေါ်မှုပြုထားသည် မှာ-

အသက်ကိုမွေ့လျော်စေ၍ ကောင်းမွန်သောနေ့တို့ကို တွေ့မြင်ခြင်းငှာ၊ အလိုရှိသူသည် မိမိလျှာကို မကောင်းသောအရာနှင့် ကင်းလွတ်စေ။ မိမိနှုတ်ခမ်းလည်း မုသာစကားကို မပြောစေနှင့်။ (၃း၁၁)ဒုစရိုက်ကို လွှဲရှောင်၍ သုစရိုက်ကို ပြုစေ။ သူတပါးနှင့် အသင့်အတင့်နေခြင်းကို ရှာ၍ မီအောင်လိုက်စေ။ (၁ပေ ၃း၁၀-၁၁)။

ဤကျမ်းပိုဒ်၌ ကျွန်ုပ်တို့ စဉ်းစားသုံးသပ်ရမည့်အချက် (၂)ခုရှိသည်။ ပထမအချက်အနေဖြင့် ဒုစရိုက်ကို လွှဲရှောင်ခြင်းနှင့် ငြိမ်သက်ခြင်းတို့အကြားရှိ ဆက်စပ်မှုကို သတိပြုကြည့်ပါ။ အပြစ်ဒုစရိုက်နှင့် မကောင်းသောအကျင့်တို့သည် ငြိမ်သက်ခြင်း၏ မဟာရန်သူများဖြစ်ကြသည်။ ငြိမ်သက်ခြင်းအသီးအပွင့်ကို ကျွန်ုပ်တို့အသက်တာ၌ သိမြင်ခံစားလိုလျှင် ကျွန်ုပ်တို့သည် ဒုစရိုက်ကို လိုလိုလားလား ရှောင်ရှားကြရမည်။

၁ ပေ ၃း၁၀ ရှိ ဒုစရိုက်အချက်မှာ ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်းကို ရှာကြံ၍ အမီလိုက်ကြရန်ဖြစ်သည်။ ရှာကြံခြင်းဆိုသည်မှာ တစ်စုံတစ်ခုအတွက် ပြင်းပြသောဆန္ဒရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ငြိမ်သက်ခြင်းကို တောင်းတကြသည်။ သို့သော်ရှင်ပေတရုက ငြိမ်သက်ခြင်းကို ရယူလို ယုံသက်သက်သည် မလုံလောက်ပါ။ ထိုငြိမ်သက်ခြင်းကို မီအောင်လည်းလိုက်ကြရမည်ဟု ဆိုထားသည်။ ငြိမ်သက်ခြင်းကို အမီလိုက် မည်ဆိုလျှင် ကျွန်ုပ်တို့သည် မကောင်းသောအကျင့်နှင့် အပြစ်ဒုစရိုက်ကို ပထမဆုံးကိုင်တွယ်ဖြေရှင်းရမည်ဟု အထက်ပါကျမ်းပိုဒ်၌ ဆိုထားသည်။

ခက်ခဲသော စုံစမ်းစစ်ကြောခြင်းကို သင့်အသက်တာ၌တွေ့ကြုံရသော အခါ သင်မည်သို့ဖြစ်သွားသနည်း။ ညည်းတွားပြစ်တင်ခြင်း(သို့) ခါးသည်းခြင်းတို့ကို တစ်ခါတရံစတင်ခံစားလုပ်ဆောင်ကြရသည်။ ဤအချင်းအရာမှာ ကြသရေလလူမျိုးများ တောကြမ်းကန္တာရထဲ၌ လှည့်လည်သွားလာခဲ့ကြစဉ်က ဖြစ်ပျက်ခဲ့သောအရာဖြစ်သည်။ လမ်းခရီး၌ သူတို့ကြုံတွေ့ရသော စုံစမ်းစစ်ကြောခြင်းများအတွက် မကျေမနပ် ညည်းတွားခဲ့ကြသည်။ ဤမကျေမနပ်ညည်းတွားခြင်းသည် ကြသရေလလူမျိုးများ ထာဝရဘုရားသခင်ကို မယုံကြည်၊ မကိုးစားကြောင်းကို ဖော်ပြနေသည်။ သူတို့၏ မယုံကြည်မှုများကိုဝန်ခံ၍ သူတို့အတွက် ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်များ၌ ဒူးထောက်အပ်နှံကြရန် လိုအပ်ပါသည်။ ဘုရားသခင်သည် သူတို့ကြုံတွေ့နေရသောအခြေအနေများကို ထိန်းချုပ်နေကြောင်းကိုလည်း၊ ထိုအခြေအနေများကို အသုံးပြု၍ သူတို့အား ဘုရားသခင်၏သဏ္ဌာန်တော်အတိုင်း ပုံသွင်းမည့်အကြောင်းကိုလည်း၊ သူတို့သိရှိရန်လိုအပ်သည်။ တောကြမ်းထဲ၌ လှည့်လည်သွားလာ ခဲ့ကြ စဉ်က သူတို့၌ ငြိမ်သက်ခြင်းမရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည်

ဘုရားသခင်ကို မယုံကြည်ကြသောကြောင့်(သို့)ဘုရားသခင်၏ လမ်းပြဦးဆောင်ခြင်းကို အသိအမှတ်မပြုခဲ့ကြသောကြောင့်ဖြစ်သည်။ မယုံကြည်ခြင်းတည်းဟူသော အပြစ်သည် သူတို့အား ငြိမ်သက်ခြင်းကို မခံစားနိုင်အောင် ဟန့်တားခဲ့သည်။

သခင်ဘုရားကို မယုံကြည်မကိုးစားသောကြောင့် ငြိမ်သက်ခြင်းကို မခံစားရသည့်အဖြစ်မျိုးကို ကျွန်ုပ်တို့၏ခရစ်ယာန်ခရီးလမ်း၌ မကြာခဏကြုံဖူးကြပါသည်။ ဘုရားသခင်၏လုပ်ဆောင်မှုများကို နားမလည်သောအခါ၌ ကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်ကိုးစား၍ငြိမ်သက်ခြင်းနှင့် စိတ်ချမ်းသာခြင်းကို ခံစားရန် ပြုလုပ်နိုင်ပါသလား။ မယုံကြည်ခြင်းနှင့် ပုန်ကန်တတ်ခြင်းသည် ဘုရားဝိညာဉ်တော်မှ ကျွန်ုပ်တို့၏အထဲ၌ဖန်တီးဖော်ဆောင်လိုသော ငြိမ်သက်ခြင်းကို ဟန့်တားနှောက်ယှက်ကြပါလိမ့်မည်။ ငြိမ်သက်ခြင်းအသီးအပွင့်ကို ကျွန်ုပ်တို့သိရှိခံစားလိုလျှက် ဘုရားဝိညာဉ်တော်မှ ကျွန်ုပ်တို့အား ဖော်ပြပေးသောအရာနှင့် သွန်သင်ပေးသောအရာများ၌ ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်နှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရမည်။

တမန် ၇း၅၄-၅၆ သည် သတေဖန်၏အသက်တာ၌ ငြိမ်သက်ခြင်းကို ပြုလုပ်ဖန်ဆီးပေးသော သန့်ရှင်းသောဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုကို ပြသော အံ့ဖွယ်သာဓက တစ်ခုဖြစ်သည်။ ထိုခေတ်ဘာသာရေးခေါင်းဆောင်ကြီးများက သူကိုခဲနှင့်ပေါက်၍ အဆုံးစီရင်နေကြချိန်တွင် သတေဖန်သည် ကောင်းကင်ထက်သို့ မော့ကြည့်ခဲ့ရာ ပလွင်တော်ထက်၌ စံမြန်းနေသော သခင်ယေရှုကို မြင်တွေ့ခဲ့သည်။ သခင်ဘုရားကို သူတွေ့မြင်သောအခါ နှလုံးသားထဲ၌ငြိမ်သက်ခြင်းများဖြင့် သူပြည့်လျှံနေခဲ့သည်။ သတေဖန်၏မျက်နှာသည် ကောင်းကင်တမန်အလားထွန်းတောက်နေခဲ့သည်။ မိမိအသက်တာ၌ ဤကဲ့သို့သော ညှဉ်းပန်းနှိပ်

စက်ခြင်းကို ခွင့်ပေးရခြင်းအတွက် ဘုရားသခင်အား စောဒကတက် မေးခွန်းထုတ်ခဲ့နိုင်သော်လည်း မလုပ်ခဲ့ပါ။ ထိုအစား သတေဖန်သည် ဤစုံစမ်းစစ်ကြောခြင်း၌ သခင်ခရစ်တော်ကို မိမိ၏အသက်တာ၌ ထုတ်ဖော်ပြသရန် သန့်ရှင်းသောဝိညာဉ်တော်ကို အခွင့်ပေးခဲ့သည်။ မိမိအားညှဉ်းပန်းနှိပ်စက်နေကြသောသူများကို ခွင့်လွှတ်ခဲ့သည်။ ရလဒ်မှာကား ဤလောကီသားများက မည်သို့မျှမသိနိုင်မည့် ငြိမ်သက်ခြင်းကို ခံစားရခြင်းဖြစ်သည်။

ရှင်ပေါလုသည် ကောလောသဲ ယုံကြည်သူများအား ၎င်းတို့၏အသက်တာ၌ ငြိမ်သက်ခြင်း၏အုပ်စိုးခြင်းကို ခံစေရကြည့်အကြောင်းအသိစိတ်နှင့်တကွ ဆုံးဖြတ်ချက်ချကြရန် ပြောဆိုတိုက်တွန်းခဲ့သည်။

သင်တို့ စိတ်နှလုံးထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်းအုပ်စိုးစေ။ ထိုသို့အလိုငှာ သင်တို့သည် တစ်သက်လုံး တစ်ကိုယ်တည်း၌ ခေါ်ထားခြင်းကို ခံရသည်ဖြစ်၍ ကျေးဇူးတော်ကို သိသောစိတ် ရှိကြလော့။ (ကောလောသဲ ၃း၁၅)

ငြိမ်သက်ခြင်း၏ အုပ်စိုးခြင်းကို ခံရန်မှာ သူတို့သည် ဘုရားသခင်နှင့် ၎င်း၏ရည်ရွယ်ချက်များ၌ ဒူးထောက်အပ်နှံခြင်းကို ပြုကြရန်လိုအပ်သည်။ သူတို့ကို ငြိမ်သက်ခြင်းတရား၌ ခေါ်တော်မူထားကြောင်း ရှင်ပေါလုက သူတို့အား ပြောထားခဲ့ကြောင်းကို သတိပြုပါ။ ဤသည်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ ထိုငြိမ်သက်ခြင်းကို သူတို့ တွေ့ကြုံခံစားရန်မှာ သူတို့၏အသက်တာ၌ ဘုရားဝိညာဉ်တော်၏ လှုပ်ရှားလုပ်ဆောင်မှု၌ တက်ကြွစွာ ဒူးထောက်အပ်နှံရန် လိုအပ်နေပါ သည်။

ငြိမ်သက်ခြင်း၌ တိုးပွားခြင်း ဝိညာဉ်တော်ထိန်းချုပ်သောစိတ်နှလုံး

အကယ်၍ ငြိမ်သက်ခြင်းသည် ခရစ်ယာန်ရင့်ကျက်ခြင်း၌ မရှိမဖြစ်လိုအပ်သောအရာတစ်ခုဖြစ်လျှင် ထိုငြိမ်သက်ခြင်းကို ကျွန်ုပ်မည်သို့ကြုံတွေ့ခံစားရ၍ ၎င်း၌ မည်သို့ တိုးပွားနိုင်မည်နည်း။ ရောမ ၈း၆ ၌ ရှင်ပေါလုက သွန်သင်ထားသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ငြိမ်သက်ခြင်းကို သိမြင်ခံစားလိုလျှင် သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့၏စိတ်နှလုံးနှင့် အတွေးအခေါ်များကို ထိန်းချုပ်ထားစေရမည်ဟူ၍ဖြစ်သည်။

ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည် သန့်ရှင်းခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။

ဤနေရာ၌ ရှင်ပေါလုပြောသည့် အကြောင်းအရာကို သိရန်မှာ အလွန်လွယ်ကူပါသည်။ ကျွန်ုပ်အသက်တာ၌ တွေ့ကြုံရသောအရာများကြောင့် စိုးရိမ်ကြောင့်ကြခြင်းကို ကျွန်ုပ်ဘယ်နှစ်ကြိမ် ခံစားခဲ့ရသနည်း။ ဇာတိသဘောဖြင့် စဉ်းစားမည်ဆိုလျှင် အထက်ပါ အခက်အခဲများကို ကျွန်ုပ်ရင်ဆိုင်သောအခါ သခင်ယေရှုအားဖြင့် ကျွန်ုပ်တို့ရရှိ ပိုင်ဆိုင်ထားသော မျှော်လင့်ချက်မှာ ထောက်ပံ့မစခြင်းများမှ ကျွန်ုပ်တို့ မျက်နှာလွှဲခဲ့ကြပါလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာ၌ငြိမ်သက်ခြင်းကို ကြိမ်ဖန်များစွာ မခံစားခဲ့ကြရခြင်းမှာ ကျွန်ုပ်တို့၏အတွေး အယူအဆများသည် ဘုရားဝိညာဉ်တော်၏အတွေးအယူအဆများနှင့် မတူသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်တွေးခေါ်ယူဆသည့်အတိုင်း မတွေးခေါ်ကြသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများကို ဇာတိပကတိကထိန်းချုပ်ထားရန် ခွင့်ပေးထားကြသည်။ ဝိညာဉ်တော်၏

ထိန်းချုပ်ခြင်းကို ခံရသောစိတ်နှလုံးသည် ငြိမ်သက်ခြင်းရှိ၏။ အဘယ်ကြောင့်ဆိုသော် ထိုစိတ်နှလုံးသည် သခင်ဘုရားကို ကိုးစား၍ ထိုသခင်ဘုရား၏ထောက်ပံ့မစခြင်းကို ယုံကြည်ကာ၊ ထိုသခင်ဘုရား ၏ အလိုတော်၌ ဒူးထောက်အပ်နှံသော စိတ်နှလုံးဖြစ်သောကြောင့်ဖြစ်သည်။ ငြိမ်သက်ခြင်းကို သင်အလိုရှိလျှင် ဇာတိပကတိဆန်သော အတွေး အခေါ်များမှ ရှောင်လွှဲ၍ သင့်စိတ်နှလုံးနှင့်တွေးခေါ်ယူဆပုံများကို သန့်ရှင်းသော ဝိညာဉ်တော်အား ထိန်းချုပ်ရန် အခွင့်ပေးလိုက်ပါ။

နာခံတတ်သောနှလုံးသား

ဒုတိယအချက်အနေဖြင့် သမ္မာကျမ်းစာမှ ပြောပြထားသော အချက်မှာ ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်းအသီးအပွင့်၌ တိုးပွားလိုလျှင် ကျွန်ုပ်တို့သည် နာခံခြင်းအားဖြင့် လျှောက်လှမ်းရန် ဆက်ကပ်အပ်နှံကြရမည်။ ရှင်ပေါလုက ယုံကြည်သူများအား ကောလောသဲ ၃း၁၅-၁၆ ၌ ပြောပြထားသောအချက်ကို နားဆင်ကြည့်ပါ။

(၃း၁၅) သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးစေ။ ထိုသို့အလိုငှာ သင်တို့သည် တစ်လုံးတစ်ဝတည်း၌ ခေါ်ထား ခြင်းကို ခံရသည်ဖြစ်၍ ကျေးဇူးတော်ကို သိသောစိတ်ရှိကြလော့။ (၃း၆) ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်း အမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကို ပြု၍ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌တင့်တယ် လျှောက်ပတ်စွာ သီချင်းဆိုကြလော့။

သခင်ခရစ်တော်၏ငြိမ်သက်ခြင်းကို ယုံကြည်သူတို့၏ နှလုံးသား အား အုပ်စိုးစေခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တရား သူတို့၏ အထဲ၌

ကြွယ်ဝစွာတည်ရှိနေခြင်းတို့အကြား၌ ဆက်နွယ်မှုကို သတိပြုပါ။ ဘုရားသခင်၏နှုတ်ကပတ်တရား၌ ဒူးထောက်အပ်နှံ၍ နာခံခြင်းဖြင့် ရှင်သန်မှသာလျှင် ဘုရားသခင်၏နှုတ်ကပတ်တရား၌ ကျွန်ုပ်တို့၏စိတ်နှလုံးအထဲ၌ ကိန်းဝပ်နေနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တရားကို မနာခံခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်အား နာကြည်းစေကြသောအခါ ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်းအသီးအပွင့်ကို အပြည့်အဝခံစားနိုင်ကြမည်မဟုတ်ပါ။ ငြိမ်သက်ခြင်းကို ကြုံတွေ့ခံစားနိုင်ရန်မှာ ဘုရားသခင်၏ နှုတ်ကပတ်တရားကိုနာခံခြင်းဖြင့် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်စေကြရမည်။

အလားတူ အယူအဆကို ရှင်ပေါလုက ဖိလိပ္ပိ ၄း၉ တွင် ထပ်လောင်း၍ ပြောဆိုထားသည်မှာ -

သင်တို့သည် အထက်က သင်ယူ၍ ငါ၌ကြားမြင်ခဲ့ပြီးသမျှတို့ကိုကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည်။

ဖိလိပ္ပိယုံကြည်သူတို့သည် ရှင်ပေါလုက သွန်သင်ပေးခဲ့သည် စည်းမျဉ်းများအတိုင်း နာခံခြင်းဖြင့်လျှောက်လှမ်းကြသောအခါ ငြိမ်သက်ခြင်းသခင်သည် မိမိ၏ငြိမ်သက်ခြင်းကို ၎င်းတို့အထဲ၌ ဖော်ထုတ်ပြသသွားပါလိမ့်မည်။ ငြိမ်သက်ခြင်းအသီးအပွင့်ကို ခံစားနိုင်ရန်မှာ နှုတ်ကပတ်တရားကို နာခံခြင်း၌ လျှောက်လှမ်းကြရန် ဆက်ကပ်အပ်နှံကြရမည်။

ကိုးစားခြင်းနှင့် ယုံကြည်ခြင်း

ရောမ ၁၅း၁၃တွင် ရှင်ပေါလုက ငြိမ်သက်ခြင်းနှင့် ဘုရားသခင်အား ကိုးစားခြင်းတို့အကြား၌ ဆက်နွယ်မှုတစ်ခုရှိကြောင်း ဖော်ပြ

ထားသည်။

သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့် ကြွယ်ဝစေခြင်းငှာ ယုံကြည်သော စိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့် ပြည့်စုံမည်အကြောင်း မျှော်လင့်ခြင်း၏အရှင်ဘုရားသခင်ကယ်မသနားတော်မူပါစေသော်။

ရှင်ပေါလု၏ ဆုတောင်းချက်မှာ ဘုရားသခင်၏လူမျိုးတော်တို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားကြသည့်အလျောက် ဘုရားသခင်သည် သူတို့အား ငြိမ်သက်ခြင်းနှင့် ပြည့်စေတော်မူမည့်အကြောင်းပင်ဖြစ်သည်။ ငြိမ်သက်ခြင်းသည် ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် ကိုးစားခြင်းတို့၏ အသီးအပွင့်ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်သောသူများသည် ငြိမ်သက်ခြင်းကို ခံစားကြသောသူများဖြစ်ကြသည်။ ဘုရားသခင်၏ ထောက်ပံ့မစမှုနှင့် ကွယ်ကာစောင့်မမှုတို့ကို ယုံကြည်အားထားသောသူသည် စုံစမ်းစစ်ကြောခြင်းများကို ငြိမ်သက်ခြင်းစိတ်နှလုံးဖြင့် ရင်ဆိုင်နိုင်သောသူဖြစ်သည်။ မယုံကြည်ခြင်းသည် ငြိမ်သက်ခြင်း၏ ရန်သူဖြစ်သည်။

သခင်ခရစ်တော်ကို သိနားလည်ခြင်း

သခင်ခရစ်တော် သိနားလည်ခြင်းအားဖြင့် ငြိမ်သက်ခြင်းတိုးပွားလာရသည့်အကြောင်းကို ရှင်ပေတရုက ကျွန်ုပ်တို့အား ပြောပြထားသည်။

ဘုရားသခင်ကိုငှင်း၊ ငါတို့သခင်ယေရှုကိုငှင်း၊ သိသောဉာဏ်အားဖြင့် ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌များပြားပါစေသော။ (၂ပေ ၁း၂)

သင်သည် ငြိမ်သက်ခြင်းကို သိရှိခံစားလိုလျှင် သခင်ယေရှုကို

သိနားလည်ရန် လိုအပ်သည်။ သခင်ယေရှုသည် မည်သူဖြစ်ကြောင်းနှင့် သင့်အတွက် မည်သည့်အရာအားလုပ်ဆောင်သွားခဲ့သည်ကို သင်ယူလေ့လာပါ။ နက်နဲသော သူ၏ချစ်ခြင်းမေတ္တာ သင့်အတွက်ဆက်ကပ်အပ်နှံထားခဲ့ခြင်း၊ သူ၏ထောက်ပံ့စမခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ကို နားလည်ထားပါ။ သခင်ယေရှုသည် မည်သူဖြစ်ကြောင်းကို သိ၍ သူကိုယုံကြည်ကိုးစားလျှင် သင်သည် ငြိမ်သက်ခြင်းအရာကို သိရှိနားလည်လာလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သခင်ခရစ်တော်၏ ကြံအင်လက္ခဏာများနှင့် ထိုသခင်ခရစ်တော်ကို ပို၍ထုတ်ဖော်ပြသခြင်းဖြင့် ကျွန်ုပ်တို့အထဲ၌ငြိမ်သက်ခြင်းဖော်ဆောင်နေပါသည်။

ငြိမ်သက်ခြင်းအရှင်သခင်၏ ဂတိတော်များ

ငြိမ်သက်ခြင်းအရှင် ဘုရားသခင်သည် ဝိပိနှင့် သက်ဆိုင်သော သူများ အတွက်ထားရှိထားသော အံ့ဖွယ်ဂတိတော်အချို့ကို သမ္မာကျမ်းစာ၌တွေ့ရပါသည်။ သင့်ရှေ့၌ရောက်ရှိနေသော ရန်သူ၏ အစွမ်းပကားကို သင်ကြောက်ရွံ့နေခဲ့လျှင် ရှင်ပေါလုက သင့်အားသတိပေး အမှတ်ရစေနေသောအရာမှာ "ငြိမ်သက်ခြင်းအရှင်ဘုရားသခင်" သည် စာတန်ကို သင့်ခြေ ထောက်၌ နင်းခြေဖျက်ဆီးမည့်ဟူသော အချက်ပင်ဖြစ်သည်။

ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည် မကြာမြင့်မီ စာတန်ကို သင်တို့ခြေအောက်၌နှိပ်စက်တော်မူမည်။ ငါတို့သခင်ယေရှု၏ ကျေးဇူးတော်သည် သင်တို့၌ ရှိပါစေသော။ (ရောမ ၁၆း၂၀)

ဘုရားသခင်က သင့်အား လုပ်စေလိုသောအရာကို လုပ်ဆောင်ရန် ခွန်အားမရှိဟု ခံစားရ၍ သင်စိတ်နှလုံးများ ပူပန်စိုးရိမ်လျှက်ရှိနေလျှင် သင့်အားလိုအပ်သောအရာများဖြင့် ဖြည့်ဆည်းတပ်ဆင်ပေးရန်

ဘုရားသခင်ကို အခွင့်ပေးပါ။

(၁၃း၂၀) ထာဝရဗဒ္ဓိညာဉ်တရား၏ အသွေးတော်အားဖြင့် သိုး များကိုထိန်းသော သိုးထိန်းကြီးဖြစ်သော ငါတို့သခင်ယေရှုကို သေခြင်းမှ နှုတ်ဆောင်တော်မူသော ငြိမ်သက်ခြင်း၏ အရှင် ဘုရားသခင်သည် (၁၃း၂၀) မိမိနှစ်သက်တော်မူသောအရာ ကို ယေရှုခရစ်အားဖြင့် သင်တို့၌ပြုတော်မူ၍ သင်တို့သည် အလိုတော်သို့ လိုက်ကြမည်အကြောင်း၊ ကောင်းသော အကျင့် အမျိုးမျိုး၌ သင်တို့ကို ပြုပြင်တော်မူပါစေသော။ ထိုသခင်ယေရှု ခရစ်သည် ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။ (ဟေဗြဲ ၁၃း၂၀-၂၁)

သင့်အသက်တာ၌ကြုံတွေ့နေရသော အကြောင်းအရာအပေါ် ၌ စိုးရိမ်ကြောင့်ကြနေပါသလား။ ရှင်ပေါလုက သင့်အား ပြောပြနေသည့် အရာမှာ "ငြိမ်သက်ခြင်းအရှင်ဘုရားသခင်"သည် သင့်၏စိတ်နှလုံးတို့ ကို စောင့်မလိမ့်မည်ဟူသော အချက်ပင်ဖြစ်သည်။

(၄း၆) အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူး တော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျောက်ကြလော့(၄း၇) ထိုသို့ပြုလျှင် အဘယ်သူမျှ ကြဲ၍ မမှီနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အား ဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်။

(ဖိလိပ္ပိ ၄း၆-၇)

အထက်ပါကျမ်းပိုဒ်များအားလုံးတွင် ဘုရားသခင်ကို "ငြိမ်သက် ခြင်း အရှင်ဘုရားသခင်"ဟု ရည်ညွှန်းထားကြောင်းကို သတိပြုပါ။ ထိုဘုရားသခင်သည် ကျွန်ုပ်တို့ရင်ဆိုင်နေရသော ပတ်ဝန်းကျင် အခြေ

အနေများထက်ပို၍ ကြီးမြတ်ပါသည်။ ထိုဘုရားသည် သင့်စိတ်နလုံးထဲ၌ ငြိမ်သက်ခြင်းအသီးအပွင့်ကို ဖော်ဆောင်ရန် တောင့်တလျှက်ရှိသည်။ သင့်အသက်တာ၌ မည်သည့်အရာကိုပင် ရင်ဆိုင်နေရစေကာမူ၊ ဘုရားဝိညာဉ်တော်အား ဤအတားအဆီးများကို ဖယ်ရှားရန်အခွင့်ပေး၍ ပြည့်စုံသောငြိမ်သက်ခြင်းကို ပေးပိုင်သော တစ်ပါးတည်း အရှင် ဘုရားသခင်ကို ညွှန်ပြပေးစေမည်ဆိုလျှင် ဤငြိမ်သက်ခြင်းကို သင်နားလည်သိရှိနိုင်ပါသည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ဘုရားဝိညာဉ်တော်၏အသီးအပွင့်တည်းဟူသော ငြိမ်သက်ခြင်းနှင့် လောကီသားများသိရှိထားသော ငြိမ်သက်ခြင်းတို့ မည်သို့ကွဲပြားကြသနည်း။
* ဘုရားသခင်ကို သိရှိနားလည်ခြင်းနှင့် ငြိမ်သက်ခြင်းတရားတို့ မည်သို့ဆက်စပ်နေသနည်း။
* ငြိမ်သက်ခြင်းကို အမှီလိုက်ကြရန် သမ္မာကျမ်းစာမှ သွန်သင်ထားပါသည်။ ဤအချင်းအရာကို မည်သို့ အကောင်အထည်ဖော်ကြမည်နည်း။
* "ငြိမ်သက်ခြင်းအရှင်ဘုရားသခင်"မှ သူ့ကိုချစ်သော သူတို့အတွက် ထားရှိထားသော ဂတိတော်များကား အဘယ်နည်း။
* အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းတွေ့ကြုံခံစားခြင်းကို မည်သို့ ဟန့်တားနှောင့်ယှက်သနည်း။
* ကျွန်ုပ်တို့၏အသက်တာ၌ငြိမ်သက်ခြင်းကို ဖော်ဆောင်ရာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏အခန်းကဏ္ဍကားအဘယ်နည်း။ မည်သို့လုပ်ဆောင်သနည်း။

ဆုတောင်းရန်အချက်များ

* ဤလောကကြီးမှ မပေးနိုင်သော ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ သိရှိနားလည်ရန် အလိုတော်ရှိနေသော သခင်ဘုရားကို ကျေးဇူးတင်ခြီးမွမ်းပါ။
* သင့်အသက်တာ၌ ငြိမ်သက်ခြင်းအသီးအပွင့်ကိုဟန့်တားနှောက်ယှက်သောအရာ ပှန်သမျှကို သင့်အား ထုတ်ဖော်ပြသပေးရန် သန့်ရှင်းသော ဝိညာဉ်တော်အား တောင်းလျှောက်ပါ။
* ဘုရားသခင်အား သူ၏ဖြစ်တည်မှုနှင့် သူ၏ကြံအင်လက္ခဏာ ပို၍ သင့်အထံ၌ထုတ်ဖော်ပြသရန် တောင်းလျှောက်ပါ။ သင်သည် ပို၍ကြီးပြတ်နက်နဲသော ငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတို့ သိနိုင်ရန် လုပ်ဆောင်နေသော သူကို ကျေးဇူးတင်ခြီးမွမ်းပါ။

စိတ်ရှည်ခြင်း

ဝိညာဉ်တော်၏အသီးအပွင့်ကို လေ့လာသော ဤလေ့လာချက်၌ ယခုအထိ ကျွန်ုပ်တို့ စစ်ဆေးလေ့လာခဲ့သော အသီးအပွင့်များမှာ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ဖြစ်ကြသည်။ ဤအသီးအပွင့်များကို ကျွန်ုပ်တို့အသက်တာ၌ တွေ့မြင်ခံစားရန် ကျွန်ုပ်တို့ အားလုံးလိုချင်နေကြပါသည်။ သို့သော် စတုတ္ထမြောက်အသီးအပွင့်ကို ကားရှာကြောသူ နည်းလှပါသည်။ စိတ်ရှည်ခြင်းအတွက် ဆုတောင်းတိုင်းဘုရားသခင်သည် သူတို့အထံ၌ စုံစမ်းစစ်ကြောခြင်းကို စေလွှတ်နေသည်ဟု ထင်မှတ်ရသောကြောင့် စိတ်ရှည်ခြင်းအတွက် ဆုတောင်းခြင်းကိုပင် ရပ်စဲခဲ့ကြသည်ဟု ကျွန်ုပ်အား ပြောပြသောသူများကို ကျွန်ုပ်ကြုံတွေ့ဖူးပါသည်။

စိတ်ရှည်ခြင်း ဟူသောစကားလုံးအတွက် ဂရိဘာသာစကား၌ အသုံးပြုထားသောစကားလုံးမှာ "မခရိုသူးမီးရား"ဖြစ်သည်။ ဤစကားလုံးသည် စကားလုံးငယ်လေးနှစ်လုံးဖြစ်သော "မခရို"နှင့်"သူးမတ်" ဟူသော စကားလုံးများမှ ရောက်ရှိလာခြင်းဖြစ်သည်။ "မခရို"ဟူသော စကားလုံးမှာ သာမန်အားဖြင့် "ရှည်သော" (သို့) "ရှည်ကြာသော"ဟု အဓိပ္ပါယ်ရသည်။ "သူးမတ်" ဟူသောစကားလုံးမှာ "ကြမ်းတမ်းခက်ထန်ခြင်း"(သို့) "အမျက်ဒေါသ"ကို ရည်ညွှန်းသည်။ ဤစကားလုံး

ငယ်လေးနှစ်လုံးကို သင်ပေါင်းစပ်လိုက်သောအခါ ကြမ်းတမ်းခက်ထန်သော (သို့) ခက်ခဲသော ပတ်ဝန်းကျင်အခြေအနေအောက်၌ အချိန်ကြာမြင့်စွာ နေထိုင်ရခြင်းဟူသော အဓိပ္ပါယ်မျိုးကို သင်ရရှိပါမည်။ စိတ်ရှည်ခြင်းဆိုသည်မှာ အချိန်ကာလကြာမြင့်သော စုံစမ်းစစ်ကြောခြင်း (သို့) စမ်းသပ်ခြင်းကို လက်လျော့အရှုံးပေးခြင်းမရှိဘဲ ကြံကြံခံရင်ဆိုင်နိုင်သော သူ တစ်ဦး၏အရည်အသွေးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အထဲမှ အဘယ်သူကမျှ စုံစမ်းစစ်ကြောခြင်း (သို့) စမ်းသပ်ခြင်းကို မနှစ်သက်သော်လည်း ဘုရားသခင်ဖြစ်စေလိုသော သူဖြစ်လာနိုင်ရန်မှာ ၎င်းတို့ကို ကျွန်ုပ်တို့ ကြံကြံခံ ရင်ဆိုင်ဖြတ်သန်းကြရန် အရေးကြီးပါသည်။ ဓမ္မသစ်ကျမ်းမှ ကျွန်ုပ်တို့အား စိတ်ရှည်ခြင်း၊ အသီးအပွင့်နှင့် စပ်လျဉ်း၍ ဟောကြားရန်ရှိသော အကြောင်းအရာများကို စဉ်းစားသုံးသပ်ရန် အချိန်အနည်းငယ် ယူကြပါစို့။

ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ဆက်ဆံရာ၌လက်တွေ့ပြခဲ့ပြီးဖြစ်သည်။

ရှင်ပေါလုသည် အပြစ်သားဖြစ်သည့် သူ့အပေါ်၌ထားရှိသော ဘုရားသခင်၏စိတ်ရှည်ခြင်းကို အခြားတမန်တော်များထက်စာလျှင် ပို၍ နားလည်ခဲ့ဖွယ်ရှိသည်။ ၁တိ ၁း၁၆ တွင် သူရေးသားခဲ့သည်မှာ -

> ***သို့သော်လည်း ထာဝရအသက်အလိုငှာ ယုံကြည်လတ်သော သူတို့လိုက်စရာ ပုံသက်သေဖြစ်စေခြင်းငှာ၊ အကြီးဆုံးသော အပြစ်ရှိသော ငါ၌ယေရှုခရစ်သည် ခပ်သိမ်းသောခွန်အီတော်ကို ပြတော်မူမည်အကြောင်း ငါကိုသနားတော်မူပြီ။***

ဘုရားသခင်သည် သူ၏ခပ်သိမ်းသော ခွန်အီတော်(အတိုင်းအဆမဲ့သောစိတ်ရှည်ခြင်း)ကို သက်သေပြရန် မိမိအား ပုံဥပမာတစ်ခုအနေဖြင့် အသုံးပြုခဲ့ကြောင်း ရှင်ပေါလုယုံကြည်ခဲ့သည်။

ရှင်ပေါလုသည် သူမပြောင်းလဲပီဂ အာသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ သခင်ယေရှုနှင့် သူ၏နောက်လိုက်များနှင့် သက်ဆိုင်သည့်အရေးကိစ္စအားလုံးကို မုန်းတီးခဲ့သည်။ ဘုရားသခင်၏နိုင်ငံတော်အရေးကိစ္စများအပေါ်၌ အင်မတန်ကြောက်စရာကောင်းသောအရာကို ပြုခဲ့သည်။ ဒုစရိုက်များအတွက် ဘုရားသခင်သည် ရှင်ပေါလုကို ဒဏ်ခတ်စီရင်နိုင်သော်လည်း အလွန်စိတ်ရှည်ခဲ့သည်။ ဘုရားသခင်သည် ရှင်ပေါလုအား လိုက်လံ၍ သူ၏နှလုံးသားကို အနိုင်ယူသိမ်းသွင်းကာ ပြုလုပ်ခဲ့သော ဒုစရိုက်များကိုလည်း ခွင့်လွှတ်ပေးခဲ့သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ စိတ်ရှည်ခြင်းသာ မရှိခဲ့လျှင် ကျွန်ုပ်တို့မည်သည့်နေရာတွင် ရှိနေခဲ့ကြမည်နည်း။ ရှင်ပေတရုက အတိအလင်းဖော်ပြထားသည်မှာ သခင်ဘုရား၏စိတ်ရှည်ခြင်းသာ မရှိခဲ့လျှင် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌သာ ဆက်လက်ကျင်လည်နေကြဦးမည်သာဖြစ်သည်။

ငါတို့ ချစ်သောညီပေါလုသည် မိမိခံရသော ဉာဏ်ပညာအတိုင်း သင်တို့အားရေး၍ပေးလိုက်သော စာ၌ . . . ငါတို့သခင်ဘုရားသည် သည်းခံတော်မူခြင်းသည် ကယ်တင်မည့်အကြောင်း ဖြစ်သည်ဟု မှတ်ကြလော့။ *(၂ပေ ၃း၁၅)*

ကျွန်ုပ်တို့အပေါ်၌ထားရှိသော သခင်ဘုရား၏အံ့ဖွယ်စိတ်ရှည်ခြင်းအပေါ်၌ ကျွန်ုပ်တို့၏ကယ်တင်ခြင်း ကျေးဇူးတရားအကြွေးများတင်လျက် ရှိကြသည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ လမ်းပျောက်နေစဉ်၌ပင် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် လက်လျော့စွန့်လွှတ်ခြင်းကို မပြုလုပ်ခဲ့ပါ။ သူသည်အကျွန်ုပ်တို့ကို ဒဏ်ခတ်ဖျက်ဆီးပစ်ခဲ့နိုင်သော်လည်း၊ ထိုသို့မပြုလုပ်ခဲ့ပါ။ သူသည် ကျွန်ုပ်တို့အပေါ်၌ စိတ်ရှည်ခဲ့ပြီး၊ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်နှင့် ပုန်ကန်ခြင်းအကြားမှာပင် လက်တော်ကို

ဆန့်တန်းလျှက် ကျွန်ုပ်တို့ကို သူ့ထံသို့ ဆွဲခေါ်သိမ်းသွင်းခဲ့ပါသည်။

ယုံကြည်သူများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်၌နစ်မျောနေခဲ့ကြစဉ်၌ပင် ကျွန်ုပ်တို့အပေါ်၌ထားရှိသော သခင်ဘုရား၏စိတ်ရှည်ခြင်း ကို ကျွန်ုပ်တို့သိထားကြပါသည်။ သို့သော်လည်း သခင်ဘုရားအပေါ်၌ ကျွန်ုပ်တို့မကြာခဏပျက်ကွက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏စိတ်သဘောထားများသည် အမြဲတစေမမှန်ခဲ့ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကျော်ခိုင်း၍ ကျွန်ုပ်တို့ကြိုက်နှစ်သက်ရာလမ်းကို ရွေးချယ်ကြပါသည်။ ကျွန်ုပ်တို့မပြောသင့်သောစကားများကို ကျွန်ုပ်တို့ ပြောခဲ့ကြသည်။ ဤသို့သောမပြည့်စုံမှုများကြားမှာပင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆက်လက်၍ချစ်တော်မူပြီး၊ စိတ်ရှည်ခြင်းလည်း ရှိနေလျှက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် လက်လျော့အရှုံးပေးသွားမည် မဟုတ်ပါ။

ကျွန်ုပ်တို့၏ အခြားသူများနှင့်ဆက်ဆံရေးတွင် စိတ်ရှည်ခြင်း

မမြဲသစ်ကျမ်းမှ ကျွန်ုပ်တို့အား သခင်ဘုရားက ကျွန်ုပ်တို့အပေါ်ပြသခဲ့သော စိတ်ရှည်ခြင်းကို ထောက်ရှု၍ ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နမများအပေါ်၌လည်း စိတ်ရှည်ကြရန် ခွန်အားပေးတိုက်တွန်းထားသည်။ စိတ်ရှည်ခြင်း အသီးအပွင့်၏အထောက်အထားကို ကျွန်ုပ်တို့သည် အခြားသူများအား ဆက်ဆံပြုမူရာတွင် တွေ့မြင်ရပါလိမ့်မည်။ ဖေဖက် ၄း၂တွင် ရှင်ပေါလုက ယုံကြည်သူတို့အား တစ်ဦးနှင့်တစ်ဦး စိတ်ရှည် သည်းခံကြရန် စိန်ခေါ်ထားသည်မှာ -

အရာရာ၌စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍၊

"သည်းခံခြင်း"ဟု အဓိပ္ပါယ်ပြန်ထားသော ဂရိစကားလုံးသည်

“ကျိတ်မှိတ်ခံခြင်း” “တောင်းခံခြင်း” (သို့) “အောင်အည်းခွင့်ပြုထားခြင်း”ဟူ၍လည်း အဓိပ္ပါယ်ရသည်။ ဤအဓိပ္ပါယ်များမှ သွယ်ဝိုက်၍ညွှန်းဆိုနေသည်မှာ ကျွန်ုပ်တို့သည်းခံပေါင်းသင်းနေသောသူများသည် အမြဲတမ်း လွယ်လွယ်ကူကူ ဆက်ဆံ၍ရသောသူမများမဟုတ်ကြကြောင်းပင်ဖြစ်သည်။ ဤလုပ်ရပ်သည် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏အစွမ်းထက်သောလုပ်ရှားလုပ်ဆောင်မှုကို လိုအပ်နေသည်။ စိတ်ရှည်ခြင်းဆိုသည်မှာ ဆက်ဆံပေါင်းသင်းရန်ခက်ခဲသောသူများအား သည်းခံနိုင်သောအရည်အချင်းတစ်ခုဖြစ်သည်။ ဤအချင်းအရာသည် ကျွန်ုပ်တို့ အထဲမှအများစုက မလုပ်လိုသောအရာဖြစ်သည်။ အမှန်ဆိုရလျှင် ပေါင်းသင်းဆက်ဆံရန် ခက်ခဲသောသူများကို သည်းခံခြင်းမှာ ကျွန်ုပ်တို့ အတွက်လုပ်ရိုးလုပ်စဉ်တစ်ခုတော့မဟုတ်ပါ။ သို့သော်ဤသို့သော အချင်းအရာမှာ ဘုရားသခင်က ကျွန်ုပ်တို့အပေါ်၌ ပြုခဲ့သည့်အရာဖြစ် ကြောင်းသတိရပါ။ သူသည် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်နှင့်ပုန်ကန်ခြင်းကို တောင့်ခံရင်းခွင့်လွှတ်ပေးခဲ့သည်။ အကယ်၍ဘုရားသခင်ကို အခွင့် ပေးမည်ဆိုလျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် ဤကဲ့သို့သော စိတ် ရှည်ခြင်းကို အခြားသူများထံ၌ ပြသရန် ကျွန်ုပ်တို့အထဲ၌ ဖော်ဆောင် သွားပါလိမ့်မည်။

ကောလောသဲ ၃း၁၂-၁၃ တွင် ရှင်ပေါလုက တစ်ဦးနှင့်တစ်ဦး စိတ်ရှည်ကြရန် စိန်ခေါ်ချက်တစ်ခုကို ယူဆောင်တင်ပြထားသည်မှာ-

> *(၃း၁၂) ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ (၃း၁၃) တစ်ယောက်၌တစ်ယောက်အပြစ်တင်စရာအခွင့်ရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်*

ကို လွှတ်တော်မူသကဲ့သို့၊ ထိုနည်းတူ ပြုကြလော့။

ရှင်ပေါလုသည် ဇဖက် ၄း၂ ၌ အသုံးပြုခဲ့သည့် ဂရိစကားလုံးကို ဤနေရာ၌လည်း အသုံးပြုထားပြီး၊ ယုံကြည်သူတို့အား တစ်ဦးနှင့် တစ်ဦး "သည်းခံ"(ကြိတ်မှိတ်ခံ၊ တောင့်ခံ၊ အောင့်အည်းခွင့်ပြုထား)ကြရန် ခွန်အားပေးထားသည်။ သို့သော် ဤနေရာ၌ထပ်မံဖြည့်စွက်ထားသည်မှာ တစ်ဦးအပေါ်တစ်ဦးမှ ရှိနေသည့်မကျေနပ်ချက်များကိုလည်း ခွင့်လွှတ်ပေးကြရန်ပင်ဖြစ်သည်။ ဤအချက်မှ သွယ်ဝိုက်၍ညွှန်းဆိုထားသည်မှာ သူတို့စိတ်ရှည် သည်းခံကြရမည့်လူများတွင် ပေါင်းသင်းဆက်ဆံရန် ခက်ခဲသောသူများသာမဟုတ်၊ သူတို့အား တနည်းတစ်လမ်းဖြင့် ပြစ်မှားခဲ့ကြသောသူများလည်း ပါဝင်သည်။ ရှင်ပေါလုက သူတို့အား စိန်ခေါ်ချက်ပေးထားသည်မှာထိုကဲ့သို့သောသူများကို သည်းခံကြရန်ဖြစ်ပြီး၊ အကြောင်းမှာ သခင်ဘုရားမှလည်း သူတို့ကို ထိုနည်းအတိုင်း ပြုမူ ဆက်ဆံခဲ့သောကြောင့်ဖြစ်သည်။

ပေါင်းသင်းဆက်ဆံရန် လွယ်ကူသော သူများအပေါ်၌ စိတ်ရှည်ရန်မှာ အလွန်လွယ်ကူပါသည်။ သို့သော်လည်း ရှင်ပေါလုက ကျွန်ုပ်တို့ကို စိတ်နာကြည်းစေသောသူများကိုပင် စိတ်ရှည်ကြရန် တောင်းဆိုထားပါသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့လက်လျော့ စွန့်လွှတ်သွားခဲ့ခြင်းမရှိသည့်အကြောင်းကြောင့် ကျွန်ုပ်တို့အဘယ်မျှ ကျေးဇူးသိတတ်ကြရမည်နည်း။ သူ့ကိုပစ်ထား၍ သူ့အထံမှ ကျွန်ုပ်တို့ လမ်းလွဲ၍ ဦးတည်ရာမဲ့လျောက်သွား နေခဲ့ချိန်၌ပင်၊ ကျွန်ုပ်တို့အား သည်းခံခဲ့သည်။ ဘုရားသခင်သည် မိမိထံ၌ပြသခဲ့သော စိတ်ရှည်ခြင်းကို ရှင်ပေါလုက **"ခပ်သိမ်းသော ခန္တီတော်"**(အတိုင်းအဆမဲ့သော စိတ်ရှည် ခြင်း)ဟု ဖော်ကျူးထားသည်။ ဝိညာဉ်တော်၏ စိတ်ရှည်ခြင်း အသီးအပွင့်ကို နားလည်ခံစားသော သူသည် အလားတူ အပြုအမူမျိုးကို မိမိအား ပြစ်မှားသောသူများအပေါ်၌

သက်သေဖော်ပြပါလိမ့်မည်။ ဤလုပ်ရပ်မှာ ကျွန်ုပ်တို့အတွက် သမာရိုးကျ လုပ်စဉ် မဟုတ်ပါ။ ဤနေရာ၌ရှင်ပေါလု ပြောပြနေသောအရာမှာ ဘုရားသခင်ထံမှလာသော ဆုလက်ဆောင်ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်၏ ကျွန်ုပ်တို့အသက်တာ၌လှုပ်ရှား လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤသို့သော် စိတ်ရှည်ခြင်းမျိုးကို သန့်ရှင်းသော ဝိညာဉ်တော်မှ ကျွန်ုပ်တို့အထဲ၌ ဖော်ဆောင်စဉ်တွင် ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများ အပေါ်၌ထားရှိသောခါးသီးမှုနှင့် မကျေနပ်မှုများကို လက်နက်ချ စွန့်လွှတ်ရန် သန့်ရှင်းသောဝိညာဉ်တော်မှ တောင်းဆို လာပါလိမ့်မည်။ ကျွန်ုပ်တို့အား စိတ်နာကြည်းစေခဲ့သောသူများကို ခွင့်လွှတ်ရန် ကျွန်ုပ်တို့အားတောင်းဆိုပါလိမ့်မည်။ ဘုရားသခင်က ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်လိုသော စိတ်ရှည်ခြင်းသည် ကျွန်ုပ်တို့၏မှားယွင်းသော စိတ်ထားများကို စွန့်လွှတ်၍ ခွင့်လွှတ်ခြင်း တရားရှိရန် ကျွန်ုပ်တို့ ဆင့်ခေါ်တောင်းဆိုပါလိမ့်မည်။ ဤသို့ လုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့ အတွက် လွယ်ကူမည်မဟုတ်ပါ။ သို့သော် ဤသို့လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ကောင်းရာကောင်းကြောင်းအတွက်သာ အမြဲဖြစ်နေပါလိမ့်မည်။

ဆင်းရဲဒုက္ခခံစားချိန်၌ စိတ်ရှည်ခြင်း

ကျွန်ုပ်တို့၏အသက်တာ၌ကြုံတွေ့ရသော ခက်ခဲခြင်းများနှင့် ရုန်းကန်လှုပ်ရှားမှုကို ကျွန်ုပ်တို့ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် စိတ်ရှည်ခြင်း အသီးအပွင့်ကို လက်တွေ့သက်သေပြကြပါသည်။ တမန်တော်ရှင်ပေါလုသည် ဆင်းရဲဒုက္ခခံစားချိန်၌ စိတ်ရှည်ခြင်းပြခဲ့သောပုံ ဥပမာကောင်းတစ်ခု ဖြစ်သည်။ ၂ကော ၆း၄-၆ ၌ ရှင်ပေါလုက ကျွန်ုပ်တို့အား မည်သည့် အကြောင်းအရာအား ပြောပြထားသည်ကို သတိပြု ကြည့်ပါ။

(၆း၄) ညှဉ်းဆဲခံခြင်း၊ ဆင်းရဲဒုက္ခခံခြင်း၊ ပင်ပန်းခံခြင်း၊ မလွတ်နိုင်သော ဘေးဥပဒ်နှင့် တွေ့ခြင်း(၆း၅) ရိုက်နက်ခံခြင်း၊ ထောင်ကျခံခြင်း၊ သူတပါးရုန်းရင်းခတ်ပြခြင်း၊ အလုပ်ကြမ်းလုပ်ဆောင်ခြင်း၊ ညဉ့်မအိပ်ရခြင်း၊ မွတ်သိပ်ခြင်းကို အလွန်သည်းခံလျှက် (၆း၆) စိတ်နှလုံးစင်ကြယ်ခြင်း၊ နာဒလည်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုစံခြင်း၊ချစ်ယောင်မဆောင်အမှန်ချစ်ခြင်း၊

တမန်တော်ရှင်ပေါလုသည် အမှုတော်ဆောင်ရာ၌ ဆန့်ကျင်ကန့်ကွက်ခြင်းအမျိုးမျိုးကို ခံခဲ့ရသည်။ သူသည် ရိုက်နှက်ခြင်း၊ ခဲနှင့်ပေါက်ခြင်းတို့ကို ခံခဲ့ရသည်။ တရားဒေသနာဟောကြားခဲ့သောမြို့များမှ နှင်ထုတ်ခြင်းကို ခံခဲ့ရသည်။ လူအများက သူ့ကိုသတ်ချင်နေခဲ့ကြသည်။ သူသည် ချိုးနှိမ်ခြင်းနှင့် မတရားစွပ်စွဲခြင်းကို ခံခဲ့ရသည်။ သူသည် သခင်ယေရှု၏အရေးကိစ္စကိုထောက်ရှုလျှက် ဤအရာများအားလုံးကို သည်းခံလုပ်ဆောင်ခဲ့သည်။ ဤသို့သော ခက်ခဲမှုဒုက္ခများကို ရင်ဆိုင်ခဲ့သည့်ကြား၌ပင် သူသည် သူ၏ယုံကြည်ခြင်းအားဖြင့်သား ဖြစ်သော တိမောသေအတွက် ပုံသက်သေကောင်းများကို ချန်ထားရစ်နိုင်ခဲ့သည်ဟု ယုံကြည်စိတ်ချနေခဲ့သည်။

ငါဆုံးမသြဝါဒပေးခြင်း၊ အကျင့်ကျင့်ခြင်း၊ ကြံစည်ခြင်း၊ သစ္စာစောင့်ခြင်း၊ စိတ်ရှည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်းတို့ကို . . . . သင်သည် ရှာဖွေနားလည်ရပြီ။ (၂တိ ၃း၁၀)

ရှင်ပေါလုသည် ဘယ်သောအခါကမျှ လက်မလျော့ခဲ့ပါချေ။ ရိုက်နှက်ခံရသောအခါ၌ ကိုယ်ခြေပေါ်ပြန်လည်ရပ်၍ သာသနာလုပ်ငန်းကို ဆက်ခဲ့သည်။ မိမိအမှုတော်ဆောင်ရာလမ်း၌ ကျရောက်လာသော အခက်အခဲများကို အံတုလျှက် ရှေ့ဆက်လျှောက်အမှုတော်ဆောင်ခဲ့ သလို

ဤသည်ကား စိတ်ရှည်ခြင်းရှိသူတစ်ဦး၏ အရည်အသွေးပင်ဖြစ် သည်။ ထိုသူ(သို့) သူမသည် ထောင့်ပေါင်းစုံမှာ ရောက်လာသော ဖိနှိပ်ခြင်း တွန်းအားများကိုခံနိုင်စွမ်းရှိသည်။ လက်မြှောက်အရှုံးပေးခြင်း (သို့) အလျော့ပေးခြင်းများကို မပြုဘဲ ထိုဖိနှိပ်ခြင်းတွန်းအားများအောက်တွင် မဲ့နေနိုင်သည်။ ဤအရာမှာ ဘုရားဝိညာဉ်တော်မှ သူတို့အား ၄င်းတို့၏ အလုပ်၌ဆက်လက်၍ ခွန်အားပေး၍ နှိုးဆော်တိုက်တွန်းနေသောကြောင့် ဖြစ်သည်။ ဝိညာဉ်တော်သည် သူတို့ကို ဆက်၍ တွန်းပို့လျက်နေသည်။

စိတ်ရှည်ခြင်း–အခြားအသီးအပွင့်များလည်း ပေါက်ရောက်ကြီးထွားနိုင်သောမြေ

စိတ်ရှည်ခြင်းသည် ကျွန်ုပ်တို့အများစု မလိုချင်သော အသီးအပွင့်တစ်ခုဖြစ်သည်။ အကြောင်းမှာ ထိုအသီးအပွင့်နှင့်အတူ ပါဝင်လာသောအရာများကို ကျွန်ုပ်တို့ မလိုချင်သောကြောင့်ဖြစ်သည်။ ခက်ခဲပြင်းထန်သောသူများ၊ ယုံကြည်ခြင်းကို စစ်ကြောခြင်းစသည်တို့ မရှိဘဲ ကျွန်ုပ်တို့ပို၍နေလိုကြသည်။ သို့သော် စိတ်ရှည်ခြင်းနှင့် သက်ဆိုင်သော အခြားကျွန်ုပ်သိထားသင့်သည့်အရာမှာ စိတ်ရှည်ခြင်းသည် ဝိညာဉ်တော်၏အခြားအသီးအပွင့်များ ပေါက်ရောက်ကြီးထွားနိုင်သော မြေဖြစ်သည်။ ကောလောသဲ ယုံကြည်သူများအတွက် ရှင်ပေါလု၏ဆုတောင်းချက်ကို နားဆင်ကြည့်ပါ။

> *(၁း၁၀) ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်းခွန်အားနှင့်ပြည့်စုံသဖြင့်၄င်း(၁း၁၂) အလင်း၌နေသော သန့်ရှင်းသူတို့၏ အမွေကို ငါတို့သည်ဆက်ဆံဝင်စားထိုက်မည်အကြောင်း ကျေးဇူးပြုတော်မူ၏။ (ကောလောသဲ ၁း၁၁-၁၂)*

ဤနေရာတွင် စိတ်ရှည်ခြင်းနှင့် အဖဘုရားသခင်အား ဝမ်းမြောက်သောစိတ်နှင့်ကျေးဇူးတင်ခြင်းတို့အကြားဌ်ဆက်နွယ်နေမှုကို သတိပြုပါ။ ဝမ်းမြောက်ခြင်းနှင့် စိတ်ရှည်ခြင်းတို့သည် အထက်ပါကျမ်းပိုဒ်ဌ်ဆက်နွယ်နေကြပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် စိတ်ရှည်ခြင်းကို ဆုံးရှုံး၍တိုက်ပွဲဌ် လက်လျော့အရှုံးပေးခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် အောင်မြင်ခြင်းအတွက် ဝမ်းမြောက်သောစိတ်နှင့် ဘုရားသခင်ကို အဘယ်သို့ကျေးဇူးတင်နိုင်ကြမည်နည်း။ အကယ်၍ကျွန်ုပ်တို့သည် စိတ်ရှည်ခြင်းကို ဆုံးရှုံး၍ အပြစ်ဒုစရိုက်ဌ် ပြိုလဲကျရှုံးသွားမည်ဆိုလျှင် ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်းစိတ်နှလုံးကို အဘယ်သို့ ရရှိနေနိုင်ကြမည်နည်း။ အကယ်၍ကျွန်ုပ်တို့သည် ညီအစ်ကိုမောင်နှမများအပေါ်ဌ် စိတ်ရှည်ခြင်းမရှိခဲ့ကြလျှင် ချစ်ခြင်းမေတ္တာအသီးအပွင့်ကို မည်သို့သက်သေထူနိုင်ကြမည်နည်း။ စိတ်ရှည်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်မှ ၄င်း၏ အသီးအပွင့်များကို သီးပွင့်ရာမြေကြီးဖြစ်သည်။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာဌ် ညတွင်းချင်းတိုးပွားရင့်ကျက်လာခဲ့ကြမည်ဆိုလျှင် ကောင်းမည်မဟုတ်လော။ ကျွန်ုပ်တို့၏ဥယျာဉ်ခြံအတွင်းရှိအပင်များကြီးထွားလာကြရန်မှာ အချိန်ယူကြရသည်။ ကျွန်ုပ်တို့၏သားသမီးများသည်လည်း နှစ်ရှည်လများ နေထိုင်ရင်း ကြီးပြင်းရင့်ကျက် လာကြရသည်။ ကြီးထွားရင့်ကျက်ခြင်းဆိုသည်မှာ အချိန်ယူရသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ကြီးထွားရင့်ကျက်ခြင်းတွင် နောင်တရခြင်း၊ အညံ့ခံအပ်နှံခြင်း၊ စမ်းသပ်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ နာခံခြင်းတို့လိုအပ်သည်။ ကျွန်ုပ်တို့၏အသက်တာဌ် ရင်ဆိုင်ကြုံတွေ့ရသောအရာများအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စမ်းသပ်၍ခွန်အားပေးခြင်းကို ခံကြရသည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏အသက်တာဌ် လုပ်ဆောင်နေသောအရာသည် တသက်လုံးကြာမြင့်ပါလိမ့်မည်။ ကောင်း

ကင်ဘုံရှိ အဖဘုရားသခင်၏ရှေ့တော်မှောက်သို့ မရောက်မချင်း ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌လှုပ်ရှားလုပ်ဆောင်ခြင်းကို ရပ်တန့်သွားမည်မဟုတ်ပါ။ သင့်အသက်တာ၌ ဘုရားသခင်က ဖြစ်စေလိုသော အရာများအားလုံးဖြစ်လာနိုင်ရန် သင်စိတ်ရှည်ဖို့ လိုအပ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ သင့်အသက်တာ၌ လုပ်နေသောအလုပ်၌ သင် ဒူးထောက်အပ်နှံရန် လိုအပ်ပါလိမ့်မည်။ သင်သည် သန့်ရှင်း၍ ရင့်ကျက်လာသော သူတစ်ဦးဖြစ်လာရန်မှာ စမ်းသပ်ခြင်းနှင့် စစ်ကြောခြင်းများကို ရင်ဆိုင်ဖြတ်သန်းသွားရန် လိုအပ်ပါလိမ့်မည်။

စိတ်ရှည်ခြင်းနှင့် ဘုရားသခင်၏ ဂတိတော်များ

အောင်မြင်ခြင်းအရာကိုသင်သိမြင်နားလည်လိုလျှင် စိတ်ရှည်ခြင်းသည် သင်၏အကြီးမားဆုံး မိတ်ဆွေဖြစ်ရပါမည်။ စိတ်ရှည်ခြင်းမပါဘဲ အနည်းငယ်သောတိုက်ပွဲကိုသာ အောင်မြင်နိုင်၏။ စိတ်ရှည်ခြင်းမပါလျှင်အနည်းငယ်သော ဂတိတော်များသာလျှင် ပြည့်စုံကြရသည်။ ဟေဗြဲဩဝါဒစာကို ရေးသားခဲ့သူမှ စိတ်ရှည်ခြင်းအားဖြင့် ဘုရားသခင်၏ ဂတိတော်များကို အမွေဆက်ခံခဲ့ကြသော သူတို့၏အကြောင်းကို ပြောပြခဲ့သည်။

> ***သင်တို့ရှိသမျှသည် ပျင်းရိခြင်းနှင့်ကင်းလွတ်၍ ယုံကြည်ခြင်းနှင့် သည်းခံခြင်းအားဖြင့် ဂတိတော်တို့ကို အမွေခံရသောသူတို့နည်းတူ ကျင့်နိုင်မည်အကြောင်း ငါတို့သည်အလိုရှိကြ၏။***
> ***(ဟေဗြဲ ၆း၁၂)***

ဟေဗြဲ ၁၀း၃၆ တွင်လည်းထိုနည်းတူပြောကြားခဲ့သည်မှာ–

ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ ဂတိတော်အတိုင်း

အကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။

ဤနေရာ၌အလေးအနက်ပြောကြားလိုသောအချက်ကို သင်သိပါသလား။ သည်းခံခြင်းနှင့် အဆုံးတိုင်တည်ကြည်ခြင်းအားဖြင့် သာလျှင် ကျွန်ုပ်တို့သည် သူ၏ဂတိတော်များကို ရရှိခံစားနိုင်ကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြောပြနေ၏။ ဆုလာဒ်ဆိုသည်မှာ ပြေးပွဲကိုအဆုံးထိတိုင် ပြေးသောသူများအတွက်ဖြစ်သည်။ သရဖူဆိုသည်မှာ အဆုံးထိတိုင် တည်ကြည်သောသူများအတွက် ဖြစ်သည်။ ရှင်ယာကုပ်မှ ဤအချက်ကို မိမိစိုက်ပျိုးထားသောသီးနှံ၏အသီးအပွင့်ကို စောင့်စားနေသော လယ်သမားတစ်ဦး၏ပုံဥပမာအားဖြင့် ရှင်းလင်းတင်ပြထားသည်။

(၅း၇)ထို့ကြောင့် ညီအစ်ကိုတို့ ဘုရားသခင်ကြွလာတော်မူသည်တိုင်အောင် သည်းခံလျက်စောင့်နေကြလော့။ အကယ်၍လယ်လုပ်သူသည် အရင်မိုး၊ နောက်မိုးကို ရသည်တိုင်အောင်၊ အဖိုးထိုက်သောမြေအသီးကို သည်းခံလျက်စောင့်နေ၍ မျှော်လင့်တတ်၏။ (၅း၈) သင်တို့သည်လည်း သည်းခံလျက် စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။ သခင်ဘုရားကြွလာတော်မူသောအချိန်ရောက်လုနီးပြီ။ (ယာကုပ် ၅း၇-၈)

ဘုရားသခင်၌ ကျွန်ုပ်တို့၏အချိန်ဇယားနှင့်မတူသောအချိန်ဇယားရှိသည်။ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့နားမလည်နိုင်သောနည်းလမ်းဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေ၏။ မိမိ ကြဲချခဲ့သော မျိုးစေ့များမှ အညှောက်များ ထွက်လာ၍ ကြီးထွားလာကာ အသီးများသီးမည့်အချိန်ကို စောင့်စားနေသောလယ်သမားကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း သခင်ဘုရားကို သည်းခံ၍စောင့်တတ်သောစိတ်ကို သင်ယူကြရမည်။ ကောင်းချီးမင်္ဂလာသည် သည်းခံ၍စောင့်စား

တတ်သောသူတို့၌ ရောက်ရှိလာစမြဲဖြစ်သည်။

ပြောက်ပြားစွာသောအချိန်၌ ကျွန်ုပ်အသက်တာအား ဝန်ပိစေသောကိစ္စရပ်များအတွက် ဘုရားသခင်ကို ကိုးစားရှာကြံခဲ့ဖူးသည်။ သို့သော်လည်း အဖြေကိုချက်ချင်းမရရှိခဲ့ပါ။ ပထမအကြိမ် ဆုတောင်းခြင်းကို ပြုလုပ်ပြီးနောက် အထက်ပါအရာကို ကျွန်ုပ်လက်လျော့ခဲ့မည်ဆိုလျှင်မည်သို့ဖြစ်မည်ကို စဉ်းစားရင်း စိတ်ကူးယဉ်ကြည့်ပါ။ ဘုရားသခင်ကြားဝင်ဖြေရှင်းလမ်းပြပေးမှုကို မတွေ့ခဲ့မချင်း မျှော်လင့်ချက်မကုန်ဘဲ ဆုတောင်းလျှက်အဆုံးထိတိုင် တည်ကြည်ခဲ့ကြသော သူတို့၏သက်သေခံချက်များကို ကျွန်ုပ်တို့ကြားဖူးခဲ့ကြပါသည်။ သူတို့၏စိတ်ရှည်ခြင်းသည် ဆုချီးမြှင့်ခြင်းခံခဲ့ကြသည်။ ဘုရားသခင်၏တရားဒေသနာတော်ကို ပထမအကြိမ်ဟောပြောပြီး နောက်လက်လျော့သွားခဲ့ကြသော ဓမ္မဟောင်းပရောဖက်များကို တွေးကြည့်ပါ။ မိမိက ပထမဆုံးအကြိမ်အဖြစ် နှုတ်ကပတ်တော်အား သက်သေသွားခံသော ပုဂ္ဂိုလ်၏ပြက်ရယ်ပြုခြင်းကို ခံရသောကြောင့် တရားဟောသက်သေခံခြင်းအမှုကို နောက်ထပ် ဘယ်သောအခါတွင်မျှ လုပ်ဆောင်ခြင်းမရှိတော့သော ဧဝံဂေလိဆရာကို တွေးကြည့်ပါ။ ကျွန်ုပ်တို့၏စိတ်ရှည်ခြင်း ပုံဥပမာများအတွက် ယခင်ခေတ်ကာလများရှိ ပရောဖက်တို့အား ပုံဥပမာအဖြစ် ယူကြရန် ရှင်ယာကုပ်မှ ကျွန်ုပ်တို့အား ပြောပြနေသည်မှာ -

ငါညီအစ်ကိုတို့ ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ ဟောပြောသောပရောဖက်တို့သည် ဆင်းရဲဒုက္ခတွေ့ခြင်း၊ သည်းခံခြင်း၏ပုံသက်သေကို ပြကြပြီဟု မှတ်ကြလော့။ (ယာကုပ် ၅း၁၀)

ဤရှေးခေတ်ကာလပရောဖက်များသည် မိမိတို့၏ဟောကြားချက်ကိုအဘယ်သူကမျှ နားထောင်ရန် ဆန္ဒမရှိသောအချိန်၌ပင် ဟောကြားသွန်သင်မှုကို ပြုလုပ်ခဲ့ကြသည်။ အချို့သော ပရောဖက်များမှာ မိမိ

တို့ ဟောပြောသောတရား၏ အဖြေကိုပင် မြင်တွေ့မသွားခဲ့ကြရပေ။ ယေရမိကဲ့သို့သော ပရောဖက်အချို့သည် ၎င်းတို့၏အသက်တာ၌ ဘုရားသခင်မှဆင့်ခေါ်၍ ပေးအပ်ခဲ့သောအရာများအတွက် သောကများစွာ ရောက်ခဲ့ကြသည်။ အခြားသူများမှာ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြရသည်။ သူတို့သည် ပြက်ရယ်ပြုခြင်း၊ လှောင်ပြောင်ခြင်း၊ ကျောက်ခဲနှင့်ပစ်ပေါက်ခြင်း၊ အသေသတ်ခြင်း စသည်တို့ကို ခံခဲ့ကြသော်လည်း လက်မလျော့ခဲ့ကြပါ။ အဆုံးထိတိုင် စိတ်ရှည်သည်းခံခဲ့ကြသည်။ သူတို့၏ အသက်တာနှင့် တာဝန်ကို အလွန်ဆိုးဝါးသော အကျပ်အတည်းများနှင့် ဖိအားများအောက်၌ ရှင်သန်ထမ်းဆောင်ခဲ့ကြသည်။ ဤအရာမှာ ကျွန်ုပ်တို့ရယူလိုက်လျှောက်ကြရမည်ပုံဥပမာဖြစ်ကြောင်း ရှင်ယာကုပ်မှ ပြောပြနေခြင်းဖြစ်သည်။ အဆုံးထိတိုင် တည်ကြည်ရဖို့ရန် ဘုရားသခင်က ကျွန်ုပ်တို့အား ဆင့်ဆိုထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကယ်မခြင်းကို မရမချင်း စိတ်ရှည်ခြင်းနှင့်အတူ မိမိတို့၏ ရပ်တည်မှုကို ထိန်းသိမ်းထားကြရန် ဘုရားသခင်က ကျွန်ုပ်တို့အား မိန့်မှာထားသည်။ စိတ်ရှည် ခြင်း မပါဘဲနှင့် တိုက်ပွဲကိုအောင်မြင်ရန်မှာ ဖြစ်နိုင်ချေ မရှိပါ။ စိတ်ရှည်စွာဖြင့် စောင့်စားနေသူများအပေါ် သို့ အောင်မြင်ခြင်း ရောက်လာစမြဲဖြစ်သည်။

ဘုရားသခင်ကိုစောင့်စားသောသူများအတွက် ထိုဘုရားသခင်သိုထားသော အောင်မြင်ခြင်းကို ကျွန်ုပ်တို့စိတ်ကူးဖြင့်ပင် မယဉ်နိုင်ကြောင်းကို ဟေရှာယမှ ပြောပြထားသည်မှာ -

> ***ကိုယ်တော်ကို မျှော်လင့်သောသူတို့အဖို့အလို့ငှာ ကျေးဇူးပြုတော်မူသောဘုရား၊ ကိုယ်တော်မှတပါး အခြားသောဘုရား သခင်ကို ကမ္ဘာဦးမှစ၍ အဘယ်သူမျှ မကြားသိပါ။***
> (ဟေရှာယ ၆၄း၄)

အောင်မြင်ခြင်းဆိုသည်မှာ သခင်ဘုရားကို စိတ်ရှည်စွာဖြင့် မျှော်လင့်စောင့်စားနေသူများအတွက် ဖြစ်သည်။ အသက်တာ၌ ဒုက္ခဆင်းရဲခြင်းကို စိတ်ရှည်စွာဖြင့် သည်းခံရင်း ရှင်သန်သွားခဲ့သော ယောဘအတွက် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သည့်အရာကို ရှင်ယာကုပ်က ကျွန်ုပ်တို့အား ပြန်လည်အသိပေးထားသည်မှာ -

သည်းခံနိုင်သောသူတို့သည် မင်္ဂလာရှိသောသူဟူ၍ ငါတို့သည် ခေါ်ကြ၏။ယောဘသည် သည်းခံကြောင်းကို သင်တို့ကြားရကြပြီ။ ထာဝရဘုရားသည် မိမိအမှုကို လက်စသတ်တော်မူရာမှာ အလွန်သနားစုံမက်တော်မူကြောင်းကိုလည်း သိမြင်ကြရပြီ။ *(ယာကုပ် ၅း၁၁)*

ယောဘသည် အသက်တာ၌ ရှိ ရှိ သမျှအရာအားလုံးကို လက်လွှတ်ဆုံးရှုံးခဲ့ကြောင်း သမ္မာကျမ်းစာမှ ဆိုထားသည်။ မိမိ၏ကျန်းမာရေးကိုသိမ်းယူခံခဲ့ရသည်။ မိမိဇနီးသည်၏ ပြုစုယုယမှုနှင့်ထောက်ပံ့ကူညီမှုတို့ကို ဆုံးရှုံးခဲ့ရသည်။ မိမိ၏မိသားစုဝင်များ အသက်ဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ သူသည် မာန်မာနထောင်လွှားစရာမရှိ ပြာပုံကျဘဝဖြင့် ရှင်သန်ခဲ့ရသည်။ သို့သော်သူသည် သခင်ဘုရားအပေါ်၌ ကိုယ်စိတ်နှလုံးတို့ကို စုစည်းထားပြီး၊ လက်မြောက်အရှုံးမပေးခဲ့ချေ။ ဖြစ်စဉ်၌ ဘုရားသခင်ဝင်ရောက်လာပြီး သူ့ကိုကောင်းချီးပေးသောအခါ ယောဘ၏ စိတ်ရှည်ခြင်းသည် ဆုလာဒ်များ ပေးအပ်ချီးမြှင့်ခြင်းကို ခံခဲ့သည်။ ထိုအချိန်မှစ၍ ဘဝတလျောက်လုံး၌ယောဘသည် အံ့သြလောက်စရာကောင်းချီးမင်္ဂလာစည်းစိမ်များဖြင့် ရှင်သန်သွားခဲ့ရသည်။

ယနေ့တွင် သင်သည်လည်း စုံစမ်းစစ်ကြောခြင်းကို ရင်ဆိုင်ကောင်း ရင်ဆိုင်နေရပေလိမ့်မည်။ သင်သည် ခက်ခဲသောအိမ်ထောင်ရေး၏ ပင်ပန်းမှုဒဏ်ကို ခံရကောင်းခံရပေမည်။ သခင်ဘုရားမှ သင့်

ကျန်းမာရေးကို ပြန်လည်ရုပ်သိမ်းကောင်း ရုပ်သိမ်းခဲ့ပါလိမ့်မည်။ သို့တည်း မဟုတ် သင့်မိတ်ဆွေသူငယ်ချင်းများ၏ ဝိုင်းပယ်စွန့်လွှတ်ခြင်းကို ခံရကောင်း ခံနေရပေမည်။ ထိုသို့ဖြစ်နေလျှင် ယနေ့တွင် သင်သည် စိတ်ရှည်ခြင်းအသီးကို လိုအပ်နေသည်။ အသက်တာ၌ ကြုံတွေ့နေရသော ပင်ပန်းမှုဒဏ်၊ ဖိအားများကို ခံရန် အစွမ်းအစကို ထိုအရာများအား ကျော်လွှားဖြတ်သန်းသွားနိုင်သည့်အချိန်အထိ သင်လိုအပ်နေသည်။ ထိုအရာမှာ သန့်ရှင်းသောဝိညာဉ်တော်၏အသီးအပွင့်ပင်ဖြစ်သည်။

ယနေ့တွင် ဘုရားသခင်သည် ထိုအသီးအပွင့်ကို သင့်အား ပေးလို၏။ ဘုရားသခင်၏ဂတိတော်များ သင့်အသက်တာ၌ပြည့်စုံလာသည်အထိ ဆက်လက်၍ ရင်ဆိုင်ရှင်သန်နိုင်ရန်အလို့ငှာ၊ ထိုဘုရားသခင်သည် စိတ်ရှည်ခြင်း အသီးအပွင့်ကိုသင့်အထဲ၌ဖန်တီးဖော်ဆောင်လိုနေ၏။

ကျွန်ုပ်တို့အသက်တာ၌ အကျင့်စာရိတ္တကောင်းများ တည်ဆောက်နိုင်ရန်အတွက် စိတ်ရှည်ခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်၏။

ဤနောက်ဆုံးသုံးသပ်အကြံပြုချက်လေးဖြင့် စိတ်ရှည်ခြင်းအကြောင်းကို နိဂုံးချုပ်ခွင့်ပြုပါ။ ရောမ ၅း၃-၄ တွင် ဆင်းရဲဒုက္ခ အလယ်၌ စိတ်ရှည်သည်းခံခြင်းအားဖြင့် သာ အကျင့်စာရိတ္တကို တည်ဆောက်နိုင်ကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့အား ပြန်လည်အသိပေးထားပါသည်။

> ***ထိုမျှမက ဒုက္ခဆင်းရဲခြင်းကို ခံ၍ ဂုဏ်ယူဝမ်းမြောက်ခြင်း ရှိကြ၏။ အကြောင်းမူကား၊ ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်းကို ပြုစုတတ်၏။ သက်သေထင်ရှားခြင်းသည်လည်း မြော်လင့်ခြင်းကို ပြုစုတတ်၏။***

အားကစားသမားများသည် ရှေ့တွင် တွေ့ကြုံလာရမည့် ဖိအား များနှင့် ပင်ပန်းမှုဒဏ်များကို ရင်ဆိုင်ဖြတ်ကျော်သွားနိုင်ရန် သူတို့၏ အစွမ်းအစများ အစွမ်းကုန်အားထုတ်ခြင်း မပြုလျှင် ပြိုင်ပွဲ၌ အနိုင်ရမည် မဟုတ်ကြောင်းကို သိထားကြသည်။ ပြိုင်ပွဲအတွက်လိုအပ်သော ခွန်အား ဗလကြွယ်ခိုင်မှုနှင့်ခံနိုင်ရည်ကို တည်ဆောက်ရန်အတွက် သူတို့ကိုယ်ကို သူတို့ တွန်းအားပေးရန် ကျင့်ယူကြသည်။ ဘုရားသခင်နှင့် အတူ လျှောက်လှမ်းခြင်းတွင်လည်း ထိုအတိုင်းပင် ကျွန်ုပ်တို့လုပ်ဆောင် ကြရမည်။ ယုံကြည်ခြင်း၌ရင့်ကျက်လာကြရန်အလို့ငှာ မိမိတို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်အား စိတ်ရှည်ခြင်းကို ဖန်တီး ဖော်ဆောင်ရန် အခွင့်ပေးကြမည့် သူများကို ဘုရားသခင်ရှာကြံနေ၏။ ဂလာတိ ၅း၂၂ ၌ ရှင်ပေါလု ပြောပြသော စိတ်ရှည်ခြင်းသည် သာမန်အားဖြင့် ကျွန်ုပ်တို့ အထဲ၌ မတွေ့ နိုင်သောအရာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ပင် ကိုယ်အစွမ်းအစထက် ကျော်လွန်၍ ခွန်အားနှင့်ခံနိုင်ရည်ကို ပေး၏။ ထိုသို့သောဖိအားများအောက်၌ဆက်လက်တည်မြဲနေသည့် အလျောက် သန့်ရှင်းသော ဝိညာဉ်တော်အထက်ပါအရာကို လုပ်ဆောင် နေခြင်း အားဖြင့် ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်၏ အကျင့် လက္ခဏာ၌သန့်စင်ခြင်းခံ၍ ရင့်ကျက်လာခြင်းကို ရရှိလာကြမည် ဖြစ် သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ဘုရားသခင်သည် မိမိ၏စိတ်ရှည်ခြင်းကို ကျွန်ုပ်တို့အပေါ်၌ မည် သို့လက်တွေ့ပြသနေသနည်း။ ကျွန်ုပ်တို့၏လူမှုဆက်ဆံရေး၌ အခြားသူများအပေါ် စိတ်ရှည်ခြင်းကို မည်သို့ပြသကြရမည်နည်း။
* စိတ်ရှည်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏အခြားအသီးအပွင့်

တို့သည်မည်သို့ ဆက်နွယ်ပတ်သက်နေသနည်း။ စိတ်ရှည်ခြင်း မရှိဘဲသန့်ရှင်းသောဝိညာဉ်တော်၏အသီးအပွင့်များ ကျွန်ုပ်တို့ အထဲ၌ပြည့်စုံစွာ ရင့်ကျက်နိုင်ကြပါမည်လော။

* ကျွန်ုပ်တို့၏ အသက်တာ၌ပြသကြသော စိတ်ရှည်ခြင်းအတွက် ဘုရားသခင် ကတိပြုထားသော ဆုလာဒ်ကားအဘယ်နည်း။

ဆုတောင်းရန်အချက်များ

* သခင်ဘုရားသည် သင်နှင့်သင်၏ပျက်ကွက်မှုများအား အဘယ် မျှစိတ်ရှည်ခဲ့သည်ဆိုသည့်အချက်ကို ရေတွက်ရင်း ဘုရားသခင်ကို ကျေးဇူးတင်ခြီးမွမ်းရန် အချိန်အနည်းငယ်ယူပါ။
* သင့်အသက်တာ၌ လူအချို့အပေါ်တွင် စိတ်ရှည်သည်းခံရန် အတွက် အတင်းကြိုးပမ်းအားထုတ်နေရပါသလား။ ထိုသူတို့ ပေါ်၌ ပို၍စိတ်ရှည်သည်းခံလာနိုင်ရန် ဘုရားသခင်၏ကူညီမစ မှုကို တောင်းလျှောက်ပါ။
* စုံစမ်းစစ်ကြောခြင်းအချိန်၌ စိတ်ရှည်နိုင်ရန် သခင်ဘုရားအား ကူညီမစရန် တောင်းလျှောက်ပါ။ ထိုစုံစမ်းစစ်ကြောခြင်းအချိန် ၌ သင့်ကို သင်ယူစေလိုသည်။ သင်ခန်းစာများကို သွန်သင်ပေး ရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
* ဆင်းရဲဒုက္ခနှင့်စုံစမ်းစစ်ကြောခြင်းများ အလယ်၌ စိတ်ရှည်သည်း ခံခဲ့ကြသောသူတို့၏အသက်တာ၌ အကျိုးအမြတ်အဖြစ် ရရှိသော ကောင်းချီးမင်္ဂလာများအတွက် သခင်ဘုရားကို ကျေးဇူးတင်ခြီးမွမ်း ပါ။

ကျေးဇူးပြုခြင်း

ဆက်လက်၍ ကျွန်ုပ်တို့လေ့လာသွားကြမည့် ဝိညာဉ်တော်၏ အသီးအပွင့်မှာ ကျေးဇူးပြုခြင်းအသီးအပွင့်ဖြစ်သည်။ ဤကျမ်းပိုဒ်၌ "ကျေးဇူးပြုခြင်း"ဟု အနက်ပြန်ထားသော စကားလုံးကို "စာရိတ္တမြင့်မားခြင်း"ဟု၍ဂင်း၊ "ညင်သာသိမ်မွေ့ခြင်း"ဟု၍ဂင်း၊ "ကောင်းမြတ်ခြင်း"ဟု၍ဂင်း အနက်ပြန်ဆိုနိုင်သည်။ ဂင်းသည် ကျွန်ုပ်တို့၏နှုတ်ထွက်စကားနှင့် အပြုအမူတို့ ထိခိုက်စေသောစိတ်နှလုံး၏အတွင်းသဘောကို ရည်ညွှန်းသည်။

ကျေးဇူးပြုခြင်းကို ကျွန်ုပ်တို့စတင်လေ့လာရာတွင် ထိုစကားလုံးနှင့် ဂင်း၏ဇစ်မြစ်စကားလုံး(စကားရင်း)တို့အား ကွဲပြားသော အခြေအနေ၌ မည်သို့မည်ပုံအသုံးပြုထားသည်ကို လေ့လာခြင်းသည် ကျွန်ုပ်တို့ကို အထောက်အကူပြုပါလိမ့်မည်။ အထက်ပါစကားလုံး၏ စိတ်ဝင်စားဖွယ် အသုံးအနှုန်းကို ရောမ ၃း၁၂ ၌တွေ့ရသော ရှင်ပေါလု၏ ပြောဆိုချက် တွင် တွေ့ရသည်မှာ -

လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်းအသုံးမရသော သူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ။ တစ်ယောက်မျှ မရှိ။

ဤကျမ်းပိုဒ်၌ "ကောင်းသောအကျင့်" ဟု အနက်ပြန်ထားသော

စကားလုံးသည် ရှင်ပေါလုက ဂလာတိ ၅း၂၂ တွင် ကျေးဇူးပြုခြင်းအသီးအပွင့်ကို ဖော်ကျူးရန်အတွက် အသုံးပြုထားသောစကားလုံးနှင့်အတူတူပင်ဖြစ်သည်။ ဘုရားသခင်သည် ဤလောကကြီးကို ရှုမြင်သောအခါ လူသားများသည် သူ့အားကျေးဇူးခိုင်းရှိကြောင်နာခြင်း၊ ညှင်သာသိမ်မွေ့ခြင်းတို့ကို အသက်တာ၌ သက်သေပြရှင်သန်ခြင်းမပြုကြတော့ကြောင်းကို သိမြင်ခဲ့သည်။ ရောမ ၃ ရှိ အထက်ပါကျမ်းပိုဒ်ကို ဆက်လက်၍ ပြောကြားရာတွင် ရှင်ပေါလုသည် ကောင်းမြတ်ခြင်း(သို့)သနားကြင်နာတတ်ခြင်း ဟူသော အရည်အချင်းမရှိသောသူတို့ကို ဖော်ပြသွားခဲ့သည်။

(၁၃) သူတို့၏လည်ချောင်းသည် ဖွင့်ထားသော သင်္ချိုင်းတွင်းဖြစ်၏။ သူတို့သည် လျှာနှင့်လှည့်စားတတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက်ရှိ၏။ (၁၄) သူတို့နှုတ်သည်ကျိန်ဆဲသောစကားနှင့် ပြည့်ဝ၏။ (၁၅) သူတို့ခြေသည် လူအသက်ကို သတ်ခြင်းငှာ လျင်မြန်၏။ (၁၆) သူတို့သွားရာလမ်း၌ ပျက်စီးခြင်း၊ ဒုက္ခဆင်းရဲခြင်းရှိ၏။ (၁၈) ဘုရားသခင်ကိုကြောက်ရွံ့ရသောအကြောင်းသည် သူတို့ပျက်စီး၍မထင် ဟုကျမ်းစာလာသတည်း။

ဝိညာဉ်တော်အသီးအပွင့်တစ်ခုဖြစ်သော ကျေးဇူးပြုခြင်းနှင့် စပ်လျဉ်း၍ ဂလာတိ ၃း၂၂ ၌ ရှင်ပေါလုဆိုလိုရင်းကို ကျွန်ုပ်တို့နားလည်နိုင်ရန် အထက်ပါကျမ်းပိုဒ်များသည် အလွန်အရေးပါလှသည်။ ဤနေရာ၌ တမန်တော်ကြီးမှ ကျွန်ုပ်တို့အားဖော်ပြပေးထားသည့်အရာမှာ ကျေးဇူးပြုခြင်းမရှိခြင်း၏ ဆိုလိုရင်း အဓိပ္ပါယ်ပင်ဖြစ်သည်။ သူတို့၏ အသက်တာ၌ကျေးဇူးပြုခြင်း(သို့မဟုတ် ကောင်းမြတ်ခြင်း)အသီးအပွင့် မရှိသောသူတို့နှင့်စပ်လျဉ်း၍ အချက်ကြီးနှစ်ချက်ကို ရှင်ပေါလုက ပြောပြနေကြောင်းကို သတိပြုပါ။

ပထမအချက်မှာ ကျေးဇူးပြုခြင်းအသိုးအပွင့်မရှိသော သူတို့သည် ဤအရာကိုငှင်းတို့၏ ပြောဆိုပုံအားဖြင့် သက်သေပြကြသည်။ ဤအသိုးအပွင့်ကို မပိုင်ဆိုင်ထားကြသော သူတို့၏ လည်ချောင်း၊ လျှာ၊ နှုတ်ခမ်းနှင့် နှုတ်ပါးစပ်တို့ကို ရှင်ပေါလုက မည်သို့ဖော်ကျူးထားကြောင်းကို သတိပြုပါ။ သူတို့၏လည်ချောင်းများသည် အသေကောင်များ၏အပုပ်နံ့များနှင့် အကြွင်းအကျန်များဖြင့် ပြည့်နေသော ပွင့်နေသည့် သချိုင်း ဖြစ်ကြ၏။ သူတို့၏နှုတ်ထွက်စကားများသည် ရုန်းရင်းကြမ်းတမ်း၍ လေးစားမှုကို မပြသကြပါ။ သူတို့၏လျှာများသည် မုသာစကားများကို ပြော၍ ငှင်းတို့ကို ယုံကြည်ရန် မထိုက်ပေ။ မြွေပွေး၏အဆိပ်သည် သူတို့၏လျှာထက်၌ရှိနေပြီး၊ သူတို့ကိုကြားနာသောသူများကို ထိခိုက်နာကျင်စေ၏။ သူတို့၏နှုတ်ပါးစပ်များသည် ကျိန်ဆဲခြင်းနှင့်ခါးသီးခြင်းတို့ဖြင့် ပြည့်နေ၏။

ဒုတိယအချက်မှာ ကျေးဇူးပြုခြင်းတရားကို အသက်တာ၌ မပိုင်ဆိုင်ထားကြသောသူတို့သည် ငှင်းအရာကို သူတို့၏ရှင်သန်နေထိုင်ပုံဖြင့် သက်သေပြကြ၏။ ရောမ ၃း၁၅-၁၈ တွင် ရှင်ပေါလုက ထိုသူတို့၏ခြေသည် လူအသက်ကို သတ်ခြင်းငှာ လျှင်မြန်ကြသည်ဟု ဖော်ပြထားသည်။ သူတို့သည် ငြိမ်းချမ်းရေးလမ်းစဉ်ကို မလိုက်လျောက်ကြ။ သူတို့သွားလေရာရာ၌ ပျက်စီးခြင်းနှင့် စိတ်မချမ်းမြေ့စရာများကို ဖန်တီးထားကြ၏။ ကျေးဇူးပြုခြင်းအသိုးကို မပိုင်ဆိုင်ထားကြသောသူတို့သည် သူတစ်ပါး၏ကောင်းရာကောင်းကျိုးကို အနည်းငယ်မျှသာ ထည့်တွက် ကြ၏။

ကျေးဇူးပြုခြင်းတရားကို မပိုင်ဆိုင်ကြသောသူတို့နှင့် စပ်လျဉ်းသော ရှင်ပေါလု၏သွန်သင်ချက်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ ကျေးဇူးပြုခြင်းဟု ခေါ်ဆိုသောအရာများကို လေ့လာသုံးသပ်ရန် အချိန်အနည်းငယ်ယူကြပါစို့။

ထမ်းလွယ်၍ပေါ့သောဝန်

ဂလာတိ ၅း၂၂ ၌ "ကျေးဇူးပြုခြင်း" ဟူသောစကားလုံးအတွက် ရှင်ပေါလုအသုံးပြုထားသော ဂရိစကားလုံးမှာ "*Xrestos*"ဟူသော စကားလုံးမှ ရောက်ရှိလာပြီး၊ အဓိပ္ပါယ်မှာ လွယ်ကူသော ကောင်းသော၊ ရည်မွန်သော၊ ကြင်နာတတ်သော ဟူ၍ဖြစ်သည်။ မဿဲ ၁၁း၃၀ ၌ ပြောကြားထားချက်တွင် သခင်ယေရှုက ဤစကားလုံး၏စကားရင်းကို အသုံးပြုထားခဲ့ပုံမှာ -

အကြောင်းမူကား ငါ့ထမ်းဘိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏။

"ပေါ့သည်"ဟူသောစကားလုံးအတွက် အသုံးပြုထားသော စကားလုံးမှာ '*Xrestos*' ဟူသောစကားလုံးဖြစ်ပြီး၊ ၎င်းစကားလုံးမှ ရှင်ပေါလု၏ဂလာတိ ၅း၂၂ ၌အသုံးပြုထားသော 'ကျေးဇူးပြုခြင်း' ဟူသော စကားလုံးကို ကျွန်ုပ်တို့ ရရှိခဲ့ကြခြင်းဖြစ်သည်။ အထက်ပါကျမ်းချက်တွင် သခင်ယေရှုက မိမိနှင့်သက်ဆိုင်သောသူများအား ပေးကမ်းထားသော ဝန်ကို ဖော်ပြထားခြင်းဖြစ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့အား ပေးကမ်းထားသော ဝန်သည် 'ထောက်ထားညှာတာခြင်း' ဝန်ဖြစ်သည်ဟု ကျွန်ုပ်တို့ကို ပြောကြားခဲ့သည်။ ထိုဝန်ထုတ်သည် သယ်ဆောင်ရန်အတွက် အလွန်ကြီးမားလေးလံသောအရာမဟုတ်ပါ။ ဤအချင်းအရာသည် ကျေးဇူးပြုခြင်း၏အဓိပ္ပါယ်ကို နားလည်နိုင်ရန် ကျွန်ုပ်တို့ကို ပံ့ကိုးကူညီပေးပါသည်။

သင်သည် လူတစ်ဦးအပေါ်၌ သယ်ဆောင်ရန် အလွန်လေးသောဝန်ကို တင်ထမ်းနေစေလျှင် သင်သည် မကြင်နာတတ်ရာကျပေမည်။ ကျွန်ုပ်တို့သည် အခြားသူတို့အပေါ်၌ ကျွန်ုပ်တို့၏နှုတ်ထွက်စကားများ အပြုအမူများနှင့် စိတ်နေစိတ်ထားတို့ဖြင့် ဝန်ထုပ်ဝန်ပိုးကို

ပေးတတ်ကြ၏။ ကျေးဇူးပြုခြင်းအသီးကို မသီးသောသူတို့နှင့် စပ်လျဉ်း၍ ရောမ ၃း၁၂-၁၈ ၌ ရှင်ပေါလု၏ပြောပြထားချက်ကို ဆင်ခြင်သုံးသပ်ကြည့်ပါ။ သူတို့၏ နှုတ်ခမ်းများသည် လှည့်ဖြားခြင်း၊ ခါးသီးခြင်းနှင့် အမျက်ဒေါသစကားလုံးများကို ပြောကြ၏။ လူတစ်ဦးတစ်ယောက်က သင့်ကို လိမ်ပြောခဲ့ဖူးပါသလား။ လူတစ်ဦးတစ်ယောက်သည် အမျက်ဒေါသ၊ ခါးသီးခြင်းတို့နှင့်အတူ သင်ကို ဟစ်အော်ဖူးပါသလား။ ထိုအရာများသည် သင့်ကိုမည်သို့ဖြစ်စေခဲ့ကြသနည်း။ သူတို့သည် သင့်အားလေးသောဝန်ထုပ်ကို ထမ်းစေနေခဲ့ကြသည်ဟု မခံစားရပေဘူးလား။ တစ်ခါတရံတွင် ထိုစကားလုံးများ၏ဝန်ထုပ်ကြီးသည် အလွန်လေးလံလှသောကြောင့် ကျွန်ုပ်တို့စိတ်ထိခိုက်ကြရပါသည်။ လူတို့သည် သူတို့ပြောဆိုသောစကားလုံးများနည်းတူ ကျွန်ုပ်တို့အပေါ်၌လည်း ထိုသို့သောစိတ်ထားမျိုးရှိသည်။

ကျေးဇူးပြုခြင်းကို အသက်တာ၌ပြသဖော်ကျူးကြသောသူတို့သည် အခြားညီအစ်ကိုများအပေါ်၌ ပြုလုပ်ပြောဆိုသော ၄င်းတို့၏ နှုတ်ထွက်စကားလုံးများ၊ ပြုမူလှုပ်ရှားပုံများနှင့် စိတ်နေစိတ်ထားများ၏အကျိုးအဆက်ကို စဉ်းစားသုံးသပ်ကြပါလိမ့်မည်။ သူတို့သည် အခြားသောညီအစ်ကိုများ၌ အလွန်လေးလံသောဝန်ထုပ်ဝန်ပိုးမဖြစ်စေခြင်းငှာ၊ သူတို့ပြောဆိုလှုပ်ရှားမှုများတွင် ချစ်ခြင်းမေတ္တာဖြင့် သက်သေပြကြပါလိမ့်မည်။ အကယ်၍ ညီအစ်ကိုမောင်နှမတစ်ဦးဦး၌ သိသာထင်ရှားသောအားနည်းချက်တစ်ချက်ရှိနေလျှင် ကျေးဇူးပြုတတ်သောသူသည် ထိုသူတို့၌ ပျက်စီးကျရှုံးခြင်းကို ဖြစ်ပေါ်စေမည့်ဝန်ထုပ်ဝန်ပိုးကို မပေးဘဲ ကိုယ်ချင်းစာ နားလည်ပေးမှုကိုသာ ပြသပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခံနိုင်ရည်အတိုင်းအတာကိုသိ၍ ကျွန်ုပ်တို့ကိုင်တွယ်ဖြေရှင်းနိုင်သည့်အရာကိုသာ ပေးပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ ကျေးဇူးပြုခြင်းတရားကို ဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ သူသည် ကျွန်ုပ်တို့၏အနီးအနားပတ်ဝန်းကျင်၌ရှိနေကြသောသူတို့၏ လိုအပ်ချက်များနှင့် ဝန်ထုပ်ဝန်ပိုးများကိုလည်း ပို၍ သတိပြုမိတတ်သောစိတ်ကို ပေးပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တိုအားအခြားသောသူများအပေါ်၌ ငှင်းတို့ထမ်းနိုင်သော ဝန်ထက်ပိုသောဝန်ကို ပေးတတ်ခြင်းမှ ရှောင်ရှားနိုင်မည့် နည်းလမ်းကို ဖော်ပြရုံသာမဟုတ်၊ ထိုဝန်ထုပ်ဝန်ပိုးကို သယ်ထမ်းနိုင်သောဝန်အဖြစ် ကျွန်ုပ်တို့မည်သို့ပေါ့ပါးစေမည့် နည်းလမ်းကိုဖော်ပြပေးပါလိမ့်မည်။

ကျေးဇူးပြုခြင်းနှင့် စွန့်လွှတ်အနစ်နာခံခြင်း

အကြီးမားဆုံးသော ကျေးဇူးပြုတတ်ခြင်းပုံဥပမာကို သခင်ယေရှုခရစ်တော်မှတဆင့် ဘုရားသခင်၏ကျန်အင်လက္ခဏာ၌ တွေ့နိုင်ပေသည်။ ဤအချင်းအရာကို ရှင်ပေါလုက ဧဖက်မြို့ရှိ ယုံကြည်သူတို့အားလိပ်မူ၍ပေးပို့ခဲ့သောစာတွင် ပြောပြထား၏။

> ***(၂း၆) ယေရှုခရစ်အားဖြင့် ငါတို့ကို ပြန်ရှင်စေ၍ ကောင်းကင်အလုပ်၌နေရာပေးတော်မူပြီ။ (၂း၇)အကြောင်းမူကား ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြု၍ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို နောင်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း။ (ဧဖက် ၂း၆-၇)***

"ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြုသော" ဘုရားသခင်၏ကျေးဇူးပြုတတ်ခြင်း၏အသွင်အပြင်နှင့် စပ်လျဉ်း၍ ရှင်ပေါလုက မည်သို့ပြောပြထားသည်ကို သတိပြုပါ။ ဤကျေးဇူးပြုတတ်ခြင်းကို ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်သားများအဖြစ် ရှိနေကြစဉ်၌ မိမိ၏သားတော်ကို

ကျွန်ုပ်တို့အတွက် အသေခံစေရန် စေလွှတ်ခဲ့ခြင်းဖြင့် ပြသခဲ့ပါသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်သို့စီရင်နိုင်ခဲ့ကြောင်းကို တွေးကြည့်ပါ။ သို့သော် ထိုသို့စီရင်မည့်အစား ဘုရားသခင်သည် မိမိ၏သားတော်ကို ကျွန်ုပ်တို့ကိုယ်စားအသေခံရန် စေလွှတ်ခြင်းဖြင့် အံ့ဖွယ်ကောင်းသော သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာကို ပြသခဲ့ပါသည်။ သခင်ခရစ်တော်၏ကျေးဇူးပြုခြင်းကိုလည်း မိမိအပေါ်၌ ကျွန်ုပ်တို့၏အပြစ်ဒဏ်များကို ယူဆောင်၍ ကျွန်ုပ်တို့၏အကျိုးအလို့ငှာ အသက်ကို စတေးခံခဲ့ခြင်း၌ တွေ့နိုင်သည်။

ကျေးဇူးပြုခြင်းတွင် စွန့်လွှတ်အနစ်နာခံခြင်းလိုအပ်သည်။ ကျေးဇူးပြုခြင်းသည် အခြားညီအစ်ကိုမောင်နှမများ၌ ဝန်ထုပ်ကို ပေါ့စေခြင်းအလိုငှာ ကိုယ်ကိုကိုယ် ငြင်းပယ်၍ အနစ်နာခံပါလိမ့်မည်။ ကျေးဇူးပြုခြင်း၏အမြင့်မြတ်ဆုံးသော လုပ်ရပ်မှာ သခင်ယေရှုက ကျွန်ုပ်တို့အတွက် လုပ်ဆောင်သွားသကဲ့သို့ ကိုယ့်အသက်ကို သူတစ်ပါးအတွက် ပေးဆပ်ခြင်းဖြစ်သည်။ ဤကဲ့သို့ ကြီးမားသည့် စွန့်လွှတ်အနစ်နာ ခံခြင်းကို ကျွန်ုပ်တို့အထဲမှ အများစုလိုအပ်ခဲ့မည်မဟုတ်သော်လည်း ကျေးဇူးပြုတတ်ခြင်းအားဖြင့် ဖြစ်တည်လာသော စွန့်လွှတ်အနစ်နာခံခြင်းကိုမူ တစ်ဦးအပေါ်တစ်ဦး ပြုလုပ်ကြရန်အတွက်မူ ကျွန်ုပ်တို့အားလုံးကို ဆင့်ခေါ်ခဲ့ခန့်ခဲ့ပါလိမ့်မည်။ ဤစွန့်လွှတ်အနစ်နာခံခြင်းသည် ကျွန်ုပ်တို့၏အချိန်များ ကြိုးပမ်းအားထုတ်မှုများနှင့် ပစ္စည်းဥစ္စာများစွန့်လွှတ်ခြင်းတို့ဖြစ်ခဲ့ပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျေးဇူးပြုခြင်းအသီးကို သင့်အထဲ၌ထုတ်ဖော်ဖန်တီးနေသည်နှင့်အမျှ သင်သည်လိုအပ်ချက်များနှင့် ရှိနေကြသောသူအကျိုးအလို့ငှာ သင့်အကျိုးအမြတ်ကိုသာကြည့်တတ်သောစိတ်များကို ဘေး၌ဖယ်ထားလိုသောစိတ်ဓါတ်များ ပို၍

ပို၍ ရှိလာပါလိမ့်မည်။ သင်သည်အခြားညီအစ်ကိုမောင်နှမများ၏ ဝန်ထုပ်ဝန်ပိုးကို ပေါ့ပါးစေနိုင်မည့်နည်းလမ်းကိုသာ ရှာကြံနေပါလိမ့် မည်။

သခင်ယေရှုသည် သူ၏ကျေးဇူးပြုတတ်ခြင်းကို သူ့အား ဆန့်ကျင်ပုန်ကန်ခဲ့သော သူတို့အပေါ်ပြသခဲ့ကြောင်းကို ကျွန်ုပ်တို့ သိရှိ မှတ်သားထားရန်မှာ အလွန်အရေးကြီးပါသည်။ သန့်ရှင်းသော ဝိညာဉ် တော်သည် ကျွန်ုပ်တို့ထဲ၌ ကျေးဇူးပြုတတ်ခြင်းအသီးကို ဖေါ်ဆောင် ဖန်တီးနေသည့်အလျောက် ကျွန်ုပ်တို့သည် ရန်သူနှင့် မိတ်ဆွေကိုခွဲခြား ကြတော့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို မုန်းတီးသောသူ (သို့) မကောင်းမှုဒုစရိုက်ကို ပြုသောသူများကိုပင် ကျေးဇူးပြုကြပါလိမ့်မည်။ သခင်ယေရှုက လုကာ ၆း၂၇-၃၀ ၌ တပည့်တော်များအား ပြောဆို ခဲ့ပုံကို နားဆင်ကြည့်ပါ။

(၆း၂၇) ငါစကားကိုကြားရသော သင်တို့အား ငါဆိုသည်ကား သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကိုမုန်းသောသူတို့ အားကျေးဇူးပြုကြလော့။ (၆း၂၈) သင်တို့ကို ကျိန်ဆဲသောသူတို့ အား မေတ္တာပို့ကြလော့။ သင်တို့ကိုနှောက်ယှက်သောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ (၆း၂၉) သင်တို့၏ ပါးတဖက်ကို ပေးဦးလော့။ သင့်ဝတ်လုံကိုသိမ်းယူသောသူအား သင့်အင်္ကျီကိုလည်း ယူစေခြင်းငှာ အခွင့်ပေးဦးလော့။ (၆း၃၀) အကြင်သူသည် သင့်ကိုတောင်း၏။ ထိုသူအားပေးလော့။ သင့် ဥစ္စာကိုသိမ်းယူသောသူအား ပြန်၍မတောင်းနှင့်။

ကျေးဇူးပြုတတ်ခြင်းသည် ပတ်ဝန်းကျင်အခြေအနေကို ပထည့် တွက်ဘဲ အခြားသူများထံသို့ အရောက်လှမ်းတတ်ပါသည်။ ကျွန်ုပ်တို့ အဆိုးဝါးဆုံးသောအခြေအနေ၌ရှိနေကြစဉ်တွင်ပင် သခင်ဘုရားသည် ကျွန်ုပ်တို့ကို ကယ်တင်ရန် ကျေးဇူးပြုတတ်ခြင်းသဘောဖြင့် ကျွန်ုပ်တို့ ထံ

အရောက်လှမ်းခဲ့သည်မဟုတ်ပါလား။

(၃း၃) အကြောင်းမူကား အထက်ကငါတို့သည် ပညာမဲ့သော သူ နားမထောင်သောသူ၊ မှားယွင်းသောသူ၊ အထူးထူးအပြားပြား သော တပ်မက်ခြင်း၊ ကာမဂုဏ်ခံစားခြင်းအမှုတို့ကို ဆောင် ရွက်သောသူ၊ မနာလိုခြင်း၊ ငြူစူခြင်း၌ ကျင်လည်သောသူ၊ စက်ဆုပ်ရွံရှာဖွယ်သောသူ၊ အချင်းချင်းမုန်းတီးသောသူဖြစ်ကြ ၏။ (၃း၄) ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင် ၏စေတနာတော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာတော် သည်ပေါ်ထွန်းသောအခါ(၃း၅) ငါတို့ကျင့်သောဖြောင့်မတ်ခြင်း အကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်းဂရုဏာတော်နှင့် အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့် ၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့် ၄င်း၊ ငါတို့ကိုကယ်တင်တော်မူ၏။ (တိတု ၃း၃-၅)

"ငါတို့ကိုကယ်တင်တော်မူသောအရှင်ဘုရားသခင်၏ စေတနာ တော်နှင့် လူတို့ကို ချစ်သောမေတ္တာတော်သည် ပေါ်ထွန်းသောအခါ" (တိတု ၃း၄)။ ဤအချင်းအရာကို မိမိ၏အသက်အား ကျွန်ုပ်တို့၏ အပြစ် အတွက် အစွန်ဆုံးပေးဆပ်ခဲ့ခြင်းဖြင့် လုပ်ဆောင်သွားခဲ့ပါသည်။ ကျွန်ုပ် တို့၏အသက်တာရှိ ဝိညာဉ်တော်၏အသီးအပွင့်ဖြစ်သော ကျေးဇူးပြုခြင်း တွင် ပေးဆပ်အနစ်နာခံခြင်းလိုအပ်လာပါလိမ့်မည်။ ကျွန်ုပ်တို့အတွက် ကိုယ့်အသက်ကို ပေးဆပ်ခြင်းဖြင့် ပြသခဲ့သော သခင်ယေရှု၏ကျေးဇူး ပြုတတ်ခြင်းသည် ကျွန်ုပ်တို့အတွက်ပြည့်စုံသော ကျေးဇူးပြုတတ်ခြင်း ပုံဥပမာတစ်ခုဖြစ်နေပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် သခင် ခရစ်တော်နှင့်သက်ဆိုင်ဆက်နွယ်နေသော သူတို့၌အလားတူစိတ်ထားမျိုး ကို ဖန်တီးဖော်ဆောင်နေပါသည်။

ကျေးဇူးပြုခြင်းနှင့် ခွင့်လွှတ်ခြင်း

ကျေးဇူးပြုခြင်းကို ကျွန်ုပ်တို့အား ပြစ်မှားခဲ့ကြသောသူတို့အား မည်၍မည်မျှ ခွင့်လွှတ်လိုနေမှုအားဖြင့်လည်း သက်သေပြကြသည်ဟု ရှင်ပေါလုက ကျွန်ုပ်တို့အား ပြောပြနေသည်။

(၃း၁၂) ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သော သူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ ကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း တို့ကို ယူတင်ဝတ်ဆောင်ကြလော့။ (၃း၁၃) တစ်ယောက်၌ တစ်ယောက်အပြစ်တင်စရာအခွင့်ရှိလျှင်၊ အချင်းချင်း သည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့။ (တိတု ၃း၁၂-၁၅)။

လူတိုင်းနှင့် ပေါင်းသင်းဆက်ဆံရန်မှာ မလွယ်ကူပါ။ အချို့က ကျွန်ုပ်တို့အသက်ကို ခက်ခဲအောင်ဖန်တီးတတ်ကြသည်။ ရှင်ပေါလုက ကောလောသဲ ယုံကြည်သူတို့အား တစ်ဦးကိုတစ်ဦးသည်းခံ၍ ခွင့်လွှတ်ကြရန် ပြောဆိုခဲ့သည်။ ဤအချင်းအရာကို လုပ်ဆောင်ရန်မှာသူတို့သည် ချစ်ခြင်းဂရုဏာ၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် သည်းခံခြင်းအောက်တန်ဆာကို ဝတ်ဆင်ကြရပါမည်။ ကျွန်ုပ်တို့ကို ပြစ်မှားသော ညီအစ်ကိုမောင်နှမအား ခွင့်လွှတ်ရန်အတွက် ကျေးဇူးပြုခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ဤအကြောင်းကို ဖေဖက်ဂး၃း၃ တွင် ရှင်ပေါလုက တဖန်ပြန်၍ပြောဆိုခဲ့ပုံမှာ -

အချင်းချင်း ကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့။

အပြစ်ကျူးလွန်သောသူ တစ်ဦးကို ခွင့်လွှတ်နိုင်စွမ်းနှင့် ကျေးဇူး

ပြုခြင်းတို့ ဆက်နွယ်နေမှုကို တဖန်သတိပြုကြည့်ပါ။ လူတစ်ဦးသည် ကျွန်ုပ်တို့အား စော်ကားပြစ်မှားသောအခါ သူတို့သည် ကျွန်ုပ်တို့ကို ရုပ်ပိုင်းဆိုင်ရာ၌၄င်း၊ စိတ်ပိုင်းဆိုင်ရာ၌၄င်း၊ ဝိညာဉ်ရေးရာ၌၄င်း ထိခိုက်စေနိုင်ကြ၏။ ကျွန်ုပ်တို့ကိုစော်ကားပြစ်မှားသူများသည် သူတို့ကို သူတို့ကျွန်ုပ်တို့ထံ၌ အကြွေးပေးဆပ်ရန် ကျန်နေသူများအဖြစ် ဖန်တီးကြ သည်။ ကျေးဇူးပြုခြင်းဆိုသည်မှာ ထိုသို့သော ပုဂ္ဂိုလ်အား ၄င်းတို့၏ အကြွေးမြီမှ ကင်းလွတ်စေနိုင်သော အစွမ်းအစပင်ဖြစ်သည်။ ကျေးဇူးပြု ခြင်းဆိုသည်မှာ ကျွန်ုပ်တို့အပေါ်၌ ပြုခဲ့သော ထိခိုက်နာကျင်စေခြင်းတည်း ဟူသောအပြစ်မှ ၄င်းတို့ကို ကင်းလွတ်စေနိုင်သော အစွမ်းအစပင် ဖြစ်သည်။

ကျွန်ုပ်တို့ ထိခိုက်အနာတရဖြစ်ရသောအခါ ကျွန်ုပ်တို့ပေါ်၌ ထိုသို့အနာတရဖြစ်အောင် ဖန်တီးသောသူအား သူပြုခဲ့သည့်အရာကို အမြဲအမှတ်ရှိနေအောင် ပြန်လည်တုန့်ပြန်ရန် ကျွန်ုပ်တို့အတွက် အဘယ်မျှလွယ်ကူလိမ့်မည်နည်း။ ကျွန်ုပ်တို့အပေါ်၌ ပြုခဲ့သည်အတိုင်း သူတို့ကိုလည်း ပြန်လည်ခံစားစေလိုသည်မှာ ကျွန်ုပ်တို့အတွက် သဘာဝပင်ဖြစ်သည်။ ကျေးဇူးပြုခြင်းသည် ထိုသို့သောဝန်ထုပ်ကြီးကို ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမတို့၏ ပခုံးထက်မှ ဖယ်ရှားပစ်လိုက်သည်။ ကျေးဇူးပြုခြင်းက "မင်းငါ့အပေါ်မှာ ကျူးလွန်ခဲ့တဲ့အရာရဲ့ ဝန်ထုပ်ကြီးကြောင့် ပူပင်သောကရောက်နေတာကို ငါမလိုချင်ဘူး။ မင်းအပူအပင်မရှိလွတ်လပ်နေတာကို ငါလိုချင်တယ်" ဟု ပြောဆိုနေပါသည်။ ဤသို့သောစိတ်ထားမှာ သခင်ယေရှုမှ ကျွန်ုပ်တို့အပေါ်၌ ထားရှိခဲ့သော စိတ်ထားပင်ဖြစ်ပြီး၊ ၄င်းသည် သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့၏ အထဲ၌ဖန်တီးဖော်ဆောင်လိုသောစိတ်ထားလည်းဖြစ်သည်။

ကျေးဇူးပြုခြင်း၏ ရန်သူများ

၁၀၊ ၂း၁-၃ တွင် တမန်တော်ကြီးက စာဖတ်သူတို့အား သခင်ဘုရား၏ကျေးဇူးပြုခြင်း(ကောင်းမြတ်ခြင်း)အကြောင်းနှင့် ထိုကျေးဇူးပြုခြင်း(ကောင်းမြတ်ခြင်း)ကို မြည်းစမ်းခဲ့ကြသည့်အလျောက် ထိုကျေးဇူးတရားအပေါ်၌ တင်နေသော ၎င်းတို့၏တာဝန်ဝတ္တရားများပြန်လည်အသိပေးပြောပြထားသည်။

(၂း၁-၃) ထို့ကြောင့် သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍ အမျိုးမျိုးသောမနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လိုဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍ ကယ်တင်ခြင်းအလို့ငှာ နူတ်ကပတ်တရား၏နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း ဖွားစသော သူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သောစိတ်ရှိကြလော့။

ရှင်ပေတရုက သူ၏စာဖတ်သူတို့အား ၁၀၊ ၂း၁-၃ ၌ "ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍" ဟု ပြောဆိုရေးသားရာတွင် သူသည် ဂလာတိ ၅း၂၂ ၌ ကျေးဇူးပြုခြင်းအသီးအပွင့်ကို ပြောပြခဲ့စဉ်က ရှင်ပေါလုအသုံးပြုခဲ့သော စကားလုံးနှင့်တူသော စကားလုံးကို အသုံးပြုခဲ့သည်။ တနည်းအားဖြင့်ဆိုရသော် ရှင်ပေတရုမှ လိပ်မူ၍ ရေးသားခဲ့သော သူတို့သည် ၎င်းတို့၏အသက်တာ၌ ဘုရားသခင်ကိုယ်တော်၏ကျေးဇူးပြုခြင်းကို တွေ့ကြုံခံစားခဲ့ကြပြီးဖြစ်သည်။ ထိုသို့သော ဘုရားသခင်၏ကျေးဇူးပြုခြင်းကို မြည်းစမ်းပြီးသော သူတို့ထံ၌ ရှင်ပေတရုမည်သို့ ပြောဆိုခဲ့သည်ကို သတိပြုကြည့်ပါ။ မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လိုဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းစသည်တို့ကို ၎င်းတို့၏အသက်တာမှ စွန့်ပစ်ဖယ်ရှားရန် ရှင်ပေတရု ပြောကြားခဲ့သည်။ အကယ်၍ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အား ကျေးဇူးပြုခြင်းအသီးကို ကျွန်ုပ်တို့

အထဲ၌ ဖော်ဆောင်ဖန်တီးစေလိုလျှင် ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်အား အထက်ပါအကျင့်ဆိုးများကို ကျွန်ုပ်တို့၏ စိတ်နှလုံးထဲမှ ပထမဆုံးဖယ်ရှားရှင်းလင်းစေကြရလိမ့်မည်။ ကျွန်ုပ်တို့သည် ညီအစ်ကိုတစ်ဦးအား ကဲ့ရဲ့၍ တစ်ကြိမ်တည်းတွင် ကျေးဇူးပြုခြင်းကို သက်သေပြ၍မရနိုင်ပေ။ မနာလိုခြင်းနှင့် ငြူစူခြင်းသည် ကျေးဇူးပြုခြင်း၏ ရန်သူများဖြစ်ကြသည်။ စစ်မှန်သော ကျေးဇူးပြုတတ်ခြင်းသည် ညီအစ်ကိုမောင်နှမတို့၏ ကောင်းရာကောင်းကျိုးကို ရှာကြံရန် ဝိညာဉ်တော်၏လမ်းပြအုပ်စိုးခြင်းကို ခံရသောနှလုံးသားမှ ထွက်လာသောအရာဖြစ်သည်။ ကျေးဇူးပြုခြင်းသည် အခြားသူများ၌ ကောင်းချီးမင်္ဂလာရရှိခံစားရပြီး၊ သူတို့၏ဝန်ထုပ်များပေါ့ပါးပျောက်ကွယ်သွားစေရန် အလို့ငှာ ကိုယ့်အကျိုးကိုစွန့်လွှတ်ပါလိမ့်မည်။ သင်သည် သင့်အသက်တာ၌ ကျေးဇူးပြုတတ်ခြင်းကို လက်တွေ့သက်သေပြရန် ရှာကြံခြင်းမရှိလျှင်၊ သင်သည် သင့်အသက်တာ၌ မနာလိုခြင်း၊ ငြူစူခြင်း၊ ကဲ့သို့သောအရာများ ရှိမရှိကို စမ်းစစ်ရန်လိုအပ်ပေမည်။

သင့်အသက်တာ၌ ကျေးဇူးပြုခြင်းအသီး သိသာထင်ရှားနေပါသလား။ သင်ပြောဆိုနေသောစကားလုံးများကို ပြန်လည်စဉ်းစားသုံးသပ်ရန် အချိန်အနည်းငယ်ယူပါ။ သင့်နှုတ်ထွက်စကားလုံးများသည် အခြားသူများ၌အလွန်လေးသော ဝန်ထုပ်ကို ဖြစ်စေပါသလား။ သင့်လုပ်ရပ်များကိုလည်း ဆန်းစစ်ကြည့်ပါ။ ၎င်းတို့သည် မိတ်ဆွေနှင့် ရန်သူနှစ်ဦးနှစ်ဘက်လုံးကို သနားခြင်းဂရုဏာတရားကို ပြသကြပါသလား။ သင့်မိတ်ဆွေထမ်းပိုးနေသော ဝန်ထုပ်ကို သင်ပေါ့ပါးနေစေပါသလား။ သင့်စိတ်ရင်းစိတ်ထားကိုလည်း စစ်ဆေးကြည့်ပါ။ သင့် အနီးအနားရှိလူများအပေါ် ၌ထားရှိသော သင့်စိတ်ထားသည် သခင်ခရစ်တော်၏စိတ်ထားနှင့် တူနေပါသလား။

ကျေးဇူးပြုခြင်းသည် သင့်အသက်တာ၏ ရှုထောင့်အသီးသီးနှင့် ထိစပ်နေပါသည်။ ကျေးဇူးပြုခြင်းကို အပြုအမူများ၊ စိတ်နေစိတ်ထားများ၊ နှင့် နှုတ်ထွက်စကားများတွင် ဖော်ပြကြသည်။ ကျေးဇူးပြုခြင်းကို ကျွန်ုပ်တို့အသက်တာ၌ သက်သေပြသနိုင်ရခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်ရှင်သန်လျက် သခင်ခရစ်တော်၏အကျင့်လက္ခဏာများကို ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်နေသောကြောင့် ဖြစ်သည်။ ကျေးဇူးပြုခြင်းသည် အခြားသူများနှင့် ငှင်းတို့၏လိုအပ်ချက်များကို အစဉ်သိရှိနေတတ်သည်။ ငှင်းသည် တစ်ကိုယ်ကောင်း မဆန်တတ်ပါ။ ကျေးဇူးပြုခြင်းသည်ပင်ကိုယ်သဘာဝအားဖြင့် စွန့်လွှတ်အနစ်နာခံတတ်သော သဘောရှိသည်။ ငှင်း၏အိမ်နီးနားခြင်းသယ်ပိုးနေရသော ဝန်ထုပ်ကို ကူညီဖေးမ၍ ပေါ့ပါးစေရန် အစဉ်တောင်းတနေ၏။ ဤအချင်းအရာများကို ပြုနိုင်ရခြင်းမှာ ငှင်းသည် ဝန်ထုပ်ကို ပေါ့ပါးစေရန် ထမ်းဘိုးကို သက်တောင့်သက်သာ ရှိစေရန် သခင်ခရစ်တော်၏ နှလုံးသားအားဖြင့် တွန်းပို့ခံကြရသောကြောင့်ဖြစ်သည်။

စဉ်းစားသုံးသပ်ရန်အချက်များ

* ကျေးဇူးပြုခြင်းနှင့် ညီအစ်ကိုမောင်နှမ၏ဝန်ထုပ်ကို ပေါ့စေခြင်းတို့၏ ဆက်နွယ်မှုကား အဘယ်နည်း။
* စွန့်လွှတ်အနစ်နာခံခြင်း မရှိဘဲ၊ ကျေးဇူးပြုခြင်းရှိနိုင်ပါသလား။
* ခွင့်လွှတ်ခြင်းသည် မည်သို့ဖြင့် ကျေးဇူးပြုခြင်းလုပ်ရပ်ဖြစ်နိုင်သနည်း။ သခင်ခရစ်တော်၏ခွင့်လွှတ်ခြင်းတရားသည် မည်သို့ဖြင့် ကျွန်ုပ်တို့အပေါ်၌ သူ၏ကျေးဇူးပြုတတ်ခြင်းကို လက်တွေ့သက်သေပြရာဖြစ်နိုင်သနည်း။

* ကျေးဇူးပြုခြင်း၏ရန်သူများကား အဘယ်နည်း။
* နှုတ်ထွက်စကားများဖြင့် ကျေးဇူးပြုခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ ပြသနိုင်ကြောင်း ပုံဥပမာအချို့ကို ဖော်ပြပေးပါ။
* လုပ်ဆောင်ခြင်းများဖြင့် ကျေးဇူးပြုခြင်းကို ပြသော သာဓကအချို့ကို ဖော်ပြပေးပါ။

ဆုတောင်းရန်အချက်များ

* အခြားသူတို့၏ လိုအပ်ချက်များကို ခံစားသိမြင်နိုင်ရန် သင့်မျက်စိများကို ဖွင့်ပေးဖို့ သခင်ဘုရားအား တောင်းလျှောက်ပါ။ ထိုလို အပ်ချက်များကို သနားကြင်နာခြင်းဖြင့် ပြန်လည်တုန့်ပြန်ရန် ပို၍ ဆန္ဒရှိလာသော သူတစ်ဦးအဖြစ် ဖန်တီးပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။
* သင့်အပြစ်များအတွက် ကားတိုင်ထက်၌ မိမိအသက်ကိုစတေးသွားခဲ့ခြင်းဖြင့် ပြသခဲ့သော သခင်ဘုရား၏ကျေးဇူးပြုခြင်းတရားအတွက် ထိုသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။
* သင့်အသက်တာ၌သင်ခွင့်လွှတ်ရန် လိုအပ်နေသောသူများ ရှိပါသလား။ ထိုသူတို့အား ခွင့်လွှတ်ပေးရန်နှင့် သူတို့သယ်ပိုးနေရသော ဝန်ထုပ်အမျိုးမျိုးကို ပေါ့ပါးဖြေလျှော့ပေးနိုင်ရန် ဘုရားသခင်ထံတော်၌ကျေးဇူးတော်ခွန်အားကို တောင်းလျှောက်ပါ။
* သင့်အသက်တာ၌ကျေးဇူးပြုခြင်းကို ဆန့်ကျင်နေသော ရန်သူအမျိုးမျိုးကို ဖယ်ရှားပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။
* သင့်အသက်တာ၌ ကျေးဇူးပြုခြင်းကို နှုတ်ထွက်စကားအားဖြင့်၎င်း၊ လုပ်ဆောင်မှုအားဖြင့်၎င်း၊ သက်သေပြနိုင်ရန် ဘုရားသခင်

အား ကူညီမစဖို့ ဆုတောင်းပါ။ သင့်အထဲ၌ ပို၍ကြွယ်ဝများပြား သောကျေးဇူးပြုခြင်းကို ဖော်ဆောင်ဖန်တီးပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။

ကောင်းမြတ်ခြင်း

ကောင်းမြတ်ခြင်းသည် ဤလေ့လာခြင်း၌ ကျွန်ုပ်တို့ လေ့လာသုံးသပ်သွားကြမည့် အသီးဖြစ်သည်။ ကောင်းမြတ်ခြင်းကို စိတ်နှလုံးနှင့် အသက်တာဖြောင့်မတ်ခြင်းသဘောမျိုးဖြင့် အနက်ဖွင့် ဆို နိုင်ပါသည်။ တစ်ခါတရံတွင် တစ်စုံတစ်ခုသည် အရည်အသွေးဖြစ်တည် ခြင်းအားဖြင့် လေးစားမြတ်နိုးထိုက်နေလျှင် (သို့) အကောင်းဆုံးဖြစ်နေလျှင် ၎င်းကို "ကောင်းသည်"ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။ ကောင်းမြတ် ခြင်းဟူသော အသုံးအနှုန်းမှာ အလွန်ကျယ်ပြန့်သော အသုံးအနှုန်းဖြစ်သည်။ ကောင်းမြတ်ခြင်းသည် ဝိညာဉ်တော်၏အသီးအပွင့်တစ်ခုဖြစ်နေစဉ်တွင်ပင် ကောင်းမြတ်ခြင်းသည် ၎င်း၏ကိုယ်ပိုင်အသီးအပွင့်များကို ဖန်တီးဖော်ဆောင်နေပါသည်။ ယုံကြည်သူ တစ်ဦး၏အသက်တာ၌ ကောင်းမြတ်ခြင်း၏အထောက်အထားကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွေ့မြင်နိုင်ပါသည်။ သိရှိမှတ်သားထားရန် အရေးကြီးသောအချက်မှာ ကောင်းမြတ်ခြင်းသည် လူတစ်ဦး၏လုပ်ဆောင်မှု လုပ်ရပ်ထက် ထိုသူ၏ အကျင့်စာရိတ္တကို ပို၍ရည်ညွှန်းပါသည်။ လူအများက်အများသည် ကောင်းသောလုပ်ဆောင်မှုကို ပြုလုပ်နိုင်ကြသော်လည်း ၎င်းတို့ကိုယ်၌ ကမူ လူကောင်းများမဟုတ်တတ်ကြပါ။

ကောင်းမြတ်ခြင်းကို ဆုံးရှုံးခဲ့ခြင်း

ကောင်းမြတ်ခြင်းအသီးအပွင့်ကို နားလည်နိုင်ကြရန် အတွက် ကျွန်ုပ်တို့သည် လူသားအား ဖန်ဆင်းခြင်းအစကို ပြန်လည်လေ့လာရန် လိုအပ်သည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို ဖန်ဆင်းပြီးနောက် မိမိ ဖန်ဆင်းခဲ့သောအရာများကို ပြန်လည်ကြည့်ရှုသုံးသပ်ခဲ့ရာ ၎င်းတို့ကို *ကောင်းသည်ဟု တွေ့မြင်ခဲ့သည်။ (ကမ္ဘာဦး ၁း၃၁ ကိုကြည့်ပါ) လူသား များကို ကောင်းမြတ်ခြင်းနှင့်တကွ ဖန်ဆင်းထားခဲ့သော်လည်း၊ ထိုကောင်းမြတ်ခြင်းမှာ အပြစ်တရားဥပဒေလောကသို့ စတင်ဝင်ရောက် ခဲ့သည့်အချိန်၌ ဖျက်ဆီးခြင်းခံခဲ့ရသည်။ လူစိတ်နှလုံးမှာ ကောက်ကျစ်စဉ်း လဲသောအရာဖြစ်လာခဲ့သည်။ နောင်၏ခတ်ကာလ၌ ဘုရားသခင်သည် လူသားများကို ကြည့်ရှုစဉ်က မည်သို့တွေ့မြင်ခဲ့ပုံကို ကမ္ဘာဦး ၆း၅-၆ တွင် ဖော်ပြထားသည်။

(၅) မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏ စိတ်နှလုံးအကြံ အစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်း သက်သက်ရှိ ကြောင်းကို ဘုရားသခင်သိမြင်တော်မူလျှင်၊ (၆) မြေကြီးပေါ် မှာ လူကိုဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော်ပူ ပန်လျက်ရှိတော်မူ၏။

ဆိုးညစ်ခြင်းအပြစ်ဒုစရိုက်သည် လူသား၏စိတ်နှလုံးကို မည်သို့ ထိခိုက်စေခဲ့ကြောင်းကို သတိပြုပါ။ "သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှ တို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိ(၏)(ကမ္ဘာဦး ၆း၅-၆)။ ဤကျမ်းပိုဒ်အရ လူသား၏စိတ်နှလုံးအကြံအစည်တို့၌ ကောင်းမြတ်ခြင်း မရှိတော့ပါ။ သူ၏အကြံအစည်အားလုံးသည် ဆိုးညစ်ခြင်း အပြစ် ဒုစရိုက်တို့ဖြင့် စွန်းထင်းနေသောစိတ်နှလုံးမှ ရောက်လာခဲ့ကြသည်။

ရှင်ပေါလုပ္ပ ရောမပြို့ရှိ ယုံကြည်သူတို့အား ရေးသားပြောဆို

ခဲ့သည်မှာ -

(၁၀) ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (၁၁) နားလည်သောသူမရှိ။ ဘုရားသခင်ကို ရှာသောသူမရှိ။ (၁၂) လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တစ်ညီတညွတ်တည်းအသုံးမရသောသူဖြစ်ကြပြီ။ကောင်းသောအကျင့်ကို ကျင့်သောသူ မရှိ။ တစ်ယောက်မျှ မရှိ။

(ရောမ ၃း၁၀-၁၂)

အထက်ပါကျမ်းပိုဒ်တွင် ကောင်းမြတ်ခြင်းအတွက် နေရာစရာနေရာမှာ အလွန်ကျဉ်းမြောင်း၍ မရှိသလောက်ပင်ဖြစ်သည်။ ရှင်ပေါလု၏ပြောပြချက်ကို သုံးသပ်ကြည့်ပါ။

၁။ ဖြောင့်မတ်သောသူ မရှိ
၂။ တစ်ယောက်မျှ မရှိ
၃။ နားလည်သောသူ မရှိ
၄။ ဘုရားသခင်ကို ရှာသောသူ မရှိ
၅။ လူအပေါင်းတို့သည် လမ်းလွဲကြပြီ
၆။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ
၇။ ကောင်းသောအကျင့်ကို ကျင့်သောသူ မရှိ
၈။ တစ်ယောက်မျှ မရှိ

လူသားတစ်ယောက်အနေဖြင့် အထက်ပါကျမ်းပိုဒ်ကို နားလည်ရန် ခက်ခဲမည်ဖြစ်သော်လည်း ဤသည်မှာ ဘုရားသခင်က ကျွန်ုပ်တို့အားရှုမြင်ထားချက်ဖြစ်သည်။ သန့်ရှင်းခြင်းနှင့် စင်ကြယ်ခြင်းရှုထောင့်မှကြည့်သောအခါ ကျွန်ုပ်တို့မှာ မသန့်ရှင်းသောသူများဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုနှင့်အကြံအစည်အားလုံးသည် အပြစ်ဒုစရိုက်ကြောင့် စွန်းထင်းညစ်ပေခဲ့ရပြီး ဖြောင့်မတ်သောဘုရားသခင်အတွက်

လက်မခံနိုင်စရာဖြစ်လာခဲ့သည်။ ဤနေရာတွင် ချွင်းချက်မရှိပါ။ ဘုရားသခင်၏ကောင်းမြတ်ခြင်းစံညွှန်းကို ပြည့်မှီသောသူ တစ်ယောက်မျှ မရှိပါ။ လူသားအားလုံးအပြစ်ဒုစရိုက်ကို ပြုကြပြီ။ ဘုရားသခင်၏ ဇွဲရတော်၌ စံချိန်မပီဖြစ်ကြရပြီ။ (ရောမ ၃း၂၃ ကိုကြည့်ပါ။)

ကောင်းမြတ်ခြင်းနှင့် စပ်လျဉ်း၍ ဘုရားသခင်၏အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ကျွန်ုပ်တို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အလွန်ကွဲပြားခြားနားနေပါသည်။ ဘုရားသခင်၏စံချိန်စံညွှန်းမှာ ကျွန်ုပ်တို့၏အခြားတဘက်တွင် ရှိနေသည်။ သူ၏စံချိန်စံညွှန်းမှာ ပြည့်စုံပေ၏။ ကျွန်ုပ်တို့၏အပြုအမူများ၊ အကြံအစည်များနှင့် လှုပ်ရှားပြုမူပုံများအားလုံးသည် အပြစ်ဒုစရိုက်နှင့် စွန်းထင်းနေပြီး၊ ဘုရားသခင်အတွက် လက်မခံနိုင်စရာဖြစ်နေသည်။

လူတစ်ယောက်ကသင့်အား အဆိပ်သင့်ထားသော ရေတစ်ခွက်ကို ကမ်းပေးသည်ဟု စိတ်ကူးကြည့်ပါ။ ထိုရေကို သင်သောက်ပါမည်လော။ ထိုအဆိပ်ခပ်ထားသော ရေကို လိမ္မော်ရည် ညှစ်၍ထည့်ပြီး၊ ပို၍ကောင်းသောအရသာနှင့်အတူ သင့်အား ပေးကမ်းလျှင်ရော သင်သောက်ပါမည်လော။ ပုံမှန်စိတ်ရှိနေသူ အဘယ်သူမျှ ထိုခွက်ကို သောက်မည်မဟုတ်ပါ။ အပြစ်ဒုစရိုက်သည် ရေခွက်တစ်ခွက်ထဲ၌ ခပ်ထားသော အဆိပ်နှင့်တူသည်။ ၎င်းသည် ကျွန်ုပ်တို့လုပ်ဆောင်မှုအားလုံးကို ထိုခိုက်စေသည်။ ထိုအပြစ်ဒုစရိုက်တည်းဟူသော အဆိပ်ကို ကျွန်ုပ်တို့အသက်တာမှ မဖယ်ရှားမချင်း၊ ကျွန်ုပ်တို့မည်သည့်အရာကို မဆိုလုပ်ဆောင်နေပါစေ။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုများနှင့် အကြံအစည်အားလုံးတို့သည် သန့်ရှင်းသောဘုရားသခင်အတွက် စက်ဆုပ်ရွံရှာဖွယ်သာဖြစ်နေသည်။

အပြစ်ဒုစရိုက်ကို မဖြေရှင်းမချင်း စစ်မှန်သောကောင်းမြတ်ခြင်းသည် မဖြစ်နိုင်ပါချေ။ ဤအတွက်ကြောင့်သာ သခင်ယေရှုဆင်းကြွလာ

ခဲ့ခြင်းဖြစ်သည်။ သခင်ယေရှု၏ ကားတိုင်ထက်၌ပြုခဲ့သော အမှုကြောင့် ကောင်းမြတ်ခြင်းမှာ ဖြစ်နိုင်ချေရှိလာသည်။ ဤနေရာ၌ ရှင်ပေါလုပြောပြသောကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့အသက်တာရှိ ဝိညာဉ်တော်လုပ်ဆောင်မှု၏ အသီးအပွင့်ဖြစ်သည်။ ထိုကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့အထဲမှ ထွက်လာတတ်သော သာမန်ကောင်းမြတ်ခြင်းမျိုး မဟုတ်ဘဲ၊ ဘုရားဝိညာဉ်တော်က ကျွန်ုပ်တို့ အသက်တာထဲ၌ ဖန်တီးဖော်ဆောင်၍ သွတ်သွင်းပေးထားသောအရာဖြစ်သည်။

ကောင်းသောအသီးအပွင့်သည် ကောင်းသောစိတ်နှလုံးမှ ရောက်ရှိလာ၏။

သခင်ယေရှုက တပည့်တော်များအား မဿဲ ၇း၁၇-၁၈ ၌ သွန်သင်ပေးထားချက်ကို နားဆင်ကြည့်ပါ။

(၇း၁၇) ကောင်းသောအပင်သည် ကောင်းသောအသီး၊ မကောင်းသောအပင်သည် မကောင်းသောအသီးကို သီးတတ်၏။ (၇း၁၈) ကောင်းသောအပင်သည် မကောင်းသောအသီး မကောင်းသောအပင်သည် ကောင်းသောအသီးကို မသီးနိုင်။

ကောင်းသောအသီးသည် ကောင်းသောစိတ်နှလုံးမှသာ ရောက်ရှိလာနိုင်ကြောင်းကို သခင်ယေရှုက သွန်သင်ပေးထားသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဆိုးညစ်နေလျှင် ထိုစိတ်နှလုံး၏အသီးမှာလည်း ဆိုးညစ်ခြင်းများဖြင့်သာ စွန်းထင်းနေပါလိမ့်မည်။ ဖြူစင်သန့်ရှင်းသော စိတ်နှလုံးကသာလျှင် ဘုရားသခင်လက်ခံနိုင်မည့် အသီးကို သီးပွင့်နိုင်ပေ မည်။ ထိုအသီးမှာ ကောင်းသောအသီးဖြစ်သည်။

အလားတူ နည်းဥပဒေသည် ကျွန်ုပ်တို့၏ပြောဆိုသောစကားများနှင့်လည်း သက်ဆိုင်နေသည်။ ကောင်းသောနှုတ်ထွက်စကားသည် ကောင်းသောစိတ်နှလုံးမှရောက်ရှိလာသည်။ မဿဲ ၁၂း၃၄-၃၅တွင်

သခင်ယေရှုက သူခေတ်ကာလရှိ ဘာသာရေးခေါင်းဆောင်များအား မည်သို့ပြောဆိုခဲ့သည်ကို နားဆင်ကြည့်ပါ။

(၁၂:၃၄) အချင်းမြွေဆိုးအမျိုးတို့၊ သင်တို့သည် အဆိုးဖြစ်လျက် ကောင်းသောစကားကို အဘယ်သို့ပြောနိုင်မည်နည်း။ စိတ်နှလုံး အပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏။ (၁၂:၃၅) ကောင်း သောသူသည် ကောင်းသော စိတ်နှလုံးဘဏ္ဍာတိုက်ထဲက ကောင်းသောအရာတို့ကို ထုတ်ဖော်တတ်၏။ မကောင်းသော သူသည် မကောင်းသောဘဏ္ဍာတိုက်ထဲက မကောင်းသော အရာတို့ကို ထုတ်ဖော်တတ်၏။

ကောင်းမြတ်ခြင်းဆိုသည်မှာ အသီးကိုဖန်တီးဖော်ဆောင်ပေး သော စိတ်နှလုံး၏အရည်အသွေး ဂုဏ်သတ္တိကို ရည်ညွှန်းထားကြောင်း သတိပြုပါ။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်ကို ခွင့်လွှတ်ပေးရန်နှင့် အသစ် သောနှလုံးကို ပေးကမ်းသွတ်သွင်းပေးရန် သခင်ယေရှု၏ကားတိုင်ထက် ၌ပြုခဲ့သော အမှုတော်ကြောင့်သာ ကောင်းမြတ်ခြင်းသည် ဖြစ်နိုင်ချေ ရှိလာသည်။ ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့အထဲ၌ သခင်ခရစ်တော် ၏အကျင့်လက္ခဏာကို ဖန်တီးဖော်ဆောင်ပေးနေသော ကျွန်ုပ်တို့အထဲ ၌ကိန်းဝပ်နေသည့်ဝိညာဉ်တော်၏ လုပ်ဆောင်မှုဖြစ်သည်။

ကောင်းမြတ်ခြင်းကို သမ္မာကျမ်းစာ၌ဖော်ကျူးထားပုံများ

သမ္မာကျမ်းစာ၌ ကောင်းမြတ်ခြင်းတရားကို နည်းပျိုးစုံဖြင့် ဖော် ကျူးထားသည်။ ယုံကြည်သူ၏အသက်တာ၌ကောင်းမြတ်ခြင်း၏အသီး သည် မည်သည့်အရာနှင့်တူကြောင်းကို ကောင်းမွန်စွာ နားလည်နိုင်ရန် အတွက် ဤဖော်ကျူးထားပုံအမျိုးမျိုးတို့ကို လေ့လာသုံးသပ်ခြင်းက အထောက်အကူပြုပါလိမ့်မည်။

သဘောကောင်းရက်ရောသော

ကောင်းမြတ်ခြင်းကိုသနားကြင်နာတတ်ခြင်းနှင့် သဘောကောင်းရက်ရောခြင်းတို့ဖြင့် ထုတ်ဖော်ပြသကြသည်။ အစေခံလုပ်သားများကို တစ်ရက်တည်း ပေမဲ့ မတူညီသောအချိန်များ၌ ငှားရမ်းခဲ့သော သူတစ်ဦး၏ ပုံပြင်ကို သခင်ယေရှုပြောပြထားသည်။ အချို့အစေခံလုပ်သားများကို နံနက်စောစောပိုင်း၌ ငှားရမ်းခဲ့ပြီး၊ တစ်နေကုန်အလုပ်လုပ်ကြသည်။ အချို့မှာ နောက်ကျမှ ငှားရမ်းခဲ့ပြီး နာရီအနည်းငယ်သာ အလုပ်လုပ်ကြရသည်။ လုပ်အားခပေးရန် အချိန်ရောက်လာသောအခါ တစ်နေ့လုံးအလုပ်လုပ်ခဲ့ကြသော သူတို့သည် နာရီအနည်းငယ်သာ အလုပ်လုပ်ခဲ့ကြသော သူတို့ထက် လုပ်အားခပို၍မရရှိကြသည်ကို တွေ့ရသောကြောင့် အလွန်အံ့အားသင့်ခဲ့ကြရသည်။ မမျှတသောလုပ်ရပ်အတွက် ပြုခဲ့သော သူတို့၏စွပ်စွဲချက်များ တုန့်ပြန်သည့်အနေဖြင့်ငှားရမ်းသူအလုပ်ရှင်မှ ပြောဆိုခဲ့ပုံမှာ-

> *ငါသည် ကိုယ်ဥစ္စာကိုပြုလိုသမျှမပြုရသလော။ ငါသဘောကောင်းသောကြောင့် သင်သည် မျက်မုန်းကြီးရသလော။ (မဿဲ ၂၀း၁၅)*

New International Version ကျမ်းစာ၌ "သဘောကောင်းသော"ဟု အနက်ပြန်ထားသော စကားလုံးမှာ ဂလာတိ ၅း၂၂၌ အသုံးပြုထားသော "ကောင်းမြတ်ခြင်း"ဟူသောစကားလုံးကို ကျွန်ုပ်တို့ ရရှိခဲ့ကြခြင်း ဖြစ်သည်။ အထက်ပါအကြောင်းအရာတွင် ငှားရမ်းသူအရှင်သခင်သည် သဘောကောင်းရက်ရောခြင်းဖြင့် ကောင်းမြတ်ခြင်းကို သက်သေပြခဲ့သည်။

အလားတူ အယူအဆကို တမန်တော်ဝတ္တာ၌လည်း တွေ့ရ သည်။ ဤနေရာတွင် တဗိသ(ဒေါကာဟုလည်းခေါ်သည်)အမျိုးသမီးကြီး

တစ်ဦးအကြောင်းကို ဖတ်ရှုရပြီး၊ သူမသည် ပတ်ဝန်းကျင်ရှိ ဆင်းရဲသားများကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် ပြသခဲ့သောသူမ၏ သဘောကောင်းရက်ရောခြင်းနှင့် သနားကြင်နာတတ်ခြင်းတို့ကြောင့် လူသိများခဲ့သည်။ သူမကို တမန် ၉း၃၆ ၌ ကောင်းမြတ်ခြင်းအရည်အချင်းပိုင်ဆိုင်ခဲ့သူ အဖြစ် ဖော်ပြထားသည်။

ယုပ္ပေမြို့၌ ဒေါ်ကာဟု ဆိုလိုသော တဗိသအမည်ရှိသော တပည့်တော်မတစ်ယောက်ရှိ၏။ ထိုမိန်းမသည် ကောင်းသော အကျင့်၊ စွန့်ကြဲခြင်းအကျင့်နှင့် ပြည့်စုံလျက် . . .

ကောင်းမြတ်ခြင်းနှင့် သဘောကောင်းရက်ရောခြင်းတို့ ဆက်နွယ်နေမှုကို လုပ်နေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည်။ ကောင်းမြတ်ခြင်းကို သနားကြင်နာတတ်ခြင်းနှင့် သဘောကောင်းရက်ရောခြင်းတို့ဖြင့် သက်သေပြကြသည်။

သစ္စာရှိခြင်း

သမ္မာကျမ်းစာ၌ ကောင်းမြတ်ခြင်းတရားကို ဖော်ပြသော အခြားအရာမှာ သစ္စာရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏သခင်ဘုရားသည် မိမိ၏ စည်းစိမ် ပိုင်ဆိုင်မှုများကို အစေခံများလက်၌အပ်ထားပြီး ခရီးတစ်ခုကို ထွက်သွားခဲ့သော သခင်တစ်ဦးအကြောင်းကို ပြောပြခဲ့သည်။ သူခရီးမှ ပြန်ရောက်သောအခါ အစေခံများအား သူခရီးထွက်စဉ်ကာလာ၌ ငှင်းတို့ပြုလုပ်ခဲ့ကြသောအရာများအတွက် ရှင်းတမ်းကို တောင်းခဲ့သည်။ အစေခံတစ်ဦးမှာ သခင်အပ်နှံထားခဲ့သောအရာထက် နှစ်ဆကို တိုး၍ ရှာနိုင်ခဲ့သည်။ ဤပုဂ္ဂိုလ်အား သခင်ဖြစ်သူက မဿဲ ၂၅း၂၁ တွင် မည်သို့ ပြောဆိုခဲ့သည်ကို နားဆင်ကြည့်ပါ။

အရှင်ကလည်း သာဓု၊ သစ္စာရှိသောငယ်သားကောင်း၊ သင်

သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ များစွာသော အမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကို စဉ်းစားလော့ဟု မိန့်တော်မူ၏။

သခင်ဖြစ်သူက သူ၏အစေခံအား ငယ်သား**ကောင်း[ဆယ်] ဟု ခေါ်ဆိုခဲ့သည်အကြောင်းမှာ ထိုအစေခံသည် ပေးအပ်ထားသောအမှုဌ သစ္စာရှိနေခဲ့သောကြောင့်ဖြစ်သည်။

အလားတူ အယူအဆကို လုကာ ၁၉း၁၇ တွင် လည်းဖော်ပြထားသည်။

သခင်က သာစု၊ ငယ်သားကောင်း၊ သင်သည်အမှုငယ်၌ သစ္စာစောင့်လေပြီ။ ဆယ်မြို့ အုပ်ကိုအုပ်စိုးလော့ဟု မိန့်တော်မူ၏။

ဤအစေခံအား ငယ်သား "ကောင်း"ဟုခေါ်ခဲ့သည်။ အကြောင်းမှာ ထိုသူသည် ယုံကြည်ကိုးစားထိုက်ခဲ့သောကြောင့်ဖြစ်သည်။ ဘုရားဝိညာဉ်တော်သည် ကျွန်ုပ်တို့အသက်တာ၌ ကောင်းမြတ်ခြင်းအသီးကို ဖန်တီးဖော်ဆောင်သောအခါ ဘုရားသခင်က ကျွန်ုပ်တို့ကိုခေါ်ယူလုပ်ဆောင်စေသောအရာများအားလုံး၌ သစ္စာရှိခြင်းဖြင့် ထိုအသီးကို သက်သေပြကြပါလိမ့်မည်။

ဖြောင့်မတ်ခြင်း

ကောင်းမြတ်ခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ ဆက်စပ်နေပုံကိုလည်း သမ္မာကျမ်းစာတွင် တွေ့ရသည်။ ယောသပ်သည် ယုဒလူမျိုးများကောင်စီ၌အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ကောင်စီကြီး၏အဖွဲ့ဝင် တစ်ဦးဖြစ်သည့် အားလျော်စွာ သူသည် . . .

ထိုအခါ ယုဒသည် အရိမသဲမြို့သား ယောသပ်အမည်ရှိသော လွှတ်အရာရှိသည် . . . သူတော်ကောင်း၊ သူတော်မြတ်ဖြစ်

သည်။ (လုကာ ၂၃း၁၀)

ရှင်ပေါလုက တိမောသေအား ပြောပြထားခဲ့သည်မှာ အကယ်၍ လူတစ်ဦးသည် မိမိကိုယ်ကို စင်ကြယ်စေခဲ့လျှင် ထိုသူသည် ကောင်းသော အမှုများအတွက် အရှင်သခင်၏အသုံးတော်ကို ခံခဲ့ရပေမည်ဟူ၍ဖြစ်သည်။

သို့ဖြစ်၍ အထက်ဆိုခဲ့ပြီးသော အကျင့်ကိုပယ်၍ မိမိကို စင်ကြယ်စေသောသူမည်သည်ကား၊ အသရေရှိသောတန်ဆာသန့်ရှင်း၍ အိမ်ရှင်သုံးစရာကောင်းသောတန်ဆာ၊ ကောင်းသော အမှုများ အဖို့အလိုငှာ ပြင်ဆင်သောတန်ဆာဖြစ်လိမ့်မည်။ (၂တိ ၂း၂၁)

အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်သခင်အတွက် ကောင်းသောအမှုကို ဆောင်ရွက်လိုလျှင် ပထမဆုံးပြုလုပ်ရန်လိုအပ်သည့်အချက်မှာ ကျွန်ုပ်တို့၏ မသန့်ရှင်းညစ်နွမ်းမှုများ စင်ကြယ်သွားကြရန်ဖြစ်သည်။ တဖန် ဤအချင်းအရာမှာ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားဝိညာဉ်တော်၏လုပ်ရှားလုပ်ဆောင်မှုဖြစ်သည်။ ဘုရားသခင်အတွက် လုပ်ဆောင်သောကျွန်ုပ်တို့၏အမှုတော်အား ဟန့်တားနှောင့်ယှက်ခြင်းမခံရရန်အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏အပြစ်နှင့် မသန့်ရှင်းမှုများကိုသန့်ရှင်းစင်ကြယ်အောင် လုပ်ဆောင်နေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ကောင်းပြတ်ခြင်းအသီးကို ကျွန်ုပ်တို့၏အသက်တာ၌ ဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ သူသည် ကျွန်ုပ်တို့၏ မသန့်ရှင်းသောအကြံအစည်များ၊ လုပ်ဆောင်မှုများနှင့် အပြုအမူများကိုဖော်ထုတ်ပြသ၍ ထိုအရာတို့က သန့်ရှင်းစင်ကြယ် စေ၏။

သင့်မြတ်လျော်ကန်သောစကား

ကောင်းမြတ်ခြင်း၏လက္ခဏာကို ကျွန်ုပ်တို့၏ပြောဆိုပုံတွင်လည်း တွေ့မြင်ရပေသည်။ ဧဖက် ၄း၂၉ ၌ တမန်တော်ရှင်ပေါလုရေးသားထားခဲ့သည်မှာ -

ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်မှမထွက်စေနှင့်။ ကြားနာသောသူတို့၏အကျိုးကို ပြုစုစေခြင်းငှာ၊ တည်ဆောက်စရာဖို့ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့။

New International Version ကျမ်းစာ၌ "အကျိုး"ဟုအနက်ဖွင့်ထားသောစကားလုံးမှာ "ကောင်းသော"ဟူသော စကားလုံးပင်ဖြစ်သည်။ ကောင်းသောစကားသည် ခရစ်တော်၏ကိုယ်ခန္ဓာကိုပြုစု၍ခွန်အားပေးတိုက်တွန်းသောစကားဖြစ်သည်။ ကောင်းသောစကားသည် သင့်မြတ်လျော်ကန်၍ ကျမ်းမာစေသောစကားဖြစ်သည်။ ဝိညာဉ်တော်သည်ကောင်းမြတ်ခြင်းအရာကို ကျွန်ုပ်တို့အထဲ၌ တည်ဆောက်နေသည်။ ဤအချင်းအရာကို ကျွန်ုပ်တို့၏စကားပြောဆိုပုံ(သို့)အခြားသူများ၏အကြောင်းကိုပြောဆိုပုံတွင် ထင်ဟပ်စေကြသည်။

စစ်မှန်သောကောင်းမြတ်ခြင်းသည် ဘုရားသခင်၏ အရာဖြစ်သည်။

စစ်မှန်သောကောင်းမြတ်ခြင်းသည် ဘုရားသခင်ထံမှ ဖြစ်၍ ၄င်းသည် ကျွန်ုပ်တို့အထဲ၌ရှိနေသော သန့်ရှင်းသောဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုဖြစ်သည်။ စစ်မှန်သော ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့၏ ဇာတိပကတိစိတ်မှထွက်လာသောအရာမဟုတ်ပါ။ မဿဲ ၁၉ တွင် လူတစ်ဦးသည် သခင်ယေရှုအထံတော်သို့ ရောက်ရှိလာပြီး၊ ထာဝရအသက်ကို အမွေဆက်ခံရရန် မည်သည့်ကောင်းမှုကုသိုလ်ကိုပြုလုပ်ရမည့်အကြောင်းကို မေ့လျော့ခဲ့သည်။ သို့သော် သခင်ယေရှုက ကောင်းမြတ်

သော ပုဂ္ဂိုလ်တစ်ဦးသာ ရှိကြောင်းပြန်လည်းပြောဆိုခဲ့သည်။

"ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏။ အသက်ရှင်ခြင်းသို့ ဝင်စားလိုလျှင် ပညတ်တော်တို့ကို စောင့်ရှောက်လော့"ဟု မိန့်တော်မူ၏။ (မဿဲ ၁၉း၁၇)

သခင်ယေရှုသည် ဤသူအား ပညတ်တော်ကို စောင့်ရှောက်ရန် ဆင့်ခေါ်ခဲ့ခြင်းမှာ ပညတ်တော်သည် ထာဝရအသက်ကို ရနိုင်သောလမ်း ဖြစ်သည်ဟု ဖော်ပြလိုသောကြောင့် မဟုတ်ဘဲ၊ ပြည့်စုံသောကောင်းမြတ် ခြင်းသည် လူကြိုးစားအားထုတ်မှုဖြင့် မဖြစ်နိုင်ကြောင်းကို ပြသရန် အတွက်သာဖြစ်သည်။ သခင်ယေရှု၏အဆိုအရ ဘုရားသခင်တစ်ပါး တည်းသာ ကောင်းမြတ်သည်။ ထိုဘုရားသည် စစ်မှန်သောကောင်းမြတ် ခြင်းအားလုံးကို တိုင်းတာသောစံဖြစ်သည်။ ကောင်းမြတ်သောသူ တစ်ဦး ဖြစ်ရန်မှာ အရာရာတိုင်း၌ ဘုရားသခင်နှင့် သဏ္ဌာန်တူရန်ဖြစ်သည်။ ကျွန်ုပ်တို့တွင် မည်သူကမျှ အထက်ပါစံချိန်ကို မှီနိုင်မည်မဟုတ်ပါ။

ပြည့်စုံသော ကောင်းမြတ်ခြင်းသည် ဇာတိပကတိလူ၌မဖြစ်နိုင် သော်လည်း ဘုရားရှင်၏ဝိညာဉ်တော်သည် ထိုအရာကို ကျွန်ုပ်တို့၏ အသက်တာ၌ရှေ့ဆက်၍ဖော်ဆောင်ဖန်တီးနေပါသည်။ တမန် ၁၁း၂၄ တွင် သတေဖန်အား သူတော်ကောင်းတစ်ဦးအဖြစ် ဖော်ပြထားသည်။ သတေဖန်၏ "ကောင်းမြတ်ခြင်း"နှင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ခြင်းတို့၏ ဆက်နွယ်နေမှုကို သတိပြုပါ။

ထိုသူသည် သူတော်ကောင်းဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်နှင့်ငင်း၊ ယုံကြည်ခြင်းနှင့်ငင်း၊ ပြည့်စုံသောအားဖြင့် လူများအပေါင်းတို့သည် ဘုရားသခင်ထံသို့ ဝင်စားကြ၏။

သတေဖန်၏ကောင်းမြတ်ခြင်းသည် သူ့အသက်တာ၌ သခင်

ခရစ်တော်၏အကျင့်လက္ခဏာကိုဖော်ထုတ်ဖန်တီးပေးနေသည့် သန့်ရှင်းသော ဝိညာဉ်တော်လုပ်ဆောင်မှု၏တိုက်ရိုက်အကျိုးရလာဒ်ပင်ဖြစ်ခဲ့သည်။

၃ယော ၁း၁၁ တွင် တမန်တော်ရှင်ယောဟန်က သူ၏စာစောင်ကို ဖတ်ရှုသူတို့အား ကောင်းသောအကျင့်ကို ကျင့်သောသူသည် ဘုရားသခင်နှင့် စပ်ဆိုင်သူဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အချင်းချစ်သူ၊ မကောင်းသောနည်းကို မလိုက်နှင့်။ ကောင်းသောနည်းကိုသာ လိုက်လော့။ ကောင်းသောအကျင့်ကို ကျင့်သူသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ မကောင်းသောအကျင့်ကိုကျင့်သူမူကား၊ ဘုရားသခင်ကို မသိမမြင်ရ။

ဂလာတိ ၅း၂၂ ၌ ပြောပြထားသော ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ပို၍သဏ္ဌာန်တူလာအောင် ဖန်တီးပြုလုပ်နေသော ဘုရားဝိညာဉ်တော်၏အသီးအပွင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ "ကောင်းမြတ်ခြင်း" အားလုံးသည် အပြစ်ဒုစရိုက်ကြောင့် စွန်းထင်းညစ်ပေးနေပြီး၊ ဘုရားသခင်အတွက် လက်မခံနိုင်သောအရာဖြစ်နေကြသည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏အထဲ၌ ဖန်တီးဖော်ဆောင်နေသောအရာမှာ ကွဲပြားခြားနားသောအရာဖြစ်သည်။ ထိုအရာမှာ ကျွန်ုပ်တို့အထဲ၌ သခင်ခရစ်တော်၏အကျင့်လက္ခဏာကို ဖော်ဆောင်ပုံသွင်းနေခြင်းဖြစ်သည်။ ပင်ကိုယ်အားဖြင့် ကျွန်ုပ်တို့၌ ဝိညာဉ်ရေးရာကောင်းမြတ်ခြင်းမရှိပါ။

ကျွန်ုပ်တို့၏ဇာတိပကတိစိတ်၌မွေးရာပါ ဝိညာဉ်ရေးရာကောင်းမြတ်ခြင်းမရှိကြောင်း သမ္မာကျမ်းစာက အတိအလင်းဖော်ပြထားသည်။ ဤဖြစ်တည်မှု သဘာဝကို ကလေးငယ်များ၌ သင်တွေ့မြင်နိုင်ပါသည်။ မိဘများအနေဖြင့် ကျွန်ုပ်တို့သည် သားသမီးများကို မည်သို့ဖြင့် "ကောင်း

မွန်သော" ကလေးဖြစ်လာကြရန် အစဉ်သွန်သင်ပေးကြရသည်။ သင်သည် ကလေးငယ်တစ်ဦးကို လိမ်ပြောတတ်ရန်နှင့် အခြားညီအစ်ကို ကိုရိုက်နှက်ရန် ဘယ်သောအခါကမျှ သွန်သင်ပေးရန်လိုခဲ့မည်မဟုတ်ပါ။ ၎င်းတို့မှာ သူ့အထဲ၌သဘာဝအားဖြင့် ဖြစ်တည်လာကြခြင်းဖြစ်သည်။ ဤအချင်းအရာမှာ စိတ်နှလုံး၏သဘောသဘာဝကို ထင်ဟပ်ပြသခြင်းပင်ဖြစ်သည်။

ရောမ ၇း၁၈-၁၉တွင် ရှင်ပေါလုက သူ၏ဇာတိပကတိစိတ်တွင် ကောင်းမွန်သောအရာမရှိကြောင်း ပြောပြထားသည်။

(၇း၁၈) ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသောအရာတစ်စုံတစ်ခုမျှ မတည်သည်ကို ငါသိ၏။ အကြောင်းမူကား၊ ငါသည် ကျင့်ချင်သောစိတ်ရှိသော်လည်း၊ ကောင်းစွာ ကျင့်တတ်သော အခွင့်ကို ရှာ၍ မတွေ့နိုင်။ (၇း၁၉) ငါသည် ကျင့်ချင်သော အကျင့်ကောင်းကို မကျင့်။ မကျင့်ချင်သောအကျင့်ဆိုးကို ကျင့်၏။

ရှင်ပေါလုက ကျွန်ုပ်တို့အား ပြောပြသောအချက်မှာ အလွန်အစွမ်းထက်လှသည်။ သူ၏ဖောက်ပြန်ပျက်ပြားနေသော လူ့သဘာဝတွင် "ကောင်းသောအရာတစ်စုံတစ်ခုမျှ"မရှိနေကြောင်းကို အတိအလင်း ဖော်ပြထားသည်။ ယေရမိကလည်း လူစိတ်နှလုံးသည် အလွန်ကောက်ကျစ်စဉ်းလဲ၍ ကုရှင်မရနိုင်ကြောင်းဖော်ပြထားခဲ့သည်။

စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။ (ယေရမိ ၁၇း၉)

ကျွန်ုပ်တို့၏စိတ်နှလုံး ကျွန်ုပ်တို့၏စိတ်သဘောထားနှင့် စပ်လျဉ်း၍ အထက်ပါအချက်ကို ကျွန်ုပ်တို့ အလွန်သဘောတွေ့ချင်မှ တွေ့ပါလိမ့်

မည်။ သို့သော ကျွန်ုပ်တို့သိရှိထားရမည့်အချက်မှာ ဘုရားသခင်၏ စံချိန်စံညွှန်းသည်သာ အရေးပါအရာရောက်သည်ဟူသော အချက် ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ကိုကိုယ် မည်သို့တွေးထင်ယူဆနေမှုမှာ အရေးမကြီးပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကို မည်သို့ရှုမြင်မှတ်ယူနေမှု သည်သာ အရေးကြီး၏။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဆိုးညစ်၍ အလွန်ပင် ယိုယွင်းနေသည်ဟု ဘုရားသခင်က ရှုမြင်မှတ်ယူထားကြောင်း သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ပြောပြထားသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ ကောင်းမြတ်ခြင်းကို ဖော်ထုတ်ဖန်တီးနိုင်၏။

ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့၏ ဇာတိပကတိစိတ်အတွက် ဖြစ်ရိုးဖြစ်စဉ် တစ်ခုမဟုတ်သော်လည်း ဘုရားသခင်သည် ထိုကောင်း မြတ်ခြင်းကို ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်နိုင်ပြီး၊ သူ၏နာမတော် မြတ်၌ ကောင်းမှုကုသိုလ်ကိုပြုလုပ်နိုင်ရန်လည်း ကျွန်ုပ်တို့ကို ပံ့ပိုးပြည့်စုံ စေနိုင်သည်။ ကောရိန္သုမြို့ရှိ ယုံကြည်သူများအတွက် ရှင်ပေါလု၏ ဆုတောင်းချက်မှာ သူတို့သည် ကောင်းသောအကျင့်အမျိုးမျိုး၌ အစဉ် ပြည့်စုံကြရန်အလို့ငှာ ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်ကို သူတို့ အထဲ၌ဖွင့်ချဖော်ပြမည်အကြောင်း ဖြစ်သည်။

> ***သင်တို့သည် အရာရာ၌ လုံလောက်သောဥစ္စာအမျိုးမျိုးအစဉ် ရှိ၍၊ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့် ပြည့်စုံမည်အကြောင်း၊ အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှာ ဘုရားသခင်တတ်နိုင်တော်မူ၏။***
> *(၂ကော ၉း၉)*

သက်သာလောနိတ်ပြို့ရှိ ယုံကြည်သူများအတွက် ရှင်ပေါလု၏

ဆုတောင်းချက်မှာ သူတို့၏ကောင်းသောအပြုအမူနှင့် နှုတ်ထွက်စကား များ၌ဘုရားသခင်သည် သူတို့အား တိုက်တွန်းနှိုးဆော်၍ ခွန်အားပေးမည့် အကြောင်းဖြစ်သည်။

(၂း၆) ငါတို့ကို ချစ်တော်မူ၍ ထာဝရသက်သာခြင်းအကြောင်း ကို ၄င်း၊ ကျေးဇူးတော်အားဖြင့် ကောင်းသောမျှော်လင့်ခြင်း အကြောင်းကိုလည်း ပေးတော်မူသော ငါတို့အဘဘုရားသခင်နှင့် ငါတို့သခင်ယေရှုခရစ်သည် ကိုယ်တော်တိုင်၊ (၂း၁၇) သင်တို့ စိတ်နှလုံးကိုသက်သာစေ၍ ကောင်းသောစကား၊ ကောင်းသော အမူအမျိုးမျိုး၌ သင်တို့ကိုမြဲမြံစေတော်မူပါပြီ။ (၂သက် ၂း၁၆-၁၇)

ဟေဖြဲဩဝါဒစာရေးသားသူကလည်း သူ၏စာဖတ်သူတို့သည် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်နိုင်ကြရန်အတွက် ဘုရားသခင် သည် သူတို့အားကောင်းသောအရာအမျိုးမျိုးဖြင့် ပံ့ပိုးပြည့်စုံစေမူမည် အကြောင်း ဆုတောင်းခဲ့သည်။

(၁၃း၂၀) ထာဝရပဋိညာဉ်တရား၏ အသွေးတော်အားဖြင့် သိုး များကိုထိန်းသော သိုးထိန်းကြီးဖြစ်သော ငါတို့သခင်ယေရှုကို သေခြင်းမှ နှုတ်ဆောင်တော်မူသော ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည် (၁၃း၂၁) မိမိနှစ်သက်တော်မူသော အမှု အရာကို ယေရှုခရစ်အားဖြင့် သင်တို့၌ ပြုတော်မူ၍ သင်တို့ သည် အလိုတော်သို့ လိုက်မည်အကြောင်း ကောင်းသော အကျင့်အမျိုးမျိုး၌ သင်တို့ကို ပြုပြင်တော်မူပါစေသော။ ထိုသခင်ယေရှုခရစ်သည် ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူ စေသတည်း။ အာမင် (ဟေဗြဲ ၁၃း၂၀-၂၁)

တိမောသေသြဝါဒစာဒုတိယစောင်တွင် ရှင်ပေါလုက ဘုရား

သခင်၏လူမျိုးများသည် ကောင်းသောအမှု အမျိုးမျိုးအတွက် စုံလင်စွာ ပံ့ပိုးပြည့်စုံကြရန်အတွက် သမ္မာကျမ်းစာကို ပေးခဲ့သည်ဟု တိမောသေ အား ပြောပြခဲ့သည်။

(၃း၁၆) ထိုကျမ်းစာ ရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူ သောအားဖြင့် ဖြစ်၍၊ (၃း၁၇) ဘုရားသခင်၏လူသည် စုံလင် သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူ ဖြစ်မည့်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ် ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင် ခြင်း၊ ကျေးဇူးများကို ပြုတတ်၏။ (၂တိ ၃း၁၆-၁၇)

ဆိုလိုရင်းမှာ ရှင်းနေပါသည်။ ကျွန်ုပ်တို့၏ ဆိုးညစ်သော ဇာတိ ပကတိစိတ်၌ စစ်မှန်သောကောင်းမြတ်ခြင်းကို မဖန်တီးနိုင်ကြသော်လည်း၊ ကောင်းသောအကျင့်အမျိုးမျိုးကိုလုပ်ဆောင်ရန်အတွက် လိုအပ်သော အရာအားလုံးကို ပံ့ပိုးဖြည့်ဆည်းပေး၍ ထိုကောင်းမြတ်ခြင်း အသီးကိုလည်း ကျွန်ုပ်တို့ထဲ၌ ဖန်တီးဖော်ဆောင်နိုင်ပါသည်။ ဘုရား သခင်၏ စိတ်ကို ထိတွေ့နိုင်သည့်ကောင်းသောအရာများကို လုပ်ဆောင် နိုင်သော အစွမ်းသတ္တိသည် ဆိုးညစ်သောစိတ်နှလုံးနှင့်ဇာတိပကတိစိတ် တို့မှ ထွက်ပေါ်လာကြခြင်းမဟုတ်။ ကျွန်ုပ်တို့အထဲ၌ ရှင်သန်နေသော ဘုရားဝိညာဉ်တော်ထံမှသာ ရောက်ရှိလာခြင်းဖြစ်သည်။

ဘုရားသခင်မစပေးသနားတော်မူသော ကောင်းမြတ်ခြင်း၌ ရှင်သန်ကြရန် ဆင့်ခေါ်ထားခြင်း

ကောင်းမြတ်ခြင်းလမ်း၌ လျှောက်လှမ်းကြရန် သမ္မာကျမ်းစာက ဆင့်ခေါ်သည်မှာ အလွန်ထင်ရှားပါသည်။ ကျွန်ုပ်တို့သည် ကောင်းသော အကျင့်ကိုကျင့်ကြရန်အတွက် သခင်ခရစ်တော်၌ ဖန်ဆင်းခြင်းခံထားကြ

ရသည့်အကြောင်းကို သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ ကောင်းသော အကျင့်သည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းကို မပေးပိုင်သော် လည်း ၎င်းတို့သည် သခင်ယေရှုနှင့်စပ်ဆိုင်သောသူတို့၏ အသီးအပွင့် ဖြစ်ကြသည်။

အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသော အကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ။ (ဧဖက် ၂း၁၀)

ကျွန်ုပ်တို့သည် ကောင်းသောအသီးကို သီးနိုင်ရန်အလို့ငှာ ကျွန်ုပ်တို့အထဲရှိ ဘုရားဝိညာဉ်တော်၏လုပ်ဆောင်မှု၌ ဒူးထောက် ဆက်ကပ်ကြရမည်။

ကောင်းသောအသီးကို သီးရာတွင် မဆုတ်မနှစ်လုံးလထုတ်ကြ ရန် လိုအပ်သည်။ ရှင်ပေါလုနှင့် ရောမ ၂း၇ တွင် ကောင်းသောအကျင့် ကို လုံးလထုတ်၍ အဆုံးတိုင်ကျင့်သောသူသည် ထာဝရအသက်ကို အမွေ ခံရမည့်အကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည်။

ကောင်းသောအကျင့်ကို အမြဲကျင့်၍ ဘုန်းအသရေကိုငှင်း၊ မဖောက်ပြန်သောဇာတိကိုငှင်း၊ ရှာသောသူတို့အား ထာဝရ အသက်ကို ပေးတော်မူလတံ့။

ရောမ ၁၂း၉ တွင် လည်း ရှင်ပေါလုမှ ကျွန်ုပ်တို့အား ကောင်း သောအမှုကိုမှီဝဲဆည်းကပ်ကြရန် စိန်ခေါ်တိုက်တွန်းထားသည်။

မေတ္တာစိတ်သည် လှိုဖွက်ခြင်းနှင့် ကင်းစေလော့။ ဆိုးညစ်သော အမှုကို ရွံရှာကြလော့။ ကောင်းမွန်သောအမှု၌ မှီဝဲဆည်းကပ် ကြလော့။

"မှီဝဲဆည်းကပ်သည်" ဟူသောစကားလုံးအတွက် အသုံးပြုထားသော ဂရိစကားလုံး၏အဓိပ္ပါယ်မှာ "ကော်ကပ်သည်" (သို့) "အင်္ဂတေကဲ့သို့ စွဲကပ်ခိုင်မြဲစေသည်" ဟူ၍ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်နေသော ကောင်းမှုတွင် သေသေချာချာ ခိုင်ခိုင်မြဲမြဲ ချည်နှောင်ထားကြရန် ကျွန်ုပ်တို့အား ပြောပြထားသည်။ ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ထိုကောင်းမှုတို့၌ ခိုင်မြဲစွာ ချည်နှောင်ကြရန် လိုအပ်သည်ဟူသောအချက်မှ ညွှန်ပြနေသည့် အရာမှာ ထိုကောင်းမှုတို့နှင့် ဆန့်ကျင်ဘက်ကို ပြုလိုသော စုံစမ်းနှောင့်ယှက် ခြင်းမှာ တကယ်အစစ်အမှန်ရှိနေကြောင်းပင်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကောင်းမြတ်ခြင်းအသီးကို ကျွန်ုပ်တို့အထဲ၌ဖန်တီးဖော်ဆောင်နေသည့် အလျှောက် ကျွန်ုပ်တို့ကလည်း ထိုလုပ်ဆောင်မှု၌ မဆုတ်မနစ်လုံးလထုတ်၍ ၄င်း၊ မှီဝဲဆည်းကပ်၍ ၄င်း၊ ဒူးထောက်ဆက်ကပ်ကြရပေမည်။

ဂလာတိသြဝါဒစာတွင် ရှင်ပေါလုက ယုံကြည်သူတို့အား အခွင့်အရေးရတိုင်း တစ်ဦးအပေါ် တစ်ဦး ကောင်းမှုကုသိုလ်ကိုပြုကြရန် ပြန်လည် အသိပေးထားသည်။ ဤသို့လုပ်ဆောင်ရန်အတွက် သူတို့ဘက်မှ အသိစိတ်ရှိရှိဖြင့် ကြိုးစားအားယူတ်ရန် လိုအပ်သည်။

ထို့ကြောင့် ငါတို့သည် အဆင်သင့်သည့်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျှက် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။ (ဂလာတိ ၆း၁၀)

ရောမမြို့ရှိ ယုံကြည်သူတို့အား အဆိုးကိုအကောင်းအားဖြင့် အောင်နိုင်ကျော်ဖြတ်ကြရန် စိန်ခေါ်တိုက်တွန်းထားသည်မှာ -

အဆိုးအားဖြင့် အနိုးမခံနှင့် အကောင်းအားဖြင့် အဆိုးကို နိုင်လော့။ (ရောမ ၁၂း၂၁)

ကျွန်ုပ်တို့သည် ကောင်းမြတ်ခြင်းအသီးကို သက်သေပြကြရန် အတွက် ဘုရားသခင်၏နိုင်ငံတော်ထဲသို့ ဆင့်ခေါ်၍ ဆောင်ယူခြင်းကို ခံခဲ့ကြရ၏။ ဤအသီးကို ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်ရန် ဘုရား ဝိညာဉ်တော်ကို ကျွန်ုပ်တို့အခွင့်ပေးကြရမည်။

ဘုရားသခင်၏ဝိညာဉ်တော်လုပ်ဆောင်နေသောအရာကို ပီဒံ ဆည်းကပ်၍ နာခံခြင်းဖြင့် တုန့်ပြန်ခြင်းဖြင့် ကျွန်ုပ်တို့ဒူးထောက် ဆက်ကပ် ကြသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နာမတော်အား ချီးမွမ်းခြင်း နှင့် ဂုဏ်ကျေးစောထင်ရှားခြင်းကို ဆောင်ယူလာကြပါမည် -

ထိုနည်းတူ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့် ကို မြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ ဂုဏ် တော်ကို ချီးမွမ်းခြင်းငှာ၊ သူတစ်ပါးရှေ့၌ သင်တို့အလင်းကို လင်း စေကြလော့။ (မဿဲ ၅း၁၆)

ကျွန်ုပ်တို့၏ကောင်းသောအကျင့်သည် ဘုရားသခင် ကျွန်ုပ်တို့ ၏အသက်တာ၌ မျက်မှောက်ပြု ရှိနေခြင်းကို အတိအလင်းထုတ်ဖော် သက်သေခံကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘုရားသခင် ၏ အသီးအပွင့်များ ကျွန်ုပ်တို့အသက်တာ၌ ဖန်တီးဖော်ဆောင်နေခြင်း ၏ အထောက်အထားများ ဖြစ်ကြသောကြောင့်ဖြစ်သည်။

ကောင်းပြတ်ခြင်းအသီးသည် ကျေးဇူးပြုခြင်း၊ သဘောကောင်း ရက်ရောခြင်း၊ တင့်တယ်လျောက်ပတ်သော နှုတ်ထွက်စကား၊ အပြုအမူ များနှင့်ဖြောင့်မတ်သောစိတ်နှလုံးတို့၌ ကိုယ်ကိုကိုယ် အထင်အရှား သက်သေပြသည်။ ကျွန်ုပ်တို့၏အသက်တာ၌ ဤအသီးအပွင့်ကို သက်သေပြရန်အတွက် ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၌ ဒူးထောက် ဆက်ကပ်အပ်နှံကြရမည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ကို ကောင်းသော အသီးသီးပွင့် ရာဌလို အပ် ချက် များ နှင့် ပြည့် စုံ စေ မည် ဟု

ကတိပြုထားသော်လည်း ကျွန်ုပ်တို့သည် ထိုသခင်၌မှီဝဲဆည်းကပ်၍ နာခံခြင်း၌ လုံးလထုတ် ကြိုးစားကြရမည်။

ကျွန်ုပ်တို့၏အသက်တာ၌ ကောင်းမြတ်ခြင်းကို ဖန်တီးဖော်ဆောင်နိုင်မည့်အတိုင်းအတာသည် ထိုကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်နေသော ဘုရားသခင်၏ဝိညာဉ်နှင့်ကျွန်ုပ်တို့မည်သည့်အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေမှုအပေါ်တွင်မူတည်သည်။

စဉ်းစားသုံးသပ်ရန် အချက်များ

* ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏သာမန်အခြေအနေ၌မည်သို့ရှုမြင်မည်နည်း။
* အပြစ်ဒုစရိုက်ဖြင့် စွန်းထင်းနေသော နှလုံးသားမှ စစ်မှန်သောကောင်းမြတ်ခြင်းထွက်ပေါ်လာနိုင်ပါသလား။ ကျွန်ုပ်တို့၏ဇာတိပကတိစိတ်၌ ကောင်းသောအရာများကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်ကြသော်လည်း ထိုအရာတို့သည် အဘယ်ကြောင့် ဘုရားသခင်အတွက်လက်မခံနိုင်စရာဖြစ်နေသနည်း။
* ယုံကြည်သူ၏အသက်တာ၌ကောင်းမြတ်ခြင်းတရားကို ဖော်ထုတ်ပြသသောနည်းလမ်းများကား အဘယ်နည်း။
* ကျွန်ုပ်တို့၏အသက်တာတွင် ကောင်းမြတ်ခြင်း အသီးကို ဖော်ဆောင်ဖန်တီးရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောအကြောင်းအရာနှင့်စပ်လျဉ်း၍ ဤသင်ခန်းစာ၌ မည်သည့်အရာကို ကျွန်ုပ်တို့ သင်ယူကြသနည်း။
* သင့်အသက်တာ၌ကောင်းမြတ်ခြင်းအသီးသီးပွင့်နေခြင်း၏ သက်သေအထောက်အထားကား အဘယ်နည်း။

ဆုတောင်းရန်အချက်များ

* ကျွန်ုပ်တို့သည်အပြစ်ဒုစရိုက်၌ ရှိနေကြစဉ်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို စွန့်ပစ်မသွားခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
* သခင်ဘုရားသည် ကျွန်ုပ်တို့အထဲ၌ ကောင်းမြတ်ခြင်းအသီးကို ဖန်တီးဖော်ဆောင်လိုနေခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
* သခင်ဘုရားသည် သင့်အထဲ၌ကောင်းမြတ်ခြင်းအသီးကို ဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ သူ့အထံ၌ မည်သို့ ဒူးထောက်ဆက်ကပ်နိုင်မည်ကို ဖော်ပြရန်တောင်းလျှောက်ပါ။
* သခင်ဘုရားသည် သင့်အသက်တာ၌ သာ၍ပမာဏကြီးသော သခင်ခရစ်တော်၏ ကောင်းမြတ်ခြင်းကို ဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ သူ၏ဦးဆောင်လမ်းပြမှုကို လုံလစိုက်အားထုတ်၍ လိုက်လျှောက်ရန်နှင့် နာခံခြင်းရှိနိုင်ရန် အစွမ်းသတ္တိပေးဖို့ တောင်းလျှောက်ပါ။

သစ္စာစောင့်ခြင်း

သစ္စာစောင့်ခြင်းအကြောင်းကို ကျွန်ုပ်တို့ စဉ်းစားတွေးတောကြသောအခါအလုပ်တာဝန်တစ်ခုကို အဆုံးထိတိုင် စွဲစွဲမြဲမြဲ လုပ်နိုင်သော သူတစ်ဦး၏အရည်အချင်းကို အမြဲလိုလိုစိတ်၌တွေးမြင်ကြသည်။ သစ္စာစောင့်ခြင်းအရာသည် စိတ်ချယုံကြည်နိုင်ပြီး၊ မှီခိုအားထားရသော သူတစ်ဦးတစ်ယောက်ကိုအမြဲလိုလိုရည်ညွှန်းသည်။ ဤအခန်း၌ ကျွန်ုပ်တို့ ပြောဆိုဆွေးနွေးသွားကြမည့်အသီးအပွင့်တွင် ဖော်ပြပါ အဓိပ္ပါယ်များ ပါဝင်တည်ရှိနေသော်လည်း သစ္စာစောင့်ခြင်းသည် ထိုအဓိပ္ပါယ်များ ထက်ပို၍နက်နဲပါသည်။ "သစ္စာစောင့်ခြင်း"ဟူသော စကားလုံးသည် ခမ္မသစ်ကျမ်း၌ 'ယုံကြည်ခြင်း' ဟု အသုံးပြုထားသောစကားလုံးနှင့် အတူတူဖြစ်သည်။ အမှန်စင်စစ် *King James Version* ကျမ်းစာကို အနက်ပြန်ရေးသားခဲ့ကြသော သူတို့သည် ဤအသီးအပွင့်ကို ရည်ညွှန်းပြောဆိုရန်အတွက် "ယုံကြည်ခြင်း" ဟူသော စကားလုံးကို အသုံးပြုထားကြသည်။ ဤအခန်းတွင် သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော် ဆောင်နေသော အရာမှာ သစ္စာစောင့်ခြင်းဖြစ်သည်။

သစ္စာစောင့်ခြင်းသည် ဘုရားသခင်၏ တန်ခိုးတော်၌ ယုံကြည်စိတ်ချခြင်းဖြစ်၏။

ဟေဗြဲဩဝါဒစာရေးသားသူမှ ယုံကြည်ခြင်းအား အောက်ပါအတိုင်းအနက်ဖွင့်ထားသည်မှာ -

ယုံကြည်ခြင်းသည် မျော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း၊ အကြောင်းဖြစ်၏။ (ဟေဗြဲ ၁၁း၁)

သစ္စာစောင့်သော (ယုံကြည်ခြင်းနှင့်ပြည့်သော)သူသည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်အပေါ်၌ နက်နက်ရှိုင်းရှိုင်းယုံကြည်စိတ်ချမှုထားရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဘုရားသခင်အား ပြောသည့်အတိုင်း အမြဲလုပ်ဆောင်လိမ့်မည်မှာ အသေအချာသိရှိထားသောသူဖြစ်သည်။

ဤကဲ့သို့သော ယုံကြည်ခြင်းနှင့်စပ်လျဉ်းသော သာဓကအများအပြား သမ္မာကျမ်းစာတွင် ရှိသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် တပ်မှူးတစ်ဦးက သခင်ယေရှုအပါးသို့ ချဉ်းကပ်၍ သူ၏သားငယ်အား အနာရောဂါမှကင်းငြိမ်းစေမည့်အကြောင်း လျှောက်ထားခဲ့၏။ တပ်မှူးသိနေခဲ့သောအချက်မှာ သခင်ယေရှုမှ နှုတ်ထွက်အမိန့်တော်တစ်ခွန်းသာ ပြောကြားခဲ့လျှင် သူ၏သားငယ်မှာ အနာရောဂါမှ ကင်းငြိမ်းမည့်အကြောင်း ပင်ဖြစ်သည်။ သို့သော် လည်း သခင်ယေရှုသည် ၎င်း၏အိမ်အမိုးအောက်ဝင်ရောက်လာမည့်အချက်ကိုပင် မယုံကြည်နိုင်သည်အထိ ကိုယ်ကိုကိုယ်မထိုက်တန်ကြောင်း ခံစားမိခဲ့သည်။ သူသည် တပ်မှူးတစ်ယောက်ဖြစ်သည့် အလျှောက် လက်အောက်ရှိ တပ်သားတစ်ဦးကို ခိုင်စေသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ပေးမည့်အကြောင်းကို သခင်ယေရှုအားပြန်လည်အသိပေးခဲ့သည်။ ထိုတပ်မှူးယုံကြည်ထားသည့်အချက်မှာ သခင်ယေရှုသည် မိမိ၏နှုတ်ထွက်စကားဖြင့် အနာရောဂါအား ထွက်ခွါသွားရန် မိန့်ဆို၍သာ ဖြစ်ပြီး၊ ထိုအနာရောဂါသည် လက်အောက်ခံတပ်သားမှ နာခံခဲ့သကဲ့သို့ သခင်ယေရှု၏အမိန့်ကိုနာခံမည့်အချက်ပင်ဖြစ်သည်။ ဤအချက်ကို သခင်ယေရှုကြားသိသောအခါ သခင်ယေရှုက

ထိုနေရာ၌ရှိနေသော သူတို့အားဆိုခဲ့သည်မှာ -

ငါအမှန်ဆိုသည်ကား၊ ဤမျှလောက်သောယုံကြည်ခြင်းကို ကျွန်ုသရေလအမျိုး၌ပင် ငါမတွေ့ဖူးသေး။ *(မဿဲ ၈း၁၀)*

သစ္စာစောင့်ခြင်းကို ဘုရားသခင်၏တန်ခိုးတော်အပေါ်၌ နက်နက်နဲနဲ ယုံကြည်စိတ်ချနှင့်အမှန်သဘောပေါက်နားလည်ခြင်းတို့ဖြင့် ခမ္မသစ်ကျမ်းတွင် သက်သေပြုဖော်ပြထားခဲ့ကြသည်။

မဿဲ ၉း၂ တွင် လူအချို့သည် ၄င်းတို့၏ ခြေလက်မသန်စွမ်းဖြစ်နေသည့် မိတ်ဆွေတစ်ဦးအားသခင်ယေရှုအပါးသို့ ဆောင်ယူခဲ့ကြခြင်းဖြင့် ၄င်းတို့၏ခိုင်မာသော ယုံကြည်ချက်ကို ပြခဲ့ကြသည်။

လက်ခြေသေ၍ အိပ်ရာပေါ်မှာ တုံးလုံးနေသော သူ တစ်ယောက်ကို အထံတော်သို့ ဆောင်ခဲ့ကြ၏။ ယေရှုသည် ထိုသူတို့၏ယုံကြည်ခြင်းကို မြင်လျှင် လက်ခြေသေသောသူအား ငါသား မစိုးရိမ်နှင့်။ သင်၏အပြစ်ကိုလွှတ်စေပြီဟု မိန့်တော်မူ၏။

ထိုသူတို့သည် ၄င်းတို့၏မိတ်ဆွေအား အထံပါးသို့ဆောင်ယူခဲ့ရာ ၌သခင်ယေရှုသည် သူတို့၏ယုံကြည်ခြင်းကို တွေ့မြင်ခဲ့ရသည်။ ထိုယုံကြည်ချက်သည်သခင်ယေရှုက မိမိတို့၏မိတ်ဆွေအား ခံစားနေရသော အနာရောဂါမှ ငြိမ်းနိုင်စွမ်းသည်ဟူသော နှလုံးသားထဲမှ နက်နက်ရှိုင်းရှိုင်းနားလည်သဘောထားသောယုံကြည်ချက်မျိုးဖြစ်သည်။ သူတို့သည် သခင်ယေရှု၌ ယုံကြည်ချက်အပြည့်အဝရှိ၍ အနာရောဂါငြိမ်းစေနိုင်သော သခင်ယေရှု၏အစွမ်းတန်ခိုးနှင့် ထိုသို့ပြုလုပ်လိုသော သခင်ယေရှု၏စိတ်ဆန္ဒကို အပြည့်အဝယုံကြည်ခဲ့ကြသည်။ ထိုအချက်သည် သခင်ယေရှု၏စိတ်နှလုံးကို လှုပ်ရှားစေခဲ့သောကြောင့် သူတို့၏မိတ်ဆွေအား တို့ထိ၍ ပျောက်ကင်းစေခဲ့သည်။

သစ္စာစောင့်သောသူသည် ဘုရားသခင်၏တန်ခိုးတော်နှင့်

အရာအားလုံးကိုပိုင်သအုပ်စိုးသော အာဏာတို့အပေါ်၌ နက်နက်နဲနဲ နားလည်သဘောပေါက်သောသူဖြစ်သည်။ ဤပုဂ္ဂိုလ်သည် အရာအားလုံး၌ တန်ခိုးကြီးသောဘုရား၊ အစွမ်းထက်သောဘုရားကို ယုံကြည်ကိုးစား၍ ထိုဘုရားအပေါ်၌ ယုံကြည်စိတ်ချမှုအပြည့်ရှိသောသူ ဖြစ်သည်။ သစ္စာစောင့်သောသူသည် မိမိရင်ဆိုင်နေရသောအရာများမည်မျှပင်ခက်ခဲနေစေကာမူ ဘုရားသခင်ကိုသာ အစဉ်မျှော်ကိုးလျှက်ရှိနေမည်။ အကြောင်းမှာ ထိုသူ (သို့) သူမသည် ဘုရားသခင်အတွက်ခက်ခဲသောအရာမရှိဟု နားလည်သိရှိထားသောကြောင့်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ ယုံကြည်ခြင်းကို ဖန်တီး ဖော်ဆောင်နေသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သူ၏ရည်ရွယ်ချက်များအပေါ်၌ ပို၍ပို၍စိတ်ချယုံကြည်မှုများ ရှိလာသည်ကို တွေ့ မြင်ခံစားကြရမည်။

သစ္စာစောင့်ခြင်းသည် တန်ခိုးစွမ်းအားဖြစ်၏။

ယုံကြည်ခြင်းနှင့်စပ်လျဉ်း၍ စိတ်ရှည်လှုပ်ရှားဝင်စားဖွယ်ကောင်းသည့်အချက်မှာ ၄င်းသည် ဘုရားသခင်၏တန်ခိုးတော်ကို အသက်တာ၏အခြေအနေဖြစ်ရပ်များ၌ ဝင်ရောက်ပါဝင်လာစေခြင်းပင်ဖြစ်သည်။ သစ္စာစောင့်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်၌ ကျွန်ုပ်တို့စိတ်ချယုံကြည်ခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့သိမြင်လေ့လာခဲ့ကြပြီး ဖြစ်သည်။ မဿဲ ၉ ၌ လူတချို့သည် ၄င်းတို့၏ခြေလက်မသန်စွမ်းဖြစ် နေသောမိတ်ဆွေအား သခင်ယေရှုအပါးသို့ ဆောင်ယူခဲ့ကြစဉ်က သခင်ယေရှုသည် သူတို့၏ ယုံကြည်ခြင်းကိုသတိပြုမိခဲ့ပြီး၊ ပြန်လည်တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်ကို ထုတ်လွှင့်ပေး၏။ ဤဖြစ်ရပ်မျိုးကို သမ္မာကျမ်းစာ၌မကြာခဏကျွန်ုပ်တို့

မြင်တွေ့ကြရသည်။

တစ်ခါတွင် မျက်စိကန်းသောသူများကို ပျောက်ကင်းစေရန် အလိုငှာ သခင်ယေရှုအပါးသို့ ဆောင်ယူခဲ့ကြသည်။ ဤမျက်စိကန်းနေသောသူများကိုသခင်ယေရှုမှ မည်သို့ မိန့်ဆိုခဲ့သည်ကို ဂရုပြုပါ။

ထိုအခါ သူတို့၏မျက်စိကို တို့တော်မူ၍ သင်တို့ယုံကြည်ခြင်းရှိသည်အတိုင်း သင်တို့၌ဖြစ်စေဟု မိန့်တော်မူ၏။ (မဿဲ ၉း၂၉)

သူတို့ယုံကြည်သည်အတိုင်း ပျောက်ကင်းခြင်း ခံကြရမည်ဖြစ်သည်။ သူတို့ယုံကြည်လျှင် အနာရောဂါပျောက်ကင်းခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သကဲ့သို့ သူတို့မယုံကြည်လျှင် အနာရောဂါမှ ကင်းငြိမ်းကြမည်မဟုတ်ပါ။

တမန်တော်ဝတ္တုတွင် ရှင်ပေါလုသည် ခြေမစွမ်းသောသူနှင့် တွေ့ကြုံခဲ့သည်။ ရှင်ပေါလုသည် ထိုသူအား စေ့စေ့ကြည့်ရှုသောအခါ ဘုရားသခင်သည် ထိုသူ၌ အနာရောဂါကင်းငြိမ်းခြင်းအတွက် ယုံကြည်ခြင်းရှိကြောင်းကို ဖော်ပြခဲ့သည်။

(၁၄း၉) ပေါလုဟောပြောသည်ကို ကြားလေ၏။ ပေါလုသည်လည်း ထိုသူကိုစေ့စေ့ကြည့်ရှု၍ ရောဂါကင်းမည်အကြောင်း သူ၌ ယုံကြည်ခြင်းရှိသည်ကို မြင်လျှင် (၁၄း၁၀)ထ၍ မတ်တတ်ရပ်လော့ဟုကြီးသောအသံနှင့်ဆိုသဖြင့် ထိုသူသည် ရုတ်တရက်ထ၍လှမ်းသွားလေ၏။ (တမန် ၁၄း၉-၁၀)

ရှင်ပေါလုက ထိုသူသည် ရောဂါပျောက်ကင်းမည်ဟု ယုံကြည်ခြင်းရှိသည်ကိုမြင်သောအခါတွင်သာထ၍လျှောက်ရန် ပြောခဲ့သည်။ ထိုသူ၏ဘုရားသခင်အပေါ် ၌ထားရှိသော ၎င်း၏ယုံကြည်ချက်ကြောင့် ရောဂါပျောက်ကင်းခဲ့ရသည်။

ယုံကြည်ခြင်းနှင့်အမှုတော်ဆောင်ခြင်းတို့၏ ဆက်စပ်နေပုံကို

၂ကော ၁၀း၁၅တွင် ပြန်လည်၍ သတိပြုကြည့်ပါ။ ကောရိန္သုမြို့ရှိ အသင်းသားများအား ရှင်ပေါလုက ရေးသားရင်းပြောဆိုခဲ့သည်မှာ -

ငါတို့သည် ကိုယ့်ဝန်းကိုယ့်တာကို လွန်ကျူး၍ သူတစ်ပါးအလုပ်ထဲသို့ ဝင်ခြင်းကြောင့် ဝါကြွားလေ့ရှိသည်မဟုတ် . . . . သင်တို့၏ယုံကြည်ခြင်းပါရမီရင့်ပြီးမှ ငါတို့၏အဝန်းအတာသည် အလွန်ကျယ်ဝန်း မည်ဟု မျှော်လင့်ခြင်းရှိ၏။

ဤနေရာ၌ ရှင်ပေါလုပြောသည့်အရာကို ချန်ထား၍ မရပါ။ ကောရိန္သအသင်းသားများ၏ ယုံကြည်ခြင်းတိုးပွားရင့်ကျက်လာ သည်နှင့်အမျှ သူတို့အလယ်၌လုပ်ဆောင်လျက်ရှိသော တမန်တော်တို့၏ သာသနာလုပ်ငန်းများလည်း အလွန်ကျယ်ပြန့်လာမည့်အကြောင်းကို သူတို့အား ပြောပြထားသည်။ ယုံကြည်ခြင်းသည်ဘုရားသခင်၏ တန်ခိုးတော်အား အသစ်သောနည်းလမ်းဖြင့် ဖြေလွှတ်၍ဘုရားသခင်၏နိုင်ငံတော်ကို သူတို့အလယ်၌ ကျယ်ပြန့်စေလိမ့်မည်။

အဏက်ပါကျမ်းချက်များမှာ ကျွန်ုပ်တို့နားလည်ကြရမည့် အချက်မှာ ယုံကြည်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်ကို ဖြေလွှတ်ပေးသည်ဟူ၍ဖြစ်သည်။ ယုံကြည်ခြင်းမရှိသောအခါတွင် ဘုရားသခင်၏တန်ခိုးတော်မှာ အနည်းငယ်သာထင်ရှားပေါ်ထွက်လိမ့်မည်။ ယုံကြည်ခြင်းဟူသော မြေပေါ်တွင် ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်လာရသည်။ ယုံကြည်ခြင်းနှင့်ပြည့်နေသောသူသည် ထိုယုံကြည်ခြင်းပါရမီအားဖြင့် သူ(သို့)သူမ၏အသက်တာ၌ ဘုရားသခင်လှုပ်ရှားလုပ်ဆောင်နေမှုကို တွေ့မြင်သည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်အား ကျွန်ုပ်တို့၏ရင်ဆိုင်နေရသော အခြေအနေထဲသို့ စေလွှတ်လိုက်၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတိုးပွားရင့်ကျက်လာသည်နှင့်အမျှ ကျွန်ုပ်တို့။ ဩဇာလွှမ်းမိုးမှုမှာလည်း ကျယ်ပြန့်လာမည်ဖြစ်သည်။ သစ္စာစောင့်သော

သူတို့သည် သဘာဝအားဖြင့် သူတို့အသက်တာ၌ ဘုရားသခင်၏ တန်ခိုးတော်စေလွှတ်ခံရခြင်းကို တွေ့ကြုံခံစားရသော သူများဖြစ်ကြသည်။ ဤအချင်းအရာမှာ သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့၏အထဲ၌ ယုံကြည်ခြင်းကို ဖန်တီးဖော်ဆောင်နေခြင်း၏ရည်ရွယ်ချက်ပင်ဖြစ်သည်-

သစ္စာစောင့်ခြင်းသည် ဘုရားသခင်၏ သမ္မာတရားကို နားလည်သဘောပေါက်ခြင်းဖြစ်၏ ။

တမန်တော်တို့သည် ဒေသတစ်ခုမှ တစ်ခုသို့ သွားလာလျှက်သခင်ယေရှုနှင့် သူ၏လုပ်ဆောင်ချက်များနှင့်စပ်လျဉ်းသောသွန်သင်ချက်များတို့ ပျံ့နှံ့စေခဲ့ကြသည်။ ဤသွန်သင်ချက်များ ပျံ့နှံ့လာသည်နှင့်အညီ မြောက်မြားစွာသော လူတို့မှာလည်း ယုံကြည်လက်ခံခဲ့ကြသည်။ မြောက်မြားစွာသော ယဇ်ပရောဟိတ်တို့သည် ထိုယုံကြည်ခြင်းတရားကို နားထောင်၍ လက်ခံခဲ့ကြသည့်အကြောင်းကို တမန် ၆း၇တွင် ပြောပြထားသည်မှာ -

ဘုရားသခင်၏သာသနာတော်သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌တပည့်တော်တို့သည် အလွန်ပွားများ၌ ယဇ်ပရောဟိတ်အပေါင်းတို့သည်ယုံကြည်ခြင်းတရားကို နားထောင်ခဲ့ကြသည်။

ဤကျမ်းပိုဒ်၌ "ယုံကြည်ခြင်း"ဟူသောစကားလုံးအား အသုံးပြုထားပုံသည် တန်ခိုးတော်အားဖော်ထုတ်ပြသခြင်းထက် ဘုရားသခင်၏နှုတ်ကပတ်တော်အား သွန်သင်ခြင်းနှင့် ပို၍သက်ဆိုင်မှုရှိသည်။ "ယုံကြည်ခြင်း"ဟူသောစကားလုံးအား အလားတူ အသုံးပြုပုံဖြင့် အသုံးပြုထားခြင်းကို တမန် ၁၄း၂၁-၂၂ တွင်လည်း တွေ့နိုင်။

(၁၄း၂၁) ထိုမြို့၌ ဧဝံဂေလိတရားကို ဟောပြော၍လူများတို့ကိုတပည့်တော်ဖြစ်စေပြီးမှ လုတ္တရမြို့၊ ကွကောရိပြည်၊ အန္တိအုတ်

မြို့တို့ကို အစဉ်အတိုင်း လှည့်လည်၍ပြန်ကြ၏။ (၁၄း၂၂) ထိုသို့ပြန်ကြစဉ်၊ တပည့်တော်များ၏စိတ်နှလုံးကို မြဲမြံခိုင်ခံစေသဖြင့် ယုံကြည်ခြင်း၌ တည်ကြည်မည်အကြောင်း နှိုးဆော်ချီပင့်၍ ငါတို့သည် များပြားသောဆင်းရဲဒုက္ခကို ခံ၍ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရကြမည်ဟု ဟောပြော ပြည်ထွန်ကြ၏။

တဖန် အခန်းငယ် ၂၁ ရှိ ဇံဝံဂေလိတရားကို ဟောကြားခြင်းနှင့် အခန်းငယ် ၂၂ ရှိ ယုံကြည်ခြင်း၌ တည်ကြည်မည်အကြောင်း နှိုးဆော်ချီပင့်ခြင်းတို့ ဆက်စပ်နေမှုကို ကျွန်ုပ်တို့မြင်တွေ့ကြရ၏။ တနည်းအားဖြင့်ဆိုရလျှင် ယုံကြည်ခြင်း၌ တည်မြဲခြင်းသည် တမန်တော်တို့မှ လက်ဆင့်ကမ်းခဲ့သော သမ္မာတရားအား ဆက်လက်၍ ယုံကြည်သက်ဝင်ခြင်းနှင့် သက်ဆိုင်သည်။

၂ကော ၁၃း၅ တွင် ရှင်ပေါလုသည် ကောရိန္သုယုံကြည်သူတို့အား ယုံကြည်ခြင်း၌တည်ကြည်ခြင်းရှိ မရှိ၊ ကိုယ်ကိုကိုယ်စစ်ဆေးကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။

သင်တို့သည် ယုံကြည်ခြင်း၌တည်သလော။ မတည်သလောဟု ကိုယ့်ကိုကိုယ်စုံစမ်းကြလော့။ သင်အစစ်မခံလျှင် မမှန်သေး၊ သင်တို့၌ ယေရှုခရစ်တည်တော်မူသည်ကိုသင်မသိသလော။

ဤနေရာတွင် ကောရိန္သုယုံကြည်သူတို့သည် ကိုယ်ကိုကိုယ်မည်သို့စစ်ဆေးကြရမည်နည်း။ ၂ကော ၁၃ ၏ ကျမ်းအသွားအလာ သည် ရှင်ပေါလုအား ဘုရားသခင်ထံမှ ရောက်လာသူဟုတ်မဟုတ် အံ့ဩမှင်သက်နေသူများနှင့် ဆက်စပ်နေသည်။ (၂ကော ၁၃း၃ ကိုကြည့်ပါ) ဤကျမ်းအသွားအလာ၌ပင် ရှင်ပေါလုသည် ကောရိန္သုယုံကြည်သူတို့အား စိန်ခေါ်တိုက်တွန်းထားခြင်းဖြစ်သည်။ ရှင်ပေါလုက သူတို့အား ပြုလုပ်စေသောအရာမှာ သူတို့ယုံကြည်သောအရာကို အမှန်သိမသိ စိတ်နှလုံး ကို

ဆန်းစစ်ကြရန်နှင့်သူ၏သွန်သင်ချက်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ကိုက်ညီမှု ရှိမရှိကို ဆန်းစစ်ကြရန်ဖြစ်သည်။

ယုံကြည်ခြင်း၌တည်ခြင်းဆိုသည်မှာ သမ္မာကျမ်းစာအပေါ်၌ သစ္စာရှိတည်နေခြင်းဖြစ်သည်။ သစ္စာစောင့်သောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌ သစ္စာရှိတည်နေမည်ဖြစ်သည်။ သစ္စာစောင့်သောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးး၍နာခံလိုက်နာပါသည်။ ဘုရားဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ သစ္စာစောင့်ခြင်းအသီးကို ဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုပို၍ဆာလောင်ငတ်မွတ်လာခြင်းကိုလည်း နှုတ်ကပတ်တော်၏သမ္မာတရားများကို နက်နက်နဲနဲနားလည်လာခြင်းကိုလည်း၊ တွေ့ကြုံခံစားရပါလိမ့်မည်။

သစ္စာစောင့်ခြင်းသည် အဆုံးတိုင်လုံးလထုတ်ကြိုးစားခြင်းဖြစ်၏။

သစ္စာစောင့်ခြင်းနှင့် အဆုံးတိုင်လုံးလထုတ်ကြိုးစားခြင်းတို့ ဆက်စပ်ပုံအကြောင်းကို ပြောပြသောကျမ်းပိုဒ်အမြောက်အများကို ဓမ္မသစ်ကျမ်းတွင် တွေ့ရသည်။ သစ္စာစောင့်သောသူသည် အသက်တာလမ်းခရီး၌တွေ့ကြုံလာသောခလုတ်ကန်သင်း(သို့)အခက်အခဲများအကြားမှာပင် အဆုံးတိုင် တည်ကြည်သွား၏။

ရှင်ပေါလုကတိဖောသေအား ၎င်းတို့အလယ်မှ အချို့သော သူတို့သည် မှားယွင်းသော သွန်သင်ချက်များနှင့် ဆန့်ကျင်ဘက်အယူအဆများကို နားယောင်ခဲ့ပြီး၊ ယုံကြည်ခြင်းမှလမ်းလွဲနေကြကြောင်းကို အသိပေးပြောကြားခဲ့သည်။

(၆း၂၀) အို တိမောသေ၊ သင်၌အပ်ထားသောအရာကို စောင့်ရှောက်လော့။ တရားမဲ့ဖြစ်သော အချည်းနှီးစကားပြောခြင်းကို

၄င်း၊ သိပ္ပံအတတ်ဟူ၍ အလွဲခေါ်သော သိပ္ပံအတတ် ဆီးတား နှောင့်ယှက်ခြင်းကိုဝင်း၊ ရှောင်လော့။ (၆း၂၁) ထိုသိပ္ပံအတတ် ကိုလူအချို့တို့သည် ဝန်ခံပြုစုသောအားဖြင့် ယုံကြည်ခြင်းတရား လမ်းမှလွဲကြပြီ။ (၁တိ ၆း၂၀-၂၁)

ဤသူတို့သည် ယုံကြည်ခြင်းတရားလမ်းလွဲခဲ့ကြခြင်းမှာ သူတို့အား သွန်သင်ခဲ့သော သမ္မာတရား၌အဆုံးတိုင် မတည်ကြည်ခဲ့ကြသောကြောင့်ဖြစ်သည်။

တဖန် ၂တိ ၂း၁၇-၁၈ တွင် ရှင်ပေါလုက တိမောသေအားငှင်းတို့အလယ်၌ မှားယွင်းသောပရောဖက်များနှင့် ဆရာများရှိနေကြောင်းကို သတိပေးခဲ့သည်။

(၂း၁၇) သူတို့၏စကားသည် နူနာကဲ့သို့စားလိမ့်မည်။ ထိုသူတို့တွင် ဟုမေနဲနှင့် ဖိလက်ပါသတည်း။ (၂း၁၈) သူတို့အား သေလွန်သူတို့သည် ပြန်ရှင်ကြပြီဟု ပြောလျှက် သမ္မာတရားလမ်းမှလွဲသွား၍ အချို့သော သူတို့၏ယုံကြည်ခြင်းကို မှောက်လှန်တတ်ကြ၏။

ဤမှားယွင်းသောသွန်သင်ချက်ကို နားယောင်၍ ယုံကြည်ခြင်းမှလမ်းလွဲသွားခဲ့ကြသော သူများရှိနေကြကြောင်းကိုသတိပြုပါ။ သူတို့သည် သမ္မာတရား၌ အဆုံးတိုင် လုံးလထုတ်၍ကြိုးစားမသွားကြဘဲ၊ မှားယွင်းသောသွန်သင်ချက်၌ ဒူးထောက်ဆက်ကပ်ခဲ့ကြသည်။

ရှင်ယုဒမှ သူ၏စာဖတ်သူတို့အား ယုံကြည်ခြင်းအတွက် ရင်ဆိုင်ရုန်းကန်ကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။ တနည်းအားဖြင့်ဆိုသော် သူတို့သည် သူတို့အထံ၌ လက်ဆင့်ကမ်းပေးအပ်ထားသော သမ္မာတရား၏ စင်ကြယ်မှုကို ထိန်းသိမ်းရန်အတွက် ရင်ဆိုင်တိုက်ခိုက်သွားကြဖို့ ဖြစ်သည်။

ချစ်သူတို့ အညီအမျှဆက်ဆံသောကယ်တင်ခြင်း အကြောင်းအရာကို သင်တို့ထံသို့ ရေး၍ပေးလိုက်ခြင်းငှာ၊ ငါသည် အလွန်ကြိုးစားသည်တွင် သန့်ရှင်းသူတို့၌အထက်က ပေးအပ်ခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍ တိုက်လှန်စေခြင်းငှာ နှိုးဆော်သွေးဆောင်၍ ရေးလိုက်ရသော အကြောင်းရှိ၏။ (ယုဒ ၁း၃)

ရန်သူသည် မြောက်မြားစွာသော သူတို့အား ဘုရားသခင် နှုတ်ကပတ်တော်၏ သမ္မတရားလမ်းမှလွဲအောင် ကြိုးစားရှာကြံနေ၏။ သစ္စာစောင့်သောသူသည် ဤကြော့ကွင်းထဲ၌ မကြော့မိနိုင်ပါ။ သူသည် ဤသမ္မာတရားလမ်း၌ မားမားရပ်နေပါမည်။ သူသည် ဘုရားသခင်နှုတ်ကပတ်တရားလမ်းအတွက် တိုက်ခိုက်တွန်းလှန်နေပါမည်။ ရန်သူသည် ဘုရားသခင်လူတို့၏ယုံကြည်ခြင်းကို ဖျက်ဆီးဖြိုခွဲခြင်းမှအပ အခြားသောအရာကို နှစ်သက်လိမ့်မည်မဟုတ်ပါ။ ရှင်ပေါလုက သက်သာလောနိတ်မြို့ရှိ ယုံကြည်သူတို့အား ရေးသားခဲ့စဉ်က သူသည်စုံစမ်းသွေးဆောင်တတ်သောသူက သူတို့အားဂင်းတို့၏ ယုံကြည်ခြင်းမှ လမ်းလွဲသို့သွေးဆောင်ဖြားယောင်းခဲ့မည့်အရေးကိုတွေးလျက် စိုးရိမ်ခဲ့ရသည်။

စုံစမ်းသွေးဆောင်တတ်သောသူသည် သင်တို့ကို စုံစမ်းသွေးဆောင်သဖြင့် ငါတို့ပင်ပန်းစွာလုပ်ဆောင်ခြင်းအမှုသည် အချည်းအနှီးဖြစ်မည်ဟု စိုးရိမ်၍ မအောင့်နိုင်သောအခါ သင်တို့၏ ယုံကြည်ခြင်းကို သိလိုသောငှာ ငါစေလွှတ်၏။ (၁သက် ၃း၅)

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအတွက် တိုက်ပွဲများအလယ်၌ရှိနေကြသည်။ စာတန်သည် သခင်ခရစ်တော်နှင့်သက်ဆိုင်၍ သူ၏သမ္မာတရားလမ်း၌ လျှောက်လှမ်းသောသူတို့ကို တိုက်ခိုက်မည့်အကြောင်း

ရှင်ပေါလုနားလည်သဘောပေါက်ခဲ့သည်။

သခင်ယေရှုသည် အဖခမည်းတော်ထံသို့ ပြန်သွားရန်ပြင်ဆင်ခဲ့စဉ်ကာလတွင် ရှင်ပေတရု၏ယုံကြည်ခြင်းအတွက် လုကာ ၂၂း၃၂ တွင် အထူးဆုတောင်းခဲ့သည်။

သင်၏ယုံကြည်သောစိတ် မပျက်စေခြင်းငှာ ငါသည် သင့်အဖို့ ဆုတောင်းလေပြီ။ သင်သည် သတိရပြန်သောအခါ သင်၏ ညီအစ်ကိုတို့ကို တည်ကြည်စေလော့ဟု မိန့်တော်မူ(၏)။

စာတန်သည် ရှင်ပေတရု၏ယုံကြည်ခြင်းကို ဖျက်ဆီးရန် အရာအားလုံးကို လုပ်ဆောင်ခဲ့ပါလိမ့်မည်။ သခင်ယေရှုကလည်း ရှင်ပေတရု၏ယုံကြည်ခြင်းကျရှုံးမသွားအောင် ဆုတောင်းခဲ့သည်။

သစ္စာစောင့်သောသူသည် သူ(သို့)သူမ၏ အသက်တာလမ်း၌ ကြုံတွေ့ရသော အစားအဆီးများအကြားမှာပင် ယုံကြည်ခြင်း၌ မားမားရပ်တည်နေပါမည်။ ထိုသူသည်အလျှော့မပေး ကြံကြံခံရပ်တည်လျှက်ရန်သူလက်သို့လည်း အညံ့ခံမည်မဟုတ်ပါ။ တိမောသေသည် ယုံကြည်ခြင်းအတွက် ဝိညာဉ်ရေးရာ တိုက်ပွဲများအလယ်၌ရှိနေကြောင်းကို ရှင်ပေါလုက သူ့အား ပြောပြခဲ့သည်။

ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းစွာသော တိုက်လှန်ခြင်းကိုပြု လော့။ ထာဝရအသက်ကို ကိုင်ယူလော့။ ထိုအသက်ကို ရမည် အကြောင်း သင်သည် ခေါ်တော်မူခြင်းကို ခံရ၍ သက်သေ အများတို့ရှေ့၌ ကောင်းမွန်စွာ ဝန်ခံပြီ။ (၁တိ ၆း၁၂)

ရှင်ပေါလုသည် သူ၏အသက်တာကို နောက်ကြောင်းပြန်ကြည့်သောအခါ ဘုရားဝိညာဉ်တော်မှ သူ၏အသက်တာ၌ ဖန်တီးဖော်ဆောင်နေသော သစ္စာစောင့်ခြင်းအသီးအတွက် အလွန်ဝမ်းမြောက်ခဲ့သည်။ စုံစမ်းနှောက်ယှက်ခြင်းအမျိုးမျိုးကို ကြုံတွေ့ခဲ့ရသော်လည်း သူသည်

ကောင်းစွာသောတိုက်လှန်ခြင်းကို ပြုခဲ့ပြီး၊ ယုံကြည်ခြင်းကို စောင့်ထိန်းခဲ့သည်။

ကောင်းစွာသောတိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင် ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ *(၂တိ ၄း၇)*

ဟေဗြဲဩဝါဒစာရေးသားသူပှ သူ၏စာဖတ်သူတို့သည် ရန်သူကို တိုက်ခိုက်တွန်းလှန်သောတိုက်ပွဲတွင် ယုံကြည်ခြင်းအသီးကိုသက်သေပြဖော်ထုတ်ခဲ့ကြမည့်အကြောင်း စိတ်ချယုံကြည်မှုအပြည့်ရှိခဲ့သည်။ ဖိနှိပ်ချုပ်ချယ်ခြင်းတို့ တိုးပွါးများပြားလာသော်လည်း သူတို့သည် နောက်တွန့်သွားကြမည်မဟုတ်ပါ။

ဖြောင့်မတ်ရာ၌တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော်လည်း ဓွေလျှားလျှင် ငါ့စိတ်ဝိညာဉ်သည် ထိုသူတို့အားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင် အမိန့်တော်ရှိ။

သစ္စာစောင့်သောသူသည် "ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" ဖြစ်ပြီး နောက်တွန့်သွားခြင်းရှိမည်မဟုတ်ပါ။ သူသည် ဖိနှိပ်ချုပ်ချယ်မှုများမြင့်တက်နေသော်လည်း အဆုံးတိုင် လုံးလထုတ်ကြိုးစားလိမ့်မည်။ သူသည်နှုတ်ကပတ်အပေါ်၌ သစ္စာရှိ၍ဘုရားသခင်အပေါ်၌ သစ္စာစောင့်လိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့အထဲ၌ ဖန်တီးနေသောသစ္စာစောင့်ခြင်းသည် အတားအဆီးများနှင့် စုံစမ်းစစ်ကြောခြင်းတို့၌ ကြံ့ကြံခံတည်မြဲစေနိုင်သည့် အရည်အချင်းပင်ဖြစ်သည်။

သစ္စာစောင့်ခြင်း၏ ရန်သူများ

သမ္မာကျမ်းစာတွင် သစ္စာစောင့်ခြင်း၏ရန်သူများစွာကို ဖတ်ရှုရသည်။ ဤရန်သူများအနက်မှ အချို့ကို အချိန်အနည်းငယ်ယူ၍ လေ့လာစမ်းစစ်ကြည့်ကြပါစို့လား။

မှားယွင်း၍ မမှန်ကန်သောသွန်သင်ခြင်း

ကျွန်ုပ်တို့လေ့လာတွေ့ပြင်ခဲ့ကြသည့်အတိုင်း၊ သစ္စာစောင့်ခြင်းသည် ဘုရားနှုတ်ကပတ်တော်သမ္မာတရား၌မြဲမြံစွာရပ်တည်ခြင်းနှင့် သက်ဆိုင်သည်။ သစ္စာစောင့်သောသူသည် ဘုရားနှုတ်ကပတ်တော်၏ သမ္မာတရား၌သစ္စာရှိနေသောသူဖြစ်သည်။ ရန်သူသည် ဘုရားနှုတ်ကပတ်တော်၏အမှန်တရားကို ရေရောလိုက်ပြီး အခြားသူတို့အားလမ်းလွဲသို့ရောက်စေသည်။ မြောက်မြားစွာသောသူတို့သည် ဤအမှား၌ကျရှုံးကြရသည်။

(၆း၂၀) အိုတိမောသေ သင်၌အပ်ထားသောအရာကို စောင့်ရှောက်လော့။ တရားမဲ့ဖြစ်သော အချည်းအနှီးစကားပြောခြင်းကို၎င်း၊ သိပ္ပံအတတ်ဟူ၍ အလွဲခေါ်သောသိပ္ပံအတတ်ဆီးတားနှောက်ယှက်ခြင်းကို၎င်း၊ ရှောင်လော့။ (၆း၂၀) ထိုသိပ္ပံအတတ်ကို လူအချို့တို့သည် ဝန်ခံပြုစုသောအားဖြင့် ယုံကြည်ခြင်းတရားမှလွဲကြပြီ။ (၁တိ ၆း၂၀-၂၁)

မှားယွင်း၍မမှန်ကန်သောသွန်သင်ခြင်းတို့သည် ယုံကြည်ခြင်း၏ ရန်သူများဖြစ်ကြသည်။ သင်သည် ဘုရားနှုတ်ကပတ်တော်၏ သမ္မာတရားလမ်းမှ လွဲသွားလျှင် သင်သည်သစ္စာစောင့်သောသူ မဖြစ်နိုင်တော့ပါ။ သစ္စာစောင့်သောသူသည် သမ္မာကျမ်းစာ၏သွန်သင်ခြင်းတွင် လုံးလုံးလျားလျား အပ်နှံထားသောသူဖြစ်သည်။

ငွေကြေး

ရှင်ပေါလုသည် တိမောသေအား ငွေကြေး၏အန္တရာယ်များနှင့် ၄င်းသည် လူအမြောက်အမြားအား ယုံကြည်ခြင်းမှ လမ်းလွဲသွားရန် မည်သို့ဖြစ်စေခဲ့ကြောင်း သတိပေးပြောကြားခဲ့သည်။

အကြောင်းမူကား ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှု အပေါင်းတို့တွင် မူရအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှ လွဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင် ထိုးကြပြီ။ (၁တိ ၆း၁၀)

ငွေကြေးနှင့်လောကီပိုင်ဆိုင်မှုများသည် သစ္စာစောင့်ခြင်း၏ ဒုတိယရန်သူအုပ်စုဖြစ်ကြသည်။ လူအမြောက်အမြားတို့သည် ဤလောကကြီး၏စည်းစိမ်ဥစ္စာများကို နှစ်သက်မြတ်နိုးခဲ့ကြသောကြောင့် ယုံကြည်ခြင်းလမ်းမှလွဲခဲ့ကြရသည်။

ကြောက်ရွံ့ခြင်း

ဟကု ၄း၄၀ တွင် တပည့်တော်တို့သည် ၄င်းတို့၏ကြောက်ရွံ့ခြင်းမှ ၄င်းတို့၏ယုံကြည်ခြင်းကို ခိုးယူလုယက်သွားရန် အခွင့်ပေးခဲ့ကြသည့်အတွက် သခင်ယေရှုက သူတို့အား ပြစ်တင်ကြိမ်းမောင်းခဲ့သည်။

ကိုယ်တော်ကလည်း သင်တို့သည် အဘယ်ကြောင့် ဤမျှ လောက်ကြောက်တတ်သနည်း။ အဘယ်ကြောင့် ယုံကြည်ခြင်း စိတ်နှင့်ကင်းသနည်းဟူမေးတော်မူ၏။

ကြောက်ရွံ့ခြင်းသည် ခက်ခဲသောအခြေအနေ၌ အပြဿနာပြုလုပ်ကြသော သာမန်တုန့်ပြန်မှုတစ်ခုဖြစ်သော်လည်း ၄င်းသည် ယုံကြည်ခြင်းရှိသောသူတို့ကိုမူ မလှုပ်မရှားဖြစ်မသွားစေနိုင်ပါ။

သံသယစိတ်

သံသယစိတ်သည် ယုံကြည်ခြင်း၏ရန်သူတစ်ပါးဖြစ်သည်။ သစ္စာစောင့်သောပုဂ္ဂိုလ်သည် သံသယစိတ်ကိုစွန့်ပစ်ထားသောသူ ဖြစ်သည်။ သင်သည် တစ်ချိန်တည်းတွင် သံသယစိတ်ရှိသူနှင့် သစ္စာစောင့်သောသူမဖြစ်နိုင်ပါ။

သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား လေခတ်၍ လှုပ်ရှားတတ်သောလှိုင်းတံပိုးနှင့်တူ၏။ (ယာကုပ် ၁း၆)

ယုံကြည်ခြင်းသည် ဘုရားသခင်ကို စိတ်ချခြင်းနှင့် ဆက်စပ်နေသည်။ သစ္စာစောင့်သောသူသည် သခင်ဘုရား၏နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစား၍ ထိုနှုတ်ကပတ်တော်အတိုင်း မြဲမြံမြံမြံရပ်တည်ရှင်သန်မည့်သူဖြစ်သည်။ သံသယစိတ်ရှိခြင်းဆိုသည်မှာ ယုံကြည်ခြင်းကို အဝေးသို့နှင်ထုတ်လိုက်ခြင်းဖြစ်သည်။

မနာခံခြင်း

ယုံကြည်ခြင်း၏နောက်ထပ်ရန်သူမှာ မနာခံခြင်းဖြစ်သည်။ သစ္စာစောင့်သောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံရင်းလျှောက်လှမ်းအသက်ရှင်သောသူဖြစ်သည်။ အာဗြဟံကို သစ္စာစောင့်သောသူဟု ဖော်ကျူးခဲ့သည်။ အကြောင်းမှာ သူသည် သခင်ဘုရားကို နာခံခဲ့သောကြောင့်ဖြစ်သည်။

အာဗြဟံသည် အမွေရလတံ့သောပြည်သို့ ထွက်သွားမည် အကြောင်း ဘုရားသခင်ခေါ်တော်မူသောအခါ သူသည် ဘယ် အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်း အားဖြင့် နားထောင်၍ထွက်သွားလေ၏။ (ဟေဗြဲ ၁၁း၈)

သင်သည် နာခံခြင်းမရှိလျှင် သစ္စာစောင့်သော သူ မဖြစ်နိုင်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အတင်းအဓမ္မနာခံခိုင်းသည်မဟုတ်၊ ကျွန်ုပ်တို့ ရွေးချယ်မှုကို ပြုကြရမည်။ ကျွန်ုပ်တို့သည် သစ္စာစောင့်သော သူဖြစ်နိုင် (သို့) မနာခံသောသူဖြစ်နိုင်သည်။ သို့သော နှစ်ခုစလုံးကိုမူ တစ်ချိန်တည်းတွင် မဖြစ်နိုင်ပါ။

လုပ်ဆောင်မှုမရှိခြင်း

ရှင်ယာကုပ်သည် သူ့ရေးသားသောစာစောင်၌ ယုံကြည်ခြင်းနှင့် စပ်လျဉ်း၍ ပြောစရာများ ရှိနေသည်။ ရှင်ယာကုပ်ဩဝါဒစာမှ အလွန်အစွမ်းသြဇာကြီးစွာဖြင့် ဆင်းသက်လာသော စည်းမျဉ်းဥပဒေသ တစ်ခုမှာ လုပ်ဆောင်မှုမရှိခြင်းသည် ယုံကြည်ခြင်း၏ရန်သူဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ရှင်ယာကုပ်၏ ပြောဆိုထားချက်ကို နားဆင်ကြည့်ပါ။

> *ငါညီအစ်ကိုတို့၊ တစ်စုံတစ်ယောက်သောသူက ငါသည်ယုံကြည်ခြင်းရှိ၏။ ဟုပြောလျှက် အကျင့်ကို မကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော။ ဝိညာဉ်နှင့်ကင်းသောကိုယ်သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။*
> *(ယာကုပ် ၂း၁၄၊ ၂၆)*

ရှင်ယာကုပ်က ကျွန်ုပ်တို့အား ပြောသောအရာမှာ ကျွန်ုပ်တို့၌ ယုံကြည်ခြင်းရှိလျှင် ထိုယုံကြည်ခြင်းအတွက် တစ်စုံတစ်ရာကို လုပ်ကြရမည်ဟူ၍ဖြစ်သည်။ သစ္စာစောင့်သောသူသည် အစဉ်တက်ကြွနေသော သူဖြစ်သည်။ သူ၏ယုံကြည်ခြင်းသည် သူ့အား တစ်ခုခုကို ပြုလုပ်ရန် တွန်းပို့နေသည်။ သူသည် လိုအပ်ချက်တစ်ခုကို တွေ့ပြီး၊ ထိုအရာအတွက်

ဘာမျှ မလုပ်ဆောင်ဘဲနေနေခြင်းကို မကျေနပ်နိုင်ပါ။ သူ၏ယုံကြည်ခြင်းနှင့် သူ၏လုပ်ဆောင်ခြင်းတို့သည် လက်ချင်းချိတ်လျှက်လျှောက်လှမ်းကြသည်။ လုပ်ဆောင်မှုမရှိခြင်းသည် ယုံကြည်ခြင်း၏သဘာဝဘုံရန်သူဖြစ်သည်။ ယုံကြည်ခြင်းရှိသည်ဟု ပြောဆိုပြီး၊ ဘာမျှလုပ်ဆောင်ခြင်းမရှိဘဲနေသူသည် သစ္စာစောင့်သောသူဖြစ်သည်။

သစ္စာစောင့်ခြင်း၌ ကြီးထွားရင့်ကျက်ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ သစ္စာစောင့်ခြင်းအသီးကို ဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဝိညာဉ်တော်နှင့် ပူးပေါင်းလုပ်ရှားကြရန် သမ္မာကျမ်းစာမှ တိုက်တွန်းစိန်ခေါ်ထားသည်။ ထိုအချင်းအရာကို ကျွန်ုပ်တို့ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းမြောက်မြားစွာရှိသည်။

အခြားယုံကြည်သူတို့နှင့် မိဿဟာယဖွဲ့ခြင်း

တမန်တော် ၁၁ တွင် ကျွန်ုပ်တို့အား ဟနဝသည် အန္တိအုတ်မြို့ရှိ အသင်းတော်သို့ရောက်ရှိလာပြီး ယုံကြည်သူတို့အား ၎င်းတို့၏ယုံကြည်ခြင်း၌တိုးပွားရင့်ကျက်ကြရန် မည်သို့ တိုက်တွန်းနှိုးဆော်ခဲ့သည်ကို ပြောပြထားသည်။ ဘုရားသခင်၏လုပ်ဆောင်မှုကြည့်ရှုရန်အတွက် ယေရုရှလင်မြို့မှ ရောက်ရှိလာသော ဟနဝ၏မိဿဟာယဖွဲ့ခြင်းသည် အန္တိအုတ်မြို့ရှိ အသင်းတော်အတွက် ကောင်းချီးဖြစ်ခဲ့သည်။ သူ၏မိဿဟာယဖွဲ့ခြင်းသည် အန္တိအုတ်မြို့ရှိ ယုံကြည်သူတို့အား ၎င်းတို့၏ယုံကြည်ခြင်း၌ ခွန်အားတိုးပွားခြင်းဖြစ်စေခဲ့သည်။

ထိုသူသည် ရောက်၍ ဘုရားသခင်၏ကျေးဇူးတော်ကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာရှိ၍ ထိုသူအပေါင်းတို့သည် ယုံကြည်သော

စိတ်နှင့် သခင်ဘုရားကို မှီဝဲဆည်းကပ်မည် အကြောင်း တိုက်တွန်းနှိုးဆော်လေ။ (တမန် ၁၁း၁၂)

ရှင်ပေါလုသည် တိမောသေအား သက်သာလောနိတ်ပြို့သို့ စေလွှတ်၍ အသင်းတော်အတွင်းရှိ ယုံကြည်သူတို့အား ၎င်းတို့၏ယုံကြည်ခြင်း၌တိုးပွါးကြရန် ခွန်အားပေးတိုက်တွန်းစေခဲ့သည်။

ခရစ်တော်၏ ဧဝံဂေလိတရားတော်ကို ဟောပြော၍ ဘုရားသခင်အမှုတော်ကို လုပ်ဖော်ဆောင်ဖက်ဖြစ်သော ငါညီတိမောသေကိုလွှတ်လိုက်၏။ သင်တို့ကိုမြဲမြံစေ၍ ယုံကြည်ခြင်းအရာ၌ သင်တို့ကို တိုက်တွန်းနှိုးဆော်စေခြင်းငှာ သူ့ကို ငါလွှတ်လိုက်၏။ (၁သက် ၃း၂-၃)

ရှင်ပေါလုသည် ဘုရားသခင်မှ သူ့အား သက်သာလောနိတ် ယုံကြည်သူများနှင့်အတူ ရှိနိုင်မည့်အခွင့်အရေးအတွက် ဆုတောင်းခဲ့သည်။ ထိုသို့အားဖြင့် သူသည် သက်သာလောနိတ် ယုံကြည်သူတို့အား ယုံကြည်ခြင်းအရာ၌ တိုက်တွန်းနှိုးဆော်နိုင်မည်ဖြစ်သည်။

သင်တို့ မျက်နှာကိုမြင်၍ သင်တို့ယုံကြည်ခြင်း လိုသေးသမျှကို စုံလင်စေမည်အကြောင်း၊ ငါတို့သည် နေ့ည၌မပြတ် အလွန်တရာဆုတောင်းပဌနာပြုနေကြ၏။ (၁သက် ၃း၁၀)

ရောမမြို့ရှိ ယုံကြည်သူတို့အား ရေးသား၍ပြောဆိုခဲ့ရာတွင်- (၁း၁၀) သင်တို့သည် မြဲမြံခိုင်ခံမည်အကြောင်း ငါသည် သင်တို့၌ ဝိညာဉ်စွမ်းရည်ကျေးဇူးတစ်စုံတစ်ခုကို ပေးအပ်ခြင်းငှာ သင်တို့ကိုလွန်တွေ့မြင်ချင်ပါသည်။ (၁း၁၂) ထိုသို့ဆိုသော် ငါနှင့် သင်တို့သည် ယုံကြည်သောအားဖြင့် အချင်းချင်း အားရသက်သာခြင်းသို့ ရောက်ကြမည်အကြောင်းကို ဆိုလိုသတည်း။ (ရောမ ၁း၁၁-၁၂)

ယုံကြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ဝိဿဟာယဖွဲ့ခြင်းဖြင့် ယုံကြည်ခြင်းအရာ၌ အားသစ်များကို လောင်းကြရသည်။ ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ယုံကြည်ခြင်းခရီးလမ်းကိုလျှောက်ရာ၌ ခွန်အားပေးတိုက်တွန်းကြရမည်။ သစ္စာစောင့်ခြင်းအသီးသီး ကြီးထွားရင့်ကျက်လိုသော ယုံကြည်သူသည် အခြားသော ယုံကြည်သူများကို ရှာကြံပါလိမ့်မည်။

နှုတ်ကပတ်တရားကို ကြားနာခြင်း

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းသည် ယုံကြည်ခြင်းကိုခွန်အားတိုးပွားစေသည်။

သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့် ဖြစ်၏။ (ရောမ ၁၀း၁၇)

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယုံကြည်ခြင်းကို အင်အားတိုးလာစေသည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ဘုရားသခင်ကို ကိုးစားခြင်းတို့အား ခွန်အားပေးနှိုးဆော်တတ်သည်။ ကျွန်ုပ်တို့မတိုင်မီ၌ ရှင်သန်ခဲ့ကြသော ယောကျ်ားသားများနှင့် အမျိုးသမီးများ၏အသက်တာ၌ ယုံကြည်ခြင်း၏ သာဓကများကို သက်သေပြခဲ့ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ခိုင်မြဲအောင်တည်ဆောက်ရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသုံးပြုပါလိမ့်မည်။

ရှင်ပေါလုက တိမောသေအား ဘုရားသခင်နှုတ်ကပတ်တော်အားဖြင့် သွန်သင်ဆုံးမခြင်း၏ ရည်ရွယ်ချက်ပန်းတိုင်မှာ စစ်မှန်သော ယုံကြည်ခြင်းမှ လာသောချစ်ခြင်းမေတ္တာဖြစ်ကြောင်း ပြောပြခဲ့သည်။

ထိုသို့ ပညတ်ထားခြင်း၏အချုပ်အခြာမူကား၊ စင်ကြယ်သော စိတ်နှလုံးနှင့်၄င်း၊ မှန်သောယုံကြည်ခြင်းနှင့် စပ်ဆိုင်သော ချစ်ခြင်းမေတ္တာဖြစ်သတည်း။ (၁တိ ၁း၅)

ကျွန်ုပ်တို့သည် ဗဟုသုတသက်သက်အတွက်သာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်ပေးရခြင်းမဟုတ်။ ၄င်း၏ ရည်ရွယ်ချက်မှာ ချစ်ခြင်းမေတ္တာနှင့်စစ်မှန်သော ယုံကြည်ခြင်းကို လှုံဆော်ပေးရန်ဖြစ်ရမည်။

ဆုံးမပြစ်တင်ခြင်း

ရှင်ပေါလုကတိတုအား မှားယွင်းသောအယူဝါဒကိုသွန်သင်ပေးနေသောသူတို့အား ပြစ်တင်ကြိမ်းမောင်းရန် ခွန်အားပေးတိုက်တွန်းခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သူတို့သည် စင်ကြယ်သောယုံကြည်ခြင်းကို ရရှိပိုင်ဆိုင်ခဲ့ကြလိမ့်မည်။

ဤသက်သေမှန်၏။ ထို့ကြောင့် ယုံကြည်ခြင်းအမှု၌ စင်ကြယ်စေခြင်းငှာ၊ သူတို့ကို ကျပ်တည်းစွာ ဆုံးမပြစ်တင်ကြလော့။ (တိတု ၁း၁၃)

အကယ်၍ သင်သည် ယုံကြည်ခြင်း၌တိုးပွားရင့်ကျက်လိုလျှင် သခင်ခရစ်တော်၌ရှိနေကြသောသင့်ညီအစ်ကိုမောင်နှမတို့၏ ဆုံးမပြစ်တင်ခြင်းကို လက်ခံနိုင်အောင် သင်ယူရန်လိုအပ်ပါလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို စိန်ခေါ်တိုက်တွန်းရန်အတွက်သော်၄င်း၊ ယုံကြည်ခြင်းလမ်းမှန်သို့ ပြန်လည်ပို့ဆောင်ရန်အတွက်သော်၄င်း၊ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို မကြာခဏအသုံးချလိမ့်မည်။

နိဂုံးချုပ်သုံးသပ်ချက်များ

သစ္စာစောင့်ခြင်းသည် ကျွန်ုပ်တို့ကို ရန်သူ့ထံမှ ကွယ်ကာလိမ့်မည်။ ကျွန်ုပ်တို့သည် ရန်သူ့ထံမှ ကွယ်ကာစောင့်မခြင်းကို အလိုရှိလျှင် ယုံကြည်ခြင်းလိုအပ်သည်။ ဇဖက် ၆း၁၆ တွင် ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ လွှားဖြစ်သည်ဟု ရှင်ပေါလုမှ ဆိုခဲ့သည်။ ၁သက် ၅း၈ တွင်လည်း ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ရင်အုပ်တန်ဆာဖြစ်သည်ဟု ဆိုထားပြန်သည်။ ကျွန်ုပ်တို့သည် ရန်သူနှင့် ၄င်း၏တိုက်ခိုက်မှုမှ ကွယ်ကာစောင့်မခြင်းကို ခံလိုလျှင် ၄င်းတို့မှာ မရှိမဖြစ်လိုအပ်သော လက်နက်တန်ဆာအစိတ်အပိုင်းများဖြစ်ကြသည်။

ရှင်ပေတရုမှ ကျွန်ုပ်တို့အား ပြောပြထားသည်မှာ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကို အကာအကွယ်ပေး၍ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစောင့်ထိန်းပေးထားသည့်အကြောင်းပင်ဖြစ်သည်။

နောက်ဆုံးသော ကာလ၌ဖွင့်ပြခြင်းငှာ အဆင်သင့်ဖြစ်နေသော ကယ်တင်ခြင်းရောက်လာသည့်အတိုင်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ထိန်းတော်မူ၏။
(၁ပေ ၁း၅)

ယုံကြည်ခြင်းသည် ရန်သူ၏တိုက်ခိုက်ခြင်းမှ ကျွန်ုပ်တို့ကို ကာကွယ်ပေးသော အကာအကွယ်ဖြစ်သည်။ ဤတိုက်ခိုက်ခြင်းများကို ကျွန်ုပ်တို့မှ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ သစ္စာစောင့်ခြင်းအသီးကို ဖန်တီးဖော်ဆောင်နေပါသည်။

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ အောင်မြင်ခြင်းဖြစ်သည်

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကို ရန်သူလက်မှ ကာကွယ်ရုံသာမက၊ အောင်မြင်ခြင်းအတွက် ကျွန်ုပ်တို့၏အာမခံချက်လည်းဖြစ်သည်။

ဘုရားသခင်၏သားတော်ဖြစ်သောသူ မည်သည်ကား လောကကိုအောင်တတ်၏။ လောကကို အောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း။ (၁ယော ၅း၄)

မာရ်နတ်ဆိုးကို တွန်းလှန်ရန်နှင့် အောင်နိုင်ရန်အတွက် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့လုပ်ဆောင်ကြရမည်။

သို့ဖြစ်၍ လူပြည်အရပ်ရပ်တို့၌ရှိသော သင်တို့ညီအစ်ကိုများတို့သည် ထိုသို့ ဒုက္ခဆင်းရဲကိုခံရကြသည်ဟု သိမှတ်လျက် ယုံကြည်ခြင်း၌ တည်၍ မာရ်နတ်ကို ဆီးတားကြလော့။ (၁ပေ ၅း၉)

ခုခံတွန်းလှန်ခြင်းဆိုသည်မှာ အလျော့မပေးကြံ့ကြံ့ခံရပ်တည်ခြင်းဖြစ်သည်။ ရန်သူသည် ရနိုင်သမျှအရာအားလုံးကို ယူဆောင်သွားလိုသည်။ သို့သော် ကျွန်ုပ်တို့ဘက်မှလည်း ခုခံတွန်းလှန်၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၌အပ်နှံပေးအပ်ထားသောအရာကို ကာကွယ်ကြရမည်။ ဤအချင်းအရာကို ယုံကြည်ခြင်း၌ မားမားရပ်တည်ခြင်းဖြင့် ကျွန်ုပ်တို့လုပ်ဆောင်ကြရသည်။ ကျွန်ုပ်တို့ခိုင်ခိုင်မာမာရပ်တည်နေကြသည်နှင့်အမျှ ရန်သူသည် ကျွန်ုပ်တို့အသက်တာ၌ ခြေကုပ်ယူရန် အခွင့်မရှိတော့ပေ။ ရန်သူသည် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်အပေါ်၌ထားရှိသော ကျွန်ုပ်တို့၏သစ္စာစောင့်ခြင်းကြောင့် အနိုင်ပိုင်းခံရပြီဖြစ်သည်။

ယုံကြည်ခြင်း မရှိလျှင်ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်

အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အားရကျေနပ်စေလိုလျှင် ကျွန်ုပ်တို့၌ ယုံကြည်ခြင်းရှိကြရမည်အကြောင်း ဟေဗြဲ ၁၁း ၆ ၌ အလွန်ရှင်းလင်းစွာဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်၍ သူ၏အစီအမံနှင့် ရည်ရွယ်ချက်များကို ကိုးစားကြရမည်။

ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သော သူသည် ဘုရားသခင်ရှိတော်မူသည်ကိုငှင်း၊ ကိုယ်တော်ကို ရှာသောသူ အားအကျိုးပေးတော်မူသည်ကိုငှင်း၊ ယုံကြည်ရမည်။

ယုံကြည်ခြင်း မရှိလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဂုဏ်ပြုခြီးမြှောက်နိုင်ကြမည်မဟုတ်ပါ။ ဤအရာကား သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့အထဲ၌ ယုံကြည်ခြင်းကို ဖန်တီးဖော်ဆောင်နေရခြင်း၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သခင်ဘုရားအပေါ်၌ လုံးလုံးလျားလျား ယုံကြည်စိတ်ချ၍ နာခံခြင်း အခြေအနေတစ်ခုသို့ ရောက်ရှိလာကြရန် အလိုရှိသည်။ ရန်သူ၏စုံစမ်းနှောက်ယှက်ခြင်းတို့ကိုလည်း အောင်နိုင်ကြရန်အလိုရှိသည်။ ဤသို့ဖြစ်နိုင်ရန်အတွက် သူသည် ကျွန်ုပ်တို့၏အထဲ၌ ယုံကြည်ခြင်းအသီးကို ဖန်တီးဖော်ဆောင်နေပါသည်။

စဉ်းစားသုံးသပ်ရန် အချက်များ

* ဘုရားသခင်နှင့် သူ၏ရည်ရွယ်ချက်အကြံအစည်များအပေါ်၌ ထားရှိသော သင်၏စိတ်ချမှုနှင့် ကိုးစားမှုတို့သည် ကြီးထွားရင့်ကျက်နေပါသလား။

* သင့်အသက်တာ၌ ဘုရားသခင်၏တန်ခိုးရှိနေခြင်းကို ပြသော အထောက်အထားကား အဘယ်နည်း။
* သစ္စာစောင့်ခြင်းနှင့်ဘုရားနှုတ်ကပတ်တော်၏သမ္မာတရားအား ခိုင်ခိုင်မာမာယုံကြည်ခြင်းတို့ဆက်နွယ်နေပုံမှာ အဘယ်နည်း။ ကျွန်ုပ်တို့သည် ဘုရားနှုတ်ကပတ်တော်၏သမ္မာတရား၌ မလျှောက်လှမ်းဘဲ သစ္စာစောင့်နိုင်ကြပါသလား။
* ယုံကြည်ခြင်းသည် စုံစမ်းစစ်ကြောခြင်းများ၌ ကျွန်ုပ်တို့ကို မည်သို့ ခွန်အားသစ်လောင်းပေးသနည်း။
* ယုံကြည်ခြင်း၏ရန်သူတို့ကား အဘယ်နည်း။ ဤရန်သူများအနက်မှ တစ်ခုခုနှင့် သင်တိုက်ခိုက်ရုန်းကန်နေရပါသလား။
* ယုံကြည်ခြင်း၌ကြီးထွားရင့်ကျက်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့် သင်ခန်းစာကို ဤအခန်းမှ သင် သင်ယူမှတ်သားရပါသည်။

ဆုတောင်းရန် အချက်များ

* ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ရည်ရွယ်ချက်အကြံအစည်တို့၌ ပို၍ကြီးမားသောစိတ်ချယုံကြည်ခြင်း ရှိလာစေရန် ကူညီမစဖို့ တောင်းလျှောက်ပါ။
* ဘုရားသခင်၏တန်ခိုးတော်အား သင့်အသက်တာ၌ ပို၍ရှင်သန်လှုပ်ရှားလာစေရန်အခွင့်ပေးမည့် ယုံကြည်ခြင်းကို သင့်အား ပေးသနားရန် တောင်းလျှောက်ပါ။ သင့်အသက်တာ နှင့် သင့်အမှုတော်၌ပို၍ကြီးမားသောအသီးကို သီးပွင့်ရန်အတွက်ယုံကြည်ခြင်းကို ပေးသနားရန် တောင်းလျှောက်ပါ။
* သင့်အသက်တာတွင် စုံစမ်းစစ်ကြောခြင်းကို ယနေ့သင်ကြုံတွေ့နေပါသလား။ ထိုအရာကို အောင်မြင်ကျော်လွှားနိုင်မည်

အကြောင်း သင်၏ယုံကြည်ခြင်းအား အားသစ်သွန်းလောင်းပေးရန် တောင်းလျှောက်ပါ။ သင်၏ယုံကြည်ခြင်းသည် ဆက်လက်၍ ကြံခိုင်နေမည်အကြောင်း သင်ကို ကွယ်ကာမစဖို့ ဘုရားသခင် အားတောင်းလျှောက်ပါ။

* သင့်ယုံကြည်ခြင်း၏ရန်သူတို့ကား အဘယ်နည်း။ ထိုရန်သူတို့ အပေါ်၌ အောင်နိုင်ခြင်းကို ပေးသနားရန် ဘုရားသခင်အား တောင်းလျှောက်ပါ။

နူးညံ့သိမ်မွေ့ခြင်း

နူးညံ့သိမ်မွေ့ခြင်းကို အနှံ့အနာခံခြင်းဟူ၍၄င်း၊ သူတစ်ပါး အတွက်ထည့်သွင်းစဉ်းစားတတ်ခြင်းဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားကြသည်။ ဤအရာသည် ကျွန်ုပ်တို့၏ ဘဝခရီးလမ်း၌ ဘုရားသခင် စေလွှတ်ဖန်တီးသည့် အခြေအနေများကို လက်ခံရန် လိုလိုလားလား ရှိခြင်းနှင့် လည်း သက်ဆိုင်သည်။ နူးညံ့သိမ်မွေ့ခြင်းဟူသော စကားလုံးကို သမ္မာကျမ်းစာတွင် ကြိမ်ဖန်များစွာ အသုံးပြုမထားပါ။ သို့သော်လည်း ထိုအနည်းငယ်သောအကြိမ်၌ ဓမ္မသစ်ကျမ်းရေးသားခဲ့သူများမှ မည်သို့ အသုံးပြုထားကြသည်ကို လေ့လာသုံးသပ်ခြင်းဖြင့် ၄င်းအဓိပ္ပါယ်၏ ဆိုလိုရင်းကို ကျွန်ုပ်တို့သိရှိနိုင်ကြပါသည်။ အသက်တာ၌နူးညံ့သိမ်မွေ့ခြင်းကို သက်သေပြခဲ့ကြသောသူတို့၏ ပုံဥပမာများကို ကြည့်ရှုစစ်ဆေးခြင်းသည်လည်း အထောက်အကူဖြစ်စေပါလိမ့်မည်။ ထူးခြားသည့် ဤအသီးအပွင့်ကို အထက်ပါရှုထောင့်နှစ်ဖက်မှ ကျွန်ုပ်လေ့လာစမ်းစစ်သွားကြမည်ဖြစ်သည်။

ခုခံဆန့်ကျင်သူများအလယ်၌ နူးညံ့သိမ်မွေ့သောစိတ်ရှိခြင်း

နူးညံ့သိမ်မွေ့ခြင်းအကြောင်းကို ကျွန်ုပ်တို့စတင်လေ့လာရာတွင် ၄င်းသည် ကျွန်ုပ်တို့နှင့် အခြားသူများ၏ဆက်ဆံနှီးနွယ်မှုကို မည်သို့ ထိခိုက်စေသည်ကို သိမြင်ထားရန် လိုအပ်သည်။ ဘုရားသခင်၏အစေခံတို့

ပြုလုပ်ကြရမည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ ၂တိ ၂း၂၅ တွင် ရှင်ပေါလုမှ တိမောသေအား ပြောဆိုသွန်သင်ခဲ့ပုံကို နားဆင်ကြည့်ပါ။

ဆီးတားခြင်းခုန်သောသူတို့ကို နူးညံ့သိမ်မွေ့စွာ ဆုံးမရမည်။ သမ္မာတရားကို ဝန်ခံခြင်းအလိုငှာ၊ နောင်တကိုဘုရားသခင်ပေး ကောင်းပေးတော်မူမည်။ (၂တိ ၂း၂၅)

ပိပိ၏ဦးဆောင်ပူအာဏာအောက်၌ ရှိနေသောသူတစ်ဦး၏ ခုခံဆန့်ကျင်ခြင်းကို ခံနေရသော ခရစ်ယာန်အမှုတော်ဆောင်တစ်ဦး၏ ပုံဥပမာကို ရှင်ပေါလုကဖော်ပြထားသည်။ သူကိုခုခံဆန့်ကျင်သူများအပေါ်၌သူသည်နူးညံ့သိမ်မွေ့ခဲ့သည်။ ထိုသူတို့အား ဘုရားသခင်သည် နောင်တရသော အခွင့်ကို ပြုခဲ့လိမ့်မည်ဟူသော မျှော်လင့်ခြင်းဖြင့် သူသည် ထိုသူတို့အား **နူးညံ့သိမ်မွေ့စွာဆုံးမ** ရန်ဖြစ်သည်။

ကျွန်ုပ်တို့အား ခုခံဆန့်ကျင်ကြသောအခါ ကျွန်ုပ်တို့လုပ်နေကြတုန့်ပြန်မှုကား အဘယ်နည်း။ ကျွန်ုပ်တို့ကို ခုခံဆန့်ကျင်သောသူတို့အား ကြမ်းတမ်း၍ အပြစ်ရှာတတ်သောစကားလုံးများဖြင့် ပြောဆိုတုန့်ပြန်တတ်ကြပါသည်။ သို့သော် နူးညံ့သိမ်မွေ့ခြင်းသည် ကြမ်းတမ်းစွာ မပြုမူတတ်ပါ။ ကျွန်ုပ်တို့၏ရန်သူများအပေါ်၌ပင် သနားညှာတာ၍ ကိုယ်ချင်းစာတတ်သောစကားလုံးများဖြင့် တုန့်ပြန်တတ်ပါသည်။

ကျွန်ုပ်တို့ကို ခုခံတိုက်ခိုက်ခံရသောအခါ၌ အခြားပါးတစ်ဘက်လှည့်ပေးရန်မှာ သခင်ယေရှု၏သွန်သင်ချက်ဖြစ်သည်။

ငါပညတ်သည်ကား၊ နှောက်ယှက်သောသူတို့ကို မဆီးတားနှင့်။ သင်၏ပါးတစ်ဘက်ကို သူတစ်ပါးရိုက်လျှင် ပါးတစ်ဘက်လှည့်၍ ပေးဦးလော့။ (မဿဲ ၅း၃၉)

အခြားပါးတစ်ဘက်လှည့်ပေးရန်မှာ လွယ်ကူသည်တော့ မဟုတ်။ ခုခံဆန့်ကျင်သူများကို ကျွန်ုပ်တို့ ဖိတ်ခေါ်ကြရမည်ဟု သခင်ယေရှုက

ဤနေရာတွင် သွန်သင်ထားခြင်းမဟုတ်ပါ။ သို့သော် သခင်ယေရှု ပြောပြ နေသည်မှာ ကျွန်ုပ်တို့သည် ခုခံဆန့်ကျင်ခံကြသော အခါ လက်တုန့်ပြန် ခြင်း မပြုကြရန်ဖြစ်သည်။ ဘုရားသခင်သည် သူ၏အကြံအစည်ကို ဖော်ပြမည်ဟု ယုံကြည်ရင်း ခုခံဆန့်ကျင်မှုများကို ကျွန်ုပ်တို့ လက်ခံကြရ မည်။ နူးညံ့သိမ်မွေ့ခြင်းဆိုသည်မှာ ကျွန်ုပ်တို့ကို ခုခံဆန့်ကျင်ကြသော သူတို့အပေါ် ၌ အထူးစိတ်ရှည်သည်းခံခြင်းကို သက်သေပြခြင်းဖြစ်သည်။ နူးညံ့သိမ်မွေ့ခြင်းသည် လက်တုန့်ပြန်လက်စား ချေရန် မရှာကြံ၊ နှိမ့်ချ၍ အနွံအတာခံခြင်းဖြင့် တုန့်ပြန်တတ်ပါသည်။

ပေရှိယသည် ဤနူးညံ့သိမ်မွေ့သောစိတ်နှလုံးကို သက်သေ ပြသခဲ့မည်အကြောင်း ဟေရှာယက ပရောဖက်ပြုခဲ့သည်။ ဟေရှာယ ၅၃း၇ ၌ သူ၏ပရောဖက်ပြုထားချက်ကို နားဆင်ကြည့်ပါ။

ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိပ်စက်ရှုတ်ချခြင်းကို ခံ၍ နှုတ်ကို မဖွင့်ဘဲ နေ၏။ အသေသတ်ခြင်းငှာ ဆောင်သွားသောသိုးသူငယ်ကဲ့သို့ သူကိုဆောင်သွား၍ သိုးသည်အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကို မဖွင့်ဘဲနေ၏။
(ဟေရှာယ ၅၃း၇)

သခင်ယေရှုသည် လက်တုန့်ပြန်ခြင်းမပြုခဲ့ပါ(သို့)သူ့အား နှိပ်စက်ညှဉ်းဆဲလျက် ဆန့်ကျင်နေသောသူထံမှ ကိုယ်ကိုကိုယ် ခုခံကာ ကွယ်ရန်လည်း မကြိုးစားခဲ့ပါ။ သူသည် အဖဘုရားသခင်မှ သူ့အတွက် ထားရှိထားသော အကြံအစည်ကိုငြိမ်သက်စွာဖြင့် အောက်ကျိုးကာ လက်ခံသွားခဲ့သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် နူးညံ့သိမ်မွေ့ခြင်းကို ကျွန်ုပ်တို့ ၏အသက်တာ၌ ဖော်ဆောင်ဖန်တီးလိုသည်။ ဤနူးညံ့သိမ်မွေ့ခြင်းသည် အသက်တာ၏ခက်ခဲကြမ်းတမ်းသော အခြေအနေများကို အနွံအတာ

ခံခြင်းနှင့်အတူ နှိပ်ချသောစိတ်ဖြင့် တုန့်ပြန်တတ်သည်။ ၎င်းသည် လက်စားချေတုန့်ပြန်ခြင်းကို မရှာဘဲ အရာအားလုံးကိုသခင်ဘုရား အထံ၌ ဆက်ကပ်အပ်နှံတတ်၏။

လူမှုဆက်ဆံရေး၌ ရှိရမည့် နူးညံ့သိမ်မွေ့ခြင်း

တိတု ၃း၁ တွင် တမန်တော်ရှင်ပေါလုသည် တိတုအား ၎င်း၏ လက်အောက်ရှိ လူတို့အား အခြားသူများအပေါ်၌ စာနာထောက်ထား ခြင်းကို ပြသကြရန် သတိပေးဖို့ တိုက်တွန်းစိန်ခေါ်ခဲ့သည်။

(၃း၁) လူတို့သည် အထွဋ်အမြတ်အာဏာစက်၏ အုပ်စိုးခြင်း ကို ဝန်ခံစေခြင်းငှာငင်း၊ မင်း၏စကားကို နားထောင်စေခြင်းငှာ ငင်း၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြု၍ အသင့်ဖြစ်စေခြင်း ငှာငင်း၊ (၃း၂) အဘယ်သူကိုမျှ မကဲ့ရဲ့၊ ရန်တွေ့ခြင်းကို မပြု၊ ဖြည်းညှင်းသောသဘောရှိ၍ ခပ်သိမ်းသောသူတို့၌ အလွန် နူးညံ့သိမ်မွေ့စွာပြုစေခြင်းငှာငင်း၊ သတိပေးလော့။

"ဖြည်းညှင်းသော" ဟူသောစကားလုံးသည် ဂလာတိ ၅း၂၃၌ နူးညံ့သိမ်မွေ့ခြင်းကို ပြောပြသော ရှင်ပေါလုအသုံးပြုထားသည့်စကားလုံး နှင့်အတူတူပင်ဖြစ်သည်။ အထက်ပါကျမ်းအသွားအလာတွင် နူးညံ့သိမ် မွေ့ခြင်းသည် ထောက်ထားညှာတာတတ်ခြင်း ဆက်နွယ်နေသည်။ ရှင်ပေါလုက ဖိလိပ္ပိရှိ ယုံကြည်သူတို့ကို သူတစ်ပါးအား ထောက်ထား ညှာတာကြရန် ပြောဆိုခဲ့စဉ်က မည်သည့်အဓိပ္ပါယ်မျိုးဖြင့် ပြောဆိုခဲ့ ကြောင်းကို ရှင်းပြထားသည်မှာ -

(၂း၃) ရန်တွေ့လိုသောစိတ် အချည်းအနှီးကျော်စောကီတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတစ် ပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟူ၍ နှိမ့်ချသော

စိတ်ရှိ၍ တစ်ယောက်ကို တစ်ယောက် ထင်မှတ်ကြလော့။ (၂း၄) ကိုယ်အမူအရာကိုသာ မရှုမမှတ်ဘဲ သူအမူအရာကို အချင်းချင်း ရှုမှတ်ကြလော့။ (ဖိလိပ္ပိ ၂း၃-၄)

ထောက်ထားညှာတာခြင်းဆိုသည်မှာ အခြားသူများ၏လိုအပ်ချက်ကို မိမိ၏လိုအပ်ချက်ထက် ပို၍အရေးကြီးသည်ဟု မှတ်ယူခြင်းပင်ဖြစ်သည်။ ထောက်ထားညှာတာခြင်းဆိုသည်မှာ ကိုယ်လိုအပ်ချက်နှင့် အကျိုးအမြတ်ကို ပထမတန်းတင်ခြင်းမဟုတ်၊ သူတစ်ပါး၏လိုအပ်ချက်နှင့် အကျိုးအမြတ်ကိုသာ ပထမတန်းတင်ခြင်းဖြစ်သည်။ ဖိလိပ္ပိမြို့ရှိယုံကြည်သူတို့အား သခင်ယေရှုနှင့်သူ၏စိတ်ထားကိုဖော်ပြသော ပုံဥပမာများကို ပေးရန် ဖိလိပ္ပိဩဝါဒစာအခန်းကြီး ၂ တွင် ရှင်ပေါလု ဆက်လက်ဖော်ပြထားသည်မှာ -

(၂း၅) ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ (၂း၆) ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့် ဖြိုင်သော အမှုကို လုယူခြင်းအမှုဟူ၍ မထင်မှတ်လျက်ပင် (၂း၇) မိမိအသရေကိုစွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကို ယူဆောင်လျက် လူကဲ့သို့သော အပြစ်၌ဖွားမြင်ခြင်းကို ခံတော်မူ၏။ (၂း၈) ထိုသို့လူဥဏ္ဍာအင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်။ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုနှိမ့်ချတော်မူ၏။ (ဖိလိပ္ပိ ၂း၅-၈)

သခင်ယေရှုသည်နူးညံ့သိမ်မွေ့ခြင်းကို ကိုယ်ကိုကိုယ်နှိမ့်ချလျက် လူသားတစ်ဦး၏အပြစ်ကို ခံယူခဲ့ခြင်းဖြင့် သက်သေပြခဲ့သည်။ သူသည် နူးညံ့သိမ်မွေ့ခြင်းနှင့် နှိမ့်ချခြင်းတို့ကို လူသားတို့အတွက် မိမိ၏အသက်ကိုစတေး၍ အစေခံခဲ့ခြင်းဖြင့်လည်း ပြသခဲ့ပါသည်။ နူးညံ့သိမ်မွေ့ခြင်း

သည် ၄င်း၏လိုအပ်ချက်ထက် အခြားသူတို့၏လိုအပ်ချက်ကို စဉ်းစားပေးသည်။

ကျွန်ုပ်တို့သည် အခြားသူများနှင့် ဆက်ဆံသောအခါ၌ နူးညံ့သိမ်မွေ့ခြင်းကို ပြသကြရန် မမြဲသစ်ကျမ်းမှ ဆော်သြထားသည်။

အရာရာ၌ နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်း ရှိကြ . . . ။ (ဧဖက် ၄း၂)။

နူးညံ့သိမ်မွေ့ခြင်းသည် စိတ်ရှည်ခြင်းနှင့်၄င်း၊ မေတ္တာစိတ်ဖြင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းနှင့် ဆက်စပ်နေကြောင်းကို သတိပြုပါ။ အလားတူ ဆက်ဆံမှုကို ကောလောသဲ ၃း၁၂-၁၃ တွင်လည်း တွေ့ရသည်။

(၃း၁၂)ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ ချစ်အပ်သောသူကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။ (၃း၁၃) တစ်ယောက်၌တစ်ယောက်အပြစ်တင်စရာအခွင့်ရှိလျှင် အချင်းချင်း သည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏ အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့။

နူးညံ့သိမ်မွေ့ခြင်းသည် တစ်ဦးကိုတစ်ဦး စိတ်ရှည်သည်းခံမှုထားခြင်းကို လိုအပ်လျက်ရှိသည်။ ဤအချင်းအရာမှာ အမြဲတမ်းလွယ်ကူသောအရာတော့ မဟုတ်ပါ။ တစ်ခါတစ်ရံတွင် လူအချို့သည် ကျွန်ုပ်တို့၏ တည်ငြိမ်နေသောစိတ်ကို နှိုးဆွ၍စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်တတ်ကြသည်။ နူးညံ့သိမ်မွေ့သောသူသည် ချစ်ခင်ပေါင်းသင်းရန်ခက်သောသူတို့အကျိုးအမြတ်ကို၄င်း၊ ချစ်ခင်ပေါင်းသင်း

ရန် လွယ်ကူသော သူတို့၏ အကျိုးအမြတ်ကိုငှင်း ထည့်သွင်းစဉ်းစား လျှက် ထိုစိတ် အနှောင့်အယှက်ဖြစ်မှုများကို ကျော်လွန်၍ ရှုမြင်နိုင်သော သူ ဖြစ်သည်။ ထိုသူသည် ညီအစ်ကိုမောင်နှမတို့၏အားနည်းချက်များကို စိတ်ရှည် သည်းခံသောသူဖြစ်သည်။ ညီအစ်ကိုမောင်နှမတစ်ဦးဦး၏ စော်ကားခြင်းကို ခံရသောအခါတွင်လည်း ခွင့်လွှတ်တတ်သည်။ ခုခံ ဆန့်ကျင်ခြင်းကို ခံရသောအခါတွင်လည်း သနားညှာတာခြင်းနှင့် ချစ်ခင်လေးစားမှုတို့ကို ပြသတတ်သည်။ ဤသို့ပြုလုပ်ရခြင်းမှာ သခင်ခရစ်တော်မှ သူ့အပေါ်၌ ထားရှိခဲ့သောစိတ်ထားမှာ ထိုကဲ့သို့သော စိတ်ထားဖြစ်ခဲ့သောကြောင့် ဖြစ်သည်။

ရှင်ပေါလုက ဂလာတိမြို့ရှိ ယုံကြည်သူအသင်းတော်များအား အပြစ်ကျူးလွန်မိသော ညီအစ်ကိုအား နူးညံ့သိမ်မွေ့သောစိတ်နှင့် မူလ အခြေအနေသို့ ရောက်အောင် ကူညီမစေပေးကြရန် ပြောဆိုခဲ့သည်။

ညီအစ်ကိုတို့ လူသည် သတိလစ်၍ တစ်စုံတစ်ခုသောဒုစရိုက်ကို ပြုမိလျှင်၊ ဝိညာဉ်သဘောရှိသော သင်တို့သည် အပြစ် သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း၊ မိမိကိုယ်ကို သတိပြုလျှင် သိမ်မွေ့နူးညံ့သော သဘောနှင့် ထိုသို့သော သူကို မစ၍ သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့။
(ဂလာတိ ၆း၁)

ဤသတိပေးနှိုးဆော်ချက်ကို ကျွန်ုပ်တို့လိုအပ်သည်။ နူးညံ့သိမ်မွေ့ခြင်းသည် အသင်းတော်၏ကျင့်ဝတ်စည်းကမ်းတို့၌ မရှိမဖြစ် လိုအပ်သော အရာဖြစ်သည်။ စိတ်လှုပ်ရှားတင်းမာမှုကို ခံစားနေရသောအချိန်တွင် သိမ်မွေ့နူးညံ့ခြင်းအား မျက်ခြေပြတ်သွားရန်မှာ အဘယ်မျှလွယ်ကူမည်နည်း။ အပြစ်ကျူးလွန်မိသော သူတို့အား ချိုးနှိမ်ဆက်ဆံရန်မှာ အဘယ်မျှလွယ်ကူမည်နည်း။ ပြစ်ဒဏ်စီရင်ခြင်း၏ရည်ရွယ်ချက်မှာ

ထိုပုဂ္ဂိုလ်ပြန်လည်ကောင်းမွန်လာပြီး မူလအခြေအနေသို့ ပြန်လည်ဖေးမ ရန် ဖြစ်သည်။ ပြစ်ဒဏ်စီရင်ခြင်းတွင် သိမ်မွေ့နူးညံ့ခြင်း မပါရှိလျှင် အကောင်းထက်အဆိုးကိုသာ ကျွန်ုပ်တို့ မကြာခဏပြုလုပ်နေကြလိမ့် မည်။ နူးညံ့သိမ်မွေ့ခြင်းသည် ထိုသို့သောအချိန်များတွင် ညီအစ်ကိုနှင့် သူ၏နာကျည်းခံစားမှုများကို ထောက်ထားစဉ်းစားပါလိမ့်မည်။ ၎င်းသည် အပြစ်တရားကို ခွင့်ပြုမည်မဟုတ်သော်လည်း၊ ထိုအပြစ်ကို ကျူးလွန် မိသောသူကိုမူ လေးစားချစ်ခင်မှုနှင့်အတူ ဆက်ဆံပါလိမ့်မည်။

နူးညံ့သိမ်မွေ့ခြင်းဆိုသည်မှာ သူတစ်ပါးကိုနားလည်ပေးနိုင်ခြင်း နှင့် လက်ခံပေးနိုင်ခြင်းပင်ဖြစ်သည်။ နူးညံ့သိမ်မွေ့ခြင်းသည် မကြမ်းတမ်း (သို့)အပြစ်မရှာတတ်ပါ။ ၎င်းသည် ကျွန်ုပ်တို့၏လိုအပ်ချက်များအထက်၌ ကျွန်ုပ်တို့ ညီအစ်မောင်နှမတို့၏ လိုအပ်ချက်များကို ထားရှိခြင်းဖြစ်ပြီး၊ အပြစ်၌လဲကျနေသောသူတို့ကိုပင် သနားညှာတာခြင်းနှင့် လေးစားမှုတို့ ကို ပြသခြင်းဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အထဲ၌ နူးညံ့သိမ်မွေ့ခြင်းကို ဖော်ဆောင်ဖန်တီးရန် လုပ်ဆောင်နေသည် နှင့်အမျှ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌တည်နေသော ညီအစ်ကို မောင်နှမတို့၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလာရန် စိတ်ဆန္ဒ များပို၍ရှိလာကြောင်းကို ကိုယ်တိုင်တွေ့မြင်ကြမည်။ ကျွန်ုပ်တို့၏မာန် မာနတရားနှင့် အတ္တဆန်ခြင်းတို့သည် ပြစ်တင်ရှုတ်ချခြင်းကို ခံ၍ ကျွန်ုပ်တို့သည် ချစ်ခင်ပေါင်းသင်းရန် ခက်ခဲသောသူများအပေါ်၌ပင် စေတနာစိတ်ရှိ၍ ထောက်ထားညှာတာခြင်းအဖြစ်သို့ ခေါ်ယူခံကြရမည် ဖြစ်သည်။

ပြစ်တင်ဆုံးမခံသောအခါ၌ နူးညံ့သိမ်မွေ့မှုရှိခြင်း

စစ်ပွန်းသော နူးညံ့သိမ်မွေ့ခြင်းကို ပြစ်တင်ဆုံးခြင်း(သို့)ဒဏ်ခတ်

စီရင်ခြင်းတို့ကို ကျွန်ုပ်တို့ မည်သို့ လက်ခံကြသည်ဟူသော အချက်တွင် လည်း တွေ့ရသည်။ ယာကုပ် ၁း၂၁ ၌ ရှင်ယာကုပ်က ကျွန်ုပ်တို့အား မည်သို့ပြောဆိုထားသည်ကို နားဆင်ကြည့်ပါ -

ထို့ကြောင့် ခပ်သိမ်းသောညစ်ညူးခြင်း၊ မနာလိုစိတ်လွန်ကျူးခြင်းကို ပယ်ရှား၍ သင်တို့၏စိတ်ဝိညာဉ်ထဲ၌ စိုက်ပျိုး၍ ကယ်တင်နိုင်သော နှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့် ခံယူကြလော့။

"နူးညံ့သိမ်မွေ့သော" ဟူသောစကားလုံးသည် ရှင်ပေါလုအသုံးပြုထားသောစကားလုံးနှင့်အတူတူပင်ဖြစ်သည်။ နှုတ်ကပတ်တော်ကို နူးညံ့သိမ်မွေ့သောစိတ်ဖြင့် လက်ခံကြရမည်။ ဤကျမ်းပိုဒ်၏ကျမ်းအသွားအလာသည် ကျွန်ုပ်တို့၏အသက်တာရှိ အပြစ်ဒုစရိုက်ကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆက်နွယ်သည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ ပျော်မွေ့ရှင်သန်နေကြသောအချိန်တွင် နှုတ်ကပတ်တော်ဖြင့် ထိပ်တိုက်ရင်ဆိုင်ဆုံးမခံရသောအခါ၊ ထိုဆုံးမပြစ်တင်ခြင်းကို နူးညံ့သိမ်မွေ့သောစိတ်ဖြင့် လက်ခံကြရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့အား ပြောကြားသောအနေချက်များ၌ နှိမ့်ချစွာဖြင့် ဒူးထောက်အညံ့ခံကြရမည်။

နူးညံ့သိမ်မွေ့ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့၏အမှားကို ဝန်ခံနိုင်လောက်အောင်နှိမ့်ချခြင်းပင်ဖြစ်သည်။ နူးညံ့သိမ်မွေ့ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ပြောင်းလဲရန် လိုအပ်သည်ဟု ဝန်ခံရန် စိတ်ဆန္ဒရှိခြင်းဖြစ်သည်။ ငှင်းသည် ကိုယ့်ကိုကိုယ်ထက် သခင်ဘုရားကို ဇွဲတန်းတင်လျှက် ကျွန်ုပ်တို့၏ စက်ဆုပ်ဖွယ်စိတ်ထား(သို့)အပြုအမူများကို ပြောင်းလဲပစ်ရန် သခင်ဘုရားလုပ်ဆောင်လိုသောအရာမှန်သမျှကို အသက်တာ၌ လုပ်ဆောင်ရန်အခွင့်ပေးခြင်းဖြစ်သည်။

ဤအသီးအပွင့်သည် အသင်းတော်ရှင်သန်ရေး၌ အဘယ်မျှ

အရေးကြီးနေပါသနည်း။ ကိုယ့်အမှားကို ဝန်ခံရန် ဆန္ဒမရှိသောခေါင်းဆောင်များကို ကျွန်ုပ်တို့အားလုံးတွေ့ဆုံဖူးကြပါသည်။ အခြားသူများ၏ ရှေ့တွင် အကြည့်ရဆိုးမည်စိုးသောကြောင့် အပြစ်ဒုစရိုက်ဇတ်လုပ်နေကြသော ယုံကြည်သူများကိုလည်း ကျွန်ုပ်တို့တွေ့ကြုံခဲ့ကြပါသည်။ စစ်မှန်သော နူးညံ့သိမ်မွေ့ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဒူးထောက်ဆက်ကပ်ပါလိမ့်မည်။ ၎င်း၏အမှားများကိုဝန်ခံလျက် ဘုရားသခင်၏ရှေ့မှောက်တွင် ထိုအမှားများကိုဝန်ချတောင်းပန်ရလိမ့်မည်။ သိမ်မွေ့နူးညံ့သောပုဂ္ဂိုလ်သည် အပြစ်တင်ခြင်း၊ ဆုံးမခြင်းများကို လက်ခံ၍ ၎င်းအရာအတွက်ပို၍ သင့်တင့်ကောင်းမွန်သောသူဖြစ်သည်။

အမှုတော်မြတ်၌ နူးညံ့သိမ်မွေ့မှုရှိခြင်း

နူးညံ့သိမ်မွေ့ခြင်းသည် ဉာဏ်ပညာမှရောက်ရှိလာ သည်ကို သက်သေပြသောနည်းလမ်းဖြင့် အခြားသူတို့၏ရှေ့၌ ကျွန်ုပ်တို့ ရှင်သန်ကြရန် ရှင်ယာကုပ်သည် ကျွန်ုပ်တို့အား ပြောပြထားသည်။

> ***သင်တို့တွင် အတတ်လိမ္မာနှင့် ပြည့်စုံသော ပညာရှိ တစ်စုံ တစ်ယောက်ရှိလျှင် ထိုသူသည် ပညာ၏နူးညံ့သိမ်မွေ့ခြင်းနှင့်တကွ၊ ကောင်းမြတ်သောကျင့်ကြံပြုမူခြင်းအားဖြင့် မိမိအမှုတို့ကိုပြုပါစေ။ (ယာကုပ် ၃း၁၃)***

ယာကုပ် ၃း၁၃ တွင် နူးညံ့သိမ်မွေ့ခြင်းဟူသောစကားလုံးကို အသုံးပြုထားကြောင်းကို သတိပြုပါ။ ထိုစကားလုံးသည် ဂလာတိ ၅း၂၃ ၌ တွေ့ရသော "နူးညံ့သိမ်မွေ့ခြင်း"ဟူသော စကားလုံးနှင့်အတူတူပင် ဖြစ်သည်။ ဤနေရာ၌ ရှင်ယာကုပ်ပြောဆိုနေသည့်အချက်မှာ ကျွန်ုပ်တို့လုပ်ဆောင်ချက်များကိုနူးညံ့သိမ်မွေ့ခြင်းနှင့်တကွ ဉာဏ်ပညာအားဖြင့် ပြုလုပ်ကြကြောင်းကို သက်သေပြသောကောင်းမွန်သင့်မြတ်သည့်

အသက်တာဖြင့် အသက်တာဖြင့် အသက်ရှင်ကြရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ကိုယ်ကျင့်တရားလက္ခဏာကိုကျွန်ုပ်တို့၏နူးညံ့သိမ်မွေ့သောလုပ်ဆောင်ချက်များဖြင့် သက်သေပြကြသည်။ ဤအချင်းအရာကို ကျွန်ုပ်တို့၏ လူမှုဆက်ဆံရေးတွင် ပြသတွေ့မြင်ရသည်။ ပြစ်တင်ဆုံးမခြင်းနှင့် အမှားပြင်ခံရခြင်းတို့ကို ကျွန်ုပ်တို့မည်သို့လက်ခံကြသည်ဟူသော အချက်တွင်လည်း တွေ့မြင်ရသည်။ ကျွန်ုပ်တို့အား ဆန့်ကျင်ခုခံသူများအား တုန့်ပြန်ရာ၌ငင်း၊ အခြားသူတို့၏ လိုအပ်ချက်သည် ကျွန်ုပ်တို့၏လိုအပ်ချက်ထက်ပို၍ အရေးကြီးသည်ဟု စဉ်းစားသုံးသပ်ရာ၌ငင်း၊ တွေ့မြင်ရသည်။ သခင်ဘုရား၏နာမတော်၌အမှုတော်ကို ထမ်းဆောင်နေကြသောကြောင့် နူးညံ့သိမ်မွေ့ခြင်းနှင့်အတူ လုပ်ဆောင်ကြရမည်။

နူးညံ့သိမ်မွေ့ခြင်းကို ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များတွင်သာတွေ့မြင်နိုင်သည်မဟုတ်၊ ကျွန်ုပ်တို့၏နှုတ်ထွက်စကားလုံးများတွင်လည်းတွေ့မြင်နိုင်သည်။ တမန်တော်ရှင်ပေတရုကယုံကြည်သူတို့အား ၎င်းတို့မျှော်လင့်ထားသည့်အရာအတွက် အဖြေကို အချိန်မရွေးပြောကြားဖြေဆိုနိုင်ရန် အဆင်သင့်ဖြစ်ဖို့ တိုက်တွန်းစိန်ခေါ်ခဲ့ပါသည်။

စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မျှော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသူ ရှိသမျှတို့အားနူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့်ပြန်ပြောခြင်းငှာ၊ ကာလအစဉ် မပြတ်အသင့်ရှိနေကြလော့။
(၁ပေ ၃း၁၅)

ရှင်ပေတရုသည် သူ၏စာဖတ်သူတို့အား နူးညံ့သိမ်မွေ့ခြင်းနှင့်ငင်း၊ ချစ်ကြောက်လေးစားခြင်းဖြင့်ငင်း၊ ပြန်ပြောဖြေဆိုကြရန် ပြောကြားခဲ့သည်ကို သတိပြုပါ။ ကျွန်ုပ်တို့၏ဘာသာရေးယုံကြည်ချက်များကို

စိန်ခေါ်ခံရသောအခါတွင် အပြစ်မြင်ရန်နှင့် ဝေဖန်ရှုတ်ချရန်မှာ အဘယ်မျှ လွယ်ကူမည်နည်း။ ဤသို့သော် နူးညံ့သိမ်မွေ့ခြင်း မရှိသော သင်းအုပ် ဆရာတစ်ဦး၏ တရားဟောချက်ကို သင်ထိုင်၍ နားထောင်ခဲ့ဖူးပါလိမ့်မည်။ နူးညံ့သိမ်မွေ့ခြင်းဟုဆိုရာ၌ သမ္မာတရားကို အရှိအတိုင်း ထက်လျော့၍ ကျွန်ုပ်တို့ဟောပြောရမည်ဟု မဆိုလို(သို့) ကျွန်ုပ်တို့၏ အလယ်၌ အပြစ်ဒုစရိုက်နှင့်စပ်လျဉ်း၍ ပြောဆိုဟောကြားခြင်းကို ရှောင်ကြင်ကြရမည်ဟု မဆိုလိုပါ။ သိမ်မွေ့နူးညံ့သောသူသည် သနားကြင်နာခြင်းနှင့်ငင်း၊ ချစ်ခြင်းမေတ္တာနှင့် ပြောဆိုတတ်ပါသည်။ မာန်မာနတရားနှင့်မပြော၊ ဘုရားသခင်လက်တော်၏ကွယ်ကာမှုမရှိလျှင် သူသည်လည်း ဤသို့သောအပြစ်ဒုစရိုက်၌လဲကျနစ်မွန်းနိုင်ကြောင်းကို သတိရနားလည်လျက် ပြောကြားပါမည်။ နူးညံ့သိမ်မွေ့ခြင်းသည် နှိမ့်ချခြင်းနှင့်ငင်း၊ နက်နဲသော စိုးရိမ်ပတ်သက်ခြင်းငင်း ပြောဆိုတတ်ပါသည်။ ငင်းသည် အပြစ်ဒုစရိုက်၌လဲကျ နစ်မွန်းနေသူကိုလည်း အထင်မသေးတတ်ပါ။ သူယုံကြည် သည့်အတိုင်း မယုံကြည်သောသူကိုလည်း ရိုင်းပျစ်စွာ မဆက်ဆံမပြောဆို တတ်ပါ။ နူးညံ့သိမ်မွေ့စွာဖြင့် ပြောဆိုတတ်ခြင်းသည် ကျွန်ုပ်တို့ အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် တည်ရှိနေခြင်း၏အထောက်အထား ဖြစ်သည်။

ဘုရားဝိညာဉ်တော်သည် အသက်တာ၌ နူးညံ့သိမ်မွေ့ခြင်းအသီးကို ဖန်တီးဖော်ဆောင်ခြင်းခံနေရသောသူတို့သည် ဘုရားသခင်ကသူတို့၏လမ်းကြောင်း၌ ထားရှိထားသောအခြေအနေများကို လက်ခံနိုင်ကြပါသည်။ သူတို့သည် အခြားသူများ၏လိုအပ်ချက်ကို မိမိတို့၏လိုအပ်ချက်ထက် ပို၍အရေးပါကြောင်း ထည့်တွက်တတ်ကြသည်။ သူတို့သည် ပြစ်တင်ဆုံးမခြင်းနှင့် အမှန်ထောက်ပြခံရခြင်းတို့ကို လိုလိုလားလား လက်ခံကြ၍ ငင်းအတွက် သူတို့သည် သင့်တင့်

ကောင်းမွန် ကြသည်။ သူတို့သည် နူးညံ့သိမ်မွေ့ခြင်းကို နှုတ်ထွက်စကား အားဖြင့်၄င်း၊ လုပ်ဆောင်ချက်များအားဖြင့်၄င်း၊ သက်သေပြတတ်ကြ သည်။ နူးညံ့သိမ် မွေ့ခြင်းသည် ကျွန်ုပ်တို့၏ဇာတိအသွေးအသားအတွက် သဘာဝဖြစ်ရိုး ဖြစ်စဉ်မဟုတ်ပါ။ ကျွန်ုပ်တို့မူကား သဘောအားဖြင့် အတ္တဆန်ကြသည်။ ဆုံးမပြစ်တင်ခြင်းခံရသောအခါတွင် အတ္တဆန်စွာ တုန့်ပြန်ကြသည်။ ဆန့်ကျင်ခံရသောအခါတွင် အခြားသူတို့၏ လိုအပ်ချက်ကို မျက်ကွယ်ပြု၍ ကျွန်ုပ်တို့၏နည်းလမ်းကို ဇွဲတန်းတင် ကြသည်။ ကျွန်ုပ်တို့၏ အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်သည် နူးညံ့သိမ်မွေ့ခြင်းကို ကြီးမားသော အတိုင်းအတာတစ်ခုအထိ ဖန်တီး ဖော်ဆောင်နေခြင်းကို အခွင့်ပေးကြသည်နှင့်အမျှ အသင်းတော် အတွင်း၌ ယနေ့ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ပြဿနာများကို ရှောင်ရှားနိုင်ကြ မည် ဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာ၌ နူးညံ့သိမ်မွေ့ခြင်းကို ဖော်ဆောင် ဖန်တီးရန်မှာ သန့်ရှင်းသောဝိညာဉ်တော်၏အလိုဆန္ဒပင်ဖြစ်သည်။ ဝိညာဉ်တော်သည် ဤနူးညံ့သိမ်မွေ့ခြင်းကို ဖန်တီးဖော်ဆောင်နေသည် နှင့်အမျှ မာန်မာနနှင့်အတ္တဆန်ခြင်းများသည် မြင်သာအောင် လှစ်ပြခြင်း ကို ခံရမည်။ ဘုရားဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို စိတ်ဆိုးအောင် ဖန်တီးသောသူ (သို့) ဆန့်ကျင်သော သူတို့အား ချစ်ခင်လေးစားရန် သွန်သင်ပေးနေပါသည်။ ကြမ်းတမ်း၍အပြစ်ရှာတတ်သောစိတ်သည် ပြောင်းလွှဲဖယ်ရှားခြင်းကို ခံရ၍ လူမှုဆက်ဆံရေးများသည် ပြန်လည်၍ မွမ်းမံခြင်းကို ခံရမည်ဖြစ်သည်။ အခြားသူများကို အမြင်သစ်ဖြင့် ရှုမြင် နိုင်ရန် ကျွန်ုပ်တို့၏အမြင်များ ပွင့်လင်းလာပြီး၊ ကျွန်ုပ်တို့အထဲရှိ ဘုရား ဝိညာဉ်တော်၏သိမ်မွေ့နူးညံ့မှုကို တုန့်ပြန်သောသူတို့၏ လိုအပ်ချက်များ ကို ကူညီဖေးမရန် အခွင့်အရေးတံခါးများ ပွင့်လာမည်ဖြစ်သည်။

စဉ်းစားသုံးသပ်ရန် အချက်များ

* ခုခံဆန့်ကျင်၍ အတိုက်အခံပြုခြင်းခံရသောအခါ၌ နူးညံ့သိမ်မွေ့သောသူ၏ တုန့်ပြန်ပုံမှာ အဘယ်နည်း။
* နူးညံ့သိမ်မွေ့ခြင်းအသီးကို ကျွန်ုပ်တို့သည် အခြားသူတို့အား ရှုမြင်သုံးသပ်ရာတွင် မည်သို့ အကျိုးသက်ရောက်မှုကိုဖြစ်စေသနည်း။
* နူးညံ့သိမ်မွေ့သောသူသည် ပြစ်တင်ဆုံးမခြင်းကို မည်သို့တုန့်ပြန်တတ်သနည်း။
* ကျွန်ုပ်တို့၏အနီးအနားပတ်ဝန်းကျင်လူများထံ၌ ပို၍ထိရောက်သောအမှုတော်ကို လုပ်ဆောင်ရန် နူးညံ့သိမ်မွေ့ခြင်းသည် မည်သို့သောနည်းဖြင့် အခွင့်အရေးတံခါးများကို ဖွင့်ပေးသနည်း။
* သိမ်မွေ့နူးညံ့ခြင်း ချို့တဲ့ကင်းမဲ့နေခြင်းကြောင့် ယနေ့အသင်းတော်အတွင်း၌ မည်သို့သောပြဿနာများကို ပေါ်ပေါက်စေသနည်း။
* နူးညံ့သိမ်မွေ့ခြင်းကို ပြသခြင်းနှင့် အပြစ်ဒုစရိုက်ကို ဥပေက္ခာပြုခြင်းတို့ကို မည်သို့ ရှုမြင်ကြရမည်နည်း။
* သခင်ယေရှုသည်သင့်အပေါ်၌ မည်ကဲ့ သို့သိမ်မွေ့နူးညံ့နေခဲ့သနည်း။

ဆုတောင်းရန် အချက်များ

* သင့်အနီးအနားရှိ လူတို့နှင့်ဆက်ဆံရာတွင် နူးညံ့သိမ်မွေ့ခြင်းကို ပိုမိုပေးကမ်းရန် ဘုရားသခင်ထံ၌တောင်းလျှောက်ပါ။
* သင်သည် ပြစ်တင်ဆုံးမခြင်းနှင့် အမှားပြင်ခံရခြင်းကို လက်ခံရာ၌ နူးညံ့သိမ်မွေ့မှု မရှိခြင်းကို ပြသခဲ့ဖူးပါသလား။ ထိုပြစ်တင်ဆုံးမခြင်းနှင့် အမှားပြင်ခံရခြင်းတို့ကို လက်ခံနိုင်ရန် နှိမ့်ချခြင်းကို သခင်ဘုရားထံ၌တောင်းလျှောက်ပါ။

* ဘုရားသခင်သည်သင့်အသက်တာ၌ ဆောင်ယူလာသော အခြေအနေများကို လက်ခံနိုင်ရန် ပို၍များသော ကျေးဇူးတော်ကို သင့်အားမစရန် တောင်းလျှောက်ပါ။
* သင်တို့၏မိတ်ဖွဲ့မှုအတွင်း၌ အပြစ်ဒုစရိုက်ကို ကိုးကွယ်ဖြေရှင်းရာ၌၄င်း၊ ယုံကြည်သူအချင်းချင်း သဘောထားကွဲလွဲခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းရာ၌ပင်၊ နူးညံ့သိမ်မွေ့ခြင်း ကင်းမဲ့ချို့တဲ့နေခဲ့ပါသလား။ ဘုရားဝိညာဉ်တော်အား သင်တို့၏မိတ်ဖွဲ့မှုအတွင်းရှိ ယုံကြည်သူများအလယ်၌ နူးညံ့သိမ်မွေ့ခြင်းကို ပို၍ဖန်တီးဖော်ဆောင်ပေးရန် တောင်းလျှောက်ပါ။
* သင့်အသက်တာ၌ ဖော်ပြပေးကမ်းခဲ့သော သခင်ဘုရား၏အံ့ဖွယ် နူးညံ့သိမ်မွေ့ခြင်းကို ကျေးဇူးတင်ချီးမွမ်းရန် အချိန်အနည်းငယ် ယူပါ။

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်း

ဝိညာဉ်တော်၏အသိုးအပွင့်အနေဖြင့် နောက်ဆုံး ကျွန်ုပ်တို့လေ့လာသွားကြမည့်အသီးအပွင့်မှာ ကာမဂုဏ်ချုပ်တည်းခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ဤစကားလုံးကို ကြိမ်ဖန်များစွာ အသုံးမပြုထားသော်လည်း၊ ဤအသီးအပွင့်ကို အသက်တာ၌ သက်သေပြခဲ့ကြသော သူတို့၏ ပုံဥပမာများကိုမူ တွေ့မြင်ကြရသည်။

ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းလော့ (သို့) ဝိညာဉ်တော်၏ ထိန်းချုပ်ခြင်းလော့

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းဟူသော အသုံးအနှုန်းသည် အတိုင်းအတာတစ်ခုအထိ ကျွန်ုပ်တို့ကို အထင်မှားစေနိုင်သည်။ ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းဟု ကျွန်ုပ်တို့ပြောဆိုကြရာတွင် ကျွန်ုပ်တို့၏လှုပ်ရှားမှုများ၊ စိတ်ထက်သန်ပြင်းပြမှုများ၊ စိတ်ဆန္ဒများ၊ စိတ်ခံစားမှုများကို ကျွန်ုပ်တို့ ထိန်းချုပ်နိုင်သော အစွမ်းအစအဖြစ် နားလည်ကြသည်။ ထိုသို့ဆိုလျှင် မယုံကြည်သူများပင် ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်း တရားအားသက်သေပြနိုင်ကြသည်။ သို့သော် ဤနေရာ၌ ကျွန်ုပ်တို့ပြောသည့်အရာမှာ ကျွန်ုပ်တို့၏ပင်ကိုယ်အစွမ်းအစအကြောင်း မဟုတ်ပါ။ ဝိညာဉ်တော်၏အသီးအပွင့်ကို ပြောနေကြခြင်းဖြစ်သည်။ တနည်းအားဖြင့် ဆိုရလျှင် ဤနေရာ၌ ကျွန်ုပ်တို့ပြောကြားနေကြသည့် ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းဆိုသည်မှာ

သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အသက်တာ၌လှုပ်ရှားလုပ်ဆောင်ခြင်း၏ တိုက်ရိုက်အကျိုးရလာဒ်ကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏လှုပ်ရှားမှုများ စိတ်ထက်သန်ပြင်းထန်မှုများ၊ စိတ်ဆန္ဒများ၊ စိတ်ခံစားမှုများကို ကျွန်ုပ်တို့ ထိန်းချုပ်နိုင်ရန်မှာ သန့်ရှင်းသောဝိညာဉ်တော်၏အလိုဆန္ဒဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်ချက်နှင့် ဦးဆောင်ခြင်းတို့၌ ကျွန်ုပ်တို့ ဒူးထောက်ဆက်ကပ်ကြသည်နှင့်အမျှ ဤအချင်းအရာသည် ကျွန်ုပ်တို့၌ ဖြစ်နိုင်လာသည်။ ဝိညာဉ်တော်ထံ၌ ဒူးထောက်ဆက်ကပ်ရာ၌ လူဇာတိ၏အလို ပါဝင်လှုပ်ရှားမှုလည်းရှိနေသည်။ ထို့ကြောင့် ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကို ကျွန်ုပ်တို့အသက်တာ၌ ကြားနာ၍ နာခံနိုင်ရန် အသိစိတ်မှလာသော ရွေးချယ်ခြင်းကို ကျွန်ုပ်တို့ပြုလုပ်ကြရမည်။ ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ်ကို ကိုယ်ထိန်းချုပ်ခြင်းတွင် ဇာတိပကတိ၏ လှုံ့ဆော်မှုများကို ထိန်းချုပ်၍ ဝိညာဉ်တော်၏စေ့ဆော်မှုနောက်သို့ လိုက်လျောက်ခြင်းတို့ပါဝင်သည်။ ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းဆိုသည်မှာ ဇာတိပကတိအရာများ သေဆုံးလျက် ဘုရားသခင်၏အလိုတော်ကို ရွေးချယ်လုပ်ဆောင်ခြင်းဖြစ်သည်။

ဤဘဝ၌ ကျွန်ုပ်တို့အသေအချာသိနိုင်သောအရာတစ်ခုမှာ ဇာတိပကတိ၏ဆွဲငင်အားမှာ အလွန်အစွမ်းထက်ကြောင်းပင်ဖြစ်သည်။ ချီးနှိမ်စော်ကား ခံရသောအခါ (သို့) အမျက်ဒေါသပုံချခြင်းကို ခံရသောအခါ ဇာတိပကတိစိတ်သည် ပြင်းထန်စွာလှုပ်ရှားတုန့်ပြန်လိုသည်။ စုံစမ်းနှောက်ယှက်ခံရသောအခါ ဇာတိပကတိ စိတ်သည် လိုက်လျောအလျှော့ပေးလိုသည်။ ယုံကြည်သူသည် ဇာတိပကတိ၏စေ့ဆော်မှုများကို ကျောခိုင်းပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့် ဘုရားသခင်နှုတ်ကပတ်တော်၏လမ်းပြဦးဆောင်မှုကိုနာခံလိုက်နာသောအခါ သူ(သို့) သူမသည်

ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်း(သို့) ကာမဂုဏ်ချုပ်တည်းခြင်းကို ကျင့်ဆောင်နေပေသည်။ ဇာတိပကတိနှင့် ၎င်း၏စေ့ဆော်မှုများကို ကားတိုင်တင်၍ အဆုံးစီရင်ကြရမည်။ အပြစ်သဘာဝ၏ဆော်ဩသံများကို ကျွန်ုပ်တို့ နားမထောင်သင့်တော့ပေ။ ဤအချင်းအရာကို အထမြောက်စေရန်မှာ ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်အား ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်း အသီးကို ဖော်ဆောင်ဖန်တီး စေကြရမည်။ ဤအဓိပ္ပါယ်နှင့် ဆိုလျှင် ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းဆိုသည်မှာ ယုံကြည်သူတို့၏လိုလားမှုနှင့် သိစိတ်တို့မှာလာသော ရွေးချယ်ခြင်းဖြင့် ဝိညာဉ်တော်၏လမ်းကိုရွေးချယ်၍ ဇာတိပကတိ၏လမ်းကို တွန်းလှန်တိုက်ခိုက်ခြင်းဖြစ်သည်။

ဤအရေးကိစ္စ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သော်လည်း၊ ဤအသီးအပွင့်သည် လူ့ထံမှ အစပြုလာသော အသီးအပွင့်မဟုတ်။ ဘုရားသခင်၌အစပြုလာသော အသီးအပွင့်ဖြစ်သည်။ အသင်းတော်သမိုင်းတစ်လျှောက်၌ မြောက်မြားစွာသော လူတို့သည် လူ့ဇာတိသဘောကို ဆောင်သော ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းကို ကျင့်ကြံလုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်နှင့်ပို၍နီးကပ်လာအောင် ကြိုးစားသည့်အနေဖြင့် ကိုယ့်ကိုကိုယ် စည်းကမ်းဖြင့် ကြပ်မတ်ခြင်း၊ ကိုယ့်ကိုကိုယ် သီးခြားခွဲထားခြင်း၊ ကောင်းမြတ်ခြင်းအရာများကို ကိုယ်တိုင်ကျင့်ကြံခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ သူတို့၏ကြိုးပမ်းအားထုတ်မှုများသည် အားကျနှစ်သက်ဖွယ်ကောင်းသော်လည်း၊ ၎င်းတို့သည် ဇာတိပကတိသဘောသဘာဝကို ဆောင်ကြသည်။

လူတို့၏ကြိုးပမ်းမှု၌ အရင်းတည်သော ကာမဂုဏ်ချုပ်တည်းခြင်းနှင့် ကျွန်ုပ်တို့၏အထဲရှိ သန့်ရှင်းသောဝိညာဉ်တော်၏အသီးအပွင့်

၁၈၆ ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်း

ဖြစ်သော ကာမဂုဏ်ချုပ်တည်းခြင်းတို့အကြား၌ အရေးပါသောကွဲပြားခြားနားချက်ရှိနေသည်။ ကာမဂုဏ်ချုပ်တည်းခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်မှု တစ်ခုအနေဖြင့် ရှိသောအခါ ၎င်းသည် တန်ခိုးရှိ၍ အဆုံးတိုင်အောင် တည်မြဲနိုင်သည်။ ဤကာမဂုဏ်ချုပ်တည်းခြင်းကို လူဇာတိ၏အားပေးလှုံဆော်ခြင်းကြောင့် လုပ်ဆောင်ကြသည်မဟုတ်။ သန့်ရှင်းသောဝိညာဉ်တော်၏ အားပေးလှုံဆော်ခြင်းကြောင့် လုပ်ဆောင်ကြရသည်။ ထိုအရာ၌ လုပ်နိုင်စွမ်းနှင့် တတ်နိုင်စွမ်းတို့ ရှိကြသည်။ လူဇာတိမှဖြစ်ပေါ်သော ကာမဂုဏ်ချုပ်တည်းခြင်းနှင့် ဝိညာဉ်တော်မှ ပေးသော ကာမဂုဏ်ချုပ်တည်းခြင်းအသီးတို့ကို ကွဲနိုပ်၌ ခွဲခြားသိမြင်နိုင်ရန်မှာ အလွန်အရေးကြီးသည်။

သမ္မာကျမ်းစာ၌တွေ့ရသော ကာမဂုဏ်ချုပ်တည်းခြင်း ပုံဥပမာများ

ဘုရားသခင်လူမျိုးတော်တို့၏ အသက်တာ၌ ကာမဂုဏ်ချုပ်တည်းခြင်းကိုသာဓကပြ၍ ထင်ရှားစေခဲ့ကြကြောင်း သမ္မာကျမ်းစာမှ ဖော်ပြထားသည်။

ဒါဝိဒ်

မမွေရာဇဝင်ပထမစောင်အခန်းကြီး (၂၄) တွင် ဒါဝိဒ်နှင့်သူ၏လူများပုန်းအောင်းနေသော လိုဏ်ဂူရှေ့၌ ရှောလုမင်းအနားယူခဲ့သည့်အကြောင်းကို ကွဲနိုပ်တို့ ဖတ်ရှုကြရသည်။ ဒါဝိဒ်၏လူများအတွက် ရှောလုမင်းကိုသတ်၍ ပုန်းရှောင်ထွက်ပြေးနေရသည့် ဘဝကို လွတ်မြောက်စေမည့်ဘုရားပေးအခွင့်အရေးတစ်ခုဖြစ်ခဲ့သည်။ ရှောလုမင်းအိပ်မောကျစဉ်တွင် ဒါဝိဒ်သည် သူ၏ဝတ်ရုံမှ အပိုင်းငယ်တစ်ခုကို ဖြတ်တောက်ယူဆောင်သွားခဲ့သည်။

(၂၄း၄) ဒါဝိဒ်၏လူတို့ကလည်း ထာဝရဘုရားက သင်၏ရန်သူကို သင့်လက်၌ ငါအပ်မည်။ သူ၌ သင်ပြုချင်တိုင်းပြုရသော အခွင့်ရှိလိမ့်မည်ဟု ကိုယ်တော်အား မိန့်တော်မူသော နေ့ရက်ရောက်ပါပြီဟု ဆိုကြလျှင် ဒါဝိဒ်သည် ထ၍ ရှောလုဝတ်လျက်ရှိသော အင်္ကျီအောက်ပိုင်းကို တိတ်ဆိတ်စွာ လှီးဖြတ်လေ၏။ (၂၄း၅) ထိုသို့ရှောလု၏အင်္ကျီကိုလှီးဖြတ်မိသောကြောင့် ဒါဝိဒ်သည် နောက်တဖန် နောင်တရ၍၊ (၂၄း၆) ထာဝရဘုရား ပေးတော်မူသော ဘိသိက်ကို ခံသောငါ့အရှင်သည် ထာဝရဘုရားအခွင့်နှင့် ဘိသိက်ခံသူဖြစ်သောကြောင့် ထိုအရှင်ကို ထိခိုက်ခြင်းငှာ ငါလက်ဆန့်သောအမှုကို ထာဝရဘုရာဆီးတားတော်မူပါစေသောဟု မိမိလူတို့အား ဆိုသဖြင့်၊ (၂၄း၇)ရှောလုကို ထိခိုက်စေခြင်းငှာ အခွင့်မပေး၊ ပြစ်တားလေ၏။ ရှောလုသည်လည်းထ၍ ဥမင်ထဲကထွက်သွားလေ၏။ (၁ရာ ၂၄း၄-၇)

ဤအရာမှာ ဒါဝိဒ်၏ လူတို့ စောင့်စားနေခဲ့ကြသော အခွင့်အရေးဖြစ်သည်။ ရှောလုသည် ဒါဝိဒ်အသက်ကို လိုက်လံရှာ၍ ပိုးကောင်လေးပမာ ဒါဝိဒ်ကို ဖိချေပစ်ခဲ့ချင်သည်။ ဤကြောက်မက်ဖွယ်ပြဿနာမှ ကိုယ်ကိုကိုယ်ရုန်းထွက်ရန် ဒါဝိဒ်၌အခွင့်အရေးရှိနေခဲ့သည်။ ရှောလုမင်းသေဆုံးခြင်းသည် ဒါဝိဒ်အတွက်သော်၄င်း၊ သူ၏လူတို့အတွက်သော်၄င်း၊ လွတ်မြောက်ခြင်းဟု မည်ခဲ့ပါလိမ့်မည်။

ဒါဝိဒ်မင်းသည် ရှောလုမင်းထံသို့ တိတ်ဆိတ်စွာ တဖြည်းဖြည်းခွေသွားစဉ်တွင် သခင်ယေရှု၏ဘိသိက်သွန်းလောင်းခြင်းကို ခံရသောသူအား အနာတရမလုပ်မိရန် ဒါဝိဒ်အား ပြောဆိုနေသော ဝိညာဉ်တော်၏အသံကို သင်ကြားရလုနီးပါးဖြစ်နိုင်ပေသည်။ ဒါဝိဒ်ဆုံးဖြတ်ချက်တစ်ခုကို ချရပေတော့မည်။ ဝိညာဉ်တော်၏အသံကို သူနားထောင်ရမည်လော

(သို့) ဇာတိပကတိတော်ကို နာခံရမည်လော။ ဒါဝိဒ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းညွှန်ချက်နှင့် စိတ်နှလုံးအထဲမှ ခေါ်သံကို နားထောင်လိုက်နာခြင်းဖြင့် ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ်ကို ကိုယ်ထိန်းချုပ်ခြင်းကို လုပ်ဆောင်ပြသခဲ့သည်။ ဒါဝိဒ်သည် ဝိညာဉ်တော်ထံ၌ ဒူးထောက်ဆက်ကပ်လိုက်သောအခါ သူ့အားနာခံခြင်း၌ လျှောက်လှမ်းရန်လိုအပ်သော ခွန်အားသစ်များကို သွန်းလောင်းခြင်း ခံခဲ့ရသည်။

ဒါဝိဒ်သည် ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းကို အမြဲတမ်းတော့မလုပ်ဆောင်နိုင်ခဲ့ပါ။ ဓမ္မရာဇဝင်ပထမစောင် အခန်းကြီး (၁၁) တွင် သူ၏အိမ်အပိုးထက်မှ လှမ်း၍ကြည့်စဉ် ရေချိုးနေသော အမျိုးသမီးတစ်ဦးကို တွေ့မြင်ခဲ့သည်။ ထိုအမျိုးသမီး၏အမည်မှာ ဗာသရှေဘာဖြစ်၍ ဥရိယ၏ဇနီးသည်ဖြစ်သည်။ သူမသည် အလွန်ချောမောလှပသောကြောင့် ဒါဝိဒ်သည် သူမအပေါ်၌ တဏှာရာဂစိတ်ဝင်လေ၏။ ဤအရာမှာ ဘုရားသခင်၏အကြံအစည်မဟုတ်ပါ။ ထိုအမျိုးသမီးသည် ထိမ်းမြားလက်ထပ်ထားသူတစ်ဦးဖြစ်ကြောင်း ဘုရားသခင်သည် ဒါဝိဒ်အားသတိပေးခဲ့သော်လည်း ဒါဝိဒ်သည် ထိုစကားကို ငြင်းဆန်ခဲ့သည်။ ဒါဝိဒ်သည် သူ၏အစေခံကိုခေါ်၍ထိုအမျိုးသမီးအား သူထံသို့ ဆောင်လာရန် ပြောခဲ့သည်။ ဒါဝိဒ်သည် ဝိညာဉ်တော်၏လမ်းညွှန်ချက်ကို ဆန့်ကျင်တွန်းလှန်၍ ဇာတိပကတိ၏အလိုသို့ လိုက်၍ ဗာသရှေဘာနှင့် အိပ်စက်ခြင်းဖြင့် အပြစ်ဒုစရိုက်၌ ပြိုလဲခဲ့ရပါသည်။

ဘပည့်တော်များ

ရှင်လုကာခရစ်ဝင်ကျမ်း၌ သခင်ယေရှုသည် ယေရုရှလင်မြို့သို့ ခရီးထွက်လာခဲ့သည်။ ခရီးစဉ်၌သူသည် ရှမာရိနယ်ကို ဖြတ်သန်းမည့်အကြောင်း တပည့်တော်တို့နှင့်စကားတော်ပါးခဲ့သည်။ ရှမာရိရွာသားများ

သည်ယေရုရှလင်မြို့သို့ သခင်ယေရှုကြွချီမည့်အကြောင်းကို ကြားသိသောအခါ ယေရုရှလင်မြို့သို့ မုန်းတီးသောသူတို့၏စိတ်ကြောင့် သခင်ယေရှုကို ခရီးဦးကြိုပြုရန် ငြင်းဆန်ခဲ့ကြသည်။ ဤလုပ်ရပ်သည် ရှင်ယာကုပ်နှင့် ရှင်ယောဟန်တို့ကို အမျက်ထွက်စေခဲ့ကြသည်။

ထိုအကြောင်းကို တပည့်တော် ယာကုပ်၊ ယောဟန်တို့သည် မြင်လျှင်၊ သခင် ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှ မီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှာ အလိုတော်ရှိမူသလောဟု လျှောက်ကြသော် ယေရှုသည် လှည့်ကြည့်၍ သူတို့ကို . . . ဆုံးမတော်မူ၏။ (လုကာ ၉း၅၄-၅၅)

ရှင်ယာကုပ်နှင့် ရှင်ယောဟန်တို့သည် ဇာတိပကတိ၏စေ့ဆော်ချက်ကို နားထောင်ခဲ့ကြသည်။ သခင်ယေရှုအား ငြင်းပယ်ခဲ့သော ရှမာရိလူမျိုးကိုဖျက်ဆီးရန် ကောင်းကင်မှ မီးများ ကျစေရန် အလိုရှိခဲ့ကြသည်။ ဇာတိပကတိ၏စေ့ဆော်သံသည် တစ်ခါတရံတွင် အလွန် အစွမ်းထက်လှသည်။ ဤကဲ့သို့သော အခြေအနေမျိုး၌ ကျွန်ုပ်တို့အကြိမ်မည်မျှ ရှိနေခဲ့ပါသနည်း။ ကျွန်ုပ်တို့ကို စိတ်ဆိုးအမျက်ထွက်စေသောအရာများကို ကျွန်ုပ်တို့ကြားရသောအခါ ဇာတိပကတိစိတ်သည် ချက်ချင်းလက်စားချေတုန့်ပြန်ရန် ဟစ်ကြွေးပါတော့သည်။ ချက်ချင်းဆိုသလို၊ ကျွန်ုပ်တို့၏ဒေါသအိုးများပေါက်ကွဲ၍ နောင်တရချိန်၌ ကျွန်ုပ်တို့ကို နောင်တရကြေကွဲစေမည့် စကားများကို ပြောခဲ့ကြသည်။ ရှင်ယောကုပ်နှင့် ရှင်ယောဟန်တို့သည် ဤအခြေအနေ၌ရှိနေကြသည်။ သူတို့သည် အပြစ်သဘောသဘာဝ၏ စေ့ဆော်ချက်ကို နားထောင်၍ ဘုရား ဝိညာဉ်တော်၏ဦးဆောင်လမ်းပြမှု ကို ဆန့်ကျင်တွန်းလှန်ခဲ့ကြသည်။

ကျွန်ုပ်တို့သည်လည်း အလားတူအခြေအနေမျိုး၌ ပကြာခဏ ရှိနေကြရမည်။ ဇာတိပကတိစိတ်သည် အမျက်ဒေါသနှင့်တုန့်ပြန်ရန်

ကျွန်ုပ်တို့အတွက် အလွန်ကျယ်လောင်စွာ ဟစ်ကြွေးနေပါသည်။ တစ်ချိန်တည်းမှာပင် ဝိညာဉ်တော်ကလည်း ကျွန်ုပ်တို့ကိုဟစ်ကြွေးနေပါသည်။ ကြုံတွေ့ရသောအခြေအနေထားရှိသောဘုရားသခင်၏အကြံအစည်ထဲသို့ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို လမ်းပြနေခြင်းဖြစ်သည်။ မည်သူ့ထံ၌ ကျွန်ုပ်တို့ ဒူးထောက်ဆက်ကပ်ကြမည်နည်း။ ဘုရားဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းအသီးဖန်တီးဖော်ဆောင်နေသည်နှင့်အမျှ သူသည် ကျွန်ုပ်တို့အား ဘုရားသခင်၏စိတ်နှလုံးတော်နှင့် အကြံအစည်ကိုဂ္ဂင်း၊ ထိုအရာများ၌မည်သို့လျှောထံ၌ ဒူးထောက်ဆက်ကပ်ကြသည်နှင့်အမျှထိုအကြံအစည်တော်၌ လျှောက်လှမ်းနိုင်ရန် ခွန်အားကိုလည်း သွန်လောင်းပေးမည်ဖြစ်သည်။

ပြိုင်ပွဲ၌ယှဉ်ပြိုင်သောသူ

၁ကော ၉း၂၅-၂၇ တွင် ရှင်ပေါလုသည်ပြိုင်ပွဲ၌ ယှဉ်ပြိုင်သောအားကစားသမားတစ်ဦး၏ အသက်တာ၌ရှိသင့်သော ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်း(သို့) ကာမဂုဏ်ချုပ်တည်းခြင်းအကြောင်းကို ပြောပြထားသည်။

> *(၉း၂၅) ပွဲ၌ပြိုင်၍ အချင်းချင်းတိုက်သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကို ချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကို ရခြင်းအလိုငှာ ပြုကြ၏။ ငါတို့မူကား၊ မညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကို ရခြင်းအလိုငှာ ပြုကြ၏။ (၉း၂၆) ထို့ကြောင့်ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်၊ လက်ဝှေ့သတ်သောအခါ အာကာသကောင်းကင်ကိုသာ ထိုးသတ်သည်မဟုတ်။ (၉း၂၇) သူတစ်ပါး*

ကို ဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကို ထိုး၍နှိပ်စက်လေ့ရှိ၏။

တမန်တော်ကြီးသည် သူ၏ကြားနာသူပရိတ်သတ်ကြီးအား ဤဘဝနှင့် ဤသာသနာလုပ်ငန်းတွင် သူသည် ကိုယ်ကိုကိုယ် စည်းကမ်းဖြင့် ကြပ်မတ်၍ သူ၏ကိုယ်ခန္ဓာအား ဘုရားသခင်၏ပို၍ကြီးမားသော အကြံအစည်တော်၌ ပေးအပ်ထားရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။ သူ၏ကိုယ်ခန္ဓာနှင့် စိတ်အားထက်သန်နေမှုများကို ထိန်းချုပ်ထားရန် သူလိုအပ်ခဲ့သည်။ အပြေးသမားသည် အပြေးပြိုင်ပွဲ၌ ပြေးသောအခါ သူ၏အဆုတ်သည် ပူလောင်နေ၍ သူ၏နှလုံးတို့မှာ ပင်ပန်းနွမ်းနယ်မှုကြောင့် ဆောင့်၍ခုန်နေကြသည်။ သူ၏ခြေဖဝါးတို့မှာ နာကျင်နေ၍ သူ၏ခြေထောက်တို့မှာ ကိုက်ခဲနေကြသည်။ သို့သော်လည်း သူနားလည်ထားသောအချက်မှာ အကယ်၍ သူ့ကိုယ်ခန္ဓာ၏ခံစားနေရသော အရာများကို နားထောင်၍လိုက်နာလျှင် ပြေးပွဲတွင် သူရှုံးနိမ့်မည်ဟူသော အချက်ဖြစ်သည်။ ပြေးပွဲကိုရပ်တန့်၍အနားယူခြင်းသည် ရှုံးနိမ့်ခြင်းပင်ဖြစ်သည်။ ထိုသို့ပြုမည့်အစားနာကျင်ခြင်းများကို သည်းခံရင်ဆိုင်ခဲ့သည်။ သူ့ကိုယ်ခန္ဓာမှပြောဆိုနေချက်များကို နားထောင်ကြည့်ရှုမည့်အစား သူ့ရှေ့၌ထားရှိထားသော သူကိုသာ ကြို၍ရှုမြင်ထားသည်။ သူသည် ဆုလာဒ်၏ဆင့်ခေါ်သံကိုသာ နားထောင်ခဲ့သည်။ သူကိုယ်ခန္ဓာ၏ ဝိုင်းကြွေးအော်ဟစ်သံကိုမူ နားမထောင်ခဲ့ပါ။ ဤအရာမှာ ရှင်ပေါလုမှ သူ၏ခရစ်ယာန်အသက်တာ၌ လုပ်ဆောင်ရမည့်အရာဖြစ်သည်။ ဇာတိကပတိ၏အသံ ကို နားထောင်ရန် ငြင်းဆန်ခဲ့သည်။ သခင်ယေရှုကို ဆုလာဒ်တစ်ပါးအနေဖြင့် ရှုမြင်ရင်း သူ၏စိတ်နှလုံးသားအားလုံးကို ထိုအရာ၌သာ စုစည်းထားသည်။ ပြိုင်ပွဲ၌ယှဉ်ပြိုင်သောသူကဲ့သို့ပင် ရှင်ပေါလုသည် သူ၏ကိုယ်ခန္ဓာကို ထိန်းချုပ်၍ သခင်ကြီး၏ အကြံအစည်

များအတွက် သူ၏ကိုယ်ခန္ဓာကို သူ၏ကျေးကျွန်အဖြစ် လုပ်ဆောင်ခဲ့သည်။ ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ်ကိုကိုယ် ထိန်းချုပ်သောသူသည် သူ၏ကိုယ်ခန္ဓာကို သန့်ရှင်းသော ဝိညာဉ်တော် ၏ အကြံအစည်များနှင့် ဦးဆောင်ခြင်းတို့၌ ပေးအပ် ထားသည်။

ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာ၏ သွန်သင်ချက်

အထက်ပါဥပမာများကို ကြည့်ရှုသုံးသပ်ခဲ့ကြပြီးနောက်တွင် ယုံကြည်သူ၏အသက်တာ၌ရှိသော ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းအကြောင်းကို သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့အား မည်သို့ပြောပြထားသည် လေ့လာသုံးသပ်သွားကြရန် အချိန်အနည်းငယ် ယူကြပါစို့။

သင်းအုပ်တစ်ဦး၌ သတ်မှတ်ပြဋ္ဌာန်းထားသောအရာဖြစ်သည်။

ရှင်ပေါလုက သင်းအုပ်တစ်ဦးသည် ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ်ကိုကိုယ် ထိန်းချုပ်ရန် လိုအပ်ကြောင်း ကျွန်ုပ်တို့အား ပြောပြထားသည်။

> ***စည့်သည်ဝတ်ကို ပြုတတ်သောသူ၊ သူတော်ကောင်းနှင့် အဆွေဖွဲ့သောသူ၊ ဣန္ဒြေစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ကိုချုပ်တည်းသောသူ ဖြစ်ရမည်။***
>
> ***(တိတု ၁း၈)***

ပိပိ၏စိတ်အားထက်သန်မှုများ၊ စိတ်ဆန္ဒများ၊ စိတ်ခံစားမှုများ၊ လှုပ်ရှားလုပ်ဆောင်မှုများကို ချုပ်ထိန်းမှုမရှိသောဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦးကို စိတ်ကူးဌ်တွေ့မြင်ကြည့်ပါ။ ဤအချင်းအရာ အမှန်

တကယ်ဖြစ်ပေါ်လာသောအခါတွင် ရန်သူသည် များစွာသော ပျက်စီးခြင်းကို ဖြစ်စေခဲ့ပါမည်။ အမျက်ဒေါသနှင့်ပြောသောစကား ကြောင့် လူအများထိခိုက်နာကျင်ရပါသည်။ မိမိတို့၏ကိလေသာ(သို့) ဇာတိအသွေးအသားတောင်းတမှုများကို ထိန်းချုပ်ခြင်း မရှိသောသူများ ကြောင့် အသင်းတော်၏ဂုဏ်သိက္ခာများ စွန်းထင်းမှေးမှိန်ခဲ့ပေလိမ့်မည်။ သခင်ယေရှုခရစ်တော်၏အသင်းတော်၌ ခေါင်းဆောင်အရိုက်အရာကို ရှာကြံကြိုးစားနေသောသူအားလုံးသည် ဇာတိပကတိ၌သေဆုံးရန် လိုလိုလားလား ဖြစ်နေရမည်ဖြစ်ပြီး၊ သမ္မာကျမ်းစာ၏ သွန်သင်ချက်နှင့် ဘုရားဝိညာဉ်တော်၏ဦးဆောင်မှုတို့၌ ဒူးထောက်ဆက်ကပ်ကြရမည်။ သူတို့သည်အသွေးအသား၏တောင့်တမှုများကို အောင်မြင်ကျော်လွှားနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ခွန်အားသွန်းလောင်းပေးခြင်းကို ရှာကြံကြရမည်။ ဤအဓိပ္ပါယ်နှင့်ဆိုလိုလျှင် ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းသည် ခေါင်းဆောင်တို့မှ မိမိတို့၏ စိတ်အားထက်သန်မှုများ၊ စိတ်ဆန္ဒများ၊ စိတ်ခံစားမှုများ၊ လှုပ်ရှားလုပ်ဆောင်မှုများတို့ကို သန့်ရှင်းသောဝိညာဉ်တော်အား ထိန်းချုပ်ခွင့်ပေးရန် လိုလားမှုနှင့်သက်ဆိုင်နေပေသည်။

ကာမဂုဏ်ချုပ်တည်းခြင်းနှင့် အသိပညာ

ရှင်ပေတရုက ကျွန်ုပ်တို့အား ယုံကြည်သူများဖြစ်ကြသည့် အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်အား သိသောအသိပညာ၌ ကာမဂုဏ်ချုပ်တည်းခြင်းကို ကြိုးစားအားထုတ်၍ ထပ်ဆင့်ပေါင်းထည့်ကြရမည့်အကြောင်း သတိပေးနှိုးဆော်ထားသည်။

(၁း၅) ထိုသို့အလိုငှာ သင်တို့သည် ယုံကြည်ခြင်း၌သီလကိုငင်း၊ သီလ၌ပညာကိုငင်း၊ (၁း၆) ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်း

ကိုဂင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်းကိုဂင်း၊ သည်းခံခြင်း၌ ဘုရားဝတ်ကိုပြု၍ မွေ့လျော်ခြင်းကိုဂင်း၊ (အလွန်ကြီးစားအားထုတ်၍ ထပ်ဆင့်ကြလော့)။ (၁ပေ ၁း၅-၆)

ဘုရားသခင်နှင့်သူ၏အကြံအစည်တို့ကိုသိသော အသိပညာမှာ တစ်မျိုးဖြစ်၍ ကာမဂုဏ်ချုပ်တည်းခြင်းရှိခြင်းမှာ အခြားအရာတစ်ခုဖြစ်သည်။ သင်သည် ဓမ္မကောလိပ်(သို့)ကျမ်းစာကျောင်းတစ်ခုမှ ဘွဲ့တစ်ခုကို ဆွတ်ခူးရရှိခဲ့နိုင်ပြီး၊ ဘုရားသခင်၏အကျင့်လက္ခဏာနှင့် အကြံအစည်ကို သိသင့်သလောက် သင် သိရှိခဲ့ပေမည်။ သို့သော် ကာမဂုဏ်ချုပ်တည်းခြင်းကိုသာဓကပြု၍ မထင်ရှားစေလျှင် အထက်ပါအသိပညာတို့မှာ အနည်းငယ်သာ တန်ဖိုးရှိပါလိမ့်မည်။ အကယ်၍ သင်သည် အမှန်တရားကို သိရှိထားသော်လည်း ထိုအမှန်တရား၌ မရှင်သန်နိုင်လျှင် ၎င်းသည် ကောင်းကျိုးကို မဖြစ်စေပါ။ ပညာရေးပိုင်း၌ အပြည့်အဝ အရည်အချင်းပြည့်မှီ၍ သမ္မာကျမ်းစာနှင့်၎င်း၏ သမ္မာတရားများကို ဟောကြားသွန်သင်နိုင်သော သင်းအုပ်တစ်ပါး သင်တို့၌ရှိသည်ဟု စိတ်ကူးကြည့်ပါ။ သို့သော်လည်း သမ္မာတရားကို မည်ကဲ့သို့ သွန်သင်ရန် သိရှိလင့်ကစား၊ သူသင်သည့်အတိုင်း မကျင့်ကြံ၊ မလိုက်လျောက်ဘဲ၊ ကိုယ်ကျင့်တရားပျက်စီးယိုယွင်းနေကာ သူ၏နှုတ်ထွက်စကားလုံးများဖြင့် အခြားသူတို့အား နာကျင်ထိခိုက်စေသည်ဟု စိတ်ကူးကြည့်ပါ။ ထိုသို့သောသင်းအုပ်ကို သင်ကြုံကြိုက်နှစ်သက်ပါမည်လော။ အသိပညာမှာ ကြီးမြတ်ပါပေ၏။ သို့သော်လည်း ထိုအသိပညာကို ကာမဂုဏ်ချုပ်တည်းခြင်းနှင့် ဒွန်တွဲမထားလျှင်၊ ၎င်းသည် ဘုရားသခင်၏နိုင်ငံတော်ချဲ့ထွင်ခြင်း သာသနာလုပ်ငန်းတွင် အတားအဆီးအနှောက်အယှက်သာဖြစ်နေပါလိမ့်မည်။ လူတို့သည်သမ္မာတရားအား နားလည်သဘောပေါက်ခြင်းကိုသာ အလိုရှိကြသည်မဟုတ်။ ထိုသမ္မာတရားကို ဟောပြောသောသူတို့၏

အသက်တာ၌ သက်သေပြနေခြင်းကိုလည်း မြင်လိုကြသည်။ ကာမဂုဏ်ချုပ်တည်းခြင်းနှင့် အသိပညာသည် လက်ချင်းချိတ်၍ ယှဉ်တွဲလျှောက်လှမ်းကြရမည်။ သမ္မာတရားအား သိရှိနားလည်ထားသည်ဟု ကြွေးကြော်သူသည် ထိုသမ္မာတရားကို အသက်တာ၌သက်သေထူရမည်။ ဤအရာမှာ ကျွန်ုပ်တို့အထဲ၌ ကာမဂုဏ်ချုပ်တည်းခြင်းကို ဖော်ဆောင်ဖန်တီးပေးနေသော သန့်ရှင်းသောဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုပင်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်နှုတ်ကပတ်တော်၏သမ္မာတရားကို သွန်သင်ပေးရုံသာမဟုတ်၊ ထိုသမ္မာတရားကို အသက်တာ၌အသုံးပြုရှင်သန်နိုင်ရန်လည်း စွမ်းဆောင်ပေးပါသည်။

ကာမဂုဏ်ချုပ်တည်းခြင်းနှင့်ဖြောင့်မတ်ခြင်းတရား

တမန်တော် ၂၄:၁၅ တွင် ရှင်ပေါလုသည် ဖေလင်္ဂမင်းထံ၌ ဖြောင့်မတ်ခြင်းတရား၊ ကာမဂုဏ်ချုပ်တည်းခြင်း၊ ရောက်ရှိလာတော့မည့် စစ်ကြောစီရင်ခြင်းအကြောင်းတို့ကို ပြောပြခဲ့သည်။

> ***ပေါလုသည်ဖြောင့်မတ်ခြင်းတရားနှင့် ကာမဂုဏ်ချုပ်တည်းခြင်းတရားကိုငှင်း၊ နောင်ဖြစ်လတ့ံသောစစ်ကြောစီရင်ခြင်းကိုငှင်း၊ ဟောပြောလျှင် ဖေလင်္ဂမင်းသည် ကြောက်လန့်ခြင်းသို့ ရောက်၍ယခုသွားဦးလော့။ နောက်မှတဆင့် သင့်သောအခါ ငါခေါ်ဦးမည်ဟု ဆို၏။***

ဖီလာဇ်မင်းထံ၌ သတင်းကောင်းတရားကို ဝေငှရန် အခွင့်အရေးပေးလာသောအခါ ရှင်ပေါလုသည် သတင်းကောင်းတရားကို ဤသမ္မာတရားကြီးသုံးပါးအားဖြင့် ပြောဆိုဝေငှခဲ့သည်။ သူသည် ဖြောင့်မတ်ခြင်းတရား၊ ကာမဂုဏ်ချုပ်တည်းခြင်းတရားနှင့် ရောက်ရှိလာမည့် စစ်ကြောစီရင်ခြင်းအကြောင်းတို့ကို ဟောပြောဝေငှခဲ့သည်။ ဤအသုံး

အနှုန်း(၃)ခုတို့သည် ခိုင်ခိုင်မာမာ ဆက်စပ်နေကြသည်။ ကာမဂုဏ်ချုပ်တည်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့မှာ နီးကပ်စွာ စေ့စပ်ချည်နှောင်ထားကြသည်။ သင်သည်ဘုရားသခင်ဖြစ်စေလိုသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လိုလျှင် ကာမဂုဏ်ချုပ်တည်းခြင်း မပါဘဲ၊ မလုပ်ဆောင်နိုင်ပါ။ သင်သည် ဇာတိအသွေးအသား၏စေ့ဆော်မှုဌ သေဆုံးလျှက်ဝိညာဉ်တော်၏ စေ့ဆော်မှုနှင့်ထောက်ကူမစခြင်းတို့ဌ ဒူးထောက်ဆက်ကပ်ရမည့် ခရစ်ယာန်အသက်တာသည် ကာမဂုဏ်ဌချုပ်တည်းသော အသက်တာတည်းဟူသော ဇာတိပကတိစိတ်ဌ သေဆုံး၍ ဝိညာဉ်တော်၏ကြီးမြတ်သောနှိုးဆော်ချက်တို့တွင် ဒူးထောက်ဆက်ကပ်သော အသက်တာဖြစ်ရမည်ဖြစ်သည်။

ကာမဂုဏ်ချုပ်တည်းခြင်းမရှိလျှင် ရင့်ကျက်ကြီးထွားခြင်းမရှိနိုင်ပါ။ ခရစ်ယာန်များအလယ်ဌပင် အပြစ်ဒုစရိုက်ထူပြောနေသည်ဟုယူဆရသော ခေတ်ကြီးတွင် ကျွန်ုပ်တို့ရှင်သန်နေကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အဘယ်မျှစိတ်ထိခိုက်ကြေကွဲပါမည်နည်း။ သူသည် ကျွန်ုပ်တို့၏အသက်တာဌ ဘုရားသခင်၏အကြံအစည်ကို သွန်သင်ရင်း ပြသရန်တောင့်တနေပါသည်။ ဇာတိပကတိကို အနိုင်ယူနိုင်သောသူများ ဖြစ်ကြရန် ခွန်အားသစ်သွန်းလောင်းပေး၍ အစွမ်းတန်ခိုးတို့ကို ပေးရန်လည်း တောင့်တနေသည်။ သူသည် ကျွန်ုပ်တို့၏အထဲဌ ကာမဂုဏ်ချုပ်တည်းခြင်းအသီးကို ဖန်တီးဖော်ဆောင်လိုပါသည်။

အခြားပါးတဖက်ကိုလည်းပေးခြင်း

ခရစ်ယာန်အသက်တာဌရှိသော ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းတရားသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင် အနီးအနားရှိ လူတို့ကို တုန့်ပြန်ရာဌ ကိုယ်ကိုကိုယ် သက်သေထူပါလိမ့်မည်။

သင်တို့၏ပါးတဖက်ကို ရိုက်သောသူအား ပါးတဖက်ကိုပေးဦး လော့။ သင့်ဝတ်လုံကိုသိမ်းယူသောသူအား သင့်အင်္ကျီကိုလည်း ယူစေခြင်းငှာ၊ အခွင့်ပေးဦးလော့။ (လုကာ ၆း၂၉)

အခြားသူတစ်ဦးဦးက သင့်ကိုစော်ကား (သို့) ထိခိုက်နာကျင်အောင် လုပ်သောအခါ သင်မည်သို့ ခံစားရပါသနည်း။ တစ်စုံတစ်ဦးသည် ကျွန်ုပ်တို့၏ပါးတဖက်ကို ရိုက်လျှင်အခြားပါးတဖက်ကိုပါ လှည့်ပေးရန် သခင်ယေရှုကကျွန်ုပ်တို့အား သွန်သင်ထားပါသည်။ ဤသို့ပြုလုပ်ရန် ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ်ကိုကိုယ် ထိန်းချုပ်ခြင်းလိုအပ်သည်။ ပင်ကိုယ်ဗီဇ၏သဘောမှာကား လက်စားချေတုန့်ပြန်ရန် ဖြစ်သည်။ ကျွန်ုပ်တို့ကိုထိခိုက်အနာတရဖြစ်စေသောသူနှင့်ပင် ခိုက်ရန်မှားလိုကြသည်။ သို့သော် အခြားတစ်ဖက်ရှိ ဝိညာဉ်တော်၏ဟစ်ကြွေးသံမှာ အခြားပါးတဖက်ကိုလည်း ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းကို လက်တွေ့ကျင့်သုံး၍ ဝိညာဉ်တော်၏အသံကို လိုက်နာမည်လော။ (သို့) ဒေါသအိုးပေါက်ကွဲလျှက် ဇာတိပကတိစိတ်ထံမှ လမ်းညွှန်ချက်ကို လိုက်နာမည်လော။

ကျွန်ုပ်တို့၏ လူမှုရေးဆက်ဆံရေးကဏ္ဍများ၌ ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းကို လက်တွေ့ကျင့်သုံးခြင်းသည် အဘယ်မျှအရေးကြီးကြောင်းကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ကိုယ့်ကိုကိုယ်ထိန်းချုပ်သောသူသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကို လိုက်နာသောသူဖြစ်သည်။

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းနှင့်လျှာကို အသုံးပြုပုံ

ရှင်ယာကုပ်က ဤကမ္ဘာပေါ်၌ ထိန်းချုပ်ရန် အခက်အခဲဆုံး အရာမှာ လျှာဖြစ်သည်ဟု ကျွန်ုပ်တို့ ပြောပြထားသည်။

သားရဲမျိုး၊ ငှက်မျိုး၊ တွားသွားတတ်သော တိရစ္ဆာန်မျိုး၊ ငါးမျိုး တို့ကို အောင်တတ်သည်အတိုင်း အောင်ခဲ့ပြီ။ လျှာကိုကား၊ အဘယ်သူမျှ မအောင်နိုင် မဆုံးမနိုင်သော အဆိုးအညစ်ဖြစ်၏။ သေစေတတ်သော အဆိပ်အတောက်နှင့်ပြည့်စုံ၏။

(ယာကုပ် ၃း၇-၈)

ကျွန်ုပ်တို့သည် ဇာတိပကတိစိတ်ပျလာသော စကားလုံးများကို ဘယ်နှစ်ကြိမ်တိုင်တိုင် ပြောခဲ့ပြီးသနည်း။ ဤစကားလုံးများသည် လက်စားချေလိုစိတ်နှင့်ငင်း၊ မာနတရားနှင့်ငင်း ပြည့်နေခဲ့သည်။ နားထောင်ရသောသူအဖို့ ကူညီဖော်မဖြစ်ပါ။ အတွင်းစိတ်နှလုံးထဲ၌ ဝိညာဉ်တော်မှ ဖြေးညှင်းစွာဖြင့် ထိုစကားလုံးများကို မပြောကြားရန် ပြောဆိုသံကို ကျွန်ုပ်ခံစားခဲ့မိသော်လည်း ထိုစကားလုံးများ ကျွန်ုပ်၏နှုတ်ပါးစပ်မှ ဆက်၍ ထွက်နေခဲ့သည့်အချိန်များ ကျွန်ုပ်၌ရှိခဲ့ဖူးသည်။ ဤသို့သောအချိန်သည် ကာမဂုဏ်ချုပ်တည်ခြင်း(သို့) ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းဝင်ပါသောအချိန်ဖြစ်သည်။ ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းကို လက်တွေ့ကျင့်သုံးသောသူသည် သူပြောဆိုမည့်စကားလုံးများကို ချင့်ချိန်တတ်သည်။ ထိုသူသည် အကူအညီဖြစ်၍ စိတ်ဓါတ်ကိုမြှင့်တင်ပေးသောစကားလုံးများကိုသာ ပြောတတ်ပါသည်။ ရှင်ပေါလုက ဧဖက်မြို့ရှိ ယုံကြည်သူတို့အား ပြောဆိုခဲ့သောအရာကို နားဆင်ကြည့်ပါ။

(၄း၂၉) ညစ်ညူးသောစကားတစ်ခွန်းကိုမျှသင်တို့နှုတ်မှ မထွက်

စေနှင့်။ ကြားနာသောသူတို့၏အကျိုးကိုပြုစုစေခြင်းငှာ၊ တည်ဆောက်စရာဖို့ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့။ (၄း၃၀) ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ (၄း၃၁) ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကိုငင်း၊ ခပ်သိမ်းသောမနာလိုခြင်းကိုငင်း၊ သင်တို့မှ ပယ်ရှားကြလော့။ (၄း၃၂) အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်း ရှိကြလော့။ (ဧဖက် ၄း၂၉-၃၂)

ရှင်ပေါလုသည် ဧဖက်ပြို့ရှိ ယုံကြည်သူတို့အား ၎င်းတို့၏နှုတ်ပါးစပ်မှ မသင့်မြတ်မလျော်ကန်သော စကားလုံးများကို မထွက်လာစေရန် ပြောကြားနေသည်။ ဤသို့လုပ်ဆောင်ရာတွင် ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းကိုလိုအပ်သည်။ ကျွန်ုပ်တို့၏နှုတ်ပါးစပ်မှ ထွက်လာသော စကားလုံးများကို ထိန်းချုပ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်အား စိတ်နာစေခြင်းတို့အကြား၌ ဆက်နွယ်ပတ်သက်နေပုံကို သတိပြုပါ။ ဤဆက်နွယ်ပတ်သက်ပုံမှာထူးခြားသည်။ ကျွန်ုပ်တို့၏နှုတ်ထွက်စကားလုံးများကို အသုံးပြုရာ၌ ကိုယ်ကိုကိုယ်ထိန်းချုပ်မှုမရှိခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အား စိတ်နာစေခြင်းတို့အကြား၌ ဆက်နွယ်မှုရှိသည်။ ကိုယ့်ကို ကိုယ်ထိန်းချုပ်သောသူသည် သူ၏ဇာတိပကတိ၏နာခံမည့်အစား သန့်ရှင်းသော ဝိညာဉ်တော်ကို နာခံရန်ရွေးချယ်သောသူဖြစ်သည်။ အသက်တာ၌ ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်း အသီးကို သက်သေပြသောသူသည် လျှာကိုအသုံးပြုရာ

သန့်ရှင်းသော ဝိညာဉ်တော်အား ဝန်ခံဆက်ကပ်သောသူဖြစ်သည်။

ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းနှင့် ကိလေသာ ဆက်သန်မှုများ

၁ကော ၇း၇-၉ တွင် ရှင်ပေါလုသည် ထိမ်းမြားလက်ထပ်ခြင်း မပြုရသေးသော သူတို့အား ၎င်းတို့၏ ကိလေသာတပ်မက်မှုများကို ထိန်းချုပ်နိုင်လျှင် ထိမ်းမြားလက်ထပ်ခြင်း မပြုဘဲ နေထိုင်သွားကြရန် စိန်ခေါ်တိုက်တွန်းခဲ့သည်။

(၇း၇) လူအပေါင်းတို့သည် ငါကဲ့သို့ဖြစ်စေခြင်းငှာ ငါအလိုရှိ၏။ သို့သော်လည်း လူအသီးသီးတို့သည် ဘုရားသခင် ပေးသနားတော်မူသည်အတိုင်း အသီးသီးသောစွမ်းရည်ကျေးဇူးကို ခံရကြ၏။ (၇း၈) ထို့ကြောင့် မယားရှိသောသူတို့နှင့် မုဆိုးမတို့ကို ငါဆိုသည်ကား၊ ထိုသူတို့သည် ငါကဲ့သို့ နေလျှင် ကောင်း၏။ (၇း၉) သို့သော်လည်း ကာမဂုဏ်ကို မချုပ်တည်းနိုင်လျှင် ထိမ်းမြားစုံဖက်ခြင်းကို ပြုကြစေ။ ကိလေသာစိတ်ပူပန်ခြင်းရှိသည်ထက် ထိမ်းမြားစုံဖက်ခြင်းပြုသော် သာ၍ကောင်း၏။

အခန်းငယ် (၇) ၌ရှင်ပေါလုသည် ဘုရားသခင်ထံမှ ထူးခြားသော စွမ်းရည်ကျေးဇူးတစ်ခုကို ပိုင်ဆိုင်ထားကြောင်း သတိပြုပါ။ ဘုရားသခင်သည် သူ့အားဆန့်ကျင်ဘက်လိင်နှင့် နှီးနှောခြင်းမလိုအပ်ဘဲ တစ်ကိုယ်ရေ ဆက်လက်၍နေထိုင်နိုင်သော စွမ်းရည်ကိုပေးထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ရှင်ပေါလုအား တစ်ကိုယ်ရေနေထိုင်နိုင် စွမ်းကို ပေးခဲ့သည်။ ဝိညာဉ်တော်သည် ရှင်ပေါလုအား သူ၏ကာမဂုဏ် ပိုင်းဆိုင်ရာ၌ ကိုယ့်ကိုကိုယ်ထိန်းချုပ်နိုင်ခြင်းကို ပေးသနားခဲ့သည်။ ရှင်ပေါလုသည် သတင်းကောင်းတရားဟောကြားခြင်းအမှုတော်၌ အချိန်

ပြည့်ပေးဆပ်နိုင်ရန် စွမ်းဆောင်နိုင်ဖို့ ဝိညာဉ်တော်သည် သူ့အထဲ၌ ဤအသီးအပွင့်ကို ထူးခြားစွာ ဖန်တီးဖော်ဆောင်ပေးခဲ့သည်။

ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းအသီးကို ယုံကြည်သူအားလုံးအထဲ၌ တူညီသောနည်းလမ်းဖြင့် ဖန်တီးဖော်ဆောင်သည်မဟုတ်ပါ။ ဘုရားသခင်၏ ဝိညာဉ်တော်သည် မြောက်မြားစွာသော ယုံကြည်သူတို့၏ အသက်တာ၌ ကာမဂုဏ်လိုအင်ဆန္ဒများကို နှုတ်ပယ်မသွားပါ။ ထိုသို့မပြုမည့်အစား သူတို့၏လိုအင်များကို ဖြည့်ဆည်းပေးနိုင်မည့် လက်တွဲဖော်ကို သူတို့အား ပေးသနားခဲ့သည်။

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းသည် စိတ်ဆန္ဒ (သို့) စိတ်ခံစားမှုများကို ထုချေဖျက်ဆီးခြင်းဟု အမြဲမဆိုလိုပါ။ အချို့သောစိတ်အားထက်သန်မှုများနှင့် စိတ်ဆန္ဒများသည် ကျိုးကြောင်းဆီလျော်ကြပါသည်။ ရှင်ပေါလုသည် မုဆိုးမများ၏လိုအပ်ချက်ဖြစ်သော လက်တွဲဖော်နှင့် ရင်းနှီးကျွမ်းဝင်မှုတို့အကြောင်းကို ပြောပြထားသည်။ အချို့သော မုဆိုးမများသည် အသက်တာ၏ ဤအခြေခံလိုအပ်မှုများကို အောင်မြင်ကျော်လွှားနိုင်ကြမည်မဟုတ်ပါ။ ဤသို့သော မုဆိုးမများအတွက် ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းကို သူတို့၏အခြေခံလိုအပ်ချက်များဖြစ်သော ရင်းနှီးကျွမ်းဝင်မှုနှင့် ကြင်ဖော်တို့ကို လိုက်လျောရန်ငြင်းဆန်ခြင်းဖြင့် လက်တွေ့ကျင့်ကြံကြရမည်မဟုတ်ဘဲ၊ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ထုတ်ဖော်ကြရန် သင့်တင့်လျောက်ပတ်သော အခြေအနေတစ်ခုကို ရှာကြံခြင်းဖြင့် ကျင့်ကြံကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့ တစ်ဦးချင်းစီသည် ကျွန်ုပ်တို့၏ စိတ်အားထက်သန်မှုများ လိုအပ်ချက်များနှင့် စိတ်ဆန္ဒများကို ကိုင်တွယ်ဖြေရှင်းရာ၌ သခင်ဘုရား၏လမ်းညွှန်မှုနှင့် ဖေးမမှုတို့ကို ရှာကြံကြရမည်။ ကျွန်ုပ်တို့သည်

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းကို ဖန်တီးတည်ဆောက်ကြရန်မှာ ဘုရားသခင်၏စိတ်ဆန္ဒပင်ဖြစ်သည်။ ဘုရားသခင်သည် ရှင်ပေါလုက သူကိုယုံကြည်ကိုးစား၍ တစ်ကိုယ်ရေ သမားဘဝဖြင့် ကာမဂုဏ်ချုပ်တည်းခြင်းကို ကျင့်ကြံရန်မျှော်လင့်ခဲ့သည်။ ကောရိန္သု မြို့ ရှိ မုဆိုးမများကိုမူ ထိုချုပ်တည်းခြင်းကို ကြင်ဖော်ရှာကြံခြင်းဖြင့် ကျင့်ကြံ ကြရန်ဖြစ်သည်။ ဤအသီးအပွင့်သည် လူတစ်ဦးနှင့်တစ်ဦးတွင် မတူကြပါ။ ဘုရားသခင်၏အကြံအစည်တော် (သို့) ကာမဂုဏ်ချုပ်တည်းခြင်း အသီးအပွင့် လူတစ်ဦးချင်းစီတိုင်း၌ တူညီသောသဏ္ဌာန်ဖြင့် သက်သေပြကြရမည်ဟု ရှင်ပေါလုမျှော်လင့်မထားခဲ့ပါ။ ဘုရားသခင်သည် သူ၏ သားသမီးများအတွက် မတူညီသော အကြံအစည်တစ်ခုစီရှိနေခဲ့သည်။

ရှင်ပေါလုကိုကား တစ်ကိုယ်ရေသမားအဖြစ် ခွဲခန့်ဆင့်ခေါ်ခဲ့သည်။ ယေရမိကိုမူ ပွဲလမ်းသဘင်နှင့် မင်္ဂလာပွဲအခမ်းအနားများသို့ မတက်ရောက်ရန် ပြောဆိုခြင်းခံခဲ့ရသည်။

> ***(၁၆း၈) ထိုနည်းတူ စားသောက်ပွဲခံရန် အိမ်သို့ မဝင်နှင့်။ သူတို့နှင့်ပေါင်းဖော်၍ မစားသောက်နှင့်။ (၁၆း၉) ဣသရေလအမျိုး၏ ဘုရားသခင်ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဤအရပ်၌ ဝမ်းမြောက်သောအသံ၊ ရွှင်လန်းသောအသံ၊ မင်္ဂလာဆောင်သတို့သမီးအသံ၊ မင်္ဂလာဆောင်သတို့သမီးအသံကို သင်တို့လက်ထက်၊ သင်တို့မျက်မှောက်တွင် ငါစဲစေမည်။ (ယေရမိ ၁၆း၈-၉)***

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းကို ကျင့်ကြံသောသူသည် ထိုအရာကို ဉာဏ်ပညာနှင့်ငှင်း၊ အမြော်အမြင်နှင့်ငှင်း၊ လုပ်ဆောင်၏။ တစ်ခါတရံတွင် မြင့်မြတ်သော ကာမဂုဏ်ချုပ်

တည်းခြင်းတွင် ကျွန်ုပ်တို့၏ဇာတိပကတိစိတ်ဆန္ဒများကို ဘေးသို့ ဖယ်ချထားရန် လိုအပ်သည်။ တစ်ခါတရံတွင်လည်း ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းတွင် ကျွန်ုပ်တို့၏စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာပိုင်းဆိုင်ရာ လိုအပ်ချက်များ သင့်တင့်လျော်ကန်သောနည်းလမ်းဖြင့် ဖြေရှင်းရှင်သန်ကြရန်ကို သင်ကြားရန်လည်း လိုအပ်သည်။ အရေးကြီးသောအချက်မှာ ဤကိစ္စရပ်များအားလုံးတွင် သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကို ကျွန်ုပ်တို့နာခံကြရန်ဖြစ်သည်။

ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းသည် ဝိညာဉ်တော်၏အလိုတော်ကို ရှာကြံ၍ လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်သည်။ ၎င်းသည်ဇာတိပကတိ၏စိတ်ဆန္ဒများနှင့် စိတ်အားထက်သန်မှုများကို ခွဲခြေဖျက်ဆီးခြင်းမည်နေလိမ့်မည်ဖြစ်သည်။ သို့တည်းမဟုတ် ထိုအရာများကို တရားကျသောနည်းလမ်းဖြင့် ကျင့်ကြံခြင်းမည်၏။ ကာမဂုဏ်ချုပ်တည်းသော (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်သော သူသည် သူ၏စိတ်ဆန္ဒများ၊ စိတ်အားထက်သန်မှုများနှင့် စိတ်ခံစားမှုများကို ပိုင်နိုင်၍ ၎င်းတို့ကို ဘုရားသခင်၏အကြံအစည်တော်နှင့် အလိုတော်တို့အောက်၌ ဝန်ခံဆက်ကပ်ရန်ဆောင်ယူလာသောသူဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်တာ၌ ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်း အသီးကို ဖန်တီးဖော်ဆောင်ခြင်းဖြင့် ဘုရားသခင်ကို နာခံခြင်း၌လျှောက်လှမ်းနိုင်ရန် သွန်သင်ပေးခြင်းနှင့်စွမ်းဆောင်ပေးခြင်းတို့မှာ ဘုရားဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုဖြစ်သည်။

စဉ်းစားသုံးသပ်ရန် အချက်များ

* လူသား၏ကြပ်မတ်မှုများမှ ထွက်ပေါ်လာသော ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းနှင့် ရှင်ပေါလုပြော

သော ကာမဂုဏ်ချုပ်တည်းခြင်း(သို့)ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းတို့၏ ကွဲပြားခြားနားချက်ကားအဘယ်နည်း။

* အကယ်၍ကာမဂုဏ်ချုပ်တည်းခြင်း(သို့) ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းသည် ဘုရားဝိညာဉ်တော်အသီးအပွင့်ဖြစ်လျှင်၊ ကျွန်ုပ်တို့ ဘက်မှ ကြိုးပမ်းအားထုတ်ရန် လိုအပ်ပါသလား။ ကာမဂုဏ်ချုပ်တည်းခြင်း (သို့) ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြင်းနှင့် ဒူးထောက်ဆုတ်ကပ်ခြင်းတို့၏ ကွဲပြားခြားနားချက်ကားအဘယ်နည်း။ ကာမဂုဏ်ချုပ်တည်းခြင်း၌ ဘုရားဝိညာဉ်တော်၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ ကျွန်ုပ်တို့၏အခန်းကဏ္ဍမှာအဘယ်နည်း။
* ယုံကြည်သူ၏အသက်တာ၌ ကာမဂုဏ်ချုပ်တည်းခြင်း အဘယ်မျှလောက်အရေးပါသနည်း။ ဤအသီးအပွင့်မပါဘဲ ကျွန်ုပ်တို့ကြီးထွားရင့်ကျက်နိုင်ကြပါမည်လော။
* ကာမဂုဏ်ချုပ်တည်းခြင်းကို ဖန်တီးဖော်ဆောင်ပေးရန် သင့်အသက်တာ၏မည်သည့်အပိုင်းတွင် ဘုရားဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုကို သင်လိုအပ်ပါသနည်း။
* ကာမဂုဏ်ချုပ်တည်းခြင်းအသီး၏သက်သေအထောက်အထားသည် လူတစ်ဦးနှင့်တစ်ဦးမည်သို့ကွဲပြားခြားနားသနည်း။

ဆုတောင်းရန် အချက်များ

* သင့်အသက်တာ၌ ကာမဂုဏ်ချုပ်တည်းခြင်းအသီးကို ဖော်ဆောင်ဖန်တီးရန် အလိုတော်ရှိနေသည့် သန့်ရှင်းသောဝိညာဉ်တော်ကို ကျေးဇူးတင်ခီးမွမ်းရန်အချိန် အနည်းငယ်ယူပါ။
* ကာမဂုဏ်ချုပ်တည်းခြင်းကို ပို၍နက်နက်နဲနဲသက်သေပြရန် လိုအပ်သော အပိုင်းကဏ္ဍများ သင့်အသက်တာ၌ရှိနေလျှင် ၎င်းတို့

ကို သင့်အားဖော်ပြပေးရန် သခင်ဘုရားကိုတောင်းလျှောက်ပါ။ သင့်အသက်တာ၌ ဘုရားဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုများကို အံတုဆန့်ကျင်ခဲ့ခြင်းများအတွက် ခွင့်လွှတ်ပေးရန် တောင်းလျှောက်ပါ။

* ဇာတိပကတိစိတ်နှင့် ၎င်း၏နည်းလမ်းများအပေါ်၌ အောင်မြင်ခြင်းကို သင့်အား ပို၍ပို၍ ပေးသနားရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။ သင့်အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏သွန်သင်မှုနှင့် စွမ်းဆောင်ပေးမှုတို့ကို ပို၍ သိမြင်ခံစားတတ်လာရန် ဆုတောင်းပါ။

ပညတ်တရားမဟုတ်၊ ဝိညာဉ်တော်၏ အသီးအပွင့်ကြောင့်သာ

ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား။ (ဂလာတိ ၅း၂၃) ဤအကျဉ်းချုပ်လေ့လာမှုကို ကျွန်ုပ်တို့ နိဂုံးချုပ်သွားကြမည့် အားလျော်စွာ အခန်းငယ်(၂၃)၌ တွေ့ရသော ရှင်ပေါလု၏စကားလုံးများကို ကျွန်ုပ်တို့လေ့လာသုံးသပ်သွားပါမည်။ ဝိညာဉ်တော်၏အသီးအပွင့်များအကြောင်းကို အတိုင်းအတာတစ်ခုအထိ အသေးစိတ် ပြောကြားခဲ့ပြီးနောက်၊ ရှင်ပေါလုသည် ဖော်ပြပါစကားလုံးများဖြင့် နိဂုံးချုပ်ထားခဲ့သည်မှာ "ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား" ဤစကားလုံးများအားဖြင့် ရှင်ပေါလုသည် မည်သည့်အရာကို ဆိုလိုထားသနည်း။ ဤစကားလုံးများသည် ဝိညာဉ်တော်၏ အသီးအပွင့်များနှင့် မည်သို့သက်ဆိုင်ပါသနည်း။

ဂလာတိ (၅) ၏ ပို၍ကျယ်ပြန့်သောကျမ်းအသွားအလာမှာ ဝိညာဉ်တော်၏အသီးအပွင့်ကိုသာ ပြောပြနေသည်မဟုတ်၊ ဇာတိပကတိ၏ အသီးအပွင့်များကိုလည်း ပြောပြထားပါသည်။ ဂလာတိ ၅း၁၉-၂၁ ၌ ရေးသားထားသည့် အတိုင်း ဇာတိပကတိ၏အသီးအပွင့်ကို ရှင်ပေါလုမှ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁၉)ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား၊ သူ့မယားကို ပြစ်မှားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညစ်ညမ်းစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ (၂၀)

ရုပ်တုကို ကိုးကွယ်ခြင်း၊ သူတစ်ပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းဖွဲ့ခြင်း၊ (၂၁) သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယဇ်မျိုးကိုသောက်ကျူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သော အကျင့်ပေတည်း။ ထိုသို့သော အကျင့်ကိုကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြဟု အထက်ကငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏။

အပြစ်ဇာတိသဘောဆိုးညစ်သော ဒုစရိုက်အမှောင်မှာ ကျွန်ုပ်တို့၏အနီးအနားဌ အထင်အရှားရှိနေကြသည်။ ကျွန်ုပ်တို့ထဲမှ အဘယ်သူသည် ကာမဂုဏ်၌ စာရိတ္တပျက်ပြားခြင်း၊ မနာလိုတတ်ခြင်း၊ အတ္တဆန်ခြင်း(သို့)အချင်းချင်းကွဲပြားခြင်းစသည်တို့နှင့် နေစဉ် မကြုံတွေ့ရဘဲနေသနည်း။ ဇာတိပကတိ၏အကျင့်ကိုအောင်နိုင်ရန် ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ပင် ကြိုးစားရုန်းကန်နေရလိမ့်မည်။ ဤသို့သော အပြစ် ဇာတိပကတိကြောင့်ပင် ဘုရားသခင်သည် မိမိ၏ပညတ်တရားကို ပြဋ္ဌာန်းခဲ့ရသည်။ အပြစ်ဒုစရိုက်ကြောင့် ပညတ်တရားမှာ မရှိမဖြစ်လိုအပ်လာသည်။ ထိုပညတ်တရား၏ရည်ရွယ်ချက်မှာ ချိုးဖောက်ကျူးလွန်သူတို့အား ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အသိုင်းအဝန်းအတွက် ဘုရားသခင်၏အကြံအစည်တော်နှင့် တစ်တန်းတည်းထားရှိရန်ဖြစ်သည်။ ပညတ်တရား၏ပြဿနာမှာ ၎င်းသည် ကျွန်ုပ်တို့အား လက်ခံစောင့်ထိန်းဖွယ်သောအပြုအမူများကို ဖော်ပြပေးနိုင်သော်လည်း၊ ၎င်းသည်ကျွန်ုပ်တို့၏စိတ်နှလုံးကို မပြောင်းလဲနိုင်ပါ။ ပညတ်တရားကို ဖောက်ဖျက်ကျူးလွန်သူတို့ အစဉ်ရှိပါလိမ့်မည်။

သို့သော် ရှင်ပေါလုသည် ဂလာတိ ၅း၁၈ တွင် ရေးသားရင်း

ကျွန်ုပ်တို့အား အသိပေးထားသည်မှာ ယုံကြည်သူတို့အတွက် မျှော်လင့်ချက်ရှိနေသေးသည်ဟူသော အချက်ပင်ဖြစ်သည်။

သို့သော်လည်း ဝိညာဉ်ပကတိအလိုသို့ လိုက်လျှင် ပညတ်တရားနှင့်လွတ်ကြ၏။

ပညတ်တရား၏လမ်းသည် ရှုံးနိမ့်ခြင်းကိုသာ ဆောင်ယူလာပါလိမ့်မည်။ ကျွန်ုပ်တို့ထဲမှ အဘယ်သူမျှ ဘုရားသခင်က ကျွန်ုပ်တို့ အတွက် သတ်မှတ်ထားသောစံချိန်ကို တိုင်းတာလှမ်းမှီနိုင်ကြမည်မဟုတ်ပါ။ ဤအတွက်ကြောင့် ဘုရားသခင်သည် သူ၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့အားပေးထားခဲ့ခြင်းဖြစ်သည်။ ထိုဝိညာဉ်တော်သည် ယုံကြည်သူ၏စိတ်နှလုံးထဲ၌ လာရောက်၍ကိန်းဝပ်တော်မူသည်။ သူ၏ရည်ရွယ်ချက်မှာ ဤလေ့လာခြင်း၌ ကျွန်ုပ်တို့ပြောကြားခဲ့သောအသီးအပွင့်ကို ကျွန်ုပ်တို့၏အသက်တာ၌ဖန်တီးဖော်ဆောင်ရန်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို အတွင်းသဏ္ဌာန်၌ ပြောင်းလဲရန် ရောက်ရှိလာသည်။ သူသည် ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း၌ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ သည်းခံခြင်း၊ ကျေးဇူးပြုတတ်ခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းတို့ကို ဖော်ဆောင်ဖန်တီးနေခြင်းဖြင့် လှုပ်ရှားလုပ်ဆောင်နေပါသည်။ ဤအရာမှာ ကျွန်ုပ်တို့ပင်ကိုယ်သဘာဝစိတ်၌ ကင်းမဲ့နေသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည်အတွင်းသဏ္ဌာန်၌ပြောင်းလဲခြင်း မခံရလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သင့်လျော်စွာ လျှောက်လှမ်းနိုင်ကြမည်မဟုတ်ပါ။

ဘုရားဝိညာဉ်တော်သည် သူ၏အသီးအပွင့်ကို ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်ပေးနေသည်နှင့်အမျှ ကျွန်ုပ်တို့သည် သူ၏လမ်းစဉ်၌ ပို၍ပို၍လျှောက်လှမ်းနိုင်ရန် အစပျိုးခြင်းကို အကျိုးရလဒ်အဖြစ်တွေ့မြင်ရပါမည်။ ပညတ်တရားမလုပ်ဆောင်နိုင်ခဲ့သောအရာကို သူ

လုပ်ဆောင်ပေးနေသည်။ သူသည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ပြောင်းလဲသွားစေသည်။ ကျွန်ုပ်တို့အထဲ၌ အသစ်သောစိတ်ဆန္ဒများကို နှိုးဆော်ဖန်တီးကာ ကျွန်ုပ်တို့၏အသက်တာ၌ သခင်ယေရှုခရစ်၏ အကျင့်လက္ခဏာများကို တည်ဆောက်ဖန်တီးပါတော့သည်။ ကျွန်ုပ်တို့၏ အနီးအနားရှိ လူများနှင့်မတူ ထူးခြားစွာပြုမူတုန့်ပြန်တတ်ကြကြောင်း ကိုယ့်ကိုကိုယ်တွေ့ရမည်။ ဇာတိပကတိ၏စိတ်ဆန္ဒများသည် ကျွန်ုပ်တို့အတွက် စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအရာများဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကဲ့သို့ ဖြစ်လာကြရန် ပို၍တောင်းတလာကြကာ သူနှင့် ကျွန်ုပ်တို့အသက်တာအတွက်ထားရှိသော သူ၏အကြံအစည်များ၌ ကျေနပ်အားရခြင်းနှင့် ပြည့်စုံလုံလောက်ခြင်းတို့ကို ကျွန်ုပ်တို့ တွေ့ကြုံကြရပါမည်။

ဂလာတိ ၅း၁၈ တွင် ရှင်ပေါလု ပြောကြားထားသည့်အတိုင်း "သို့သော်လည်း ဝိညာဉ်ပကတိ၏အလိုသို့ လိုက်လျှင် ပညတ်တရားနှင့် လွတ်ကြ၏။" တနည်းအားဖြင့် ဆိုရလျှင် ကျွန်ုပ်တို့၏လမ်းပြသူမှာ ပညတ်တရားမဟုတ်၊ ဘုရားသခင်၏ဝိညာဉ်တော်သာဖြစ်သည်။ ပညတ်တရားမှာ ကျွန်ုပ်တို့၏ခွန်အားဗလမဟုတ်၊ ဘုရားသခင်၏ ဝိညာဉ်တော်သာဖြစ်သည်။ ဘုရားသခင်အား အစေခံခြင်းနှင့် သူဖြစ်စေလိုသည့်အတိုင်းဖြစ်ရန် ဟူသည့် ကျွန်ုပ်တို့၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ ကျွန်ုပ်တို့အထဲ၌ လှုပ်ရှားလုပ်ဆောင်နေသော ဝိညာဉ်တော်၏အလုပ်အားဖြင့် သာဖြစ်ရသည်။ အမှန်တရားကို လုပ်ဆောင်နိုင်ရန်အတွက် သူတစ်ပါးတည်းကသာလျှင် ကျွန်ုပ်တို့ကို ပြောင်းလဲ၍ အစွမ်းအစကို ပေးနိုင်သည်။

ဤလေ့လာချက်တွင် အကျင့်စာရိတ္တတည်ဆောက်ခြင်းတည်းဟူသောဘုရားဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုကို ကျွန်ုပ်တို့လေ့လာ

သွားခဲ့ကြပြီးဖြစ်သည်။ ထိုဝိညာဉ်တော်ကို ကျွန်ုပ်တို့အခွင့်ပေးလျှင် သူသည် ကျွန်ုပ်တို့ကိုသခင်ခရစ်တော်၏သဏ္ဌာန်တော်အတိုင်း ပုံသွင်း၍ နည်းလမ်းအသီးသီးဖြင့် သခင်ခရစ်တော်နှင့် ပို၍သဏ္ဌာန်တူလာအောင်ဖန်တီးပေးပါလိမ့်မည်။ ဤအချင်းအရာကို ကျွန်ုပ်တို့၌ ရှိနေသောအပြစ်ကိုဖော်ပြ၍လုပ်ဆောင်သွားပါမည်။ (ယောဟန်၁၆း၈)။ ထို့အပြင် သခင်ခရစ်တော်နှင့်အတူ ရှင်သန်၍လျှောက်လှမ်းရမည်ကိုလည်း သွန်သင် ပေးပါမည်(ယောဟန် ၁၆း၁၃)။ သူသည် ကျွန်ုပ်တို့ကိုဘုရားသခင်၏ပြည့်စုံသော အကြံအစည်များအတွင်းသို့ ဆောင်ယူသွားမည်ဖြစ်သည်။ မည်သို့သောပညတ်တရားကမျှ ဤအရာကို ကျွန်ုပ်တို့အတွက် လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ပညတ်တရားသည် မှန်ကန်သင့်လျော်သောအရာကိုကျွန်ုပ်တို့အား ဖော်ပြနိုင်သော်လည်း၊ ကျွန်ုပ်တို့ကိုမူ မပြောင်းလဲနိုင်ပါ။ ဘုရားသခင်၏ဝိညာဉ်တော်သည် အထက်ပါအချက်နှစ်ချက်စလုံးကို ပြုလုပ်နေပါသည်။

"ထိုသို့သော အကျင့်ကို အဘယ်တရားမျှ မမြစ်တား"ဟု ရှင်ပေါလု ပြောဆိုစဉ်က ဘုရားသခင်၏ ပညတ်တရားအသီးသီးကို ကျွန်ုပ်တို့အသက်တာ၌ ပြည့်ဝစုံလာအောင် ဘုရားဝိညာဉ်တော်မှ လုပ်ဆောင်နေကြောင်းကို ကျွန်ုပ်တို့အား ပြောပြနေခြင်းဖြစ်သည်။ ဝိညာဉ်တော်အား နာခံခြင်းဖြင့် လျှောက်လှမ်းခြင်းနှင့် သူ၏လုပ်ဆောင်ချက်များ၌ ဒူးထောက်ဆက်ကပ်ခြင်းဆိုသည်မှာ ဘုရားသခင်ကကျွန်ုပ်တို့ကို ရည်ရွယ်ထားသည့်အရာအားလုံးအတိုင်း ဖြစ်ခြင်းပင်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏အကြံအစည်အားလုံးကိုပြည့်စုံလာစေရန် ဖြစ်သည်။

ရှင်ပေါလု၏ အထက်ပါစကားလုံးများသည် ကျွန်ုပ်တို့၏ လေ့လာချက်အတွက် အလွန်သင့်လျော်သောအဆုံးသတ်စကားများဖြစ်ကြသည်။ ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်၏အသီးအပွင့်များ

ကို ဖန်တီးဖော်ဆောင်ရန် ထိုဝိညာဉ်တော်ကို အခွင့်ပေးခြင်းဆိုသည်မှာ ဘုရားသခင်နှင့်သင့်မြတ်စွာ အတူတကွလျှောက်လှမ်းခြင်းပင် ဖြစ်သည်။ ယုံကြည်သူများ ကိုယ့်ကိုကိုယ် မေးကြရမည့် မေးခွန်းမှာ "ကျွန်ုပ်သည် ပညတ်တရားကို မည်သို့ ပို၍နာခံနိုင်မည်နည်း"ဟူသော မေးခွန်းမဟုတ်။ "ကျွန်ုပ်အသက်တာထဲ၌ ရှိနေသော ဘုရားဝိညာဉ်တော်၏လုပ်ဆောင်ချက်၌ ကျွန်ုပ်မည်သို့ ပို၍ဒူးထောက်ဆက်ကပ်နိုင်မည်နည်း" ဟူသော မေးခွန်းသာဖြစ်သည်။

ဘုရားဝိညာဉ်တော်၏လှုပ်ရှားလုပ်ဆောင်မှုအတွက် ကျွန်ုပ်တို့သည် သခင်ဘုရားကို အဘယ်မျှကျေးဇူးတင်ရန် လိုအပ်နေသနည်း။ သူသည် ကျွန်ုပ်တို့ကို အတွင်းသဏ္ဌာန်၌ပြောင်းလဲကာ ကျွန်ုပ်တို့ အထဲ၌ သခင်ခရစ်တော်၏ အကျင့်လက္ခဏာကို ဖန်တီးဖော်ဆောင်နေပါသည်။ ဘုရားဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာအား ပို၍ထိန်းချုပ်ပါစေသော်။ ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်၌ ဒူးထောက်ဆက်ကပ်ခြင်းဖြင့် ကျွန်ုပ်တို့အထဲ၌ ပို၍များပြားသော အသီးအပွင့်များကို ဖန်တီးဖော်ဆောင်ပါစေသော်။ ကျွန်ုပ်တို့တစ်ယောက်တိုင်းစီ၏ အသက်တာ၌ ဘုရားဝိညာဉ်တော်၏ကြံစည်ချက်နည်းလမ်းများ အထမြောက်ခဲ့လျှင် ဤလောကကြီးသည် အဘယ်မျှထူးခြားကွဲပြားသော နေရာဖြစ်ပါလိမ့်မည်နည်း။

စဉ်းစားသုံးသပ်ရန် အချက်များ

* ဘုရားသခင့်ပညတ်တရား၏ ရည်ရွယ်ချက်ကား အဘယ်နည်း။ ပညတ်တရားသည် အကျွန်ုပ်တို့ကို ဘုရားသခင်၏စံချိန်စံညွှန်းအတိုင်း နေထိုင်ကျင့်ကြံနိုင်ရန် စွမ်းဆောင်ပေးနိုင်ပါသလား။
* သန့်ရှင်းသော ဝိညာဉ်တော်၏အခန်းကဏ္ဍကား အဘယ်နည်း။

ကျွန်ုပ်တို့သည် ဘုရားသခင်ကြံစည်ရည်ရွယ်ထားသည့်အတိုင်း ကျင့်ကြံနေထိုင်နိုင်ရန် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို မည်သို့ စွမ်းဆောင်ပေးပါသနည်း။

* သင့်အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော် လုပ်ဆောင်ခဲ့သည့် ထူးခြားသောလုပ်ဆောင်ချက်ကား အဘယ်နည်း။
* ကျွန်ုပ်တို့၏ပင်ကိုယ်အစွမ်းအစအားဖြင့် ပညတ်တရားကို နာခံလိုက်လျှောက်ရန် ကြိုးစားရာကြောင်းခြင်းနှင့် ဘုရားဝိညာဉ်တော်အား သူ၏အသီးအပွင့်များကို ကျွန်ုပ်တို့အထဲ၌ ဖန်တီးဖော်ဆောင်ရန် အခွင့်ပေးခြင်းတို့၏ ကွဲပြားခြားနားချက်ကား အဘယ်နည်း။

ဆုတောင်းရန် အချက်များ

* ဘုရားသခင်သည် သူ၏အကြံအစည်များ၌လျှောက်လှမ်းနိုင်ရန် ကျွန်ုပ်တို့ကို စွမ်းဆောင်ပေးသူ သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့အား ပေးသနားတော်မူခဲ့သည့်အတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
* သင့်အထဲ၌ဖန်တီးဖော်ဆောင်နေခဲ့ပြီးသော ထူးခြားသည့် အသီးအပွင့်များအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းရန် အချိန်အနည်းငယ်ယူပါ။ သင့်အသက်တာ၏အချို့သော အစိတ်အပိုင်း၌ ဘုရားသခင်ကို ပိုမိုပြည့်စုံစွာ ဒူးထောက်အပ်နှံရန် လိုအပ်လျက်ရှိနေသော အစိတ်အပိုင်းများကို ဖော်ပြပေးရန် ဘုရားသခင်ကို တောင်းလျှောက်ပါ။

Light To My Path စာအုပ်ဖြန့်ချီရေး

Light To My Path စာအုပ်ဖြန့်ချီရေးအဖွဲ့ (*LTMP*)သည် စာအုပ်စာပေရေးသားပြုစုခြင်းနှင့် ဖြန့်ဖြူးခြင်းသာသနာလုပ်ငန်းဖြစ်ပြီး၊ အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများရှိ လိုအပ်ချက်များနှင့် မပြည့်စုံသော ခရစ်ယာန်အမှုဆောင်များအား လက်ကမ်းပေးနေသော သာသနာပြုလုပ်ငန်းဖြစ်သည်။ ဤဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရစ်ယာန်အမှုဆောင်များစွာ၌ သမ္မာကျမ်းစာသင်တန်းရှိလာရန် (သို့) သူတို့၏ သာသနာလုပ်ငန်းအတွက် သမ္မာကျမ်းစာလေ့လာရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ဝယ်ယူနိုင်ရန်နှင့် ကိုယ်ပိုင် လေ့လာမှုများအတွက် အရင်းအမြစ်များ မရှိကြပါ။ *F. Wayne Mac Lead* သည် *Action International Ministries* ၏အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး သူသည် အကူအညီလိုအပ်သော ကမ္ဘာ့တဝှမ်းရှိ သင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုဆောင်များအား အခမဲ့(သို့)အရှုံးခံ၍ဖြန့်ဖြူး ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်များကို ရေးသားခဲ့သည်။

ယနေ့တွင်ဏောင်ပေါင်းများစွာသော စာအုပ်များသည် နိုင်ငံပေါင်း သုံးဆယ်ကျော်ရှိ ဒေသန္တရအသင်းများ၏တရားဟောခြင်း၌၎င်း၊ သင်ကြားခြင်း၌၎င်း၊ ဧဝံဂေလိလုပ်ငန်းများ၌၎င်း၊ ခွန်အားပေးတိုက်တွန်းခြင်းများ၌၎င်း အသုံးပြုလျက်ရှိကြသည်။ ဤအတွဲများ၌ရှိနေသော စာအုပ်များအား အိန္ဒိယဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊ မြန်မာဘာသာနှင့် ဟောတီ ခရီအိုလဲဘာသာတို့ဖြင့် ပြန်ဆိုထားပြီးဖြစ်သည်။ ရည်ရွယ်ချက်မှာ ခရစ်ယာန်အားလုံးအတွက် စာအုပ်အလုံအလောက် ရရှိနိုင်ရန် အတတ်နိုင်ဆုံး ပြုလုပ်ပေးခြင်းဖြစ်သည်။

LTMP သာသနာလုပ်ငန်းသည် ယုံကြည်ခြင်းခံတည်ထားသော အမှုတော်ဖြစ်သည့်အားလျော်စွာ၊ ကမ္ဘာတဝှမ်းရှိ ယုံကြည်သူများအား ခွန်အားပေးခြင်း၊ နှိုးဆော်တိုက်တွန်းခြင်းများအတွက် စာအုပ်များကို ဖြန့်ဖြူးနိုင်ရန် လိုအပ်သောအရင်းအမြစ်များအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ပုံအပ်ထားသည်။ ဤစာအုပ်များအား အခြားဘာသာစကားဖြင့် ပြန်ဆိုခြင်းအတွက်ငင်း၊ ဤထက်မကပို၍ဖြန့်ဝေနိုင်ရန်အတွက်ငင်း၊ ဘုရားသခင်လမ်းဖွင့်ပေးရန် သင်ဆုတောင်းပေးနိုင်ပါသလား။

Light To My Path သာသနာလုပ်ငန်းနှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို သိလိုလျှင် ကျွန်ုပ်တို့၏ *website* ဖြစ်သော *www.ltmp.ca.* ၌ လေ့လာပါ။

ပြန်ဘာသာဖြင့်ပြန်ဆိုထားသောစာအုပ်များနှင့်စပ်လျဉ်း ၍ စုံစမ်းလိုလျှင် အောက်ပါလိပ်စာအတိုင်းဆက်သွယ်ပါ။

Light To My Path Myanmar
GPO Box 1021
Yangon, Myanmar 18111.
Ph : 095028766